

ဟာသ စာရေးဆရာစုံ၏ ပုံစံမျိုးစုံ

၂၀ ဟားစလုပ်

ဟာသစာစုများ

မြင့်မြင့် စာပေ
၅၀, ထနောင်ပင် အနောက်လမ်း
လှည်းတန်း၊ ကမာရွတ်

**ဒို့တာဝန် အရေးသုံးပါး**
ပြည်ထောင်စုမပြိုကွဲရေး
-ဒို့အရေးတိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
-ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
-ဒို့အရေး

**ပြည်သူ့သဘောထား**
ပြည်ပအားကိုး ပုဆိန်ရိုး
အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်
နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို
ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား
ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**
နိုင်ငံတော်တည်ငြိမ်ရေး၊
ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်
ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**
စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်
ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ တူထောင်ရေးနှင့်
အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်
အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်
တည်ဆောက်ရေး၊
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို
ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့်
တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**
တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်
အကျင့်စာရိတ္တမြင့်မားရေး၊
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်
ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ
မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့်
ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်
ပညာရည်မြင့်မားရေး

# အကြည်တော်

စီစဉ်၍

## ကိုဆန်း

တည်းဖြတ်သည်။

Layoutနှင့်အတွင်းသရုပ်ဖော်
KO SAN
Art work group

ကွန်ပျူတာစာစီ
ကေသီ

ဖြန့်ချိရေးမန်နေဂျာ
ကိုမိုး

ဖြန့်ချိရေး
စိုးမိုးစာအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- ၂၉၀၉၉၅

# မာတိကာ

## ကဗျာ ဒလုတ်


| | | |
|---|---|---|
| အို ကို D | စိုးစိုးပိုင်ဝေး | ၆ |
| ဒီက စောင့်နေသူ | ရဲဟန်ဟန် | ၇ |


## ဟာသုတ ဒလုတ်


| | | |
|---|---|---|
| လေတစ်လုံး မိုးတစ်လုံး | အကြည်တော် | ၈ |


## ဝတ္ထု ဒလုတ်


| | | |
|---|---|---|
| ဗူပိုက်မ ဖြစ်ရော့လဟယ် | ကြည်နုခေတ် | ၁၂ |
| Zombie | ဂျွန်းဂျွန်းခ | ၅၈ |
| ခုန်မှင်ရယ်. . ယုန်ခင်တယ် | လူရှိန်အောင် | ၇၄ |
| ပန်းနုရောင်ရွှေအသားပေါ် | | |
| ထင်ရှားစွာ ရေးထိုးခဲ့သော | ကိုဆန်း | ၉၈ |
| ခေါက်ချိုး | ပုံဗလုံး | ၁၁၈ |
| ဘလက်ဟိုး | နောင်နော်နော် | ၁၅၄ |
| တရားထောက် | မြေထက်လူ | ၇၀ |


## ရပ်ကွက်ထဲမှာ ရယ်စရာ ဒလုတ်


| | | |
|---|---|---|
| အသည်းကွဲဘုရင် ဝမ်ကျောက်ချဉ် | မြူခွန်းချယ် | ၁၈၆ |

### ကြီးပွားရေး ခလုတ်

| | | |
|---|---|---|
| အတွေး | ဆူပရာနို | 198 |

### အိုက်ဒီယာ ခလုတ်

| | | |
|---|---|---|
| လမ်းမှား | သမီးချော | 142 |
| အမေ့လက်ရေး | သီဟံဟူးသာ | 139 |

### ဝတိုင်ရော ခလုတ်

| | | |
|---|---|---|
| မှတ်သားလောက်ပါပေတယ် | ဥက္ကာမင်းဆက် | 40 |
| အမှား | ကြည်ညိုဝင်းမောင် | 93 |
| ပီကယ်တုတ်ကြီး | ဝမ်း | 171 |
| စပွန်ဆာ | ဂ. ကြည်သူ | 46 |

### ခေတ်ပြိုင်ခလုတ်

| | | |
|---|---|---|
| ဆွိုးတီးအက်ဖ်အမ် | ဆွိုးတီး | 133 |

### အခန်းဆက်ခလုတ်

| | | |
|---|---|---|
| ဒိတ်ဒိတ်ကြဲ | အဆွေတော် | 178 |

### တိုထွာ ခလုတ်

| | | |
|---|---|---|
| ဒိုင်ကြောင်မျက်နှာစာ | မိုးမိုး(B,Sc) | 29 |
| ဟားကြည့်အားရှိ | ဂျပ်ကြီး | 111 |
| အတွေးလက်ဆောင် | မုဒ့ံအိန်ဂျယ် | 153 |
| ကဗျာပဟေဠိ(၂) | အုပ်လှကြီး | 201 |

အုပ်ရေ- ၁၀၀၀၊ တန်ဖိုး- ၁၈၀၀၊
အဖုံးပန်းချီဒီဇိုင်း- ကိုဆန်း၊
အဖုံးနှင့်အတွင်း CTP-ကမ္ဘာဦး
အတွင်းဖလင်- ကိုကျော်ကျော် Perfect
ထုတ်ဝေသူ- ဦးသိန်းလွင်၊ ဝ၄၁၃၇(မြဲ)၊ ရွှေဟသ်ာစာပေ၊
အမှတ်-၂၆၃၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ- ဦးဝင်းလွင်(မြဲ-၀၅၃၆၆)၊ ရွှေဟသ်ာပုံနှိပ်တိုက်၊
အမှတ်-၃၁၊ ဦးရွှေဂွန်းလမ်း၊ ၇-ရပ်ကွက်၊ ပုဇွန်တောင်။
စာအုပ်ချုပ်- ကိုမင်းမင်း(ရွှေလင်းယုန်)
ပုံနှိပ်ခြင်း-၂၀၁၃ခုနှစ်၊ ဧပြယ်လ၊

၈၉၅. ၈၇
ကလောင်စုံ
ဟားခလုတ်(၂၉)/ကလောင်စုံ။-ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၂၀၄-စာ၊ ၁၃. ၅× ၂၀. ၅ စင်တီ။
(၁) ဟားခလုတ်(၂၉)။

**အနယ်နယ်အရပ်ရပ်မှ**
**စာမူများကို ဖိတ်ခေါ်ပါသည်။**
**ရွေးချယ်ဖော်ပြခံရပါက ထိုက်တန်သောစာမူခကို**
**ချီးမြှင့်ပါမည်။**

ဟာခလုပ်

အယ်ဒီတာအဖွဲ့ရုံးခန်း

အမှတ်(၁၁၃)၊
ကန်သာယာလမ်း၊
၂၆ ရပ်ကွက်၊
တောင်ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။

ဖုန်း- ၅၉၅၀၁၅

harrkhaloke7@gmail.com

## အို ကိုD

အို ကိုD
A.B.Cပိုးတွေကြောင့်
ခင်ဗျားအဖြစ်ဆိုးခဲ့တာ မဟုတ်ဘူး။
ခင်ဗျားမှာ
Aမရှိ၊ Bမရှိ၊ Cမရှိ
Dသာထိနေတာ။
Aမခိုက်၊ Bမခိုက်၊ Cမခိုက်
Dပဲကိုက်နေတာ။
အဝီစိအောက်အရောက်ထိုးကျ
အနာတရစိတ်ဓာတ်များ
ပြေပျောက်မလားဆိုပြီး
Depressionကို
Alcoholနဲ့မျှော
မျှော မျှော မျှော
ဖော ဖော ဖော
ဟော
ရှောရှာပါပေါ့လား၊ အို ကိုD။



အို...ကို D

မိုးမိုးမြင့်အေး




## ဒီက..စောင့်နေသူ

ပထမဇနီး၊ အသုံးအစွဲကြီးလို့
အပြီးလမ်းခွဲပစ်လိုက်တယ်။
ဒုတိယမယား၊ ဖဲကစားလို့
မားကြိမ်းကြိမ်းပြီး ဖြတ်ခဲ့တယ်။
တတိယမိန်းမ၊ အသုံးမကျလို့
ခြောက်လပေါင်းပြီး ကွဲခဲ့တယ်။
စတုတ္ထကြင်ယာ၊ မရှိရှာသူ
ကျုပ်လိုလူအား၊ သနားစိတ်ပို
ရယူလိုငြား၊ စိတ်ဝင်စားက
ရိပ်သာဝက စောင့်နေမယ်။

**မုံဟန်ဟန်**

# လေတစ်လုံး မိုးတစ်လုံး

အကြည်တော်



## လေတစ်လုံး မိုးတစ်လုံး

စီရော်နယ်ဒို ဆိုတဲ့ကောင် အသုံးကိုမကျဘူး။ ရှုနီရော ဘာထူးသေးလဲ။ ငယ်ငယ်ရွယ်ရွယ် ထိပ်ပြောင်နေတဲ့ အင်္ဂလိပ် ကရင်ရုပ်။ ဒီကောင်က ပြေးနိုင်လွှားနိုင်တာပဲရှိတယ်။ ဒါတောင် သူ့ကိုယ်သူ ခြေသိပ်ပြင်းတယ်လို့ ဂုဏ်ယူချင်သေးတာ။ ချယ်ဆီးနဲ့ပွဲမှာ ကြည့်ပါလား၊ ခြေမပေါ်လို့ ပက်ဂျီဆန်နဲ့တောင် ထုတ်လဲလိုက်ရတာ။ ပက်ဂျီဆန်ကလည်း မျက်စိနောက်ပါတယ်။ တစ်ချိန်လုံး ကွင်းထဲပတ်ပြေးနေတာ အိန္ဒြေကို မရဘူး။ ငါမကြိုက်တာက ဒီကောင် ခြေမထားတတ်တာပဲ။ ဒါကြောင့် ခလုတ်တိုက်မှောက်လဲပြီဆို သူပဲ။

ဘာ ဘယ်သူ ရော်နယ်ဒင်ဟို ဟုတ်လား။ ဟိုသွားခေါ်ကို ပြောတာလား။ အလကားကောင်ပါကွာ၊ ဘာစီလိုနာမှာတုန်းက ခြေစွာမယောင်နဲ့ အခု ဘာအသုံးကျသေးလို့လဲ။ သူ့ခြေထောက်ထဲ ဘောလုံးရသွားရင် လိမ်ဖို့ခေါက်ဖို့လောက်ပဲ ကြိုးစားနေတာ။ လိမ်မယ် ခေါက်မယ်နဲ့ ဂိုးတိုင်တောင် ပြန်လိမ်မယ့်ကောင်မျိုး။ အခု ခြေကျလို့တောင် ဘယ်သူမှ မသုံးတော့ဘူးမဟုတ်လား။ ဒါကြောင့်ပြောတာ ကိုယ့်ခြေထောက်တော့ ကိုယ်တန်ဖိုးထားတတ်ရမှာပေ့ါ။ ဘယ်သူ ဘယ်သူ ဘက်ခမ်း ဟုတ်လား။ ဒီကောင်ကရော ဘာအသုံးကျလို့လဲ။ သူများတွေလို ပြေးလွှားနိုင်တယ်လည်း မရှိ၊ တွန်းနိုင်တိုးနိုင်တာလည်း မရှိ၊ ကွင်းထဲမှာ လူပိုလိုပါပဲ။ ဘယ်သူ့ဆီကမှ ဘောလုံးလည်း ဝင်မလုဘူး။ အလှပျက်မှာကြောက်လို့။

ဩော် သူ ဖရီးကစ် ကန်နိုင်တာကို ပြောတာလား။ အရင်အနေအထားနဲ့ ဟုတ်တယ်လေ။ အခု ဘယ်မှာ ခြေပေါ်တော့လို့လဲ။ အမေရိကန်ကလပ်မှာတောင် သုံးမရလို့ ပြန်လာရပြီ။ အမှန်တော့ ခြေကောင်းဆိုတာ အမြဲထိန်းနိုင်ရမယ်။ ဟား ဟား ဟား ရယ်တောင် ရယ်လိုက်ချင် သေးတယ်။ မက်ဆီ ဟုတ်လား။ မက်ဆီဂျပု။

## ကျွန်တော်မှတ်ချက် ၇၄ ခု

ဒီကောင်ကရော ပွဲတိုင်း ဘယ်မှာ ခြေပေါ်လို့လဲ၊ ခြေရှုပါကွာ၊ ကောင်းချင်ရင် စွတ်စက်ကောင်းပြီး ညံ့ချင်ရင်တော့ ချာတူးလန်နေတာပဲ။ ကမ္ဘာ့ဖလားတုန်းက ကြည့်ပါလား။ ဘယ်မှာသုံးစားလို့ ရလို့လဲ။ အရပ်ပုပု၊ ခြေတိုတိုနဲ့ ခြေပေါ်လှတစ်ရာသီ၊ နှစ်ရာသီပေါ့ မဟုတ်ဘူးလား။

လာပြန်ပြီ စီရော်နယ်ဒို။ ငါပြောသားပဲ ဒီကောင်က ခြေမမှန်တော့ပါဘူးဆို။ မင်းတို့ကြည့်နေ။ ဒီလိုခြေမျိုးနဲ့ မကြာခင် အရံခုံမှာ ထိုင်ရတော့မှာ။ ဖာဂူဆန်ကြီးလက်ထဲမှာတုန်းက ခြေစွာမလိုရှိပြီး ဘာကာနဲ့ပွဲမှာ ကြည့်ပါလား၊ ဂိုးနားမြောက်နေတဲ့ဘောလုံးကို လေပေါ်မှာတင် ဝဲပြီး နောက်ပြန်ကန်သွင်းရမှာ။ အမှန်တော့ လေဝဲကစ်,ကစ်ရမှာ။ မြေထောက်သွားတော့ သူများဦးသွားရောပေါ့။


ဘာ ဘာ မင်းတို့ထင်လို့ပါကွာ။ ဖာဘရီဂက်စ်ကိုပြောတာလား၊ ဒီကောင့်ကစားပုံကိုက ရှုကြောင်မူးကြောင်ကွ။ ဟိုဘဲကြီး အာစင်ဝင်းဂါးကောင်းနေလို့သာ ခံသာတာ။ တချို့ပွဲတွေဆို အာရှာဗင်တို့လောက်တောင် ခြေပေါ်ချင်လှတာမဟုတ်ဘူး။ ဂိုးသွင်းနိုင်တယ်ဆိုတာကလည်း ကံစွပ်ကံစပ်တွေပါ။ ရေရှည်ဆို ဒီကောင့်ခြေကို ကြိုက်လှတာ မဟုတ်ဘူး။


ဘာ ဘာ မင်းတို့ပြောသမျှကို ငါက ရွဲ့ပြောနေတာ မဟုတ်ဘူး။ ဒီကောင်တွေရဲ့ခြေကို မကြိုက်လို့ကို ပြောနေရတာ။ ဘာကွ မင်းတို့က အမှန်အတိုင်းပြောတာကို စိတ်ဆိုးနေသေး။ ဘောလုံးသဘောတရားတွေရဲ့ ခြေရည်ကို မသိ ဘဲနဲ့ ဘောလုံးအကြောင်း မဝေဆွးနွေးနဲ့ကွ။ ဒါတောင် မင်းတို့ကပဲ စိတ်ဆိုးရ တယ်ရှိသေး။

အေး အဲဒီလိုဆို ငါလည်း စိတ်ဆိုးတယ်ကွ။ တော်ပြီကွာ။ မင်းတို့နဲ့ ဘောလုံးအကြောင်း မဆွေးနွေးတော့ဘူး။ သွားမယ်။ ဟေ့ ငါ့ဗိုးချဲ ဘယ်ကောင်ယူသွားတာလဲကွ၊ ဟေ့ ပိုလီယိုဖြစ်နေလို့ ဗိုးချဲစီးနေရတာတောင် မင်းတို့က ဗိုးချဲဖွက်ပြီး နောက်ချင်ကြသေး။

ဟေ့ ငါ့ဗိုးချဲ ပြန်ပေးကြလေကွာ။

■ အကြည်ဖော်


ကြည်နူးစေတာ
ပူပိုက်မ ဖြစ်ရော့လပါယ်



# ငှလိုက်မ ဖြစ်ရောလေဟယ်

မိုးမှာ အချိန်အခါမဟုတ် သည်းထန်စွာရွာနေ၏။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော နွေနေ့ခင်းတွင် မိုးထရွာသည်မှာ မဆီမဆိုင် ကြောင်တောင်တောင်နိုင်လှသည်။ ဘာအလုပ်မှ မည်မည်ရရမရှိသော မမထွားမှာ မည်ကာမတ္တမျှဖြစ်သော စာရေးခြင်းအလုပ်ကိုပင် ခေတ္တခွင့်ယူကာ အိမ်တွင်းပုန်းလုပ်၍ သိမ်ဖျင်းသောအတင်းတုပ်ခြင်း၌သာ တစိုက်မတ်မတ်ကြီး အာရုံမွေ့လျော်လျက်ရှိလေသည်။ ထို့ကြောင့် အတင်းပြောဖော်ပြောဖက်ကြီး ဘော်ဒါဒေါ်သန်းမြအား စောင့်မျှော်နေမိ၏။

ပုလင်းတူဘူးဆို့ကြီးဒေါ်သန်းမြမှာ မိုးရွာနေသော်ငြား ဝတ္တရားမပျက်၊ ထီးတစ်လက်နှင့် ကော့ပက်ကော့ပက်ရောက်ချလာ၏။

တော်ပေစွ။ မမထွားမှာ စိတ်ကျေနပ်စွာ ခေါင်းတဆတ်ဆတ်ညိတ်မိလေသည်။

"ဘာတွေလုပ်နေတုန်း ဆရာမ"

"လုပ်မယ်ဆိုရင်လည်း လုပ်စရာတွေချည်းပေါ့လေ၊ မလုပ်ဘဲ ထိုင်နေတာဆိုတော့ ဘာအလုပ်မှမရှိဘူး ပြောရမှာပေ့ါ"

မမထွား၏ ယုတ္တိဗေဒဆန်ဆန် ဒဿနစကားအဆုံး ဘော်ဒါကြီး

မှာ ငါးချုပြုံး ပြုံးလေသည်။

"ထုံးစံအတိုင်း အလုပ်မရှိဘဲ အိမ်မှာထိုင်ပြီး ဘူနေတယ်ဆိုပါတော့လေ"

ဒေါ်သန်းမြစကားမှာ မမထွားအတွက် ပိသလေးနှင့်ဘေးထုသလို ခံရခက်လှ၏။ သို့သော် အမှန်တရားမို့ ခွန်းတုံ့မပြန်သာချေ။ သို့ကြောင့် ရှူးချင်ယောင်ဆောင်ပြီး ပြောမနာဆိုမနာ မျက်ခွက်ကြီးနှင့် တဟီးဟီး အူမြူး ပြလိုက်ရသေးသည်။

"ဆရာမမြင်တော့ ကျုပ်တို့ခပ်ရွယ်ရွယ်ကဆိုခဲ့တဲ့ ကဗျာလေး အမှတ်ရသတော်၊ လစ်ဗင်းတဲစုတ်၊ ဒူးရင်းဝဲကုတ်၊ အိတင်းပဲပြုတ် ဆိုတာလေ"

ဒေါ်သန်းမြစကားကြောင့် မမထွားဒေါသတို့ ထောင်းခနဲ ထရ၏။ စော်ကားလေစွ။

"ဘာကဗျာလဲ၊ ဒါကဗျာမှ မဟုတ်တာ၊ ဒီလိုစာတိုပေစကို ကဗျာ လို့ခေါ်ရင် ကမ္ဘာပေါ်မှာ ရှိရှိသမျှလူအားလုံး ကဗျာဆရာတွေဖြစ်ကုန်မှာပေါ့"

"ဘာလို့မဟုတ်ရမှာလဲ၊ ဒါမှကဗျာမဟုတ်ရင် ဘာက,ကဗျာဖြစ်ရ မှာလဲ"

"ဒေါ်သန်းမြကဗျာက ကားစပယ်ယာတွေအော်သလို လက်တို့ တောင်းရင် ရှက်ဖို့ကောင်းတယ်တို့ ကျော်သွားရင်ခေါ်သွားမှာနော် အိမ်ရောက် မှရေတိုက်ပြီး အသေရိုက်မယ်ဆိုတာတို့လို လက်တန်းစပ် အပေါစား အတို အစတွေထဲမှာပဲ အကျုံးဝင်တယ် ဒေါ်သန်းမြရဲ့ ကဗျာဆိုတာ ရသဂုဏ် မြောက်တဲ့အဖွဲ့ဖြစ်ရမယ်၊ ကဗျာမှာ အင်္ဂါရပ်တွေ အများကြီးပါတယ်၊ ကာရန် တို့နဘေတို့ဆိုတာ ကြားဖူးရဲ့မဟုတ်လား"

"အံမယ် ကျုပ်ဟာလေးကလည်း ရစ်သမ်ကိုမှန်လို့"

အလို။ တယ်လာတဲ့ ဒေါ်သန်းမြ။

"ဘာလဲ ရစ်သမ်၊ ရစ်သမ်က ဘာလဲ သိလို့လား၊ ဒေါ်သန်းမြကဗျာ က ဘာအမျိုးအစားမှာပါလဲ၊ အဲလို စာတိုပေစလေးကို ဘာအမျိုးအစားလို့ ပြောမလဲ ကဲ"

မမထွား ပါးစပ်ထဲတွေ့ရာစကားလုံးများနှင့် အတင်းငြင်းဆန် တော် လှန်ပစ်လေရာ ဒေါ်သန်းမြကြီးမှာ မျက်လုံးလေးကလယ်ကလယ်နှင့် သူ့ကဗျာ

လေးသူ တွတ်တွတ်တွတ်တွတ်နှင့် တိုးတိုးလေး ရွတ်ကြည့်နေရှာလေသည်။

လာမလုပ်နဲ့ ဒေါ်သန်းမြ၊ ဒါ ဒေါ်သန်းမြမကျွမ်းတဲ့လိုင်းပါ၊ ဒီလောက်လေးနဲ့ တက်မလာနဲ့လေ၊ မမထွားရဲ့ ဇာတ်လမ်းထွင်၊ ခွင်ရိုက်၊ အကြံအဖန်စပ်ထားတဲ့ ပလီစိချောက်ချက် တော်ကီတွေအောက်မှာ တော်ရုံလူလမ်းကြောင်းပျောက်သွားမှာပေါ့။ မမထွားလည်း ခွင်ဝင်ပြီဆိုတဲ့အထာနဲ့။

"တကယ်တော့ ကဗျာဆိုတာ"ဟု အစချီရုံရှိသေး ဒေါ်သန်းမြမှာ ဆတ်ခနဲ ခေါင်းထောင်လာပြီး

"အို ဒါတွေ ကျုပ်မသိချင်ပါဘူး၊ ကျုပ်ဆိုလိုတာ ဆရာမမှာ လတ်တလော ဘာအလုပ်မှမရှိဘူးဆိုတာပဲ ကဲ ရှင်းပြီလား"

"ဪ အဲလိုလား"

မမထွားမှာ တစ်ချက်တည်းနှင့်ပင် နှုတ်ပိတ်သွားရတော့၏။

"အခု ဒေါ်သန်းမြလာတာ ဘာကိစ္စ"

"ဆရာမလုပ်တာနဲ့ လိုရင်းပျောက်သွားတယ်၊ ဒီလိုဆရာမရဲ့ ကျွန်မတူမလေး သက်လယ်လေ၊ ဆရာမနဲ့လည်း ရင်းနှီးတယ်မဟုတ်လား"

"သိတယ်လေ၊ ချစ်ဦးသက်လယ်ကို ပြောတာမို့လား၊ ကျွန်မနဲ့ ညီအစ်မလိုခင်ပြီးသား အခု သူက ဘာကိစ္စ"

"အခု သက်လယ်က ဗိုက်ကြီးနဲ့လေ"

"အာ ဒါတော့ ကျွန်မနဲ့ မဆိုင်ဘူးထင်တယ်"

"ဆရာမနဲ့ဆိုင်တဲ့ ဗိုက်လို့လည်း မပြောမိပါလား၊ ကျုပ်ပြောချင်တာက"

"အို ခုရှုပ်မှနောင်ရှင်းတဲ့၊ တစ်ခါတည်း အပြတ်ပြောထားတာ"

"ငါးနော် ရှုးချင်လာပြီ၊ ဆရာမကလည်း အူကြောင်ကြားနေပြန်ပါပြီ၊ ဒီမယ် စကားကို ဆုံးအောင်နားထောင်ဦး၊ အခု သက်လယ်ယောက်ျားလေးက သင်္ဘောတက်သွားပြီဆိုတော့လေ"

"ယောက်ျားလေးက သင်္ဘောတက်တော့ ယောက်ျားကြီးက ဆင်းလာပြီလား"

"ဟယ် ဘာတွေလျှောက်ပြောနေတာတုန်း၊ သက်လယ်ယောက်ျား

လေးဆိုတာ ဟိုကောင်လေးလေ သူပဲရှိတာ ဘယ်ကယောက်ျားကြီးက ဝင်ရှုပ်တာတုန်း"

"သိဘူးလေ"

"မသိရင်လည်း ဝင်မပြောပါနဲ့ ဆရာမရယ်၊ ရှင်းပြရတာနဲ့တင် ပန်းနာရင်ကြပ် ပြန်ထလာချင်လို့ပါ။ ဒီလို ဒီလို လိုရင်းပြောရရင် သက်လယ် အခု ဗိုက်နာလို့ အဲဒါ ဆရာမက ဆေးရုံကို လိုက်ခဲ့ပေးပါလို့ အံမယ်လေး မောလိုက်တာ ရေတစ်ခွက်သောက်ဦးမှ"

ဒေါ်သန်းမြစကားအဆုံးမှာတော့ မမထွားမျက်စိမှေးမှေးလေးက ချက်ချင်းပြူးထွက်လာသည်။

"ဘာ သက်လယ်ဗိုက်နာနေပြီ ဟုတ်လား၊ အို သူ့ခမျာ ခင်ပွန်းသည်က အနီးအနားမှာမရှိ မိဘကမရှိ အဒေါ်လုပ်တဲ့လူက ရပ်ကွက်လုံးဆိုင်ရာ ဂယောင်ကြီး၊ ကျွတ် ကျွတ် ကလေးမတော့ အားငယ်နေရှာရော့မယ်၊ ဒါမျိုးက ယောက်ျားဆင်စီး မိန်းမအီးပေဆိုသလို အန္တရာယ်များလှတယ်၊ သွားမှ သွားမှ ငါလိုက်သွားမှ"

မမထွားမှာ ဘာမှစဉ်းစားမနေတော့ဘဲ အိမ်တံခါးတွေ အကုန်လှည့် yw [illegible] bill ကုန်နေသောဖုန်းစုတ်ကို ကောက်ကိုင်ကာ အိမ်အပြင်သို့ ဝုန်းဒိုင်းကြဲ ခုန်ဆင်းလိုက်၏။ သောက်ရေခွက်လေးကိုင်ပြီး မျက်လုံးပြူးကလေးနှင့် ကြည့်နေသော ဒေါ်သန်းမြကိုမြင်လေလျှင်

"ဟင် ဒီလောက်အရေးကြီးနေတာတောင် ဒီအဘွားကြီးက ရေကို ဇိမ်ခံသောက်နေသေးတယ်၊ ပေးစမ်း ဒီရေခွက်၊ ကိုင်းဟာ လာလိုက်ခဲ့"

မမထွား ဒေါ်သန်းမြလက်ထဲမှရေခွက်ကိုယူကာ အိမ်ရှေ့သို့ ဖြန်းခနဲလှမ်းပတ်ပြီး ရေခွက်ကို တွေ့ကရာပစ်တင်၊ ဒေါ်သန်းမြလက်ဆွဲပြီး အိမ်တံခါးသော့ပိတ်ထွက်လာခဲ့တာ မသိရင် နေ့ခင်းကြောင်တောင် အနုကြမ်းစီးပြီး ဓားစာခံဖမ်းသွားတဲ့အတိုင်း။

ဒေါ်သန်းမြကလည်း အိုက်တင်ကောင်းသလားမမေးနှင့်။ မမထွားဆွဲခေါ်ရာ ယက်ကန်ယက်ကန် ပါလာရင်း

"နေ နေပါဦး၊ ကျုပ် ရှင်းပြပါရစေဦး ဆရာမရယ်၊ အခု အခုဟာကလေ"

# ၁၉

"အို ဘာမှကူလီကူမာလုပ်မနေနဲ့ ဒေါ်သန်းမြ၊ စခန်းရောက်မှရှင်း၊ အဲလေ ဆေးရုံရောက်မှပြော"

"ဟုတ်ဘူး၊ ဟုတ်ဘူး၊ အဒေါ်ပြောတဲ့ဗိုက်က အဲဒီဗိုက်မဟုတ်ပါဘူး ကွယ်၊ ဟိုဟာလေ ဟိုဟာ"

"သိတယ်၊ သိတယ်၊ ကျွန်မနားလည်တယ်၊ ဘာမှပြောမနေနဲ့"

မမထွားက မည်သို့ပင် နှစ်သိမ့်ပေးသော်ငြား ဒေါ်သန်းမြမှာ မူကြို တက်စကလေးငယ် မိခင်ကို တွယ်ကပ်နေသကဲ့သို့ မမထွား၏ လက်မောင်း တုတ်တုတ်ကြီးအား တရွတ်တိုက်ခိုဆွဲလိုက်ရင်း ခေါင်းတရမ်းရမ်း လည်တရမ်း ရမ်း ဖြစ်နေလေသည်။

"မဟုတ်သေးဘူး ဆရာမ၊ အခုက အဲလောက်အလျင်လိုစရာ မလို ဘူး၊ အေးဆေးမှ"

"ဟာ ဘာအေးဆေးလဲ၊ ဒါမျိုးက ကိုယ်ကလက်ဦးမှ"

"အဲလိုမဟုတ်သေးဘူး၊ နေဦး ဆရာမ ခဏလေး"

"ဒီလောက်တောင်ဖြစ်လှတာ ကိုင်း လာလေရော့၊ ကြာလို့ဟာ"

မမထွားမှာ စကားကြောရှည်လှသော ဒေါ်သန်းမြအား လက်တစ် ဖက်တည်းနှင့် ခါးလယ်မှ ဆွဲမ,ရင်း ချိုင်းကြားတွင်ညှပ်ခေါ်လာလေသော အခါ ဒေါ်သန်းမြတစ်ယောက် စကားပြောဖို့ဝေးစွ လှုပ်တောင်မလှုပ်နိုင်။

သက်လယ်တို့အိမ်ရောက်မှ ဒေါ်သန်းမြအား လှမ်းပစ်တင်ပေးလိုက်ပြီး

"ဘယ်မလဲ သက်လယ်"

ဟုမေးလိုက်သောအခါ အိမ်သားများမှာ မမထွားအမေးစကားကို မဖြေအားဘဲ ဒေါ်သန်းမြကိုသာ ဝိုင်းပြီးအပြစ်တင်ကြလေ၏။

"အမေကလည်း အရေးကြီးလို့ လွှတ်လိုက်တာကို ကြာလိုက်တာ၊ သက်လယ်က ဘယ်လိုမှနေလို့မရဘူးဆိုပြီး တက္ကစီငှားပြီးသွားနှင့်ပြီ"

"ကဲ ကျွန်မ မပြောလား ဒေါ်သန်းမြ၊ သက်လယ်တော့ တစ်ယောက် တည်း ဘယ်လောက်အားငယ်ရှာမလဲ၊ ကြာတယ်၊ ကျွန်မတို့ အခုလိုက်ကြစို့"

"ဟို ဟိုလေ"

"လာပြန်ပြီလား၊ အဲဒီဟိုဟိုဒီဒီတွေ အချိန်မဆွဲနဲ့တော့၊ ခုချက်ချင်း

လိုက်မှဖြစ်မယ်၊ ဟော့ ဘာညာတွေ အစုံပါသွားရဲ့လား၊ ကဲ ဒေါ်သန်းမြ စာရွက်စာတမ်းတွေ အကုန်ယူခဲ့"

မမထွားမှာ ဒေါ်သန်းမြကိုရော သူ့အိမ်သားတွေကိုပါ လှည့်ပတ်ဩဇာပေးပြီး မျက်စိရှေ့ရောက်လာသော တက္ကစီတစ်စီး ဖမ်းတားကာ ဒေါ်သန်းမြအား ချိုင်းအောက်မှ ဖမ်းညှပ်ပြီး ကားပေါ်ပစ်တင်လိုက်သည်။ ထို့နောက် ဒေါ်သန်းမြယောကျ်ား ဦးမှုံကြီးနှင့် သားသမီးတစ်စုအား လက်တစ်ချက်ဝှေ့ယမ်းပြရင်း

"အားလုံးစိတ်အေးအေးထား၊ မကြာခင် သတင်းကောင်းကြားရမယ်ဟေ့"

ဟု စစ်ထွက်ခါနီး သေနာပတိချုပ်ကြီး လေသံဟန်ပန်နှင့်ဆိုကာ ကားပေါ် ငြိမ့်ခနဲ ဝင်ထိုင်လိုက်၏။

"ကဲ ကားဆရာ မောင်း"

"ဘယ်ကိုမောင်းရမလဲ အစ်မ"

"ဒေါ်သန်းမြ"

"ဟင်"

ဒေါ်သန်းမြက အိပ်ရာက အနှိုးခံရသူလို ဇဝေဇဝါ အူကြောင်ကြောင်ရုပ်နှင့် လှည့်ကြည့်သည်။

"သက်လယ်က သူ့ဗိုက်ကို ဘယ်မှာအပ်ထားလဲ"

"တော်ဝင်အထူးကု"

"မောင်းဟေ့ အဲဒီကို"

ကားက ဇောင့်ခနဲမောင်းထွက်သည်။ မမထွားကို ငေးနေသော ဒေါ်သန်းမြ ငိုက်ခနဲဖြစ်သွားပြီး ကူရှင်ပေါ် ဘုန်းခနဲပစ်ဆောင့်တော့သည်။ အံမယ် ရုပ်ကတော့ တစ်စက်ကလေးမှ ပျက်မသွား။ မှုန်တေတေ ထုံပေပေရုပ်ကြီးနဲ့ တောင်ကြည့်မြောက်ကြည့်လုပ်နေတုန်း။ အဲဒါတွေ မကြိုက်တာ။

"အခု ဆေးရုံကို ဘာသွားလုပ်မှာလဲဟင်"

"ရှူး"

မမထွားက တိတ်တိတ်နေဆိုတဲ့ပုံစံမျိုး လုပ်ပြလိုက်ပြီး လက်ထဲက

ကိုးလုံးပုတီးလေး မြှောက်ပြလိုက်သည်။ တော်တော်လေးကြာတော့ ဒေါ်သန်းမြ လက်လာကုတ်ပြန်၏။

"ဆရာမ ဟိုဟာလေ"

"ရှူး"

"ဟုတ်ဘူး၊ ဟို ဆရာမအင်္ကျီလေ"

မမထွား ပုတီးစိပ်ရင်း ကိုယ့်ကိုကိုယ် ပြန်ငုံ့ကြည့်လိုက်သည်။

ဟိုက်ရှားပါး။ ညဝတ်စပန့်ဂါဝန်ကြီးနှင့်ပါလား။ အဆင်ကလည်း လိမ္မော်ရောင်တောက်တောက် ကမ်းခြေဒီဇိုင်းကြီး။

"ဒေါ်သန်းမြ"

"ဟင်"

"စောစောက ဘာလို့မပြောတာလဲ၊ ကျွန်မအဝတ်မလဲမိတာ သတိလေးဘာလေး မပေးဘူး"

"ကျုပ် ဘာပြောပြော ဆရာမက အတင်းဖြတ်ဝင်ပြော၊ အတင်းပိတ်ထားပြီးတော့"

အင်းလေ။ ကိုယ့်အပြစ်နှင့်ကိုယ် ဘာတတ်နိုင်တော့မည်နည်း။ အသားကမည်းပြာပြီး ဝရတဲ့ကြားထဲ ဒီဂါဝန်ကြီးနှင့်တော့ လေတိုက်လျှင် ဘယ်ချောင်ကွယ်နေရပါ့မလဲ။ တခြားအရာတွေက မသိမသာဖုံးထားလို့ရလျှင်တောင် ရှေ့မှာ တစ်တောင်သာသာလောက် ကျော်ရောက်နေသော ဗိုက်တုန်တုန်ကြီးကို ဘာနဲ့သွားကာမလဲ။ မသိတဲ့လူဆို ကိုယ်ဝန်ဆောင်နဲ့မှားမှာ သေချာသည်။

"တောက်"

မမထွားကြိတ်ပြီးခေါက်လိုက်ပေမယ့် တောက်ခေါက်သံက ကားစက်သံတောင် အုပ်သွားလေသည်။ စိတ်အိုက်ပါတယ်ဆိုမှ ကားက ကိုယ်သွားမယ့်ဆေးရုံရှေ့တည့်တည့် ရောက်နေပြီ။

"ဒေါ်သန်းမြ"

"ဟေ"

"ကားခပေးလိုက်"

မမထွားမှာ ခပ်တည်တည် ဆော်ဩလိုက်ပြီး ဆေးရုံဝင်းထဲသို့

အမြန်လှမ်းဝင်လိုက်သည်။ အပေါက်ဝအရောက် မသိမသာလှည့်ကြည့်တော့ ဒေါ်သန်းမြက ကားခပေးပြီး ကုပ်ချောင်းချောင်းလိုက်လာသည်ကို တွေ့ရလေသည်။ မမထွား ကျေနပ်စွာပြုံးပြီး ပြန်အလှည့် ဖော်ရွေလှသော အပြုံးလေးနှင့် ဆီးကြိုနေသော သူနာပြုဆရာမလေးကို တွေ့ရလေသည်။

"ဘာအကူအညီပေးရမလဲရှင်"

"ဗိုက်လေ ဗိုက်၊ ဒီမှာ ကလေးမွေးဖို့ရောက်လာတာ၊ အဲဒါကြောင့်လိုက်"

"ဪ သိပါပြီ"

"နာမည်က ချစ်ဦးသက်လယ်လေ၊ ဒေါ်သန်းမြ စာရွက်တွေပေးလိုက်"

"ဟုတ်ကဲ့၊ ခဏလေးနော်၊ ကောင်တာမှာ စာရင်းလေးသွင်းပေးရဦးမှာမို့ပါ"

"သီးသန့်ခန်းမှာလား"

မမထွားစကားကို ဆရာမလေးက အပြုံးနှင့်တုန့်ပြန်ရင်း

"အစ်မ သဘောပါပဲ"

"အစ်မသဘောဆိုရင်တော့ သီးသန့်ရှယ်ပေါ့ကွယ်၊ သိတယ်မှတ်လား၊ တို့က သန့်မှကြိုက်တာ သက်လယ်ကတော့"

"ရပါတယ်အစ်မ၊ ရှယ်ခန်းလုပ်ထားပါတယ်၊ ဒီကိုကြွပါရှင်"

မမထွားမှာ ပြုံးပြုံးကြီးလိုက်သွားသည်။ ဒေါ်သန်းမြက တောင်မြောက်လေးပါးကို လှည့်ပတ်အကဲခတ်ပြီး လိုက်ပါလာ၏။

"အစ်မ ဒီမှာထိုင်လိုက်ပါလား"

သူနာပြုဆရာမလေးက ဗိုးချဲလ်တစ်ခုကို ညွှန်ပြပြီး မမထွားကိုထိုင်ခိုင်းသည်။ ဒေါ်သန်းမြက မမထွားအနားသို့ကပ်ကာ

"ဒီအထူးကုဆေးရုံက ရှယ်ပဲနော်၊ သတင်းမေးလာတဲ့လူတောင် ဘီးတပ်ကုလားထိုင်ပေါ် တင်တွန်းတယ်၊ ဇိမ်ပဲ"

ဟု တီးတိုးလေသံနှင့်ဆိုလျှင် မမထွားက မျက်စိတစ်ဖက်မှိတ်ပြလိုက်ရင်း

"ဒါကတော့ ကျွန်မကို ထိပ်တင်မမထွားမှန်းသိလို့ တမင်စီစဉ်ထား

တာနေမှာပါ၊ သိတယ်မှတ်လား VIPလေ VIP"

မမထွား ခပ်ကြွားကြွားလေး ပြန်ပြောပြီး ဗှီးချဲလ်ပေါ် တက်ထိုင်လိုက်သည်။ ဒေါ်သန်းမြကလည်း အားကျမခံ

"ဆရာမလိုက်သွားနှင့်၊ ကျုပ် နောက်က တစ်စီးစီးပြီး လိုက်ခဲ့မယ်"

ဟုဆိုကာ ဗှီးချဲလ်တွန်းပေးမည့် သူနာပြုတစ်ယောက်ရှာရန် ထွက်သွားလေသည်။ မမထွားကတော့ ဗှီးချဲလ်ပေါ်မှာ ငြိမ့်ငြိမ့်လေးလိုက်ပါလာရင်း ပီတိတွေဖြာနေမိ၏။ ဆရာမလေးက မမထွားကိုတင်လာသော ဗှီးချဲလ်လေးကို ဓာတ်လှေကားထဲသို့ ညင်သာစွာတွန်းပို့ပြီး သွားလိုသည့်အထပ်ကို ခလုတ်ကလေးနှိပ်လိုက်၏။ ဓာတ်လှေကားက အထပ်မြင့်တစ်ခုဆီသို့ ငြိမ့်ခနဲ တက်သွားသည်။ မမထွားရင်ထဲမှာ သိမ့်ခနဲ။

"ကဲ ရောက်ပြီအစ်မ၊ ဒီမှာ သက်သောင့်သက်သာလေး နားနေလိုက်ဦးနော်၊ ခဏနေရင် ဒေါက်တာလာလိမ့်မယ်"

"ဟို သက်လယ်အခန်းက ဘယ်မှာလဲဟင်"

"ဩော် ခဏလေးပါ၊ ဒေါက်တာနဲ့တွေ့ပြီးရင် လိုက်ပို့ပေးပါ့မယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

အေးစိမ့်နေသော သီးသန့်ခန်းတစ်ခုထဲတွင် မမထွားတစ်ယောက်တည်း ငူငေါင်ငေါင် ကျန်ခဲ့ရသည်။ သုံးမိနစ်လောက်အကြာမှာတော့ အခန်းထဲသို့ ငယ်ငယ်ချောချော ဆရာဝန်လေးတစ်ယောက်နှင့် သူနာပြုဆရာမလေး

ဒီလို ဆရာဝန်
ချော**ချော**လေးက
ဒီလောက်ကြင်နာမယ်ဆိုရင်
လက်ခံုက **သွေး**ကြောကို
အပ်လေးနဲ့ထိုးရုံမဟုတ်ဘူး
ပန်နဲ့စုပ်**ထုတ်**တောင်
မမထွားတို့
အ**ပြုံး**ပျက်မှာ မဟုတ်။



ရောက်လာ၏။ ဒေါက်တာလေးက မမထွားကိုမြင်သည်နှင့် ဖော်ရွေနှစ်လိုစွာ ပြုံးပြရာ မမထွားမှာ ရင်ထဲဒိန်းခနဲဖြစ်သွားရလေသည်။

"ဆရာမ သူ့ကို သွေးစစ်ဖို့လုပ်ပါ"

"ရှင်"

မမထွား လန့်ဖျတ်ပြီး ဒေါက်တာ့မျက်နှာ မော့ကြည့်လိုက်သည်။ ဒေါက်တာလေးက မမထွားစိတ်ကို နားလည်နေသည့်အလား နှစ်သိမ့်သလို ပြုံးပြလိုက်ပြီး

"စိတ်လှုပ်ရှားနေလား၊ ဘာမှမကြောက်နဲ့နော် မနာပါဘူး"

ဟုအားပေးရင်း မမထွားလက်မည်းမည်းကြီးကို နူးညံ့ညင်သာသော သူ့လက်အစုံနှင့် ဆွဲယူလိုက်ချိန်မှာတော့ မမထွားတစ်ယောက် လောကကြီး တစ်ခုလုံးကို မေ့ချင်ချင်ဖြစ်သွားသည်။ သူနာပြုက လက်ခုံကို အပ်နဲ့ထိုး ဖောက်ပြီး သွေးယူတာတောင် နာရကောင်းမှန်းမသိ။ ဒေါက်တာချောချော လေးမျက်နှာကို မျက်လုံးကျွတ်မတတ်ငေးရင်း ပါးစပ်အဟောင်းသားနှင့် ခေါင်းတညိတ်ညိတ် ဖြစ်နေမိလေသည်။

သွေးဖောက်လို့ပြီးတော့ အပ်နှုတ်လိုက်တဲ့နေရာကို ဒေါက်တာလေးက အရက်ပြန်ဆွတ်ထားသော ဂွမ်းစလေးနှင့် ညင်သာစွာ ဖိထားပေးသည်။ မမထွား မှာ သဘောကျလို့မဆုံး။ တံတွေးတွေ တဂွပ်ဂွပ်မြိုချရင်း သူ့ကို ဘာကြောင့် သွေး ဖောက်သလဲဆိုတဲ့ မေးခွန်းကိုမေးဖို့မေ့နေ၏။ ဒီလို ဆရာဝန်ချောချောလေး က ဒီလောက်ကြင်နာမယ်ဆိုရင် လက်ခုံက သွေးကြောကို အပ်လေးနဲ့ ထိုးရုံ မဟုတ်ဘူး၊ ပန့်နဲ့စုပ်ထုတ်တောင် မမထွားတို့ အပြုံးပျက်မှာမဟုတ်။

"အခုအချိန်ကစပြီး ဘာမှမစားနဲ့တော့နော်၊ ရေလည်းမသောက် နဲ့၊ ခဏနေရင် မမအိုဂျီရောက်လာတော့မှာ သိလား"

"ဟို မမအိုဂျီလာရင် ဒေါက်တာက ဘယ်သွားမှာလဲဟင်"

"ကျွန်တော်လား၊ တခြားလူနာတွေ သွားကြည့်ရမှာပေါ့"

"ဒါဆို ဒေါက်တာ ဘယ်မှမသွားနဲ့၊ ဟိုမမအိုဂျီကို တခြားလွှတ်လိုက်"

"အဲလိုလုပ်လို့ မဖြစ်ဘူးလေ"

"သိဘူး၊ တို့ကတော့ ဒေါက်တာနဲ့ပဲ"

## ၂၄ နာရီပျော်

"ဪ ဆောရီးပါဗျာ၊ ကျွန်တော်က မေ့ဆေးဆရာဝန်မို့ပါ"

"ဟင်း ဒေါက်တာနော်၊ တို့ကိုတော့ မေ့ဆေးပေးပြီး မေ့ခိုင်းဖို့ မကြိုးစားနဲ့ လုံးဝပဲ သိလား"

"အစ်မက တော်တော်နောက်တာပဲနော်၊ ကောင်းပါတယ်၊ ဒါမှ သားသားမီးမီးလေးတွေ ဉာဏ်ကောင်းပြီးကျန်းမာမှာ"

ကြည့်စမ်း။ သူက ဒီအထိတောင် စိတ်ကူးယဉ်နေပြီ။ အဆင့်တွေ ကျော်ကုန်ပြီ။ သွား လူဆိုး။ လူကို ဘာတွေလာပြောနေတာလဲ။ မမထွား မျက်စောင်းတစ်ချက်ထိုးရင်း စိတ်ထဲက ရှက်စနိုးရေရွတ်လိုက်သည်။ ဒေါက်တာလေးက ရယ်မောနှုတ်ဆက်ရင်း ပြန်ထွက်သွား၏။

"အစ်မ ဒီခုတင်မှာ လာလှဲနေပါနော်၊ အိုဂျီလာတော့မှာမို့ပါ"

မမထွားမှာ ဘာမှစောဒက တက်မနေတော့ဘဲ ဆရာမလေးပို့ပေးသော ခုတင်ပေါ် သွားလှဲပြီး ဒေါက်တာလေးကို စိတ်ကူးတွေယဉ်နေလိုက်၏။

တစ်ချက်တစ်ချက် သက်လယ်ကို သတိရပေမယ့် ပြီးရင်လိုက်ပို့ပေးမယ်၊ ပြောထားတာကြောင့် ဆရာမလေးကိုလည်း ခဏခဏမမေးရဲ။

အို သက်လယ်အတွက် ငါ့ဆီကသွေးတောင် လှူရဦးမှာ။ ခုနသွေးစစ်တာ ငါ့သွေးနဲ့သက်လယ်သွေးတူရင် ယူဖို့ထင်ပါရဲ့။ အိုဂျီကလည်း ငါနဲ့ ဘာတွေဆွေးနွေးဦးမယ် မသိဘူး။ ဒေါက်တာလေး ပြန်မှလာပါ့မလား။ ဘာပဲဖြစ်ဖြစ် ဒီရက်ထဲမှာ သက်လယ်ရဲ့လူနာစောင့်လုပ်ရင်း ဒေါက်တာ့ကို ရအောင်လုံးမယ်၊ ဟီဟိ။

မမထွား ကိုယ့်စိတ်ကူးနဲ့ကိုယ်မြူးနေခိုက်

"အစ်မ"

"အမလေး လန့်လိုက်တာ၊ ဘာ ဘာများလဲဟင်"

"ဆီးချုမလို့"

"ဘယ်လို ဘယ်လို"

"ဆီးချုရမယ်လေ"

"ဟို ခုနလည်း သွေးဖောက်ယူသွားတယ်၊ ခုလည်း ဆီးချုဦးမယ်ဆိုတော့ မလွန်ဘူးလားဟင်"

"ဒါထုံးစံပဲလေ၊ ကေန္တ အစ်မက ဂျိဝမ်းထင်တယ်၊ ဘာမှမသိဘူးနော်"

"ဂျိဝမ်းမဟုတ်ပါဘူးကွယ် ဂျိလတ်ပါ၊ အဲလေ ယောင်လို့ ဟို အစ်မ မနေတတ်လို့ပါကွယ်"

"ခဏဆို နေသားကျသွားမှာပါ အစ်မရဲ့၊ ပြီးတော့ ပိုက်က ပိစိသေး သေးလေး"

"အဲဒီသေးသေးလေးကိုပဲ မနေရဲတာပါကွယ်၊ တောင်းပန်ပါတယ် နော်၊ ရှူရှူးပေါက်ချင်ရင် ကိုယ့်ဘာသာ သွားပေါက်ပါ့မယ်၊ ခုတင်ပေါ်မှာ ထွက်မကျစေရဘူးလို့ ကတိပေးပါတယ် နော် နော်လို့"

"မရဘူးအစ်မ၊ အော်ပရေးရှင်းဝင်ရင် ပြဿနာတက်လိမ့်မယ်၊ ကဲ ပါအစ်မရယ်၊ ဘာမှလည်း နာတာမဟုတ်ဘဲ ခေါင်းမမာပါနဲ့၊ ခဏလေးပဲနော်၊ ခဏလေး"

"ဟို အော်ပရေးရှင်းက ဘာကိစ္စဝင်ရမှာလဲဟင်၊ ဟင့်အင်း ဟင့် အင်း သူများကြောက်တယ်"

"ဩော် အစ်မရယ်၊ ကိုယ့်ကိစ္စကိုယ် သိရဲ့သားနဲ့"

သူနာပြုမှာ ပြောပြောဆိုဆိုပင် မမထွားကို အတင်းတွန်းလှဲပြီး ဆီးပိုက်ထည့်ရန်ပြင်လေသည်။

"ဟော့ ဟော့ မလုပ်နဲ့ မလုပ်နဲ့နော်၊ သက်လယ်အခန်းကိုသွားမယ်၊ ငါ့ကို အခုလိုက်ပို့၊ အခုလိုက်ပို့"

"ဘာကိုလောနေတာလဲ အစ်မရဲ့၊ ထုံးစံအတိုင်းလုပ်ရမယ့်ကိစ္စတွေ ပြီးရင် ပို့ပေးမယ်ပြောထားတာကို"

မမထွားမှာ မည်မျှပင် အင်အားဗလတောင့်တင်းစေကာမူ သူနာပြု ဆရာမ၏ လက်မြန်မှု ကျွမ်းကျင်မှုကိုကား မယှဉ်နိုင်။ စက္ကန့်ပိုင်းအတွင်းမှာ ပဲ ရှန်းရင်းကန်ရင်းကနေ ပိုက်တန်းလန်းဖြစ်သွားသည်။

ဘုရား ဘုရား ပို့ချဲလ်စီးချင်လှတဲ့ ဒေါ်သန်းမြလည်း ငါ့လိုပဲ အခန်း တစ်ခုထဲထည့်ပြီး ဒီလို ဒီလိုလုပ်တာတွေ ခံနေရပြီလား။ မမထွား ချက်ချင်း ပင်ကြောက်စိတ်တို့ဝင်လာသည်။ ကြက်သီးတွေက ဖြန်းခနဲဖြန်းခနဲ။

"ကဲ ပရက်ရှာလည်း တိုင်းပြီးပြီဆိုတော့ မာ(လ်)တီဗိုက်တာလေး

တစ်လုံးလောက်လွှတ်လိုက်ရအောင်”

ပါးစပ်ကလည်းပြောရင်း လက်က Drip set တစ်စုံယူကာ မမထွားလက်သို့ အပ်စိုက်လာတော့သည်။ အပေါ်မော့ကြည့်တော့ Drip ပုလင်းကြီးက တရမ်းရမ်း။

“ဟင် ဒါ ဒါကြီးက လိုလို့လား”

“လိုတာပေါ့အစ်မရဲ့၊ အော်ပရေးရှင်းဝင်ရင်”

“လာပြန်ပြီ ဒီအော်ပရေးရှင်း၊ ငါက သက်လယ်ကို သွေးလှူရမှာမဟုတ်ဘူးလား၊ မွေးလူနာက ဝင်ရမှာလေ၊ ငါနဲ့ဘာဆိုင်လို့”

မမထွားစကားကြောင့် သူနာပြုဆရာမလေး ခဏတော့ကြောင်သွားသည်။ ပြီးတော့မှ

“အစ်မကလည်း ကယောင်ကတမ်းတွေ ပြောနေပြန်ပြီ၊ စိတ်လှုပ်ရှားနေပြီလား၊ မကြောက်ပါနဲ့ ခဏပါ”

ဟုဆိုကာ ထွက်သွားလေတော့၏။ မမထွားမှာ လက်မှာလည်း Drip နှင့် အောက်မှာလည်း. . အောက်မှာလည်း အို မပြောချင်တော့ပါဘူး။ တကယ်ပဲ အဖြစ်ဆိုးလိုက်ပုံ။

“ဆရာမရေ ဆရာမ”

မမထွားတစ်ယောက်တည်း ကြိုးရှုပ်နေစဉ် ဒေါ်သန်းမြကြီးမှာ ထဘီစွန်တောင်စွဲလျက် အမောတကော ရောက်လာလေသည်။

“ဟင် ဒေါ်သန်းမြ၊ ဒေါ်သန်းမြ ဘယ်ရောက်နေတာတုန်း၊ အခုကျွန်မအဖြစ်ကို မြင်ရက်သေးရဲ့လား၊ အီးဟီးဟီး”

မမထွားမှာ ဒေါ်သန်းမြကိုမြင်သည်နှင့် ဝမ်းနည်းပက်လက် ဆီးငိုလိုက်၏။

“ဟောတော့် ဒါတွေက ဘယ်လိုဖြစ်နေတာတုန်း၊ သူတို့ သူတို့ဆရာမကို ဗိုက်တော့မခွဲရသေးပါဘူးနော်”

“အာ ဘာကိစ္စ ဗိုက်ခွဲရမှာလဲ”

“တော်ပါသေးရဲ့ ဆရာမရယ်၊ ကဲ ကဲ ထ အချိန်မရှိဘူး၊ အိုဂျီမလာခင် မြန်မြန်လစ်ကြစို့”

"ဘယ်လို"

"ဟုတ်တယ်၊ လစ်မှဖြစ်မယ်၊ သူတို့က ဆရာမကို မွေးလူနာထင်ပြီး အခုလိုလုပ်ထားတာ၊ တကယ်တော့ သက်လယ်က မွေးဖို့ဗိုက်နာတာမဟုတ်ဘူး၊ မနေ့က အသုပ်တွေစားပြီး ဗိုက်အောင့်တာ ကိုယ်ဝန်က ခုမှနှစ်လတည်းရယ်၊ အခု ကောင်တာမှာ မွေးလူနာသွေးစစ်ဖို့ ဘာညာဆေးဖိုးတွေ ရှင်းခိုင်းတော့မှ ကျုပ်လည်းသိရတာ၊ အိမ်ကိုဖုန်းဆက်လိုက်တော့ သက်လယ်က ဆေးခန်းသွားပြီး ပြန်တောင် ရောက် ရောက်"

"တော်တော့"

မမထွား ကိုယ့်အဖြစ်ကို စိတ်နာနာနဲ့ သဘောပေါက်သွားရသည်။

"ဒါတွေ ခုမှလာပြောရသလား၊ ခုတော့ မြင်လို့မှ ကောင်းကြသေးရဲ့လား၊ ဟင်"

"ကျုပ်လည်း အောက်မှာ ဆေးဝယ်ရ ဘာလုပ်ရနဲ့ ပြေးလွှားနေရတာ မသင်္ကာလို့တက်ကြည့်တော့ ထင်တဲ့အတိုင်းပဲ၊ ကြည့်စမ်း ကံသီပေလို့"

"ပြေးတာက ဟုတ်ပြီ၊ ဒီဟာတွေနဲ့ ဘယ်လိုလုပ်ကြမတုန်း"

"ဖြုတ်တာတော့ ကျုပ်လည်းမဖြုတ်တတ်ဘူး၊ ဒီလိုလုပ်လေ ဆရာမက အောက်က ဆီးအိတ်လေးမ၊ ကျုပ်က အပေါ်ကဟာ မ,ခဲ့မယ်၊ ကဲ အချိန်မရှိဘူး၊ တစ်နှစ်သုံးဆို ခုတင်ပေါ်ကဆင်းမယ်၊ စပြီနော်၊ တစ်နှစ်သုံး"

"ယားစ် ဆင်းပြီဟေ့ လစ်ကြစို့"

မမထွားနှင့် ဒေါ်သန်းမြမှာ ပိုက်နှစ်လုံး၊ မကုန်းတကွနှင့် လူရိပ်လူခြည်ကြည့်ကာ ဓာတ်လှေကားဆီသို့ ဦးစွာပြေးကြ၏။ ထို့နောက်

"ကဲ ဝင်မယ်ဟေ့ တစ် နှစ် သုံး"

ထို့နောက် ဓာတ်လှေကားထဲမှ တစ်နှစ်သုံး တိုင်မင်ခေါ်ကာ ဝုန်းခနဲ ပြေးထွက်ကြပြန်သည်။ တစ်ယောက်ပိုက်တစ်ချောင်းစီနှင့် တစ်လှမ်းချင်း ချွတ်နင်းလျှောက်လာပုံက နိုင်ငံခြားအက်ရှင်ကားထဲက ဖောက်ခွဲရေးသမားတွေလို။

"ကဲ ဒေါ်သန်းမြ၊ ဒီတစ်ခါ နောက်ဆုံးခံတပ်ကို ကျော်ဖြတ်ရမယ်၊ ဆေးရုံပေါက်ကနေ ကားလမ်းမအရောက် တစ်နှစ်သုံးဆိုတာနဲ့ ပြိုင်တူပြေး

မယ်၊ တစ်ယောက်နောက်ကျတာနဲ့ ကျွန်မဒုက္ခရောက်မှာနော်"

"အင်းပါ"

"ကဲ ရယ်ဒီ တစ် နှစ် သုံး"

"ဟေ့ ယား(စ်)"

ထိုစဉ်မှာပင် ဆေးရုံဝင်းထဲသို့ လူနာတင်ကားတစ်စီး မောင်းဝင်လာလေ၏။

"တီ တီ"

"ဟဲ့ သောက်ပလုတ်တုတ်"

"ဟယ် ကြိုးပြတ်ပဟ"

မမထွားနှင့် ဒေါ်သန်းမြမှာ ကြောက်အားလန့်အားနှင့် တစ်ဖက်စီခုန်အရှောင် အသီးသီးတပ်ဆင်ထားသော ဆိုင်ရာပိုင်ရာပိုက်တို့မှာ မမထွားနှင့် ဂွတ်ဘိုင်လုပ်သွားကြတော့၏။

လက်မှသွေးတို့ဖျာခနဲ။ အောက်ကလည်း ရှုးရှူးတို့ လန့်ဖျပ်ထွက်အကျ။ တဒင်္ဂအားလုံး သတိလက်လွတ်ဖြစ်သွားကြသည်မှာ။ တကယ့်ရုပ်ငြိမ်ကြီးတွေ။ ပြီးမှ နာရကောင်းမှန်း သတိဝင်လာတာ မမထွား။

"အောင်မလေး သေပါပြီတော့"

ငယ်သံပါအောင်အော်ပြီးလဲအကျ ရှိသမျှဆရာဝန် သူနာပြုအားလုံး ဝိုင်းအုံရောက်လာကာ မမထွားကို ဆေးရုံထဲသို့ ပြန်မ,၍ပို့ကြလေတော့၏။ နောက်ဆုံး မေ့ဆေးဆရာဝန်လေး၏ ဝင်းဖန့်ရှင်းသန့်သော အပြုံးမျက်နှာကို မြင်ရစဉ်ခဏ တင်ပါးက ဆစ်ခနဲ။ မမထွားအဖို့ အရာရာ မှောင်အတိ၊ ဘာဆိုဘာမျှ မသိလိုက်ရတကား။

× × ×

နောက်တစ်နေ့မနက် ဂျာနယ်၏မျက်နှာဖုံးတွင် ထူးခြားသော သတင်းတစ်ပုဒ် ပါလာ၏။ စာရေးဆရာမထိပ်တင်မမထွား အီးတုံးလေးမွေးဖွားခြင်းဟူ၏။

■ ကြည်နူးဖော်

# ဦးနှောက် မျက်နှာစာ

မိုးမိုး(B,Sc)

ကွင်းအုပ်တွင် သားသတ်မှုဆိုးတို့ပစ်မှတ်ထားသောကွင်းမှာ နောက်ဆုံးမှ အားအနည်းဆုံး အနှေးဆုံးကွင်းဖြစ်သည်။

ဤကဲ့သို့ပင် ဌာနဆိုင်ရာကိစ္စတစ်ခုကို ဆောင်ရွက်ပါက အနှေးဆုံး ဌာနကပြီးမှသာ အရာကိစ္စအားလုံး ပြီးစီးသည်။ ဌာနအားလုံး၏လုပ်ဆောင်ချက်ပြီးမြောက်မှ အလုပ်ဖြစ်မည်ဖြစ်ရာ အခြားဌာနများက သုံးရက်အတွင်းပြီးသော်လည်း ၎င်းဌာနက (၁၀)ရက်ထပ်ကြာလျှင် (၁၃)ရက်ကြာမှ ကိစ္စပြီးမည်ဖြစ်သည်။ အနှေးဆုံးကို မြန်အောင်လုပ်ဖို့ နှေးသည့်အရာကို ပယ်ဖျက်ဖြုတ်ထုတ်ဖို့ လိုပါသည်။ မပယ်ဖျက် မဖြုတ်ထုတ်နိုင်ပါက ဤသို့ပင် ကြာနေမည်ဖြစ်သည်။

လူ၏ဦးနှောက်ဆဲလ်များကလည်း ထို့နည်းတူပင်ဖြစ်သည်။ ဦးနှောက်၏အနှေးဆုံး အားအနည်းဆုံးအပိုင်း၏လှုပ်ရှားမှု အရှိန်နှုန်းအတိုင်းပင် အခြားဖွံ့ဖြိုးသောအပိုင်းများက စောင့်ပြီးအလုပ်လုပ်ကြရသည်။

အရက်သေစာသောက်စားလျှင် ဦးနှောက်ဆဲလ်များ ပျက်စီးစေသည်။ အထက်တွင်ဖော်ပြခဲ့သော ကွင်းဥပမာအတိုင်း အနှေးဆုံးအားနည်းဆုံးဆဲလ်များကသာ အရင်ဦးဆုံး သေကြရသည်။

ထို့ကြောင့် ပုံမှန်သောက်သုံးခြင်းက အားနည်းနှေးကွေးသောဆဲလ်များကို ဖယ်ရှားရှင်းလင်းခြင်းဖြစ်စေသဖြင့် ဦးနှောက်ကို ပိုမိုလျင်မြန်အားကောင်းစေနိုင်ပါသည်။ အတွေးသွက်သွက်များကို ပုံမှန်တွေးနေသူများသည် ပုံမှန်သောက်သုံးခြင်းဖြင့် ဦးနှောက်၏ အမှိုက်များကို ရှင်းလင်းသင့်ပါသည်။

တန်ဆေးလွန်ဘေးဆိုသော စကားကိုတော့ သတိချပ်ပါ။ ဦးနှောက်တစ်လုံးလုံး သေသွားအောင်တော့ မလုပ်ပစ်မိစေနဲ့ပေါ့ဗျာ။ ■




တရားတော်

# တရားထောက်

တခြားရပ်ကွက်အသီးသီးမှာ အပြိုင်အဆိုင်စည်စည်ကားကားကြီး ကျင်းပနေကြတဲ့ တရားပွဲတွေကိုကြည့်ပြီး နံ့သာမြိုင်ရပ်ကွက်ကလည်း သူတို့ ရပ်ကွက်ထဲမှာ တရားပွဲတစ်ပွဲလောက်ကို ကျင်းပချင်နေတာ။ သူတို့ရပ်ကွက် ထဲမှာကလည်း တရားပွဲဆိုလို့ တစ်ခါမှမလုပ်ဘူးသေးတာကိုး။

အဲဒီတော့ ရပ်ကွက်ထဲကလူတွေစုပြီး တရားပွဲကျင်းပရေးအတွက် တိုင်ပင်ကြတယ်။ အကုန်လုံးကလည်း တရားပွဲလုပ်ဖို့ စိတ်အားထက်သန်နေ ကြတဲ့သူတွေချည်းပဲဆိုတော့ တရားပွဲကျင်းပဖို့အတွက် ဆုံးဖြတ်လိုက်ကြရော ဆိုပါတော့။

တရားပွဲကျင်းပဖို့အတွက် ရပ်ကွက်ထဲမှာ အလှူငွေကောက်ခံတော့ လည်း အလှူခံလို့ရတဲ့ငွေက တခြားရပ်ကွက်တွေထက်တောင် သာသေးတယ်။

တရားပွဲကျင်းပမှာက နှစ်ရက်၊ တရားဟောဖို့ ဆရာတော်နှစ်ပါးကို လည်း ပင့်လျှောက်ပြီးသွားပြီ။ မဏ္ဍပ်ကြီးကလည်း ခမ်းခမ်းနားနားနဲ့ တရား နာပရိသတ်တွေထိုင်ဖို့အတွက်တောင် ကော်ဇောချည်းပဲ ခင်းထားတာ။

တရားပွဲအတွက် အကုန်လုံးအဆင်သင့်ဖြစ်ပြီးကာမှ အရေးကြီးတာ တစ်ခု မေ့နေတာကို သတိရသွားကြတာ။

တရားပွဲတို့ရဲ့ထုံးစံအတိုင်း မပါမဖြစ် အရေးကြီးလှတဲ့ တရားထောက်။ သိတဲ့အတိုင်း တရားပွဲဆိုတာကလည်း တရားထောက်မပါလို့မှ မဖြစ်တာ။ တရားဟောဆရာတော်တွေကလည်း တရားထောက်လေးပါတော့မှ ဟောရ ပြောရတာပိုပြီးမြိန်ကြတာကိုး။ တချို့အမေးအဖြေထူတဲ့ ဆရာတော်တွေနဲ့ တွေ့လို့ကတော့ အောက်ကတရားထောက် ဖြေရတာ မေးရိုးညောင်းပြီသာ

မှတ်ပေရော့ပဲ။

"ဘယ်လိုတုန်း ဒကာကြီးရဲ့"

"ဒီလိုပါဘုရား"

"ရှင်းရဲ့လား ဒကာကြီးရဲ့"

"ရှင်းပါတယ်ဘုရား"

စသည်ဖြင့်ပေါ့လေ။ တကယ်သိတာ မသိတာ ရှင်းတာမရှင်းတာ အသာထား။ မရှင်းလည်း အိမ်ရောက်မှသာ စာအုပ်ပြန်လှန်ကြည့်ပေရော့ပဲ။ တရားထောက်ဆိုတာ အဲဒီလိုမျိုး ဆရာတော်နဲ့ ရစ်သမ်မိမှ ဟာမိုနီဖြစ်မှ ကောင်းတာကိုး နော့။ အဲဒီတော့ တရားထောက်ဆိုတာကလည်း အရေးကြီးတာပဲ။

အခုတော့ တရားပွဲလုပ်မယ့်နေ့ရောက်နေပြီ။ တရားထောက်က မရှိသေးဘူး။ တရားပွဲကို ဦးစီးဦးဆောင်လုပ်တဲ့ သူတွေကလည်း လူရွယ်လူလတ်တွေချည်းပဲဆိုတော့ သူတို့အနေနဲ့လည်း တရားထောက်မလုပ်ချင်ကြဘူး။ အဲဒီတော့ ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြတယ်။

"ဘယ်သူ့ကို လုပ်ခိုင်းရင် ကောင်းမလဲ"

တစ်ယောက်ရဲ့စကားကို နောက်တစ်ယောက်က

"တရားထောက်ဆိုတော့ အသက်ကြီးကြီး ဖြစ်ရမယ့်အပြင် ဘုရားအကြောင်း တရားအကြောင်းလေးလည်း တီးမိခေါက်မိရှိဦးမှကောင်းမှာ"

အကုန်လုံးဝိုင်းပြီးစဉ်းစားကြပေမယ့် အဖြေက ထွက်မလာဘူး။ တော်တော်ကြာတော့မှ

"ငါတို့ရပ်ကွက်ထဲမှာလည်း အသက်ကြီးတဲ့သူတွေတော့ ရှိပါရဲ့၊ တရားထောက်လုပ်နိုင်လောက်တဲ့လူရယ်လို့ တစ်ယောက်မှမရှိဘူး၊ အကုန်လုံး လိုလိုက အရက်ဆိုင်ဘက်ကိုသာ ခြေချင်းလိမ်အောင် သွားနေကြပေမယ့် မွှာရုံဘက်ကျတော့ ခြေဦးတောင်လှည့်တဲ့သူတွေမဟုတ်ဘူး"

"အေးလေ ဘကြီးစိုးတို့ဆိုရင်လည်း အသက်သာကြီးလာတယ်၊ အခုထက်ထိ ဘီသုံးလုံးထဲက မထွက်နိုင်သေးဘူး"

"ဘာလဲဟ ဘီသုံးလုံးဆိုတာ"

"ဘီသုံးလုံးဆိုတာ ဘီယာသောက်မယ်၊ ဘိလိယက်ထိုးမယ်၊ ဘောလုံးပွဲလောင်းမယ်ဆိုတဲ့သူတွေကိုခေါ်တာလေ"

တစ်ယောက်က ဝမ်းသာအားရနဲ့

"ဟေ့ကောင်တွေ ငါသတိရပြီ၊ လမ်းမတန်းက ဦးဆန်းကြီးကို တရားထောက် လုပ်ခိုင်းရင် မကောင်းဘူးလား"

"လေထိုးကျွတ်ဖာ ဦးဆန်းကြီးကို ပြောတာလား"

"ဟုတ်တယ်၊ ကျန်တဲ့သူတွေနဲ့စာရင် ဦးဆန်းကြီးဆိုရင် ပိုပြီး သင့်တော်မလားလို့"

"အေး ကောင်းသားပဲ၊ ဒါဆိုလည်း ဦးဆန်းကြီးကို သွားပြောကြည့်ရအောင်"

အဲဒါနဲ့ သွားပြောတော့ ဦးဆန်းက

"ဖြစ်ပါ့မလားကွာ၊ ငါက တရားထောက်လုပ်ဖို့ နေနေသာသာ တရားတစ်ပုဒ်ဆုံးအောင်တောင် နာဖူးတာမဟုတ်ဘူး၊ တော်ကြာ မှားယွင်းကုန်မှဖြင့်"

"ဦးဆန်းကလည်း ဘာမှားစရာလိုလို့လဲ၊ ဟုတ်ပ့ါဘုရား မှန်ပါ့ဘုရား ဒီလောက်လေးပဲ ပြောရတာပဲဟာ၊ တချို့ဟာလေး နည်းနည်းပါးပါးလောက်က ကိုယ့်ဘာသာကိုယ်စဉ်းစားပြီး ပြောလိုက်ရင် ပြီးတာပဲဟာ"

"အေးလေ၊ အဲဒါဆိုလည်း ပြီးတာပဲ"

အဲဒီဦးဆန်းဆိုတာက လေထိုးကျွတ်ဖာဆိုင် ဖွင့်ထားတာ။ အသောက်အစားကင်းပြီး အနေအထိုင် တည်ပေမယ့် ဘာသာရေးလိုက်စားမှုတော့ အားနည်းတယ်လို့ ပြောရမယ်။

တရားပွဲလည်းစရော ဆရာတော်က ဘုရားရှိခိုးနဲ့သီလပေးတရားဟောကတည်းကိုက ဦးဆန်း မျက်လုံးစင်းနေပြီ။ တစ်နေကုန်အလုပ်လုပ်ထားတဲ့လူဆိုတော့လည်း ငြိမ်ငြိမ်လေးထိုင်နေရတော့ အိပ်ချင်နေပြီ။ ဆရာတော်ဟောတဲ့တရားတော်ကိုလည်း မကြားတစ်ချက် ကြားတစ်ချက်။

"......အဲဒါကြောင့်မို့လို့ သေရည်သေရက်သောက်စားခြင်းကနေ ရှောင်ကြဉ်ရမှာပေါ့ ဒကာကြီးဦးဆန်း"

# ၃၄

ဆရာတော့်ခေါင်းသံကြားလိုက်တော့မှ ဦးဆန်း ငိုက်နေရာကနေ ဆတ်ခနဲ လန့်သွားတယ်။ ဆရာတော်က

"သေရည်သေရက်က ကောင်းကျိုးပေးရဲ့လား ဒကာကြီးရဲ့"

"ပေးပါတယ်ဘုရား"

"ဟေ"

ဦးဆန်းရဲ့စကားကြောင့် ဆရာတော် မျက်လုံးပြူးသွားပြီး

"အရက်က ဘယ်လိုကောင်းကျိုးပေးလို့လဲ ဒကာကြီးရဲ့"

"ခင်မေတို့ဆို အရက်ရောင်းတော့မှ အိမ်တစ်လုံးဝယ်ပြီးသွားတဲ့ အပြင် သူ့သားလေးကိုပါ ဆိုင်ကယ်ဝယ်ပေးထားတယ်ဘုရား၊ မနေ့ကတောင် ဘီးပေါက်လို့ တပည့်တော်ဆိုင်မှာ လာဖာသွားသေးတယ်ဘုရား၊ ဆိုင်ကယ်က အနက်ရောင်လေး လှတယ်ဘုရား"

ဦးဆန်းက ခပ်တည်တည်ကြီးနဲ့ ပြောနေသလောက် ဆရာတော်ကတော့ ကြက်သေ,သေသွားတာလား ဘာလားတော့မသိဘူး။ ဘာမှမပြောဘဲ ဦးဆန်းကိုပဲ တွေတွေကြီး စိုက်ကြည့်နေတယ်။ ခဏကြာတော့မှ ခေါင်းကို ဟိုပွတ်ဒီပွတ် ပွတ်ရင်း

"အင်း ဒကာကြီးနဲ့တွေ့တော့မှပဲ ဘုရားဟောတရားတွေတောင် ပြန်ပြင်ရမလို ဖြစ်နေပြီ၊ အင်း ဒုက္ခ ဒုက္ခ"

တရားနာပရိသတ်တွေလည်း ရယ်ချင်ပေမယ့် ဆရာတော်ကို အားနာပြီး မရယ်ရဲဘူး။ ဆရာတော်လည်း တရားသာ ဆက်ဟောရတယ်။ သိပ်ပြီး စိတ်ပါပုံ မရတော့ဘူး။ တရားထောက်ကြီး ဦးဆန်းကတော့ သိတဲ့အတိုင်း ပြန်ငိုက်နေပြီ။ ဆရာတော် ဘာဟောလို့ ဟောမှန်းလည်း မသိတော့ဘူး။

"........ အဲဒီလိုနဲ့ ပိုးထိခံရတဲ့ သားလေးရဲ့မြွေဆိပ်တွေ ပျောက်အောင်ဆိုပြီး မိဘနှစ်ပါးက သစ္စာဆိုတယ်တဲ့ ပရိသတ်၊ မိဘနှစ်ပါးရဲ့ သစ္စာစကားကလည်း မှန်ကန်နေတဲ့အတွက်ကြောင့် သိကြားမင်းလည်း မနေနိုင်တော့ဘူး၊ သိကြားမင်းရဲ့ မြကျောက်ဖျာက တင်းလာတာကိုး ဒကာကြီး ဦးဆန်း"

ဦးဆန်း ငိုက်နေရာကနေ လန့်သွားတယ်။ ဆရာတော်က ဆက်ပြီး

"ဘာကြောင့် သိကြားမင်းရဲ့ မြကျောက်ဖျာက တင်းရတာတုန်း"

ဦးဆန်းကလည်း မဆိုင်းမတွပင်

"လေပေါင်များသွားလို့ပါဘုရား"

"ဘုရား ဘုရား"

ဆရာတော်က ရင်ဘတ်ကလေးဖိရင်း ဘုရားတနေပေမယ့် တရားနာပရိသတ်တွေကတော့ ရယ်ကုန်ကြပြီ။ ဆရာတော်လည်း ဦးဆန်းကို စိတ်ပျက်လက်ပျက်ကြည့်ရင်း

"သိကြားမင်းကျောက်ဖျာတင်းတာ လေပေါင်များလို့ ဟုတ်လား၊ သိကြားမင်းရဲ့ ကျောက်ဖျာကိုများ ဒကာကြီးလေထိုးနေတဲ့ ကားတာယာများ အောက်မေ့နေလို့လား"

ဆရာတော့်စကားကြောင့် ပရိသတ်တွေ ပိုရယ်ကုန်ပြီ။ ဆရာတော်က ဆက်ပြီး

"ကောင်းလိုက်တဲ့ တရားထောက်၊ သာသနာတော်ကြီးအတွက်တော့ တော်တော်အားရှိစရာကောင်းပါလား"

ဆရာတော်လည်း ဘာမှဆက်မဟောတော့ဘဲ အသာလေးငြိမ်နေသေးတယ်။ ခဏကြာတော့မှ

"ဆရာတော်လည်း ဒကာကြီးဦးဆန်းကို မြင်နေရရင် ယောင်ရမ်းပြီး မေးမိနေဦးမှာဆိုတော့ ကျန်တဲ့တရားကိုတော့ မျက်စိမှိတ်ပြီးတော့ပဲ ဟောပါတော့မယ်"

ဆိုပြီး ခေါင်းကိုငုံ့ မျက်လုံးကိုစုံမှိတ်ပြီး ဟောသွားတော့တာ တရားပွဲပြီးတဲ့အထိပဲ။ နောက်နေ့လည်းကျရော တရားပွဲဖြစ်မြောက်ရေးက လူတွေ ခေါင်းချင်းဆိုင်ပြီး

"ဒီညတော့ တရားထောက်ပြောင်းမှ ဖြစ်မယ်နော်၊ ဦးဆန်းကြီးနဲ့တော့ ဖြစ်မှာမဟုတ်ဘူး"

"အေးလေကွာ၊ မနေ့က အိပ်ချင်မူးတူးနဲ့ ဘာတွေလျှောက်ပြောနေမှန်းကိုမသိဘူး၊ တော်သေးတာပေါ့၊ ဆရာတော်က နီးနီးနားနားကျောင်းက ဆရာဘော်ဖြစ်နေလို့ ငါတို့ကို ဘာမှပြောမသွားတာ၊ နို့မို့ဆို မလွယ်ဘူး"

# ၁၄

> တယည့်တော် နိဗ္ဗာန်ကို**သွား**ရင်
> ဆရာတော်ဘုရားနဲ့
> တပည့်တော်မိန်းမ
> နှစ်ယောက်တည်း **ထား**ခဲ့ရမှာ
> **စိတ်**မချလို့ပါဘုရား

"ဒီညဟောမယ့် ဆရာတော်က ဒေါသကြီးတယ်လို့ ကြားဖူးတယ်နော်၊ မနေ့ကလိုမျိုးဆိုရင်တော့ ဖြစ်မှာမဟုတ်ဘူး၊ အဲဒီတော့ ဒီညဘယ်သူ့ကို တရားထောက်လုပ်ခိုင်းရင် ကောင်းမလဲ"

အကုန်လုံးစဉ်းစားနေရင်းကနေ တစ်ယောက်က

"ငါသတိရပြီ၊ ဖထီးကိုလုပ်ခိုင်းရင် မကောင်းဘူးလား"

"ဟာ အေး ဟုတ်တာပေါ့၊ ဖထီးရှိတာကို ငါတို့မေ့နေတယ် ကြည့်စမ်း၊ ဟုတ်တယ်၊ ဖထီးကို လုပ်ခိုင်းရမယ်"

အဲဒါနဲ့ ဖထီးကို သွားပြောကြတော့

"အေးလေ လုပ်မယ့်သူမရှိတော့လည်း လုပ်ပေးရတာပေါ့၊ ဒါပေမယ့် ငါ့မိန်းမကို အိမ်မှာ တစ်ယောက်တည်း ထားခဲ့ရမှာကိုတော့ စိတ်မချဘူး၊ သူ့ကိုပါ တရားနာခေါ်ခဲ့ရမှာပဲ"

ကြည့်။ ဖထီးက အဲဒီလိုလူမျိုးပါဆို။ သူ့မိန်းမကိုလည်း ချစ်သလားမမေးနဲ့။ မျက်စိအောက်ကကို အပျောက်မခံတာ။ သားသမီးကလည်း မရှိ၊ နှစ်ယောက်တည်း နေကြတာ။ အခုထက်ထိ သူ့မိန်းမအတွက် သနပ်ခါးကို သူကိုယ်တိုင်သွေးပေးရမှ ကျေနပ်တယ်ဆိုတဲ့လူ။ အဲဒီလောက်အထိ မိန်းမကို ချစ်တာ။

ရပ်ကွက်ထဲမှာလည်း သူ့နာမည်အရင်းကို ဘယ်သူမှမခေါ်ကြဘူး။ အသက်ကြီးကြီး ကရင်လူမျိုး ဖြစ်တဲ့အတွက် သူ့ကို အားလုံးက ဖထီးလို့ပဲ ခေါ်ကြတာ။ အပြောအဆိုကလည်း တိုင်းရင်းသားပီပီ ဟောဟောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်းသမားဆိုတော့ အားလုံးကလည်း သူ့ဆိုခင်ကြတယ်။

အဲဒါနဲ့ တရားပွဲဒုတိယည စရောဆိုပါတော့ တရားနာပရိသတ် (အယ် ယောင်ကုန်ပြီ)တရားဟောဆရာတော်ကလည်း ဒေါသကြီးတယ်လို့ နာမည်ကြီးနေတဲ့ ဆရာတော်ဖြစ်တဲ့အတွက် တရားနာပရိသတ်တွေခမျာလည်း ဆရာတော်နဲ့ တရားထောက်တို့ အဆင်ပြေမှ ပြေပါ့မလားလို့ စိုးရိမ်စိတ်တွေ

ကလည်း ဝင်နေတာကိုး။

ဒါပေမယ့် ဆရာတော်နဲ့ တရားထောက်ဖထီးတို့ကလည်း အပေး အယူအတိုင်အဖောက်က ညီသလားမမေးနဲ့။ ဆရာတော်က

"ဒါလေးက ဒီလိုမဟုတ်လား ဖထီးရဲ့"

"တင်ပါ့ ဒါလေးက ဒီလိုပါဘုရား"

"ဘာကြောင့် ဘယ်လိုဖြစ်တာတုန်း ဖထီးရဲ့"

လို့မေးလိုက်တာနဲ့ ဖထီးက

"ဒါကြောင့် ဒီလိုဖြစ်တာပါ ဘုရား"

အဲဒီလို ဆရာတော်နဲ့ တရားထောက် စည်းဝါးကိုက်နေတော့မှပဲ တရားနာပရိသတ်တွေလည်း တရားနာရတာ စိတ်ဖြောင့်ဖြောင့်နာရတော့ တယ်။

"...... အဲဒါကြောင့်မို့လို့ သံသရာကို ဖြတ်ချင်ရင် ဘာလုပ်ရ မလဲ ဖထီးရဲ့"

"နိဗ္ဗာန်ရောက်အောင် ကြိုးစားရပါမယ် ဘုရား"

"ဟုတ်တာပေါ့ ဒကာကြီးရယ်၊ နိဗ္ဗာန်ရောက်မှ သံသရာက ပြတ်မှာ ကိုး၊ ဖထီးရော နိဗ္ဗာန်မရောက်ချင်ဘူးလား"

"ရောက်ချင်ပါတယ် ဘုရား"

"အေး ဟုတ်တာပေါ့။ ငရဲဆိုတာကို ဘယ်သူမှ မသွားချင်ပေမယ့် နိဗ္ဗာန်ကိုတော့ လူတိုင်းသွားချင်ကြတာပေါ့၊ မဟုတ်ဘူးလား၊ ကဲ ဒါဆို ဆရာ တော်က ဖထီးကို တစ်ခုမေးမယ်၊ ဟုတ်ပြီလား"

"မေးပါဘုရား"

ဆရာတော်က ချောင်းတစ်ချက် ဟန့်လိုက်ပြီးကာမှ

"ဖထီးရယ် ဖထီးမိန်းမရယ် ဆရာတော်ရယ် သုံးယောက်ရှိတယ် ဆိုပါတော့၊ အဲဒီသုံးယောက်ထဲက တစ်ယောက်က အဝီစိငရဲကို သွားရမယ် ဆိုရင် ဖထီးက ဘယ်သူ့ကို သွားခိုင်းမလဲ"

"ဆရာတော့်ကို သွားခိုင်းပါ့မယ် ဘုရား"

ဆရာတော်က ရယ်ကြဲကြဲနဲ့

# ကျွဲပျော်ရွှံ့

"ကြည့်စမ်း တရားနာပရိသတ်တို့၊ ဖထီးက ဆရာတော့်ကို တော်တော်ကြည်ညိုပုံရတယ်၊ မကောင်းတဲ့နေရာ ငရဲကျတော့ ဆရာတော်သွားတဲ့ကဲ ဒါဆိုရင် ဖထီးကို တစ်ခါတည်း ဆက်မေးလိုက်ဦးမယ်၊ နိဗ္ဗာန်ကို တစ်ယောက်တည်းသွားရမယ်ဆိုရင်ရော ဘယ်သူ့ကို သွားခိုင်းမှာလဲ"

"ဆရာတော့်ကိုပဲ သွားခိုင်းပါ့မယ်ဘုရား"

"အင် စောစောကပြောတော့ ဖထီးက နိဗ္ဗာန်သွားချင်တယ်ဆို၊ အခု ဘာဖြစ်လို့ ဖထီးက နိဗ္ဗာန်ကို မသွားတော့တာလဲ"

"တပည့်တော် နိဗ္ဗာန်ကိုသွားရင် ဆရာတော်ဘုရားနဲ့ တပည့်တော်မိန်းမ နှစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချလို့ပါဘုရား"

"ဘာကွ"

ဆရာတော်အော်လိုက်တာ အကုန်လန့်သွားတယ်။ ဆရာတော့်မျက်နှာလည်း ရဲတက်နေပြီး


"ဘာစကားပြောတာလဲ၊ ဒီစကားက ငါ့ရဲ့သီလ သမာဓိကို စော်ကားတဲ့သဘော၊ မယုံကြည်တဲ့သဘော၊ ဒါ.ငါ့ကို လူပုံအလယ်မှာ သက်သက်မဲ့ အရှက်ခွဲတာ၊ တော်ပြီ မဟောတော့ဘူး၊ ငါပြန်မယ်"

ဆိုပြီး ပလ္လင်ပေါ်ကနေ ဆင်းချလာတာ။ အဲဒီတော့မှ ဆရာတော်ဒေါသထွက်နေမှန်းလည်းသိရော တရားပွဲကျင်းပရေးက လူတွေလည်း သတိဝင်လာပြီး ဆရာတော်ကို တောင်းပန်တဲ့သူကတောင်းပန်၊ အတင်းဆွဲတဲ့သူကဆွဲ၊ ထိုင်ကန်တော့တဲ့သူက ကန်တော့နဲ့ ရှုပ်ယှက်ကို ခတ်ကုန်တော့တာ။ ဖထီးကတော့ သူနဲ့မဆိုင်တဲ့အတိုင်း အေးဆေးပဲ။

နောက်ဆုံးကျတော့ ဆရာတော်က တရားနာပရိသတ်တွေကို အားနာလို့ဆိုပြီး တရားတော့ ဆုံးအောင် ဆက်ဟောသွားပါရဲ့။ ဒါပေမယ့် တိုတိုလေးရယ်။

အဲဒီနောက်ပိုင်း နို့သာမြိုင်ရပ်ကွက်ဆိုတာနဲ့ ဘယ်ဆရာတော်ကိုမှ ပင့်လို့မရကြလို့ တရားပွဲမလုပ်နိုင်တော့တာ အခုထက်ထိ။

■ နေမြထက်လူ





မှတ်သားလောက်ပါပေတယ်

# ဥက္ကမင်းဆက်

# မှတ်သားလောက်ပါပေတယ်

ဒီဘက်နှစ်ပိုင်းခြားမှာ အရှုးစကားတွေ မကြာခဏကြားကြားနေရတယ်။ ပြောပိုင်ခွင့်၊ ရေးပိုင်ခွင့်၊ ဖော်ပြပိုင်ခွင့်တွေ ရှိလာတာနဲ့ ဒါမျိုးတွေ ကြားလာရတာ ဖြစ်လိမ့်မယ်။ စကား စကား ပြောပါများ စကားထဲက ဇာတိပြဆိုသလို ငုပ်ဗီဇတွေ ဘွင်းဘွင်းကြီးမပေါ်ဖို့ စကားပြောဆင်ခြင်ဖို့တော့ လိုလိမ့်မယ်နော့။

ဘယ့်နှယ်ဗျာ။ လျှပ်စစ်ဓာတ်အားတွေ ကိုယ်မှသုံးမကုန်တာ၊ ပိုလျှံရင်တော့ ရောင်းရမှာပဲလို့ ဆိုလိုဆို၊ ပြည်သူတွေကို အရှုးတွေပါလို့ ပြောလိုပြော၊ စစ်တိုက်ချင်လို့ ဂျက်လေယာဉ်ဝယ်တာပေါ့လို့ မြွက်လိုမြွက်၊ လယ်သမားတွေ အကြွေးကျေဖို့ ထမင်းတစ်နပ်ပဲ စားသင့်တယ်လို့ ကောလိုကောနဲ့ အရှုးစကားတွေ ပြောနေကြတာများ နားနဲ့မဆန့်အောင်ပဲ။ ကောကြောင်ထစ်တဲ့နေရာမှာတော့ ကျွန်တော်တို့အဘတွေက ထိပ်ဝိတ်ပဲ။

အဘတွေကို ဘယ်လိုနေရာမှာ ဘယ်သူနဲ့သင့်တော်တယ်ဆိုပြီး ဘယ်သို့သောစံနှုန်းတွေနဲ့ ရွေးချယ်ထားလဲမသိ။ တော်တော်များများကတော့ တက်တက်စင်အောင်ကို လွဲနေတာ။ ဟိုတလောကကြည့်။ သဘင်နဲ့ဆိုင်တဲ့

# ပျော် ၇၉ င်း

" ဟဲ့ အုပ်ကြီး။
နင်တို့ရေးတဲ့ဟာသတွေ
ငါမဖတ်တော့ဘူး။ နင်တို့ထက်ကို
အဘစကားက ပိုရယ်ရတယ်
သိလား။ အဘစကားပဲ
စောင့်နားထောင်တော့မယ် "

အဘက နှိမ်ကော နှိမ့်ကော ဗလာချီ ကောကြမ်းထစ်ထည့်လိုက်လို့ သဘင်သည်တွေ မျက်ရည်နဲ့မျက်ခွက် ဖြစ်ကုန်တာကြည့်။ လယ်သမားတွေကို တစ်နပ်စားခွင်ချပေးခဲ့တဲ့ အဘကရော။ သူ့နေရာနဲ့သူ သင့်တော်ရဲ့လားဆိုတာ စဉ်းစားစရာ။ နဂိုရ်ကတည်းက အမျိုးမျိုးသော ပယောဂမျိုးစုံကြောင့် ကပ်ဆိုက်နေတဲ့ တောင်သူလယ်သမားတွေကို မြန်မြန်ရှောစေချင်လို့များ တစ်နပ်စားကောကြောင်ထစ်ချလိုက်တာလားမသိ။

ဘာတဲ့။ အကြွေးမကျေရင် ငရဲကျမယ် နွားဖြစ်မယ်တဲ့လား။ ဒါဆိုရင် ကမ္ဘာ့အကြွေးအများဆုံး နိုင်ငံတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်နေတဲ့ ကျွန်တော်တို့တွေ နွားသက်သက်ဖြစ်ကုန်မယ်ထင်တယ်။ အဘတို့ရဲ့ ခေတ်အဆက်ဆက်တင်ခဲ့တဲ့ အကြွေးတွေ ဘယ်လောက်များသလဲဆိုတာ အဘတို့က ပိုပြီးသိမှာပါ။ ဒီအကြွေးတွေက လယ်သမားတွေကြောင့် တင်တာမဟုတ်လောက်ဘူးထင်ပါရဲ့။ စစမတိုင်ခင် စစနောက်ပိုင်း နှစ်ရပ်ပေါင်းရင် ဒေါ်လာသန်းပေါင်းသောင်းချီနီးပါး(တိတိကျကျပြောရရင် ဒေါ်လာ ၉၆. ၄၈. ၂၀စသန်း)ကြွေးမြီ တင်ရှိနေတာဆိုတော့ နောင်ဘဝမှာ ဂျပန် နွား၊ တရုတ်နွား၊ ထိုင်း မလေး ဆာဘီးယား အိန္ဒိယ နွားတွေအဖြစ် ကျွန်တော်တို့နိုင်ငံသားတွေ ဘယ်လောက်များ ဖြစ်နေကြမလဲ မသိဘူး။ ပျော်စရာကြီးနော်။

အင်း တကယ်တော့ စကားတစ်လုံးကို ဝုန်းခနဲ ကျော်ကြားအောင်ပြောနိုင်ဖို့ဆိုတာ မလွယ်ဘူးဗျ။ အဘတို့လို ပါရမီရှိသူ ဂျီးနီးယပ်ကြီးတွေ

မှသာ ပေါ့ပေါ့လေး ပြောနိုင်ကြတာ။ ပြင်သစ်တော်လှန်ရေးကာလမှာ လူတွေက ငတ်ပြတ်ကုန်လို့ “ပေါင်မုန့်ပေးပါ”ဆိုပြီး ဆန္ဒပြတောင်းဆိုနေတာကို မိဖုရားကြီး မေရီအင်တွိုင်းနက် နားစွန်နားဖျားကြားတော့ ဘာပြောတယ် ထင်သလဲ။ လူတွေလဲနော်။ ပေါင်မုန့်မရှိတာကိုများ အော်နေကြတယ်။ ပေါင်မုန့်မရှိရင် ကိတ်မုန့်စားပေါ့တဲ့။ အဲဒီစကားဟာ အခုခေတ်ကာလအထိ ကျော်ကြားပါတယ်။ သူလည်း အဘတို့လို ဂျီးနီးယပ်ကြီးပဲလေ။ မဟုတ်လား။

ကျွန်တော့်ညီကိုဆန်းကတော့ အဘစကားကို နှစ်ထောင်းအားရ ထောက်ခံသဗျာ။ ဒါမှ ပညာရှိ၊ အဲဒါမှ ပညာရှိဆိုပြီးတော့ကို ထောက်ခံမှောက်ခံဖြစ်နေတာ။ သူလည်း တစ်နပ်ပဲစားခဲ့တာ နှစ်နှစ်ဆယ်လောက်ရှိနေပြီလေ။ ညနေဘက်ဆို ယမကာလေးမှိုဝဲရင်း ထမင်းအစား ကြာဇံခေါက်ဆွဲ ခဲဖွယ်ဘောဇဉ် ချိုချဉ်စပ်ခါးလေးတွေကိုသာ ထမင်းလွတ် သုံးဆောင်နေတာကြာပေါ့။ အရင်ပိန်သေးသေး ခန္ဓာကိုယ်လေးက ခုဆို ဆူမိုနပန်းသမားကြီးလိုကိုဖြစ်လို့။ မိုက်တယ်ဗျာ။

တစ်ဆက်တည်း ကျွန်တော်တို့သိက္ခာကျရတဲ့ အကြောင်းလေး ပြောချင်သေး။ ကြီးတော်စိန်တုတ်ရယ်လေ တစ်နေ့က ဘုတ်ဘုတ်ဘုတ်နဲ့ ရောက်လာပြီး

“ဟဲ့ အုပ်ကြီး၊ နင်တို့ရေးတဲ့ဟာသတွေ ငါမဖတ်တော့ဘူး၊ နင်တို့ထက်ကို အဘစကားက ပိုရယ်ရတယ် သိလား၊ အဘစကားပဲ စောင့်နားထောင်တော့မယ်”

ကဲ ကြည့်။ ဘလိုင်းကြီးကို လာတက်ခွပ်သွားတာ။ သူပြန်သွားမှ အနုလုံပဋိလုံ ပြန်စဉ်းစားမိတော့ အဟုတ်သား။ ကျွန်တော်က ဟာသဝတ္ထုတိုလေးတွေ ရာချီရေးခဲ့ပြီးဖြစ်ပေမယ့် အဘတို့လို တစ်လုံးဆိုတစ်လုံး ဝုန်းဆိုဝုန်း လှုပ်လည်းလှုပ်ခတ် ရယ်လည်းရယ်ရတဲ့ ကောလုံးတွေ မထုတ်နိုင်သေးဘူးလေ။ အားငယ်လိုက်တာဗျာ။ သားသားရှက်ရှက်။

နောက်ပြီး အဘသာ ဟာသဝတ္ထု ရေးခဲ့ရင်ဆိုတဲ့အတွေးနဲ့ ရင်တုန်ပန်းတန် တစ်ကိုယ်လုံးတုန်သွားသေးဗျ။ အဘသာ ရေးရင် နပ်မမှန်ဖြစ်နေတဲ့ ကျွန်တော်တို့ရဲ့ စာမျက်နှာလေးတွေ ပျောက်သွားမှာ အသေအချာပဲဆိုဘော့


မတုန်ခံနိုင်ရိုးလား။ နောက်ပြီး တစ်ခုစဉ်းစားမိသေးတယ်။ ဒီကိစ္စကတော့ အဘတို့နဲ့ သင့်တော်မယ်ထင်ပါရဲ့၊ ဒီလိုလေ။ သကြံန်ကျတဲ့အခါ ကျွန်တော်တို့တွေပေါင်းပြီး သံချပ်လေးတွေ လိုက်ပြိုင်ကြရ မကောင်းလား။ အဘတို့က တိုင်။ ကျွန်တော်တို့ကဖောက်။ မဟုတ်သေးဘူး။ ဒါဆို ပွဲကျမှာမဟုတ်ဘူး။ ကျွန်တော်တို့တိုင်ပြီး အဘတို့ကဖောက်မှ ကိုဗေတို့လိုအဖွဲ့တွေ နေရာပျောက်ကုန်မှာ။ မကောင်းလား ဒီလို ဒီလိုလေးလေ။

| | |
|---|---|
| တိုင်။ | မိုးမိုးမိုးလားမောင်တို့ |
| ဖောက်။ | လေလေလေလားမောင်တို့ |
| တိုင်။ | လယ်သမားများ နွားမဖြစ်ချင်ရင် |
| ဖောက်။ | တစ်နပ်ဖြတ်ကာ အငတ်ခံကြစို့ |
| ဆက်ဖောက်။ | အဘဆိုလဲ ဒီလိုပဲကွဲ့ |
| | နေ့လွဲညစာ ရှောင်တာကြာပေါ့ |
| မြိန်မြိန်ကြီးဖောက်။ | ရေကိုချွေတာ ဘီယာသာ |
| | သောက်စို့ခဲ့တာ ကြာကြာကြာပေါ့။ |
| | ထမင်းအစား ကြက်ဝက်ငါး |
| | ခေါက်ဆွဲစားတာ ကြာကြာကြာပေါ့ |
| သံရှိန်မြှင့်။ | ချွေတာကြိုးစား လယ်သမား |
| | ထမင်းတစ်နပ်ပဲဝါး(ဝါး) |
| | တစ်နေ့တစ်နပ်ပဲဝါး(ဝါး) |
| သံပြိုင် ။ | မှတ်သားလောက်ပါပေတယ်၊ |
| | မှတ်သားလောက်ပါပေတယ်။ |

■ ဉာဏ်မင်းဆက်

**မှတ်နော် မှတ်** -လူသုံးမများလို့ စိတ်မတတ်မကျပါနဲ့၊
ကိုယ်က ဘယ်သူမှ မတွေ့သေးလို့ မတူးဆွရသေးတဲ့ ရတနာသိုက်ကြီးလဲ ဖြစ်နေနိုင်တယ်။





# ငါး ၇၉ ဟာသပေါက်

## စပွန်ဆာ

ယနေ့ခေတ်သည် စပွန်ဆာခေတ်ဟု ပြောရမလောက်အောင် နေရာတကာ စပွန်ဆာများကို လက်ညှိုးထိုးမလွဲ တွေ့ရှိလာရပေသည်။ ရုပ်မြင်သံကြားအစီအစဉ်များကို ကြည့်လျှင် ပိုသိနိုင်သည်။ ဘောလုံးပွဲစပွန်ဆာ၊ အဆိုပြိုင်ပွဲစပွန်ဆာ၊ ချက်နည်းပြုတ်နည်းကဏ္ဍစပွန်ဆာ၊ လက်ဝှေ့ပွဲစပွန်ဆာ၊ ပဟေဠိကဏ္ဍစပွန်ဆာ၊ ဘာစပွန်ဆာ၊ ညာစပွန်ဆာ စသည်ဖြင့် ဆာကိုဆာနိုင်လွန်းသော 'စပွန်'ခေတ်ကြီးပါပေ။

ရပ်ကွက်တွင်း၌လည်း စပွန်ဆာရေချမ်းစင်၊ စပွန်ဆာလမ်းမီး၊ စပွန်ဆာအဝီစိတွင်း၊ စပွန်စာကားမှတ်တိုင်၊ စပွန်ဆာစာကြည့်တိုက်စသဖြင့် ပွက်ရမ်းထနေပြီ။

သို့နှယ်ဖြင့် ခေတ်ကြီးကကို တောင်းဆိုလာပြီဖြစ်ရာ မုဆိုးမ 'မကျွဲမ' အနေနှင့်လည်း အထီးကျန်ကျပ်တည်းစွာ ရပ်တည်နေရသော သူမဘဝအတွက် ဝါးတီးကောင်းကောင်းဆွဲရပြီး ရေလှိုင်လှိုင်သုံးရအောင် ကူမနိုင်မည့် စပွန်ဆာကောင်းတစ်ယောက်ကို လိုချင်လာခဲ့သည်။ ထို့ကြောင့် သူ၏ ကြာမူကြာသွေးအပြည့်ပါသော မျက်ဝန်းရွဲတို့ဖြင့်တစ်နည်း၊ ကိတ်ထ,လှစွာသော 'ဘူးသီးအိုး' ဘော်ဒီရှိတ်ကြီးဖြင့်တစ်သွယ်၊ ပတ်ခွဲနှပ်ခွဲ ညုတတ်ဥတတ်သော တော်ကီများဖြင့်တစ်ဖုံ၊ နည်းမျိုးစုံ ပုံ၍ စပွန်ဆာ'ထောင်'လာခဲ့သည်မှာကြာပြီ။

ယခုတော့ သူမထောင်ချောက်အတွင်း စပွန်ဆာတစ်ယောက်ကို ပက်ပင်းမိလေပြီ။ စပွန်ဆာ ဆာလောင်နေသော မကျွဲမ၏ သားကောင်ဖြစ်သွားရသည့် နှာဘူးဘောစိမှာ အသက်ကြီးမှ သူဌေးထဖြစ်သော တရုတ်သူဌေး ဦးအစိ။

# ကျွန်ုပ်၏ ၇၉

ပထမတော့ မကျွဲမက ဦးအစိ၏ အထည်ချုပ်စက်ရုံတွင် ထမင်းချက်ယောင်ယောင်၊ အဝတ်လျှော်ယောင်ယောင်နှင့် လခစားဝင်လုပ်နေခြင်းဖြစ်သည်။ ချိုသာသော အပြောအဆို၊ အလိုက်သိသော အပြုအမူနှင့် ကုသိုလ်ကောင်းသော အလှုပယ်ဘော်ဒီကောက်ကြောင်းကြီးကြောင့် ဦးအစိ၏ အရေးပေးခြင်းကို ခံခဲ့ရလေသည်။ အရေးပေးခြင်းခံရသည်နှင့် မကျွဲမ ကလည်း ဦးအစိအား ခေါ်နေကျ 'ဦး'ဟူသော နာမ်စားကို ရာသက်ပန်ရိတ်သိမ်းကာ ထိုနေရာ၌ 'အစ်ကိုကြီး'ဟူသော ဝေါဟာရကို အစားထိုးစိုက်ပျိုးခဲ့လေသည်။

ဦးအစိမှာလည်း သူဌေးပါးမဝသေးသည်ကတစ်ကြောင်း၊ နဂိုအာသဝေါကလည်း 'နိုင်း'လောက်ပြေးနေသည်ကတစ်ကြောင်းတို့ကြောင့် မကျွဲမ အမြှူအချော့တွင် မနောခွေ့သွားပြီး 'ကျွဲမ'ဟု ခေါ်ရာမှ 'ကျွဲ'တွေ ဘာတွေဖြစ်ကုန်သည်။ မကျွဲမအတွက် ပိုးကြေးပန်းကြေးတွေ ကျိတ်ပေးသည်။ လက်ဝတ်လက်စားတွေ ခိုးလုပ်ပေးသည်။ ပေါ်တင် ဘာလို့မလုပ်ပေးရဲသလဲဆိုတော့ ဦးအစိမှာ တရားဝင်မယားကြီးရှိသည်။ မယားကြီးနာမည်က ဒေါ်ကျင်ဖုတ်။ ဒေါ်ကျင်ဖုတ်က ပုတ်လိုခန္ဓာကိုယ်ကြီးနှင့် အကျပိုင်းရောက်နေသော မိန်းမအိုကြီးမျှသာ။ ဒီတော့ ဦးအစိက စွဲမက်စရာမရှိတော့သော ဒေါ်ကျင်ဖုတ်ကြီးအပေါ် အကြင်နာတန်လာပြီး အသက်သုံးဆယ့်ငါးသာသာ ဆူတုန်းလတ်တုန်း မကျွဲမနှင့် ချိတ်မိခြင်းဖြစ်လေတော့၏။

စစဦး၌ အီစီကလီလိုလို ဘာလိုလို ဖြစ်နေကြသေးသည်။ နောက်ပိုင်းမှ ဆိတ်ကွယ်ရာတချောင်ချောင်၌ ခိုးတွေ့ရင်း ခြေလွန်လက်လွန်ဖြစ်ကာ ဇယားကျသွားခြင်းဟု သိရသည်။ ဘာဇယားကျသွားသလဲ ဆိုတာတော့ ပက်ပင်းမြင်သူမရှိ၍ မည်သူမျှ အတတ်မသိ။ (သိချင်လည်း 'ရတနာဝင်းထိန်'၌ အကျယ်ရှု)

ထိုအချိန်မှစ၍ နှစ်ရှည်လများ မက်ခဲ့သော ဒေါ်ကျွဲမအိပ်မက်လည်း ပြီးပြည့်စုံသော အခြေသို့ရောက်၏။ ယခင်လုပ်နေကျဖြစ်သော ထမင်းချက်၊ အဝတ်လျှော်အလုပ်တွေ ဘာတစ်ခုမှ လုပ်စရာမလိုတော့။ ဦးအစိက သူ့အတွက် အိမ်နှင့်ခြံနှင့် စီစဉ်ပေးထားပြီး ဖြစ်သည့်အပြင် လက်ထဲမှာလည်း ပိုက်ဆံမပြတ်ကိုင်နိုင်အောင်ကို ထောက်ပံ့ထားသည်။ မကျွဲမတာဝန်က စား

လိုက်၊ အိပ်လိုက်၊ ကိုယ့်ကိုကိုယ် လှအောင်ပြင်လိုက် ဦးအစိလာမည်ဟု ဖုန်းဆက်ထားသည့်ရက်ဆိုလျှင် ဦးအစိအကြိုက် ဟင်းလျာလေးတွေ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြီး ထိုင်စောင့်နေရုံသာ။

ဦးအစိပြန်သွားသည့်ရက်များဆိုလျှင်တော့ မကျွဲမတို့ခိုင်ပြီ။ လက်ထဲမှာ ငွေစက္ကူအုပ်လိုက်ကိုင်ပြီး မြို့ထဲက ပလာဇာမှန်သမျှ ရှော့ပင်းထွက်သည်။ စားသည်။ သောက်သည်။ ရုပ်ရှင်တွေကြည့်ပစ်သည်။ သာယာလိုက်သည့်ဖြစ်ခြင်း။

× × ×

'ကြာပုပ်'က တက္ကစီဒရိုင်ဘာ တစ်ယောက်ဖြစ်သည်။ လူပုံက ပီဘိသူတောင်းစားရုပ်ဖြစ်သော်လည်း သူ့မျက်လုံးတွေက ညှို့ချက်ပြင်းသည်။ သူ့ရာဇဝင်ကလည်း မသေးလှ။ အသက်မစေ့သေးသော မိန်းကလေးတစ်ယောက်ကို ခိုးပြေးမိရာမှ အမှုဖြစ်ထောင်ကျပြီး ဘဝပျက်ကာ ကြံ့သလိုရုန်းကန်နေရခြင်းဖြစ်သည်။ ထောင်မှထွက်လာပြီး စပယ်ယာလိုက်သေးသည်။ ပြီးမှ ကံကောင်းထောက်မစွာ အဆက်အသွယ်ရပြီး ယခုကဲ့သို့ တက္ကစီလေး မောင်းနေနိုင်ခြင်းဖြစ်သည်။ ဒီလောက်ဖြစ်တည်လာသောဘဝကိုပင် ကြာပုပ်က မကျေနပ်။ မြက်မြက်ကလေး သုံးချင်စားချင်သည်။ တက္ကစီသမားဖြစ်သည့်ပြင် လူရည်ကလည်းလည်သောကြောင့် ကြာပုပ်ကလည်း ခေတ်ကို ကောင်းကောင်းခါးစောင်းတင်နိုင်သူတစ်ယောက်။

ဒီတော့ ခေတ်ကြီးထဲတွင် စပွန်ဆာမိ၍ 'ပြောင်'နေကြသော လူတချို့ကို ကြာပုပ်သွားတွေ့သည်။ တွေ့ပါများတော့ အားကျသွားရည်ယိုလာပြီး သူ၏သဏ္ဌာန်၌ စပွန်ဆာကကြိုးကို တိတ်တခိုး တမ်းမက်လာမိသည်။ အကြောင်းတိုက်ဆိုင်ချင်တော့ တစ်ပတ်လျှင် နှစ်ရက်ကျ တစ်မြို့လုံးပတ်၍ ပို့ရသော အမျိုးသမီးကြီးတစ်ယောက်က သူ့ကကြိုးကို အသက်သွင်းပေးဖို့ဖြစ်လာသည်။ ထိုအမျိုးသမီးကြီးက မကျွဲမ။

အစအဦး၌ မကျွဲမက ရှော့ပင်းထွက်ရာတွင် ကြာပုပ်ကားကို ငှားသွားမိသည်။ ကြာပုပ်၏ ဇဝနဉာဏ်ရွှင်သော အာဘောင်အာရင်း၊ ခင်မင်နှစ်လိုဖွယ် မျက်နှာရှုံများကြောင့် မကျွဲမကလည်း ခင်မင်သွားပြီး နောက်ပိုင်း

သွားစရာရှိတိုင်း ကြာပုပ်အား ဖုန်းဆက်ခေါ်ကာ ဖိုးတတ်သည်။ ကားခအပြင် ဘောက်ဆူးသဘောမျိုးပါ ထပ်ပေးသဖြင့် ကြာပုပ်ကလည်း ကျေကျေနပ်နပ်ပင် လိုက်ပို့ပေးတတ်၏။

ဤသို့ဖြင့် တစ်စတစ်စ ရင်းနှီးလာပြီး ကိုယ်ရေးကိုယ်တာများပါ နှီးနှောဖလှယ်မိသည်အထိ ဖြစ်လာသည်။ ရင်းနှီးမှုရပြီဆိုသည်နှင့် ကြာပုပ်ကလည်း သူ၏ပါဝါပြည့်ဒိုင်ကြောင်များ၊ ကြာကူလီ ညှို့မျက်ဝန်းများကို လှိုင်လှိုင်ကြီးပွဲထုတ်၍ ဖင်ပုတ်ခေါင်းပုတ်တစ်မျိုး၊ ဟိုကုတ်သည်ဖဲ့ တစ်သွယ်နှင့် ဝင်ရောက်ချဉ်းနင်းရာ သူ၏စပွန်ဆာကျော့ကွင်းအတွင်း မကျွဲမ,ခများသက်ဆင်းရလေတော့၏။

သို့နှယ် မကျွဲမနှင့် ကြည်သွားပြီ ဆိုသည်နှင့် ကြာပုပ်လက်ဖျား ငွေသီးတော့၏။ သူလိုချင်သလို မြက်မြက်ကလေးသုံးရသော ဘဝသို့ ဆိုက်ရောက်လေပြီခြိမ့်။ အားကျစရာပါပေ။

× × ×

ကြာပုပ် အမြဲစားနေကျ ကွမ်းယာဆိုင်အမည်က လက်ယာမွှန်။

ဆေးစပ် ထုံးစပ်ကောင်းလွန်းသည့်အပြင် ဆက်ဆံရေးလည်း ဖော်ရွေသဖြင့် ဒီနားတစ်ဝိုက် ထိုကွမ်းယာဆိုင်က နာမည်ကြီးဖြစ်သည်။ ပထမတော့ ဆိုင်ရှင်'ဦးဗျား'နှင့် သူ့မိန်းမနှစ်ယောက်တည်း ဆိုင်ထိုင်သော်လည်း ရောင်းအားမတရားကောင်းလာသောအခါ ဦးဗျားက ကွမ်းယာဖို့ ကောင်မလေးနှစ်ယောက်ကို လခ

ကိုကြီး" ရှေ့တွင် 'ချုံ'တစ်လုံး
ထိုးထည့်ပေးလိုက်ရာ
လှရည်လည်သော်ငြား
ဝမ်းတွင်းရှုံးနေသော
တဏှာသားကောင် ကြာပုပ်ခများ
များမကြာမီကာလအတွင်း
မိစမုန်ဖန်ဆင်းသော
စပွန်ဆာ"ကျုံး"အတွင်း
ပြုံးပြုံးကြီး
ခုန်ဆင်းမိလေတော့၏။

ပေး၍ ခေါ်ထားရသည်။

ထိုကောင်မလေးနှစ်ယောက်ထဲက 'မိစမုန်'ဟုခေါ်သော ပေလရင်းရင်းနှင့် အညာသူမလေးကို ကြာပုပ် မျက်စိကျနေမိသည်။ မျက်စိကျနေသည်ဆိုခြင်းထက် မကြုံစဖူး ထူးကဲသော ရင်ခုန်ခြင်းမျိုးနှင့် ငြိတွယ်နေမိတာဟုဆိုက ပိုမှန်ပေလိမ့်မည်။ ဒါကြောင့်လည်း မိစမုန်နား ရစ်သီဝဲလည်လုပ်ပြီး အထာသွားသွားပေးနေတာ ကြာပြီ။ မိစမုန်ကလည်း အညာသူဆိုပေမယ့် မြို့ကျမ်းကျေ မိန်းမသွက်မို့ မျက်နှာရှုးဖြင့် ဝင်ကပ်လာသော ကြာပုပ်ရည်ရွယ်ချက်ကို ကောင်းကောင်းဒက်ပြီးသား။ 'မွှေးမွှေးလေး ပေးဦးလေ တစ်ယာလောက်'ဆိုပြီး သွားဖြီးတမြိုင်နဲ့ လာကြွင်တိုင်း ပါးဖြတ်ရိုက်ချင်စိတ်ကို မနည်းမြိုသိပ်၍ ဆိုင်မိတ်မပျက်အောင် ဆက်ဆံရေးကောင်းပြနေရသည်။

နောက်ပြီး ကြာပုပ်က စုတ်စုတ်ပြတ်ပြတ်ထဲကမဟုတ်။ လာရင်သူ့(တက္ကစီ)ကားနှင့်၊ ဟမ်းဖုန်းနှင့် ရွှေနှင့်ငွေနှင့် ပြောင်ပြောင်ရောင်ရောင်ဆိုတော့ ကာ အကယ်၍ ဒါကြီးကိုသာ အပီချုပ်နိုင်လျှင် 'အာရကေ'အနည်းနှင့်အများ သူ့အပေါ်ကျမှာပဲဆိုတာ မိစမုန်က တွက်မိသည်။

သည်တော့ အကြံတစ်မျိုးဝင်လာပြီး ကြာပုပ်လာသည့်အချိန်တိုင်း အချိုမြဆုံး ညှို့ပြုံးပြုံးရင်း ထားသင့်သည့်ဝတ္တရားထက် ပိုပိုသာသာလေး ဆက်ဆံပေးလိုက်သည်။

"တို့ချစ်ကိုကြီး လာပြီဟေ့ ကွမ်းယာလုပ်မယ်"

"ထုံးစံအတိုင်း အထုပ်ကြီးပဲနော် ချစ်ကိုကြီး"

အစရှိသည်ဖြင့် 'ကိုကြီး' ရှေ့တွင် 'ချစ်'တစ်လုံး ထိုးထည့်ပေးလိုက်ရာ လူရည်လည်သော်ငြား ဝမ်းတွင်းရှူနေသော တဏှာသားကောင် ကြာပုပ်ခမျာ များမကြာမီကာလအတွင်း မိစမုန်ဖန်ဆင်းသော စပွန်ဆာ'ကျုံး'အတွင်း ပြုံးပြုံးကြီး ခုန်ဆင်းမိလေတော့၏။

သည်မှာတင် 'မိစမုန်'လည်း အာရကေ လန်းသွားသည်။ မဝတ်ဘူး မစားဘူးတာတွေ ဝယ်ဝတ်၊ ဝယ်စားသည်။ အောင်မာ 'ဆိုဂျူ'တွေဘာတွေ တောင်သောက်ပြီး ကိုရီးယားမင်းသမီးတွေလို မူးပစ်လိုက်သေးသည်။ ယခင်က ကွမ်းယာ၍ ထုံးပေါက်ခဲ့ရသောလက်ချောင်းများ အခုတော့ မောင်နှံ့ခုနစ်

ဖော်တွေရော မောင်းကွင်းတွေရောအပြည့်။ လည်ပင်းမှာ အိတ်ရှုံ့နှင့်ဆွဲထားသော ဟမ်းဖုန်းဆိုတာကြီးလည်း ကိုင်နိုင်နေပြီ။ အတုယူဖွယ်ကောင်းစွတကား။

× × ×

ဆိုင်ကယ်ကယ်ရီလေးဆွဲပြီး ဖြစ်သလို ရောင့်ရဲနေရသော ဖြိုးစည်သူ ဘဝထဲကို မိန်းမတစ်ယောက်က ဝင်လာဖို့ ကြိုးစားနေသည်။ ထိုမိန်းမက သူ့ထက် အသက်ငါးနှစ်ခန့်ကြီးသည်။ ဖြိုးစည်သူအသက်က အခုမှ ဆယ့်ကိုးနှစ်သာသာ။ အမေတစ်ခု သားတစ်ခုဘဝတွင် မဖြစ်စလောက် ကယ်ရီကြေးလေးဖြင့် ခပ်ကြပ်ကြပ် ရပ်တည်နေရသူ။ အထက်တွင်ဖော်ပြခဲ့သော သူ့ဘဝထဲ ဝင်လာဖို့ ကြိုးစားသည်ဆိုသည့် မိန်းမက တခြားမဟုတ်။ မိစမုန် ဖြစ်နေသည်။ ဖြိုးစည်သူကတော့ မိစမုန်ကို 'မ'ဟုခေါ်သည်။ သူတို့ဆုံကြပုံက ဒီလို။

တစ်နေ့ 'မိစမုန်'က ဖြိုးစည်သူ၏ ဆိုင်ကယ်ငှားစီးရင်း အိမ်အပြန် ဆိုင်ကယ်စမုတ်ကြား ထဘီစ,ဝင်သွား၍ ဆိုင်ကယ်လည်းမှောက်၊ မိစမုန်လည်း ထဘီပြဲ၊ ဒူးကွဲကာ အပြုံးအပြဲခံစားနေရချိန်တွင် ကတောက်ကဆ ဖြစ်ခြင်းဖြင့် စတင်ခဲ့၏။

"ဟင် မင်း ဆိုင်ကယ်ဘယ်လိုမောင်းတာလဲ၊ ထဘီစညပ်နေတာ မမြင်ဘူးလား"

"ဩော် ဟုတ်တယ်၊ ကျုပ်က ရှေ့မှာပြုံးပြမောင်းနေရတဲ့ကြားထဲ ခင်ဗျားထဘီစ လာသိမ်းပေးရဦးမယ်"

"ဒီမှာ မထနိုင်တော့ဘူး၊ ဘယ်လိုလုပ်မလဲ၊ ကျွတ် ကျွတ်"

"တတ်နိုင်ဘူးဗျာ၊ ကျုပ်လည်း သူများဆိုင်ကယ်မောင်းရတာ၊ အလျော်တော့ မပေးနိုင်ဘူး၊ မထနိုင်လဲ ချီပို့ဖို့ပဲ ရှိတယ်၊ ကဲ လာ"

ဟုဆိုကာ တကယ်ပင် ခါးထစ်ခွင်ချီ၍ အိမ်တိုင်ရာရောက် လိုက်ပို့ပေးခဲ့၏။ ထိုအခိုက်မှာပင် ကြင်နာယုယတတ်သော လက်တစ်စုံ၏ အတွေ့၌ မိစမုန်က သာယာသွားပြီး မိန်းမတန်မဲ့ ဖြိုးစည်သူထံ ဝင်ကပ်ခြင်းဖြစ်သည်။ အကြောင်းမရှိ အကြောင်းရှာပြီး ဖြိုးစည်သူဆိုင်ကယ်ငှားစီးသည်။ စကားမရှိ စကားရှာပြောသည်။ ဖောက်သည်ဖြစ်လာတော့ ဖြိုးစည်သူဘက်ကလည်း ရင်းနှီးလာ၏။ နောက်ပိုင်း အိမ်တွေဘာတွေ လာလည်သည့်အဆင့် ဖြစ်လာပြီး ဖြိုးစည်သူ

ပေး၍ ခေါ်ထားရသည်။ ၎ မုန့် ဆေးဝါးတွေပါ ဝယ်လာတော့သည်။ မိစမုန်

ထိုကောင်မလေးရှိရေလျှံဆိုတော့ကာ ဘဝမှာ အခါခါ ကြောင်ဏိုးပူရင်းနှင့် အညာသူမှာ အဆင်လှပြီဟု ဖြိုးစည်သူက ကြိတ်ကြံသည်။ သည်ဆိုခြင်းထဒ္ဒါတွေကလည်း ဖြိုးစည်သူကို ဝိုင်းကြပ်ပေးကြသည်။ ကြပ်ပါဟုဆိုက ပိုပျှင် မိမိရင်တွင်း အာသီသကပါ ပြင်းထန်လာသောအခါ ဖြိုးစည်သူပြီး အင်္ဂပြာဖို့ကြံသည်။ သို့သော် ဘယ်လိုပြောရမှန်းမသိ။ ထို့ကြောင့် ဘော်ဒါမြို့စယောက် အကူအညီဖြင့် မိစမုန် အဆောင်ရှေ့ ဂစ်တာသွားတီးသည်။

"မ,မချစ်လို့တော့ သေနိုင်တယ်၊ အပိုတွေမဆိုဘူး ယုံတော့ကွယ်၊ မ,မှမချစ်ရင် ဘဝပျက်သွားနိုင်တယ်"

ဆိုသည့်သီချင်း သုံးရက်သုံးညတိုင်တိုင် သွားဆိုပြီး 'ချူဆီ'လေးထည့်ပေးလိုက်ရာ ကိုယ်တိုင်တောင် မယ်မယ်ရရ မပြောလိုက်ရ။ မိစမုန်ဆီမှအဖြေကို ဖြိုးစည်သူရ၏။

မိစမုန်နှင့် ရည်းစားဖြစ်ပြီး သိပ်မကြာ။ ဖြိုးစည်သူလည်း ကိုယ်ပိုင်ဆိုင်ကယ်နှင့်ဖုန်းနှင့် ဟမ်းချိန်းလက်မလောက်နှင့် ဖြစ်သွားပြန်သည်။ နေကာမျက်မှန်နှင့် ဘွတ်ဖိနပ်ကလည်း တစ်ပြားသားမှမချွတ်တော့။ အေးရာအေးကြောင်းပင်။

× × ×

အေးရာအေးကြောင်းဖြစ်သွားသည့် ဖြိုးစည်သူက ဆိုင်ကယ်ကယ်ရီတောင် ကြံမှဆွဲတော့သည်။ ပိုက်ဆံအိတ်ခါးညှပ်ပြီး ကားပွဲစားတန်းဘက်မှာ ပွဲစားလိုလို ဘာလိုလိုနှင့် လိုက်ယောင်နေတော့၏။ သည်မှာတင်ပဲလက်ရှိကားကို လဲစီးဖို့အတွက် ပွဲစားတန်းမှာ လာကြည့်သော တရုတ်သူဌေးဦးအစိနှင့်တွေ့သည်။ ဦးအစိကလည်း ငယ်ဖြူသူ ဌေးမဟုတ်၍ ဒီကိစ္စမျိုးသိပ်မကျွမ်းလည်း။ သည်တော့ ကားကိစ္စနှင့်ပတ်သက်ပြီး ဖြိုးစည်သူထံ ပုံအပ်သည်။ လူလည်ပွဲစားတွေကြား မထုံတတ်တေး ရုပ်လေးနှင့်မို့ ဦးအစိကလည်း ဖြိုးစည်သူကို ယုံကြည်သည်။ ဖြိုးစည်သူကလည်း သူ့အသိတစ်ယောက်၏ကားအား ပြပေးရန်လုပ်သည်။

သို့သော် ဦးအစိအားသည့်ရက်၊ သူ့အသိက အိမ်မကပ်။ သူ့အသိ



စောင့်နေသည့်ရက်ကျပြန်တော့ ဦးအစိကာ မအားဖြစ်ပြီး မချိတ်မိဘဲ ဖြစ်နေသည်။ တစ်ရက်တော့ ဦးအစိကလည်း ဘာညာဇယားအလို့ငှာ မကျွဲမ,ဆိဝင်ဥမယ်ကြံရင်းအလာ လမ်းရောက်ကာမှ ကားကိစ္စ ခေါင်းထဲဝင်လာပြီး ဖြိုးစည်သူထံ ဖုန်းဆက်သည်။ ခေါ်၍မရ။ ဖုန်းခေါ်မရတော့ သူလာမည့်အကြောင်း မက်ဆေ့ချ်လှမ်းပို့ရင်း ဖြိုးစည်သူထံ တန်းလိုက်သွားရန် စိတ်ကူးသည်။ ထိုစိတ်ကူးကြောင့် မကျွဲမဆီဖုန်းဆက်သည်။

× × ×

"ကျွဲရေ အစ်ကိုကြီး ဒီနေ့ လာချင်မှလာဖြစ်မယ် သိလား၊ စောင့်မနေနဲ့တော့"

"ဩော် ဟုတ် အစ်ကိုကြီး"

ဦးအစိ မလာတော့ဘူးဆိုသဖြင့် မကျွဲမလည်း ပျော်သွားပြီး သူ့အသည်းတုံး ကြာပုပ်ထံ ဖုန်းနှင့်

"ပုပ်ပုပ်လား၊ အားရင် မမဆီလှည့်ဝင်ခဲ့လေ၊ ဒီမှာ တစ်ယောက်တည်း သိလား၊ ဟင့်ဟင်း"

"ဗျာ ဟုတ် ဟုတ် လာပြီ"

ထိုအချိန်တွင် ကြာပုပ်က ပန်းခြံထဲ၌ မိစမုန်နှင့် ကြူနေတာဖြစ်သည်။ ဖုန်းဝင်လာတော့ "တောက် အရေးထဲ ဒီဟာမကြီးက တစ်မျောင့်"ဟု ကျိတ်ဆဲမိသေး၏။ သို့သော် စပွန်ဆာဆိုတော့ ငြင်းလို့မရ။ ထို့ကြောင့် မိစမုန်အား

"နောက်နာရီဝက်လောက်နေရင် ကိုယ်ပြန်တော့မယ် သိလားစမုန်"

ဆိုပြီး အချိန်ရသလောက် ဆက်ကြူရန်ကြံသည်။ သို့သော် မိစမုန်ကလည်း ကြာပုပ်လစ်ရတော့မည်ဆိုတာ သိသွားသဖြင့် အိမ်သာသွားပြီး ဖြိုးစည်သူထံ ဖုန်းချိတ်သည်။

"ဖြိုးလား၊ အေး နောက်လေးဆယ့်ငါးမိနစ်လောက်နေရင် လာခဲ့လေ၊ မ ပန်းခြံက စောင့်နေမယ်"

"ဗျာ ဟုတ် မ"

ထိုအချိန်တွင် ဦးအစိဆီက မက်ဆေ့ချ်ရပြီး ထိုင်စောင့်နေသော ဖြိုးစည်သူက ဦးအစိထံ ဖုန်းပြန်ဆက်ရတော့၏။ စပွန်ဆာမမ ချိန်းထားသည်

က ရှိနေသည်လေ။

"ဦးလား ဟုတ်ကဲ့၊ မက်ဆေ့ချ်ရတယ်၊ ကျွန်တော်က ဒီနေ့အိမ်မှာ မရှိလို့ ဖုန်းလှမ်းဆက်တာ ဦးမလာနဲ့တော့လေ၊ နောက်နေ့မှ တွေ့ကြမယ်"

ဦးအစိလည်း ဖြိုးစည်သူဖုန်းရသဖြင့် လာလမ်းမှ လှည့်ပြန်ရင်း လမ်းလည်းသင့်သမို့ မကျွဲမဆီပဲ ဝင်နှပ်ရန် ကြံလိုက်တော့၏။

× × ×

"ကျွဲရေ ကိုယ်လာခဲ့တော့မယ် သိလား၊ ကိစ္စတွေပြီးပြီ"

ဒီဖုန်းလက်ခံရပြီး မကျွဲမလည်း ပျာပျာသလဲဖြစ်ကာ ခုနကချိန်းထားသော ကြာပုပ်ထံ ဖုန်းပြန်ခေါ်ရတော့၏။

"ပုပ်ပုပ်ရေ မလာနဲ့တော့ကွယ်၊ မမကိစ္စလေးရှိလာလို့"

ပန်းခြံမှ ပြန်ရန်အထ ဝင်လာသောဖုန်းကြောင့် ကြာပုပ်လည်း အတိုင်းမသိ မြူးသွားပြီး ပြန်ထိုင်သည်။ ပြီးမှ မိစမုန်ပခုံးကိုဖက်ခါ

"ဘယ်မှမသွားတော့ဘူး၊ စမုန်လေးနားမှာပဲ နေတော့မယ်"

"ဟင်"

ဒါကိုကြားတော့ မိစမုန်လည်း တွန့်တက်သွားပြီး အိမ်သာပြေးရပြန်သည်။ ပြီးတော့ ဖုန်းထုတ်

"ဟဲလို ဖြိုး၊ မ သွားစရာရှိလို့ မလာနဲ့တော့နော်"

ဒီဖုန်းဝင်လာတော့ ဖြိုးစည်သူလည်း အေးဆေးဖြစ်သွားရကား ဦးအစိထံ ဖုန်းပြန်ဆက်သည်။

"ဟဲလို ဦး၊ ဟင်းဟင်း ခုနက ကျွန်တော်နောက်တာ သိလား၊ အခု အိမ်မှာလေ ဦးလာရင်လာခဲ့လိုက်၊ စောင့်နေမယ်"

"ဟေ အေးအေး လာမယ်ကွာ"

× × ×

"ကျွဲရေ ကိုကြီး မလာဖြစ်တော့ပါဘူးကွာ"

ဦးအစိ ဖုန်းအဝင်

"ပုပ်ပုပ်ရေ လာခဲ့တော့ဟေ့"

မကျွဲမ ဖုန်းအဆက်။

# ကျွဲပုံပြင် ၇၉

"ကိုယ်သွားရတော့မယ် စမုန်လေးရယ်"
ကြာပုပ်မှ မိစမုန်သို့အပြော။
"ဖြိုး ချက်ချင်းလာခဲ့လိုက်"
မိစမုန် ဖုန်းအဆက်။
"ဦးရေ မလာနဲ့တော့ဗျို့ ကေ့စ်တစ်ခုပေါ်လာလို့"
ဖြိုးစည်သူ ဖုန်း။

× × ×

"ကျွဲရေ ကိုယ် မင်းအနားပြန်လာပြီဟ"(ဦးအစိ)
"နောက်နေ့မှ ဆုံကြတာပေါ့ ပုပ်ပုပ်ရေ"(မကျွဲမ)
"စမုန်နဲ့ မခွဲနိုင်လို့ အားလုံးကန်ဆယ်လုပ်လိုက်ပြီ"(ကြာပုပ်)
"မလာနဲ့ဦး ဖြိုးရေ ဟုတ်လား"(မိစမုန်)
"ချက်ချင်းကို ပြန်အားသွားပြီ ဦးရေ လာခဲ့တော့"(ဖြိုးစည်သူ)

× × ×

"မလာနိုင်တော့ဘူး ကျွဲရေ" (စိ)
"စောင့်နေမယ် ပုပ်ပုပ်ရေ"(ကျွဲ)
"ကိုယ်ပြန်မယ် စမုန်"(ကြာ)
"ဖြိုးလာလို့ရပြီ"(မိ)
"နောက်နေ့မှလာ ဦးရေ"(ဖြိုး)

× × ×

စ. . သည်. . ဖြင့်. .

× × ×

လည်ပတ်လျက်ရှိသော စပွန်ဆာစက်ဝန်းသည် အဘယ်အရပ်၌ အဆုံးသတ်မည်ကိုသော်လည်းကောင်း၊ မည်၍မည်မျှကြာအောင် ရှည်လျား ထွေပြားနေမည်ကိုသော်လည်းကောင်း မည်သူမျှမှန်းမရ။

လည်ပတ်မြဲ လည်ပတ်ဆဲ။ 'ဖုန်း'တို့ကလည်း မြည်ဆဲသာဖြင့်ကို။

■ ဝ.ကြင်ညို


Zombie



# Zombie

ကျွန်မတို့၏ အနားသို့ ရောက်လာသော ဘာပုံစံမှန်းမသိသည့်သူအားကြည့်ပြီး နည်းနည်းတော့ စိတ်ပျက်မိသည်။ တရားခံ ဖမ်းမလို့ပါဟုဆိုမှ ဘယ်အရှုံးက အရင်ရောက်လာသည်မသိ။ ကျွန်မတို့ စီစဉ်ထားသည်မှာ ကျွန်မတို့ နောက်ဆုံးတွင်ထားသော ထုပ်စီးတိုးသိုင်းနှင့် Zombie Mudder အား နှစ်ဖက်လှည့်(တစ်ယောက်ကဖမ်းပြီး တစ်ယောက်က လှည့်နေရမည်ဖြစ်၍)အနိုင်ယူမည်ဟုသာ။ အခုတော့ ဘယ်က သူတောင်းစား အရင်ရောက်လာသလဲမသိ။

ထို့နောက် သုံးယောက်စလုံးကလဲ သူ့အား စိတ်မဝင်စားအားတော့။ ဒီအတိုင်း မရောက်လာလျှင်လည်း ကိစ္စတော့မရှိ။ စောင့်ရမည့်တာဝန်မှာ စောင့်ရမည်သာ။ သို့သော် ကျွန်မနှင့်ဇယ်လီ အလယ်ကွက်ကို ရောက်နေပြီ။ ထမင်းရည်ပူစည်းကို ရှောင်ရသည်မှာ အတွင်းအားပါသည်ဖြစ်၍ ဂရုစိုက်ပြီး စိတ်နှစ်ထားရသည်။ တခြားအကြောင်း ခေါင်းထဲထည့်၍မရ။ တစ်ချက်မှားလျှင် ခွေးရူးဖြစ်နိုင်သည်။ ခွေးရူးတော့ မဖြစ်ချင်။ ခွေးရူးဆိုလျှင် Zombie သတ်သူနှင့် တစ်ယောက်ချင်း ရင်ဆိုင်ရမည့်အကွက်က ထုပ်စီးတိုးသိုင်းတွင် (၇၀)ရာခိုင်နှုန်းလောက် သေချာ၍ ဖြစ်သည်။

"ခဏာရပ်ပါဦးဟ ငါ့ဂွမ်းစိန်ပါ၊ လူဝီယောက်ျားလေ"

ထိုသူက မျက်နှာဖုံးကိုချွတ်၍ မိတ်ဆက်ရသေးသည်။

"ဟာ ဘာလို့ ညကြီးကျမှ အပြင်ထွက်လာရတာလဲ၊ ခု သုံးနာရီ ခွဲနေပြီ၊ ဒါ လူအိပ်ချိန်လေ၊ နောက် အန္တရာယ်အကြောင်းလည်း နင်သိနေတာကို"

ဒွန်ခွန်က ကျွန်မတို့ကို ဖမ်းဖို့ကြိုးစားရင်း အော်လိုက်သည်။ ထိုသို့ အော် လိုက်သည်ကို အခွင့်ကောင်းယူပြီး ကျွန်မ တစ်ကွက်ခုန်လိုက်သည်။ ဇယ်လီက တော့ ခုန်ချိန်မရလိုက်။ ဒွန်ခွန်ကတော့ ဂွမ်းစိန်ကို လှမ်းဆဲနေသည်။

## ၁၄

"ငါလဲ ထွက်ချင်လို့ ထွက်လာတာ မဟုတ်ပါဘူးဟာ၊ မိန်းမနဲ့က အဆင်မပြေလို့ပါ"

"ဟင် ဘာမှလဲ မဆိုင်ဘူး၊ အဲဒါဆိုလဲ ဒီမှာအကြာကြီးမနေနဲ့ ပြန်တော့"

ကျွန်မကပဲ စိတ်မရှည်စွာနှင့် ကြားထဲမှ ပြောပေးလိုက်သည်။

လူတစ်ယောက်၏အသက် Zombieတစ်ကောင်၏အသက်သည် ကျွန်မတို့၏လက်ထဲတွင် ရှိနေသောအချိန် ထိုသူကိုကာကွယ်ရန် အရေးကြီးသည်ဟု ကျွန်မတို့ နားလည်ပါသည်။ ခုချိန်ထိ လူသားတစ်ဦးတည်းဟု စဉ်းစားမိသောအခါမှ ဂွမ်းစိန်ကို ကျွန်မ မသက်ာချင်တော့။ သူ့ကို ကြည့်လိုက်တော့ အမှောင်ထဲသို့ ဝင်ရောက်သွားလေပြီ။ ချောင်ထဲသို့ ဘာကိစ္စ မီးရောင်တကားကားဖြင့် လျှောက်သွားနေသည်မသိ။ ဒါ သံသယရှိစရာဖြစ်သည်။

ထို့နောက် ဝမ်းခေါင်းသံကြီးနှင့် ဟက်ဟက်ပက်ပက် စ,ရယ်သံကို ကြားလိုက်ရသည်။ ကျွန်မတို့အားလုံး၏ လှုပ်ရှားမှုများ ရပ်သွားကြသည်မှာ တိုင်ပင်ထားလျှင်တောင် အချိန်လွဲချင် လွဲလိမ့်ဦးမည်။ သို့သော် သတိရှိကြသည်မှာ ကုတ်စီး စည်းဝိုင်းထဲမှ မည်သူမျှ မထွက်ကြ။ ထိုအချိန်

"ဘာလို့ဖို့လဲ Zombie နင်ဟာ Zombie ပဲ ဟိဟိ"

(ဇယ်လီဖုန်းက ထမြည်သည်၊ အဲဒီဟာမကို Ph toneအတွက် ဒီသီချင်းကို မသုံးဖို့ပြောလည်းမရ။ ကျွန်မအရမ်းမုန်းသော Zombie အဆိုတော် ခွက်ခွက်လန်၏ ပလူးပလဲ ဗြူးဗြူးဗြဲဗြဲ အကများဖြင့် တင်ဆက်ထားသော အရူးအမည်း သီချင်းကိုမှ သူမက Ph tone အသုံးပြုကာ သဘောအကျကြီးကျ ဖုန်းလာသမျှအချိန်တိုင်း နားဒုက္ခခံနေရသည်)

"ဟယ်လို ပစ် ပြော"

"............"

"ဟုတ်လား၊ Thank နော်၊ အင်း ဒါပဲ ဒါပဲ"

နောက် ကျွန်မတို့ဘက်လှည့်၍

"သူငယ်ချင်းတို့ရေ ငါတို့တော့ ကကရဲ့ကျိုင်းထဲရောက်နေပြီဟ၊ အခု ငါတို့တွေ လူစာရေးဆရာကြီးအကြည်တော် ရေးခဲ့သလို ကျိုင်းလတ်ပြီ ငါ

ကောင်မတို့ရဲ့ ကွိုင်လတ်ပြီဟ”

“ဘာဖြစ်လို့လဲ ဇယ်လီရ”

“အေးလေ”

“ငါပြောပြမယ်၊ Zombie Mudder အခုရောက်နေပြီတဲ့”

“ဟင်”

“ဟာ”

ထိုစဉ်မှာပင်

“ဟားဟားဟား ဟိုးဟိုး”

တုတ်ထိုးအိုးပေါက် အသံမျိုးစုံ ပါဝင်သည့်ရယ်သံကြီးကို ကြားလိုက်ရတော့သည်။

ရယ်သံကြားရာကို ကြည့်လိုက်တော့. .

◑ ◑ ◑

ရယ်နေသောသူမှာ မီးရောင်တလက်လက်တောက်ပနေသည့် ဂွမ်းစိန်။

“အခု ဒီကိုလာခဲ့စမ်း ဂွမ်းစိန်”

ဒွန်ခွန်၏ စိန်ခေါ်သံ။

“ဟားဟားဟား နင်တို့ ဒါဖတ်ကြည့်ပါလား၊ အရမ်းရယ်ရတယ် သိလား”

“သူငယ်ချင်းတို့ရေ သတိသာထားဟေ့”

ဇယ်လီ၏အလောသုံးဆယ် သတိပေးသံကို မကြားတစ်ချက် ကြားတစ်ချက်။ ရန်သူတစ်ယောက်နှင့် နဖူးတွေ့ဒူးတွေ့ ကြုံရသည်မှာ ဒါ ပထမဦးဆုံးဖြစ်၍ စစချင်းပဲ ထွက်ပေါက်ရှာမိသည်။ အခြေအနေ မဟန်လျှင်တော့ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ပဲ ဖြစ်လိမ့်မည်လေ။ ဟိုကောင်မနှစ်ယောက်ကို ကြည့်လိုက်တော့လဲ ဒီလိုပဲ ကြံနေဟန်တူသည်။ အဲဒီနောက်မှ ကျွန်မကပဲ အရဲစွန့်လိုက်ပြီး

“ခု ဒီနားကို လာခဲ့စမ်း ဂွမ်းစိန်၊ နင် ကြောက်နေပြီ မဟုတ်လား”

(ဂလု)တံတွေးမြိုချသံကြောင့် ဒွန်ခွန် လှည့်ကြည့်သည်။ သူမက

ကြားဖြစ်အောင် ကြားလိုက်သေးသည်။ ဘာမှတော့မပြော။ သူမလဲ ကျွန်မ လိုပင်

"ဟင် ငါက ဘာကို ကြောက်ရမှာလဲ၊ ခုနတုန်းက ငါ စကား လာ ပြောတော့ မပြောချင်တာလိုလို ပြောချင်တာလိုလိုနဲ့ ဆော့နေပြီး၊ ခု ငါ့ဘာသာ ငါ ဟားစာအုပ်ဖတ်ပြီး ရယ်နေတာကို၊ ဒီမှာ စိတ်ညစ်လို့နေ့၊ ဒါကို လတိုင်း ဖတ်ပြီး ကိုယ့်စိတ်ချမ်းသာမှု ကိုယ်ရှာနေတာ၊ ငါက ဘာကိုကြောက်ရမှာလဲ၊ Zombie Ladyတွေရဲ့ နင်တို့ဖတ်ချင်ရင်လဲ မငှားနိုင်ဘူး၊ ဒါ တန်းစီထားတာ၊ မစီချင်ရင် ဝယ်ဖတ်၊ ငါ့ဆီကတော့ မလိုချင်နဲ့ နင်တို့ဆီ လာဘူး မှတ်ထား"

အရေးထဲ သူက ကြော်ငြာဝင်နေသေးသည်။ ထားတော့။

"ဟိတ် ဂွမ်းစိန်၊ ခု ငါတို့ဘက်ကို ထွက်ခဲ့စမ်းပါ"

ဇယ်လီ၏အသံ ကြည်လင်ပြတ်သားစွာ ထွက်လာသည်။ နောက် ဂွမ်းစိန်လည်း ထွက်ခဲ့သည်။ ဓာတ်မီးကတစ်ဖက်၊ ရယ်စရာ စာအုပ်က တစ်ဖက်နှင့်၊

သူကြည့်ရသည်မှာ ပေါတောတောနှင့် ဘာမှတော့ မထူးခြား။ ထို အချိန်မှာပဲ ကျွန်မတို့အားလုံး တိုက်ခိုက်ခြင်းခံလိုက်ရသည်။

"ဟာ ဘာသိုင်းတွေလဲဟ"

ကျွန်မ၏အလောတကြီး မေးသံကို မအားသည့်ကြားမှ ဒွန်ခွန် ပြန် ဖြေလိုက်သည်။

"ဒါ အကြွေးရှောင်နည်းသိုင်းလေ၊ ဒါ အကြွေးယူပါများလေ၊ အတွင်း အားတက်လေပဲ၊ ခန့်မှန်းကြည့်ရတာကတော့ လိမ်စားပြီးပြေးနေတာ၊ ၂၀နှစ် လောက်တော့ အနည်းဆုံးပဲ"

"ဟင်"

ကျွန်မ,မသိပါ။ သို့သော် ကြောက်ဖို့ကောင်းပါသည်။ တိုက်ခိုက်နေရ သော်လည်း ယခုအချိန်ထိ လူရိပ်ကိုပင် မမြင်ရသေးပါ။ အခြေအနေက ရှုပ်ထွေးကုန်သဖြင့် ထမင်းရည်ပူစည်းပေါ်ရှိ ဒွန်ခွန်ကိုလည်း သတိမထားမိပါ၊ ကိုယ့်ဘာကိုယ် အနိုင်နိုင် ကာကွယ်နေရသည်လေ။

"ဝုန်း ဒုန်း"

# ၁၉



ခင်ဗျား နားလည်အောင်ပြောရရင်
ဒီကမ္ဘာကြီးထဲမှာ ကျုပ်တို့
လူသားမျိုးနွယ်စုတစ်ခုပဲ
ကျန်နေစေချင်လို့
အမိက,ကတော့ ကျုပ်ရဲ့မိန်းမက
Zombieကောင်တစ်ကောင်နဲ့
လိုက်ပြေးရာက စတာပဲ၊

"ဒွန်ခွန်"

ဇယ်လီ၏ အော်သံကို ကြားလိုက်ရသည်။ စည်းအပြင်ကို လွင့်ထွက်သွားသည်မှာ ဒွန်ခွန်သာဖြစ်မည်ဟု သိလိုက်ရသည်။ ဘာအငွေ့တွေလဲ မသိ။ မွှန်ထူပြီး ဘာမှ သိပ်မသဲကွဲတော့။ "ဒါ အတွင်းအားကြေ အငွေ့တွေပဲ" ဇယ်လီ ပြောဖူးသည်ကို သတိရပြီး ဇယ်လီကို ရှာလိုက်သည်။ ဘယ်လိုမှမတွေ့။

ထိုအခိုက် ပါဝါရိန်းဂျားလို ဝတ်စုံမျိုးနှင့် ကောင်းဘွိုင်ဦးထုပ်ဆောင်းထားသော နေကာမျက်မှန်နှင့်လူတစ်ယောက်ကို တွေ့လိုက်ရသည်။ ညကြီးကျမှ နေကာမျက်မှန်တပ်ထားသော ထိုသူ၏ ထူးခြားချက်မှာ သူစီးထားသောခုံဖိနပ်ဖြစ်သည်။ ခုံဖိနပ်သံကို ဂရုစိုက်ပြီး နားထောင်ကြည့်လျှင် ဂွပ်ဂွပ်ဟုမြည်သည်။ (ဟုတ်ပေါင်)သေချာနားထောင်ကြည့်လျှင် စိတ်တွေထိုင်းမှိုင်းကာ အိပ်ချင်လာသည်။ နောက် ဘယ်လောက်ကြာသွားသည်မသိ။

◑ ◑ ◑

"ဟာ ဆားဗူးသီး သွားစားရဦးမှာပဲ၊ ပိတ်ပြီလား မသိပါ ဘူး၊ ငါဗိုက်ဆာလှပြီ"

ဒီစိတ်ဝင်လာမှ

"အား ကျွတ် ကျွတ်"

မျက်လုံးများ ပြန်ပွင့်လာသည်။ အနီးနားကိုကြည့်မိတော့ အမှိုက်ပုံထဲ ခေါင်းစိုက်နေသော ဇယ်လီနှင့် သဲပုံပေါ် ဖင်ထောင်လဲကျလျက်ရှိသော

# ၁၄

ဒွန်ခွန်တို့အား တွေ့ရသည်။ ထို့နောက် အမှောင်တစ်ဝက် အလင်းတစ်ဝက်ထဲကို ကြည့်လိုက်တော့(ယခုအချိန်ထိ ဂွမ်းစိန်၏မှာတ်မီးမပိတ်သေးချေ)

"ဒီမှာဂွမ်းစိန် မင်းဟာ လူသားဖြစ်နေတဲ့အတွက် မင်းကို ငါ မသတ်ချင်ဘူး၊ ဒီတော့ မင်းသွားတော့"

မီးရောင်ဘက်ဂရောင်းကြောင့် မှောင်နေသည့် အရိပ်မည်းကြီး တစ်ခု ဆီမှအသံ။

"......"

"ဟင် ဒါဆို Zombie mudder က ဂွမ်းစိန်မဟုတ်ဘူးပေါ့"

ဆက်ငြိမ်နေလိုက်သည်။ နောက် ဌာနကို သတင်းပို့လိုက်သည်။

"မြူဇီ အဖေ ရောက်နေပြီ" ဟု။

"ခင်ဗျားက ဘာဖြစ်လို့ အပြစ်မရှိတဲ့ Zombieတွေကို လိုက်သတ်နေရတာလဲ ဟင်"

ဂွမ်းစိန်၏အမေးကို ကြားလိုက်ရသည်။ သိပ်တော့မပီပြင်။ နားစိုက်ထောင်လိုက်သည်။ ပြန်ကျိုးသွားသည်။ ဟုတ်ပေါင်။ မှားလို့။

"ဒါ ခင်ဗျား နားလည်အောင်ပြောရရင် ဒီကမ္ဘာကြီးထဲမှာ ကျုပ်တို့လူသားမျိုးနွယ်စုတစ်ခုပဲ ကျန်နေစေချင်လို့ အဓိက,ကတော့ ကျုပ်ရဲ့ မိန်းမက Zombieကောင်တစ်ကောင်နဲ့ လိုက်ပြေးရာက စတာပဲ၊ ကျုပ် Zombie တွေကို အရမ်းမုန်းတယ်။ ကဲပါ ခင်ဗျားသွားပါတော့၊ ကျုပ်ကတော့ ဒီZombie တွေကို အပြတ်ရှင်းလိုက်ဦးမယ်၊ ဒီလိုဆို ကျုပ်ရာဇဝင်မှာ Zombieသတ်ခဲ့တာ (၉)ကောင်ရှိလာတော့မှာ ဟားဟားဟား"

သူ့ရယ်သံများက ဝါးလုံးကွဲမျှ ဘာကို သဘောကျနေသည်တော့ မသိ။ သို့သော် ထိုသူရူးနေမှန်းတော့ သိသာနေပြီ။ မယားကိုတ,ပြီးရူးသူသာ။ ဂွမ်းစိန် ငိုက်စိုက်ငိုက်စိုက်နှင့် ထွက်သွားအပြီး Zombie Mudder က ကျွန်မတို့ဖက်ကို ဦးတည်လာသည်။ အမှောင်ထဲကနေ အလင်းထဲသို့ရောက်မှ မျက်မှန်ကြီးကို ချွတ်လိုက်သည်။

"သူက ပြောင်းပြန်ပဲ"

ဟု ရေရွတ်ရင်း ကျွန်မ သူ့ကို မြင်ဖူးသလိုလိုရှိလာသည်။

# ၇၉

"ဘယ်သူပါလိမ့်၊ အင်း၊ စဉ်းစားစမ်း စဉ်းစားစမ်း"

ကိုယ့်ကိုကိုယ် ပြန် Run နေရသည်။

"ဟုတ်ပြီ၊ သူပဲ"

တဖြည်းဖြည်းနှင့်နီးလာခဲ့ပြီ၊ နာရီဝက်ခန့်ကြာလျှင်တော့ Zombie တပ်ဖွဲ့ ရောက်လာကြလိမ့်မည်။ တတ်နိုင်သလောက် အချိန်ဆွဲထားရမည်မှာ ကျွန်မ၏ တာဝန်သာဖြစ်သည်။

"ရပ်တော့၊ ဒီမှာ နင် ဘရိုပစ် မဟုတ်လား"

"ဩော် နင်က သတိမမေ့ဘူးကိုး၊ ဒါ တော်ရုံတန်ရုံစိတ်နဲ့တော့ လွတ်အောင်မရုန်းနိုင်ဘူး၊ နင့်ရဲ့စိတ်က တော်တော်အားကောင်းလို့ပဲ"

စိတ်အားကောင်းတာ ငတ်ကြီးကျစိတ်များလို့လား၊ ဟာ ဟုတ်ပါဘူး၊ ဘာတွေတွေးနေမိသည်လဲမသိ။ စိတ်ဓာတ်ကို တစ်ပိုင်းသာအထိတင်ပြီး

"ငါ့နာမည် ဂျုန်းဂျုန်းခ၊ နင် ဒီနေ့ကစပြီး Zombieတွေကို အကြောင်းမဲ့သတ်ခွင့်မရှိတော့ဘူး၊ ငါ နင့်ကိုဖမ်းလိုက်ပြီ ငါ နင့်ကို တားမြစ်တယ်"

"ဟားဟားဟား နင် ဘယ်လိုတားတား မရတော့ဘူး ဂျုန်းဂျုန်းခရဲ့၊ နားလည်လား"

"ဟင် ဘာဖြစ်လို့လဲ"

"ထွက်သွားပြီလေ၊ လွဲလိုက်တာမှ တစ်လုံးမှကို မတူဘူး၊ ဟာ မဟုတ်ပါဘူး၊ မင်း ငါ့ကို အကြောင်းလာရိုက်မနေနဲ့၊ ဒါပေမယ့် မင်းတို့က အခု ငါ့ရဲ့ အတွင်းအားအဆိပ်ကို မိထားတော့ ဘယ်လိုမှ ငါ့ကို ပြန်ချေပနိုင်မှာမဟုတ်ဘူး ဂျုန်းဂျုန်းရဲ့၊ ဒီတော့ မသေခင်ပဲ ငါပြောသမျှ ငါ့အကြောင်းလေးသာ သိအောင် နားထောင်သွားလိုက်တော့၊ ဒီလို ဒီလို ဒီလိုလေး"

သို့ကလို Intro ဝင်ပြီး ဆက်ကောတာက

"ငါ့နာမည်အရင်း ခွန်ဂိန်တဲ့၊ ဒီရုပ်ကလဲ ငါ့ရုပ်အစစ်အမှန် မဟုတ်ဘူး၊ အင်ထုထားတဲ့ မျက်နှာဖုံးတစ်ခုပဲ၊ ငါ့မိန်းမ ငါ့ကို ပစ်သွားပြီးတဲ့နောက် ငါ Zombie တွေကိုမုန်းလာတာ. . မင်းတို့မျိုးရိုးတွေလေ"

"ဒါ ဥပဒေရှိတယ် ခွန်ဂိန်၊ နင် တရားစွဲလို့ရတာပဲ"

"ဒီလိုဆို ငါ့မိန်းမက ငါ့ကို ကွာရှင်းခွင့်တောင်းမှာပေါ့ဟ"

# အပိုင်း ၇၄

“ဟင် ဒါဆိုလဲ ကွာလိုက်လေ”

“ကွာပါဘူး၊ ငါက ငါ့မိန်းမကို အရမ်းချစ်တာ၊ နောက် Zombie တွေကို ပိုနှိမ်းလာရတဲ့ အကြောင်းရင်းက မင်းသူငယ်ချင်း ဇယ်လီကြောင့်၊ ဒီနေ့ Maxico မှာ သူ ငါ့ကို ဒန်အိုးနဲ့ရိုက်သွားတာ၊ ငါ့ခေါင်း (၃)ချက်ချုပ်လိုက်ရတယ်၊ အဲဒီကောင်မကိုလည်း (၃)ချက်ချုပ်ပစ်မယ်၊ ဟာ မဟုတ်ပါဘူး၊ အသေသတ်ပစ်မယ်၊ နားလည်လား”

“နားမလည်ဘူး”

ကျွန်မပြောသည်ကို ဂရုမစိုက်၊ သူ ကျွန်မကို စတင်တိုက်ခိုက်ဖို့ပြင်နေပြီ၊ အစဦးဆုံး သူ့မျက်နှာဖုံးကို ဆွဲချွတ်လိုက်သည့်နောက်

“အင် ကျဝ့”

အံ့ဩသွားပြီးမှ ကိုယ့်တံတွေးကိုယ်တောင် အနိုင်နိုင် ပြန်မြိုလိုက်ရသည်။ ထွက်ပေါ်လာသောရုပ်ကား အလွန်တရာမှ ရယ်စရာကောင်းသော (ရယ်စရာကောင်းသည်ဆိုရာမှာထက် တစ်နေကုန် ထိုင်ကြည့် ပြုံးစိစိဟု အမည်တပ်ရလောက်အောင်) ပါချောချောသည့် ပေါချာချာတစ်ယောက်ကို အရှင်လတ်လတ် မြင်ရပြီးနောက် ကျွန်မ သတိလက်လွတ်ကာ ပြုံးစိစိဖြစ်သွားသည်။ မယားကပစ်သွားမှာလည်း ဟုတ်လောက်ပါသည်။ အကြောင်းခိုင်လုံလောက်သည်ဟု တွေးမိကာ ပို၍ ပြုံးစိစိဖြစ်လာသည်။ ထို့နောက် တစ်ဆင့်တစ်ဆင့်တွေးကာ

“ဟီဟီဟီး ခစ် ခစ်”

ရယ်သံပင်မဆုံးလိုက်။

“ဟိတ် ဖြောင်း ဖြောင်း”

ပါးနှစ်ဖက်စလုံး ပူသွားမှ သတိပြန်ဝင်လာသည်။

“ဒီမှာ Zombieမ၊ အရင်တုန်းက Zombieတွေလိုတော့ မလုပ်နဲ့၊ ကြားလား၊ အရင်ကောင်(၆)ကောင်ကလည်း ငါနဲ့မယှဉ်ရသေးဘူး၊ ငါ့ရုပ်ကိုကြည့်ပြီး ပြုံးစိစိနဲ့ အူတက်သေကုန်ကြတာ၊ ကြာရင် ငါ့အရည်အချင်းတွေကျကုန်လိမ့်မယ်”

“ဩော် ဒီလိုလား”

# ၁၄

ဒါ သူ့ရဲ့ အားနည်းချက်ဖြစ်သလို သူ့ရဲ့အားသာချက်လည်း ဖြစ်မည်ထင်သည်။ အရင်Zombieတွေ အကုန်လုံးကလည်း ပြုးစိစပ်ဖြဲ မျက်နှာများနှင့် သေတာဆိုတော့ သူ့ရုပ်ကိုမြင်သွားလို့ နေမှာဟု တွေးမိပြီး

"ဟားဟားဟား"

ကျွန်မ၏ ခွက်ထိုးခွက်လန် ခွက်မှောက်ခွက်ပြုတ်ကျ ပဋ္ဌာမြေလူးရယ်မောသံကြောင့် ခွန်ဂိန်ကြောင်သွားသည်။ ထို့နောက်

"သတ္တိရှိရင် မင်းနဲ့ငါ တစ်ယောက်ချင်းကိုက်မယ်၊ ဟုတ်ပေါင်၊ တိုက်မယ်"

"ဟုတ်ပါပြီ၊ နင့်သဘောပဲ"

သူနှင့်တိုက်ဖို့ဆိုသည်မှာ သူ့ရုပ်ကို မမြင်ရမှ အဆင်ပြေလိမ့်မည်။ ထို့ကြောင့် ကျွန်မ၏မျက်လုံးများအား ခြေအိတ်ချွတ်၍ စည်းလိုက်သည်။ ဒါဆိုအိုကေသွားပြီဖြစ်သည်။ အဟီး။

သူက အကြွေးရှောင်နည်းသိုင်းဖြင့် အရင်ဝင်လာသလို ကျွန်မကလည်း အကြွေးရှင်၏ လျင်မြန်ခြင်းဖြင့် အကင်းပါးပါး တိုက်စစ်ဆင်သည်မှာ သိုင်းကွက်ပေါင်း မရေနိုင်သည်အထိ (မည်သူကမှလည်း အပင်ပန်းခံပြီး လိုက်မရေကြပါ)တိုက်ခိုက်ကြပြီး ကျွန်မ၏နှာခေါင်းထဲတွင် အနံ့တစ်နံ့ရလိုက်သည်။ ဟုတ်သည်။ သေချာသည်။ ထို့နောက် ကျွန်မ၏ "မြှုသိပ်ထားသော အရာများပွင့်စေသား"သိုင်းကွက်၏ နောက်ဆုံးဖင်ပိတ်ကန်အကွက်ဖြင့် မိမိရရ အသုံးချ လိုက်ရာ ဘယ်လို အကျောတည့်သွားသည်မသိ။

"ဝုန်း ဒုန်း"

ဘယ်လောက်မှတော့ လွင့်မသွားပါ၊ သို့သော်

"အားကျွတ်ကျွတ်၊ မနေ့က ဝမ်းနှုတ်တာများသွားပြီ၊ အာ အိမ်သာ အိမ်သာ ဘယ်မှာလဲဟင်"

"အခန်း(၉)နောက်ဆုံးမှာ မြန်မြန်သွား ငါလည်းနံလှပြီ"

သူဟာက နံသည်ကတစ်မျိုး၊ ခြေအိတ်မှအနံ့က တဖုံ မွှန်ထူနေချေပြီ။

"မင်း မင်း ပြန်လာမှတွေ့မယ်"

ကျွန်မတောက်လျှောက် လိုက်လိမ့်မည်ကို သူမသိဘဲ ကြုံးဝါးပြီး

နောက် အိမ်သာသို့ ဒရောသောပါး ပြေးရှာလေပြီ။

"ငါ ဒီလောက်ထိတော့ နင်နဲ့ပြိုင်မတုံးဘူး ခွန်ဂိန်ရဲ့"

နောက် ကျွန်မ၏ရေရွတ်သံကို သူကြားမည်မထင်တော့။ အရှိန်တက်နေပြီလေ။ ကျွန်မ၏လက်ထဲမှ ထိတ်တုံးအသေးစားလေးကို အိမ်သာတံခါး၌ သွားခတ်ထားလိုက်ပြီး ပြဿနာဖြစ်ရာနေရာသို့ ပြန်လာခဲ့သည်။ ဇယ်လီတို့ကို နှိုးရမည်ကတစ်ကြောင်း၊ Zombie တပ်ဖွဲ့တွေရောက်လာလျှင်လည်း လမ်းပြရဦးမည်ကတစ်ကြောင်း ရှိသေးသည်လေ။ ခွန်ဂိန်အတွက်တော့ စိတ်ချရသည်။ အကျောမိသွား၍ ထင်သည်။ အနည်းဆုံးတော့ ၁၅မိနစ်ခန့်ကြာအောင် ကိစ္စဖြတ်၍ ရမည်မထင်။

◑ ◑ ◑

"ဇယ်လီ ဇယ်လီ"

တော်တန်ရုံတော့ နှိုး၍ရမည်မထင်။ ပါးရိုက်သည်၊ ထပ်ရိုက်သည်။ လက်သီးနှင့်ထိုးသည်။ တံတောင်နှင့်ရိုက်သည်။ ခြေထောက်ဖြင့်ကန်သည်။ ဒီတစ်ချက် နောက်တစ်ချက်

"ခွပ် ခွပ် ဖြန်း၊ ဒုတ် ဘုတ် ဒု အု"

"အင်းအင်း တော်ပါတော့ ဂျွန်းခရယ်၊ နင် ငါ့ကို ဘယ်အငြိုးနဲ့များ သတ်နေတာလဲဟာ"

"မဟုတ်ပါဘူးဟာ၊ နင့်ကိုနှိုးတာပါ။ ငါတို့ Zombile Mudder ကို သွားဖမ်းကြစို့"

ဇယ်လီ နည်းနည်းတော့ ကြောင်သွားသည်။ နောက်

"မိသွားပြီလား"

"အင်း အခု အိမ်သာထဲမှာ ဖမ်းထားတယ်"

"အိမ်သာထဲမှာ ဟုတ်လား၊ ဘယ်လို"

"တော်ပါတော့ဟာ နင့်ကို ရှင်းပြနေရင် ပိုရှုပ်ကုန်လိမ့်မယ်၊ ဒွန်ခွန်ကို သွားနှိုးလိုက်ဦး"

"နင့်နည်းအတိုင်း နှိုးရမှာလား"

"သဘော စိတ်ကြိုက်နိုး၊ သူက ဗိုက်ဆာရင် နင့်လက်တွေ ဖြုတ်စား နေကျဆိုတော့ နင့်သဘောပဲ"

"အေး ပြီးတာပဲ၊ အခု ငါ သူ့လက်တစ်ဖက်ကို ပြန်ဖြုတ်ထားလိုက်မယ်"

ဇယ်လီ မနိုင်မနင်းဖြင့် ဒွန်ခွန်ကို ပွေ့လာပြီးမှ သနားသွားသည် ထင် သည်။

"မဖြစ်ပါဘူးဟာ၊ ခန္ဓာပေဒတွေ ဈေးတက်နေတယ်၊ အစုံလိုက်ဝယ် မှ ဈေးချိုတာဆိုတော့လေ"

"အမလေး တော်ပါတော့ဟာ၊ နိုးလိုက်တော့ မြန်မြန်"

"ခွပ်"

"ထထ ဒွန်ခွန်"

"အုန်း ခွပ် ဖြန်း ဒုတ် ဒု အ"

"ကျွတ်ကျွတ် ငါဘယ်သူလဲဟင်၊ နင်ဘယ်သူလဲ၊ ငါတို့က ဘယ်သူလဲဟင်"

ထိုသို့ ရှုးချောင်ချောင် ယောင်ဝါးဝါးနှင့် ဒွန်ခွန်နိုးထလာသည်။

"ကဲ ငါတို့တွေ စုံပြီဆိုတော့ ငါပြောပြမယ်၊ Zombile Mudder က ဝွမ်းစိန်မဟုတ်ဘူး၊ တရားခံအစစ်က ဇယ်လီရဲ့အခရာ ဘရိုပစ် ဆိုတဲ့လူပဲ"

"ဟင်"

"ဟာ"

"ဟိုမှာလေ နင့်ချစ်ချစ်ရဲ့မျက်နှာဖုံး ကျန်ခဲ့တာ"

ကျွန်မပြသော မျက်နှာဖုံးအခွံကြီးကိုကြည့်ကာ သူမ သက်ပြင်းအရှည် ကြီးချလိုက်သည်။ (ရှည်တာမှ တော်တော်ကို ရှည်သည်။ မဟားဒယားရှည် သည်။ ပြောမပြတတ်အောင် ရှည်သည်)သူမ သဘောပေါက်သွားပြီဟု ထင်ပါ သည်။ ထိုအခိုက်

"ဟိန်းဟိန်းဟိုးဟိုး"

နောက်ဆုံးပေါ် ဇလုံပေါ်တွင် ကင်းမြီးကောက်ထောင်လာသော Zombieဝန်ကြီးချုပ် မြူဇီအား မသက်မသာအနေအထားဖြင့် တွေ့လိုက်ရသည်။ ထို့နောက် သူ လေးဘက်ထောက်၍ ဆင်းလာပြီး အနိုင်နိုင် မတ်တတ်ပြန်ရပ်ကာ

"ကဲ Zombieငယ် ဂျုန်းခ၊ မင်းတို့တွေ့ထားတဲ့ သူတောင်းစား

ကို လမ်းပြဦး"

"ဟုတ်ကဲ့ပါမြူဇီ၊ ဒါပေမယ့် အခုအခြေအနေမှာ အနံ့အသက်တော့ ကောင်းမှာ မဟုတ်လောက်ပါဘူး၊ ဒါကြောင့် အကာအကွယ်လေးတွေတော့ ယူခဲ့ကြပါ"

"ကဲ အကာအကွယ်တွေ ကပ်ကြဟေ့"

ထို့နောက် Zombie တပ်ဖွဲ့ဝင်(၂၀)ပါဝင်သော အဖွင့် (၂)ပြင် အမှတ်(၉)နားလေးက အိမ်သာဆီသို့ ချီတက်ခဲ့ကြသည်။ အိမ်သာရှေ့သို့ ရောက်ခဲ့သော်

"ဟာ အိမ်သာတစ်ခုလုံး လင်းထိန်နေတာပဲ၊ ဘာဖြစ်တာလဲ မသိဘူး"

"ဟုတ်တယ်ဟ"

"အင်း"

"ဘာလဲမသိဘူးနော်"

မှတ်ချက်ချသံတွေ ဆူညံစွာဖြင့် ဝရုန်းသုန်းကားဖြစ်နေသော Zombie အုပ်ကို ဝန်ကြီးချုပ်မြူဇီက စိုးရိမ်တကြီး ရှင်းပြလိုက်သည်။

"ဒါ ကိုယ်လွတ်ရုန်းကျင့်စဉ်လို့ခေါ်တယ်၊ နောက်ထပ် (၁၀) မိနစ်လောက်ဆို တို့တွေ သူ့ကိုမမြင်နိုင်ခင်မှာ ပျောက်သွားလိမ့်မယ်၊ သူ့ကိုနိုင်တဲ့ သိုင်းပညာတစ်မျိုးပဲရှိတော့တာ၊ အဲဒါ စိတ်ပျောက်နာမ်ခွာ အာပလာကျင့်စဉ်ပဲ၊ ဒါပေမယ့် အဲဒီပညာကိုတတ်တဲ့ Zombie ကောင်ဟာ သူ့ယောက္ခမရဲ့ဒဏ်ကို မခံနိုင်လို့ Maxicoနားလေးက ဆင်းရဲသားရပ်ကွက်မှာ ဇာတ်ဖျောက်နေပြီဆိုပဲ၊ တို့တွေအားလုံး သူ့ကို ဘယ်လိုလုပ်ပြီး အချိန်တိုအတွင်း ရှာတွေ့နိုင်မှာလဲကွာ၊ အဟင့် ရှီး"

သူ၏ငိုသံပါကြီးနှင့် စိတ်ညစ်ညူးသံကြီးက ရွံစရာကြီး ဖြစ်နေသည်။ ဘယ်လိုမှ သနားချင်စရာ တစ်ကွက်မှမရှိ။ ထို့ကြောင့် သည်းမခံနိုင်တော့သည့် အဆုံး ဇယ်လီက

"ဒီပညာကို ကျွန်မရထားတယ်၊ အခု ဘာလုပ်ရမှာလဲသာပြော"

"ဟင်"

"ဟာ"

"ဟုတ်လား"

Zombie များ၏ အံ့ဩမှုများကြား ယခုမှ ကျွန်မလည်း မှတ်မိသွားသည်။ ဒွန်ခွန်လည်း ထိုအတိုင်းပင် ဖြစ်လိမ့်မည်ဟု ထင်ပါသည်။ မြူဇီက ဇယ်လီအနားသို့ကပ်ပြီး ခပ်တိုးတိုးလေး ပြောလိုက်သည်။ ထို့နောက် ထိတ်တုံး အားဖွင့်ပြီး တံခါးကို ဟ, လိုက်လေရာ

"ဝှစ် မြစ် ဘူ"

"ဟာ မြန်လိုက်တာ ဇယ်လီရဲ့ကျင့်အား ကောင်းလာပုံများ အီးအသံတောင် လှစ်လှစ်ကလေး ကျန်ခဲ့တာပဲ၊ ဒါ အသံထက်မြန်တယ် ဆိုတဲ့သဘောလား မသိဘူး"

ကျွန်မ သူ့ကို မချီးကျူးဘဲ မနေနိုင်ပါ။ သို့သော် နေနိုင်အောင်နေခဲ့ပါသည်။ ယခုမှသာ မြူဇီ သက်ပြင်းချနိုင်တော့သည်။ ဆက်ပြီး Zombie တပ်ဖွဲ့ဘက်သို့

"ကဲ ကဲ ခုလောက်ဆို မကြာမီအတွင်း အေးဆေးကလေးမွေးတော့မယ်ဆိုတာ ခန့်မှန်းလို့ရလောက်ပါပြီ၊ Zombie Mudder ရဲ့ ကိုယ်လွတ်ရုန်းကျင့်စဉ် ဘယ်လောက်ကောင်းကောင်း သူ့ထက်သူ လူစွမ်းကောင်း စိတ်ပျောက်နာမ်ခွာအာပလာကျင့်စဉ်ရဲ့အောက်မှာ လေးဘက်ထောက်ပြီး ကျရောက်တော့မှာပါ"

"ဝိုး ဝှစ် ဝှစ်"

လှစ်ခနဲ ပြန်ရောက်လာသည့် ဇယ်လီ။

"မြူဇီရှင့် Zombie Mudder ကို Zombie ဌာနရဲ့ အကျော်ကြားဆုံး သံခုနစ်ဖြာ အုတ်နှစ်ချပ်စခန်းမှာ ထောင်ပိတ်အကျဉ်းသား တစ်ယောက်အဖြစ် ပို့ဆောင်ပေးလိုက်ပါပြီ"

"ဟေး ဝေး ကွိစိကွစ ဟဟာဟ"

"ဖြောင်းဖြောင်းဖြောင်း"

အူမြူးသံ လက်ခုပ်သံများ ဆူညံသွားသည်။

"ဟ ဇယ်လီ နင် တော်တော်တိုးတက်နေရောပဲ"

ဒွန်ခွန်၏ အံ့ဩသံအဆုံး

ကျွန်မ၏ ၇၄း

"အေးဟာ ငါဖြင့် ယုံတောင်မယုံနိုင်ဘူး အဟီး"

ကျွန်မက အချင်းချင်းမြှောက်ပေးလိုက်သည်။

"အေးလေ ဒါကို နင်ဒီလောက် ကျွမ်းကျင်လိမ့်မယ်လို့ တစ်သက်လုံး ထင်ကိုမထင်ရက်တာ"

ဒွန်ခွန်၏ စပ်ဖြီးဖြီးသံရဲ့နောက်

"ကဲ ခုလို Zombie Mudder ကိုဖမ်းပေးတဲ့ မင်းတို့ သုံးယောက် Groupကို အရမ်းလေးစားပါတယ်၊ နောက် ကျေးဇူးလည်းတင်တယ်၊ ဒီတော့"

"ဒီတော့ ဘာဖြစ်လဲမြူဇီ"

ကျွန်မတို့အားလုံး တက်ညီလက်ညီ မေးလိုက်ကြသည်။

"ဒီတော့ ကိုယ်ပျောက်ခေါင်းတစ်ကောင်ရဲ့ စိန်ခိုးမှုအမှုကို ဆက်လက်ဖော်ထုတ်ပေးဖို့"

"တော်ပါပြီ မြူဇီ"

ကျွန်မတို့အားလုံးရဲ့ တက်ညီလက်ညီ စည်းလုံးသံကြောင့် မြူဇီ ဘာမှ စကားမဆက်တော့ပေ။ ဒီလိုနည်းနှင့် စည်းရုံးမရဟု မြူဇီသိသွားပါသည်။ ထို့နောက်မှ


"ကဲ Zombie Lady သုံးယောက်ရေ မနက်ဖြန်မှာ မင်းတို့အတွက် Zombie ဌာနရဲ့ ဂုဏ်ပြုညည့်ခံပွဲကိုတော့ ဆက်ဆက်ကြွခဲ့ဖို့ ဖိတ်ခေါ်ပါတယ်၊ ဒါ Zombie ဌာနရဲ့ ပထမဦးဆုံး အောင်မြင်မှု အထိမ်းအမှတ်ပေါ့ကွာ၊ ဆက်ဆက်လာခဲ့ကြနော်၊ ကဲ မင်းတို့ လုပ်စရာရှိတာ လုပ်ကြတော့၊ ခု တို့သွားပြီနော်"

ခဏချင်းပင် မြန်မှုမြန်၊ အလျှိုလျှိုမရှိတော့ချေ။ အားလုံးလည်း ပြီးသွားပြီဖြစ်သည်။ နေဝန်းလည်း စတင်ထွက်ခွာလာချေပြီ။ ကျွန်မတို့အားလုံးလည်း အနားယူသင့်နေပြီဟု ဆုံးဖြတ်လိုက်ကြပြီး နောက် ကျွန်မတို့နေထိုင်ရာ သချိုင်း(ဟုတ်ပေါင်)အခန်းသို့ ဝရုန်းသုန်းကားနှင့် ပြေးကြသည်မှာ တကယ့်ကို ဝရုန်းသုန်းကားနှင့် အူလျားဖားလျား အမောတကော ဟောဟဲဟောဟဲ။ ဇယ်လီကတော့ ထုံးစံအတိုင်း ပထမဦးဆုံးပင် ရောက်ပါလိမ့်မည်။

■ ဂျွန်းဂျွန်းသ

# ခုန်မှင်ရယ်..ယုန်ခင်တယ်

## လူရှိန်အောင်





# ဦး၇၉ ဟာသပျော်

## ခုနှစ်ရယ်..လုနှခင်တယ်

ရွှေပန်းတောရွာကလေးသည်. . .

ကွေ့ကောက်လိမ်ဖယ်သော ချောင်းကလေး၏နံဘေးတွင် တစောင်းကလေး တည်ရှိပါတယ်။

အဲဒီရွာကလေးမှာပေါ့။

× × ×

“သာဒင်ကို ဘာထင်လဲကွ၊ နာချင်တဲ့ကောင်တွေ စာမတင်နဲ့ ဝင်လာခဲ့စမ်း”

ငြိမ်။ အားလုံးငြိမ်။ လူမဆိုထားနှင့်၊ ခွေးလဲမဟောင်ရဲ။ ကြောင်လဲမညောင်ရဲ။ အမြီးကုပ်။ နားရွက်ကုတ်ပြီး ကြုံတဲ့နေရာမှာ ကြုံသလိုဝပ်နေရတာ။

သူရာကလေးဝင်ရင် အမူအယာတွေ ပြောင်းတတ်တဲ့ သာဒင့်မှာ ဓားမြောင်တစ်ချောင်း အဲဟားကပ်ပါနေတာ။ ဂယောင်ဓားမြောင်တော့ ဟုတ်ဘူး။ ရာဇဝင်နဲ့။ ဓားအိမ်ကချွတ်ပြီးရင် သွေးသောက်ပြီးမှ ပြန်သွင်းလို့ရတာ။ ရာဇဝင်ဓား။

ဒါကြောင့်၊ ပတ်ပွေးပြီး စိန်ခေါ်နေတဲ့ သာဒင်ရဲ့၊ဇ၊ ဓားမြောင်ရဲ့ ရာဇဝင်ကိုသိလို့ တစ်ယောက်မှ တုတ်တုတ်မလှုပ်ကြဘူး။ မျက်လုံးဘလိုင်းချင်ယောင်ဆောင်၊ နားပင်းချင်ယောင်ဆောင်ထားလိုက်ကြတာ။

ကြာတော့။ သာဒင်တင်းလာတယ်။ လျှာခေါက်လာတယ်။ တစ်ယောက်မှ ထွက်မလာကြတာ။ ပြိုင်ဘက်ကမရှိတော့ စိန်ခေါ်ရတာ ဖီး(လ်)

ငုံ့တာပေါ့။ တင်းသထက်တင်းလာတဲ့သာဒင်ဟာ ခါးကြားကဓားမြောင်ကို ဆွဲထုတ်လိုက်တယ်။

ဓားသွားက နေရောင်မှာလက်ခနဲ၊ လူတွေ ထိတ်ခနဲဖြစ်သွားတယ်။

"ယောက်ျားတွေ ကျွတ်ဆင်ဖြစ်ရင် မိန်းမတွေထွက်ခဲ့၊ ဝမ်းဘိုင်ဝမ်း ဆွဲလို့ရတယ်၊ ကြာလို့ကွာ"

ပြောပြီးပြီနော်။ သာဒင်ရဲ့ဓားမြောင်မှာ ရာဇဝင်နဲ့ပါဆို။

"ဟိုင်းယား"

သာဒင်ရဲ့ ဝမ်းခေါင်းသံကြီး။ ကြောက်ဖို့ကောင်းပ။

"ကိန်"

ခွေးတစ်ကောင်ရဲ့အော်သံ။ ကြာရင် သာဒင့်လက်ချက်နဲ့ ရွာမှာရှိတဲ့ ခွေးတွေ ကြောင်တွေ မျိုးပြုတ်ကုန်တော့မှာ။

× × ×

"ဒူ ဟူ ဟူ"

နေ့ခင်းကြောင်တောင်ကြီးမှာ အူခနဲထွက်ပေါ်လာတဲ့ မောင်းထုသံကြီးကြောင့် သူကြီးမင်းရဲ့ရင်ထဲမှာ ပူခနဲ။ အိပ်ရာမှ ငေါက်ခနဲထထိုင်ကာ

"ဟဲ့ ချက်ဖောင်း ချက်ဖောင်း"

ဘာဆိုဘာမှမကြာပါဘူး။ ဆယ်အိမ်ခေါင်းချက်ဖောင်း ငေါက်ခနဲရောက်လာကာ

"အမိန့်ရှိပါ သူကြီး"

"နေ့ခင်းကြောင်တောင်ကြီးဟယ်၊ ဘယ်မိမဆုံးမ ဖမဆုံးမသားသမီးက လက်အငြိမ်မနေနိုင် ခြေအငြိမ်မနေနိုင်နဲ့ မောင်းကို လာကညော့နေရတာလဲဟဲ့"

"ဟို ဟိုလေ သူကြီး"

ချက်ဖောင်း ပက်ခနဲမပြောရဲ။ ဘာကို ကျွတ်ကြဲနေတာလဲမသိ။

"ဟဲ့ ငါသူကြီးမင်းက မေးနေတာလေ၊ ဘာလို့ နင့်အပေါက်ကို ခုံဖိနပ်နဲ့ ဆို့ထားရတာလဲဟဲ့"

ချက်ဖောင်းက အသံတုန်တုန်လေးဖြင့်

"ခင် ခင် ခင်မှုန်"

"ဘာရယ် ငါ့သမီးခင်မှုန်"

"ဟုတ်"

ဝက်ခြံညှစ်သလောက်တောင် မကြာပါဘူး။ လှချက်ချောချက်က အယ်ထွက်နေသော သူကြီးသမီးခင်မှုန် ရောက်လာတယ်။ လှသောမျက်နှာလေးက ကာလာမကောင်း။ သုန်မှုန်နေတာ။

"မေ့"

"အပျင်းပြေလက်ကညော့ဖို့ ရှိုးပြထားတဲ့ အာပလာမောင်းမဟုတ်ဘူးလေ မီးလေးရဲ့၊ အကြောင်းပြချက်မရှိဘဲထုရင် အပြစ်က ဟဲဖီးကြီးဆိုတာသိတယ်နော်"

"ဟုတ် မေ့"

"ဘာလို့ထုရတာလဲ"

သမီးကညာအရင်းခေါက်ခေါက်ဆိုပေမယ့် တာဝန်နဲ့ပတ်သက်လာရင် အသဲပေါက်မတတ် လေးစားတာ တစ်ရွာလုံးအသိ။

"မေ့ကို မီးကတိုင်ချက်ဖွင့်တာ"

"တိုင်ချက်ဖွင့်တာ"

ခင်မှုန်က မျက်နှာလှလှလေးကို ငိုမဲ့ငိုမဲ့လုပ်ကာ

"တာပေတူးကောင်သာဒင့်ကို အရေးယူပေး"

"သာဒင်က မီးလေးကို ဘာလုပ်လဲကွဲ့"

ခါးကြားတွင်လိပ်ထားသော စာရွက်ကိုထုတ်ကာ

"ရည်းစားစာပေးတာ"

သမီးချော အလှပဂေးကိုကြည့်ကာ သူကြီးမင်းရယ်၏။

"မီးလေးက ရွာမှာအလှဆုံးလေ၊ လူပျိုက အပျိုကို ရည်းစားစာပေးတာ ရိုးရာပဲလေ မီးလေးရဲ့၊ အဲဒါကို အရေးယူရင် ဘယ်တရားပဲ့မလဲ"

ခင်မှုန် ခြေဆောင့်ကာ

"ရိုးရိုးပေးတာ မဟုတ်ဘူးမေ့ရဲ့"

"ဘယ်လိုပေးတာလဲ"

မြင့်မြင့် စာပေ
ထ. တပင်အနောက်
လှည်းတန်း၊ ကမာရွတ်

"မီးကိုပြတယ်၊ သူပေးတဲ့စာကို မယူရင် ထုတ်လိုက်မယ်တဲ့"

"ဘာ ပြစမ်း အဲဒီစာ"

သူကြီးမင်း စာကိုယူဖတ်လိုက်တယ်။ ဟောသလိုရေးထားတာ။

"ခုန်မှင်ရယ် ဖုန်တင်တော့ ယုန်ခင်တယ်"

တိုတိုလေးရယ်။ ရည်းစားစာက တစ်မျိုးကြီး။ သူကြီးမင်း နားမလည်ဘူး။ ခေါင်းကို ပြင်းပြင်းကုတ်ကာ

"ချက်ဖောင်း"

"အမိန့်ရှိပါ သူကြီးမင်း"

"အပေအတေကောင် သာဒင်ကို မတွေ့တွေ့အောင် ရှာခေါ်လာခဲ့၊ လိုအပ်ရင် အင်အားသုံး၊ ငါသူကြီးအမိန့်"

"ဟုတ်"

ချက်ဖောင်းသုတ်လေပြီ။

× × ×

ဘာညာသာရကာ တစ်ဆက်ရှင်စာတောင် မကြာပါဘူး။ သာဒင်ပါလာတယ်။ မခုတ်တတ်တဲ့ကြောင်ကလေးလို ပေကြောင်ပေကြောင် မျက်နှာပေးလေးနဲ့။

"မေဝိုင်းသူကြီး သားကိုခေါ်တယ်ဆို၊ သားဘာလုပ်ပေးရမှာလဲ၊ နင်းပေးရမှာလား၊ နှိပ်ပေးရမှာလား ပြောနော် မေဝိုင်း၊ အားမနာကြေး"

ရောက်ရောက်ချင်း အရှူးကွက်ကိုဖမ်းနင်းတာ။ ခင်မှုန်က သာဒင်ကို မျက်စောင်းနန်းစတော့ပ်ထိုးကာ ပွစိပွစိနှင့် မေတ္တာပို့နေ၏။

သူကြီးမဒေါ်ဝိုင်းစိန်က ကလေးအထာလုပ်နေသော သာဒင်အား

"ဖြောင်း"

"အမလေးဗျ"

နားရင်းကို ဖြတ်အုပ်ထည့်လိုက်တာ။ သာဒင်ယိုင်ထွက်သွားတယ်။ သူကြီးမဒေါ်ဝိုင်းစိန်က ခါးကိုထောက်ကာ

"ဟဲ့ သာဒင်"

"ဗျာ. . လို့"

# ၁၅ ကျော်ပြော

"နင်တို့ထက် အဆတစ်ရာမိုက်လို့ ရွှေပန်းတွေပေါတဲ့ ဟောဒီရွှေပန်းတောရွာမှာ သူကြီးလုပ်စားနေတဲ့ဝိုင်းစိန်၊ သူကြီးဝိုင်းစိန်ဟဲ့၊ ပေါက်တယ်နော် ဟွင်း ဟွင်း"

ဟုတ်တယ်။ ခေတ်ကာလက အကြောင်းကောင်းတာမဟုတ်ဘူး။ အင်းဂလိတ်အဆင်း၊ ဂျပန်အတက်မှာ ငပုဂျပန်တွေက သိပ်စိတ်ရှည်တာမဟုတ်ဘူး။ မြင်မြင်သမျှကိုပြင်းတာ။ သူကြီးတွေသေတယ်။ လင်သူကြီးသေတော့ ဒေါ်ဝိုင်းစိန် သူကြီးမ ဖြစ်လာတယ်။ ရွာထဲမှာစွာကဲလုပ်နေကြတဲ့အားကောင်းမောင်းသန် ကျွက်ကျွက်လန်တွေက သူကြီးလုပ်ရမှာ ကျွတ်ကြနေတာလေ။

အခြေအနေမဟန်တဲ့ ဂျပန်တွေ ပြေးတာကြာပြီ။ ရွှေပန်းတွေပေါတဲ့ ရွှေပန်းတောရွာမှာ ဒေါ်ဝိုင်းစိန်က သူကြီးမ။ မိုက်သလားမမေးနဲ့။ ဟိတ်ဆို ဟောင်နေတဲ့ ခွေးတောင်တိတ်တာ။

"သူကြီးရဲ့ဇကို ကျွန်တော်သိတာပေါ့၊ ရွာလုံးကျွတ်ကိုသိတာ၊ ဓားပြငါးယောက်နဲ့ ဖိုက်တာလေ၊ ပွဲလဲပြီးရော ဓားပြကောင်တွေ ပျော့ဖတ်နေတာပဲ၊ မေဝိုင်းသူကြီးက ပန်းတောင်မကြွေဘူး၊ အဟီး"

ပေါ်တင်ကို ဖားတာ။

"တော် တိတ်"

"အု ဖလု"

"နင်က ငါ့သမီးလေးကို ခြိမ်းခြောက်တယ်ဆို"

"ဗျာ ဟုတ်ပဲနဲ့"

"ပြတယ်တဲ့၊ နင်ပေးတဲ့စာကိုမယူရင် ထုတ်လိုက်မယ်ဆို"

သာဒင်က မျက်ကလဲဆန်ပြာဖြင့်

"မှန်"

ခင်မှန်က စားမတတ်ဝါးမတတ် ဘုရှုံ့ရှုံ့ကာ

"ဘာတုန်း ကျက်သတုံးရဲ့"

"မှန်ရယ် ငါ့ကို အမှုကြီးအောင် အရောက်မပို့ပါနဲ့ဟာ၊ နင့်ကို ငါ ကဘာပြမိလို့လဲဟာ၊ ထုတ်ဖို့ဆိုတာဝေးရော"

# ၁၉

မျက်နှာခွက် အငယ်လေးနဲ့ အယူခံဝင်တာ။ ခင်မှုန်က နှုတ်ခမ်းလှုလှုလေးကိုထော်ကာ

"နင့်စားမြောင်ကို ပုတ်ပြတယ်လေ၊ စာကိုမယူရင် ဒေးကိုထုတ်လိုက်မှာတဲ့၊ သူစားကထုတ်ပြီးရင် သွေးသောက်ပြီးမှ ပြန်သွင်းလို့ရတာတဲ့၊ အနားမှာ ခွေးမရှိ ကြောင်မရှိဆိုတော့ မီးလဲကြောက်တာနဲ့ ယူလိုက်ရတာပေါ့ အပဟင့်"

သူကြီးမ ဒေါ်ဝိုင်းစိန်က သာဒင့်ကို ဘီလူးကြည့်ကြည့်ကာ

"ငါ့သမီးကို စားပြပြီးခြိမ်းခြောက်တယ်ပေါ့"

သာဒင်က ပလီပလာမျက်နှာဖြင့်

"ကြက်သွန်လှီးတဲ့စားလေးပါ"

"စားပြခြိမ်းခြောက်မှုကတစ်မှု၊ နောက်တစ်မှုက"

သာဒင် နားကားသွားတယ်။

"ဗျာ နောက်မှုကျန်သေးတယ်၊ ဘုရား ဘုရား"

သူကြီးမ ဒေါ်ဝိုင်းစိန်က စာရွက်ကိုဖြန့်ကာ

"ဒါ ဘာစာလဲ"

"ရည်းစားစာလေ အဟီး"

"ဖတ်ပြစမ်း၊ ငါတောင် နားမလည်တာ ငါ့သမီးဆိုဝေးရော"

မသာမျက်နှာလိုပေါ့။ သာဒင့်မျက်နှာဟာ ဖွေးခနဲ။ သွေးပျက်နေတာ။

"ခုန်မှင်ရယ် ဖုန်တင်တော့ ယုန်ခင်တယ်လို့ အဟီး"

သူကြီးမက သာဒင့်နားရွက်ကိုဆွဲလိမ်ကာ

"လူနားလည်အောင် လူလိုဘာသာပြန်လေနွားရဲ့"

သာဒင် ဘာသာပြန်ရမှာ ဝန်လေးနေတာ။ ချွေးတွေစို့လို့။

"ခုန်မှင်ဆိုတော့ ခင်မှုန်ပေါ့"

စကားလိမ်နဲ့ ရေးထားတာကိုး။

"ဟုတ်ပြီ၊ ဆက်ပြော"

"ဖုန် အဲ ဖုန်"

ဖုန်မှာ သာဒင်အသံတွေ တုန်နေတယ်။ မျက်နှာငယ်လေးနဲ့ပေါ့။

ဘယ်လိုပြောရမလဲ။ ပြောမထွက်ဘူးပေါ့။

“ယုန်ခင်တော့ ရင်ခုန်တာပေါ့နော့၊ အောင်မလေးဗျ”

သူကြီးမက လက်သွက်သလားမမေးနဲ့။ နားရင်းဖြတ်အုပ်ထည့်လိုက်တာ။ သာဒင် ခါထွက်သွားတယ်။

“အလယ်ကစာလုံးကို ဘာလို့ကျော်ခွသွားတာလဲ နွားရဲ့”

“ဖုန် ဖုန်တင်တော့ အဲ ဘာလဲဆိုတော့”

မပြောဘူး အသေသတ် ဆိုသလိုပေါ့။ အဖြေက ထွက်ကိုမလာတာ။ ဒါပေမယ့်ပေါ့ အရောင်ထွက်နေတဲ့ သာဒင့်ရဲ့မျက်လုံးတွေက အလှပဂေးလေး ခင်မှုန်ရဲ့ နောက်ပိုင်းအလှတွေဆီမှာ အာရုံကျနေတာ။ အပျိုဖြန်းလေး ခင်မှုန် ရှက်တယ်ထင်ပ။

ပြူးတူးယှဉ်ယှဉ်နေတာ
ခင်မှုန်မဟုတ်ဘူး။
ခင်မှုန့်အစ်ကို
အရင်းခေါက်ခေါက်ကြီး
စံကွန့်။
နှုတ်ခမ်းမွေးကားကား
ဗလတောင့်တောင့်နဲ့
အခြောက်ကြီး

အိမ်ထဲပြေးဝင်သွားတာ။ တုန်တုန် တုန်တုန်နဲ့။ အံမာ။ မခန့်တာနော်။ သာဒင်ငတိက တံတွေးကို ဂလုခနဲ မြိုချလိုက်တာ။

တစ်ရွာလုံးထက် တတ်လို့ နပ်လို့ သူကြီးလုပ်စားနေတာလေ။ ထင်သလောက် မပိန်းပါဘူး။ ပါးပါးလေး။

“သာဒင်”

“ဗျာ. . လို့”

“ရွာမှာငါမရှိရင် ပတ်ပွေးတယ်၊ စိန်ခေါ်တယ်၊ သွေးသောက်ဓားနဲ့ ခွေးတွေကြောင်တွေကို မျိုးဖြုတ်တယ်၊ ဓား,ပြပြီး ငါ့သမီးကိုစာပေးတယ်၊ နောက်ပြီး ငါ့သမီးလေး ဖုန်တင်တာကို ကြည့်ကြည့်ပြီးတော့”

“ရင်ခုန်ရုံလေးပါ”

“ချက်ဖောင်း”

“ဗျာ သူကြီးအမိန့်ရှိပါ”

“အပေအတေကောင်ကို ထိတ်တုံးခတ်ထားလိုက်”

ဖုန်တင်မှုပေါ့။ သာဒင်ဘဝက ထိတ်တုံးထဲကိုရောက်ရော။

# ၁၄

ထိတ်တုံးစံဘဝဆိုပေမယ့် သာဒင်ရဲ့ဘဝက ထင်သလောက်မခါးပါဘူး။ အနားမှာပြုစုမယ့်လူက လယ်ဒီရှိနေတာလေ။ (၂၄)နာရီ ဝန်ဆောင်မှုပေးနေတာ။

"ထောပတ်ထမင်းနဲ့ ကြက်ပေါင်ကလေး စားလိုက်ပါလားကွယ်"

"စားဘူးဟာ"

"ဖာလူဒါလေး သောက်လိုက်နော်. . လို့"

"သောက်ဘူးဟာ"

"ဒါဆို. . စီးကရက်လေးဖွာလိုက်. . အဟင့်"

"ဖွာဘူးဟာ"

ကြာတော့ သာဒင်ငိုချင်လာတယ်။ ပြုစုယုယနေတာ ခင်မှုန်မဟုတ်ဘူး။ ခင်မှုန့်အစ်ကိုအရင်းခေါက်ခေါက်ကြီး စံကွန့်။ နှုတ်ခမ်းမွေးကားကား၊ ဗလတောင့်တောင့်နဲ့ အခြောက်ကြီး။

ရုပ်ကြမ်းကြီးနဲ့ ကပ်နွဲ့နေတော့ သာဒင်အန်ချင်လာတယ်။ မိန်းမစိတ်ပေါက်နေတဲ့ စံကွန့်က မိတ်ကပ်ကို ထူလပျစ်လိမ်း၊ နှုတ်ခမ်းနီကို ရဲပတောင်းခတ်အောင် ဆိုးထားတယ်။ ငါးကျပ်သားလောက်ရှိတဲ့ ဆွဲကြိုးအပြားကြီးက ရင်ဘတ်မှာ လက်လက်လက်လက်နဲ့။

"ဒင့်"

သာဒင်ရဲ့နာမည်ကို အဖျားဆွတ်ပြီး ပလီတာ။ ဒင့်တဲ့။ သာဒင့်ရင်ထဲမှာ နင့်ခနဲ။ စံကွန့်ကြီးက အကြင်နာမျက်လုံးအရွဲကြီးတွေနဲ့ စိုက်ကြည့်ကာ

"ကြည့်၊ တို့လဲ ဖုန်တင်ပါတယ်ဟဲ့၊ ဒန် ဒန့် ဒန့် ဒန်"

အယ်စတုန်ထနေတဲ့ သူ့ဖုန်ကြီးကို တင်ပြတာ။ တုန်တုန်တုန်တုန်နဲ့၊ သာဒင် မျက်လုံးကိုပိတ်ထားတယ်။ မျက်လုံးကိုဖွင့်လိုက်တော့

"အား"

သာဒင် အသံပြကြီးနဲ့ အော်တာ။ ရဲပတောင်းခတ်နေတဲ့ စံကွန့်ရဲ့ နှုတ်ခမ်းထော်ထော်ကြီးက သူ့မျက်နှာဆီ ပြေးလာတာကိုး။

"အာဘွား"တဲ့။

သူကြီးမနဲ့ ချက်ဖောင်း အပြေးရောက်လာတယ်။ သူကြီးမက

# ခန်း ၁၄

"ဟဲ့ ဘာဖြစ်တာတုန်း"

ထိတ်တုံးထဲတွင် ဘဝပျက်ကာနီးသာဒင်က ငိုကြီးချက်မဖြင့်

"သေဒဏ်ပေးရင်လဲပေးဗျာ၊ အယူခံမဝင်တော့ဘူး၊ သူကြီးသား အခြောက်ကြီးလက်ချက်နဲ့ ကျွန်တော့်ဘဝ ရေတိမ်နစ်တော့မှာဗျ၊ အဟင့်"

× × ×

ဘောင်းဘီဝတ်တွေ ရွာထဲဝင်လာတာနဲ့ ရွာသားတွေရဲ့ဘဝက အကြောင်းမညီညွတ်ချင်တော့ဘူး။ သူတို့လိုချင်တာကို မငြိုငြင်နဲ့။ ငိုချင်သလို လို ဇာတ်ကို ကိုယ့်စရိတ်နဲ့ကိုယ်ခင်းရမှာ။

ပုလိပ်အင်စပက်တော်ဦးဆောင်တဲ့ ပုလိပ်အဖွဲ့ဟာ ရွာထဲကို ဝင်လာပါပြီ။ ရုပ်တည်ကြီးတွေနဲ့ပေါ့။

ပြူးပြူး ထူးဟဲမျက်နှာပေးကြီးတွေနဲ့ ရွှေပန်းတောရွာကလေးကို ဟောက်စားလုပ်တော့မှာ။ ပုလိပ်ကျင့် ပုလိပ်ကြံဖော်မြူလာအတိုင်းပေါ့။

ရေတွင်းနီးနီး။ အိမ်ကြီးကြီး။ သမီးချောလည်း ရှိရမည်ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ သူကြီးအိမ်မှာတည်းပါတယ်။ အင်စပက်တော်စံနက်ကျော်ဟာ ပုလိပ်လုပ်စားနေပေမယ့် ရုပ်က မာတ်ရှင်မင်းသားရုပ်။ ဇာတ်မင်းသားရုပ်။

စော်တွေကြွေတဲ့ရုပ်။ စံနက်ကျော်ဟာ ကေကိုကော့နေအောင် လှန်ခုတ်ထားတယ်။ လည်ပင်းမှာ မာဖလာနဲ့။ ဘလေဇာကုတ်။ ဗန်ကောက်ပုဆိုးကို ခါးပတ်ပတ်လို့။ ဝေါခနဲရှူးနဲ့ တုတ်ကောက်နဲ့ဆိုတော့ စမတ်ကိုဂွမ်နေတာ။

စော်ကြည်ဘဲ ဆိုပါတော့။ ရွာကယောကျ်ားတွေကို လူထီးလို့မထင်တဲ့ ခင်မှုန်ဟာ စံနက်ကျော်ကိုမြင်ရင် အရမ်းရင်ခုန်တာ။ ခင်မှုန်ဟာ အင်စပက်တော်စံနက်ကျော်ကိုကြိတ်ပြီး ကြွေဆင်ဖြစ်နေတာ။

စံနက်ကျော် ရွာကိုရောက်တိုင်း ပြာလောင်ကိုခတ်လို့။ စင်ပေါ်က လူ ခွေးမကြောက်ဟူသောအထာကြီးဖြင့် စံနက်ကျော်က

"သူကြီး"

"ရှင် အင်စပက်တော်"

သူကြီးခမျာ ပျာနေတာ။

"အင်အား(၁၂)ယောက်ပါတယ်၊ ခင်ဗျားတို့ထင်ထားတာထက်ကို

စားနိုင်သောက်နိုင်တယ်၊ ရွာမှာ ပျော်သလောက်နေမယ်၊ အားလုံးစီစဉ်ပေး၊ ညကျရင်”

“မိန့်ပါ အင်စပက်တော်”

စံနက်ကျော်က လက်ကုန်လှနေသော ခင်မှုန့်ကို ခေါ်တောကြည့်ကြည့်ကာ

“ပျင်းစရာကြီး၊ တီးဝိုင်းလေး ဘာလေး စီစဉ်ပေး”

သူကြီးမ ဒေါ်ဝိုင်းစိန် ခေါင်းညိတ်နေတာ။ ပုတ်သင်ညိုတောင် စိတ်လေရတယ်။

“စိတ်ချပါ အင်စပက်တော်”

အဲဒီမှာပဲပေါ့။

“တယ်ရင်း”

“အွန်”

စံနက်ကျော် နင်ကိုသွားတာ။ သူ့ကို တယ်ရင်း(သူငယ်ချင်း)လို့ ခေါ်လိုက်တာ သာဒင်လေ။ သာဒင်ရဲ့စိတ်ထဲမှာ ပုလိပ်ဆိုတာကြီးကို ခေါင်းထဲထည့်တာမဟုတ်။ သူကြီးမ ရင်ထဲမကောင်း။ သာဒင်မွှေပြန်ပြီပေါ့။

“ပြောတာတွေ အကုန်ရတယ်ဆိုပြီး ဩဇာတွေပေးနေတာလား တယ်ရင်း”

စံနက်ကျော် ဘာပြောလို့ပြောရမှန်းမသိ။ အကြောက်အလန့်မရှိ အကြောတင်းနေသော သာဒင့်ကိုငေးလို့။

“တယ်ရင်းတို့က လစာမရဘူးလား၊ ရိက္ခာမရဘူးလား၊ တယ်ရင်းတို့အတွက် ဘာမှမဆိုင်တဲ့ ရွာက စီစဉ်ပေးရမယ်၊ နည်းနည်းတော့ များနေပြီထင်တယ်”

သာဒင်ရဲ့ပြောချက်တွေက ဒဲ့မှန်နေတာလေ။ စံနက်ကျော် မျက်နှာကြီးကိုမဲ့လို့။

“ဟော့ကောင် မင်း မင်း”

သာဒင်က ရင်မခုန်တာ။ ပခုံးကိုတွန့်ကာ

“ပျော်သလောက်နေရအောင်၊ တယ်ရင်းတို့က ပျော်ပွဲစားထွက်လာ

တာလား အပေါး တို့ရွာမှာ ပဒေသာပင် မရှိဘူးဟ၊ တိုင်ပတ်နေကြတာ”

စွတ်စက်ကိုပြောတာ။ ဒေါသတို့ဖြင့် အတင်းဇယားဖြစ်နေသော စံနက်ကျော်က

“သူကြီး”

“အင်စပက်တာ”

“ပုလိပ်စိတ်ညစ်နေပြီနော်၊ ဟွင်း ဟွင်း”

သူကြီးမက သာဒင့်နားရွက်ကိုဆွဲကာ ခြံအပြင်သို့ ခေါ်ထုတ်လာတယ်။

“ပုလိပ် စိတ်ညစ်နေပြီဟဲ့ နွားရဲ့”

“အဲဒီတော့ အောင်မလေးဗျ”

သူကြီးမက သာဒင့်ကို ဆောင့်ကန်ထုတ်လိုက်တာ။ သာဒင်ပြေးပြီ။ သူကြီးမ ခြံထဲဝင်လာတယ်။ အင်စပက်တော်စံနက်ကျော်ကို မျက်နှာချိုသွေးကာ

“တာပေတူးလေးပါ အင်စပက်တာရယ်၊ စိတ်ထဲမထားပါနဲ့”

စံနက်ကျော်က နှုတ်ခမ်းကြီးကို လမ်းပေါ်ရောက်အောင် လှမ်းထော် ကာ

“တာပေတူးက ဒီလိုစကားတွေ ပြောမလား”

“ခွင့်လွှတ်ပါ အင်စပက်တာရယ်၊ အဲဒီနွားလေးက ကျွန်မရွာသားလေ၊ ကျွန်မ သူကြီးမ,မှာ တာဝန်ရှိပါတယ်၊ အင်စပက်တာတို့ လိုအပ်တာ မှန်သမျှ စီစဉ်ပေးပါ့မယ်”

ပြောင်းဆန်အောင် တောင်းပန်ပေမယ့် ခေါင်းထောင်မာန်တက်နေတဲ့ စံနက်ကျော်က ဘီလူးကြိမ်းကြိမ်းသံကြီးဖြင့်

“တာဝန်ဝတ္တရား နှောင့်ယှက်မှုနဲ့ ထောင်ချပစ်မယ်”

ပြောလေကဲလေ။ မန်းလေပြဲလေ ဖြစ်နေတာ။ သူကြီးမ,က

“အဲဒီလိုဇွတ်လုပ်ရင် အင်စပက်တာ မှားသွားမှာပေါ့”

“ဘာကြောင့်”

“သာဒင်ဟာ ရွာဦးကျောင်းဆရာတော်ရဲ့တူ၊ သီလသမာဓိနဲ့ပြည့်စုံ

တဲ့ ဆရာတော်ကြီးကို မြို့က အရာရှိကြီးကြီးတွေ ကိုးကွယ်ကြတာ၊ နောက်ပြီး သာဒင်ပြောတဲ့ စကားတွေဟာလဲ”

အမှန်တွေလို့ ပြောချင်တာ။ ဒါပေမယ့် သူကြီးမ,မပြောရဲ။ ပုလိပ်ကျင့်ပုလိပ်ကြံကြံရင် မလွယ်ဘူးလေ။ ခင်မှုန်မနေသာတော့။ မျက်နက်ဝန်းလေး ထောင့်ကပ်၊ မူလဂျီ၊ သွန်ဂျီဟန်လေးဖြင့်

“ခင်မှုန် တောင်းပန်ပါတယ်နော်၊ နော်လို့”

အင်စပက်တာ မမာတော့ဘူး။ ပျော့ခွေသွားတာ။

× × ×

ကန်ပတ်လည် ခရေရိပ်။ ရွာထိပ်က ကျောင်းတော်သာ နံဘေးဝယ်။ ခင်မှုန် ခရေပန်းကောက်နေပါတယ်။ တစ်ယောက်တည်းရယ်။

“ဟိတ်”

“အမလေး”

ခင်မှုန် ရင်ခုန်သွားတယ်။

“ကျက်သတုံး ငါ့ကိုလန့်ပြီးသေအောင် လုပ်နေတာလား”

သာဒင်လေ။ လက်ထဲမှာ ခရေကုံးလေးတွေနဲ့။

“နင်ပန်ဖို့ ငါကောက်ပြီးသီပေးထားတာမှုန်ရဲ့ ရော့”

ခင်မှုန်က နှုတ်ခမ်းကိုစူကာ

“ပန်စရာလားဟဲ့”

ခင်မှုန်ပြုံငြင်မှာကို သာဒင် မလိုလားပါဘူး။ ခရေကုံးလေးတွေကို သစ်ကိုင်းတွင်ချိတ်လိုက်တယ်။ မျက်နှာအိုကြီးဖြင့်

“မှုန် နင်နဲ့ဟိုပုလိပ်ကောင် ကြိုက်နေပြီဆို”

“နင့်အပူလား၊ နေတတ်သလို နေစမ်းပါဟာ”

သာဒင့်ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားတာ။ ရာမဇာတ်တော်ထဲက အချစ်ရှုံးသမားကြီး ဒသဂီရိစတိုင်လ်ဖြင့်

“ငါ့ကို ဘာလို့မချစ်နိုင်ရတာလဲ မှုန်ရယ်”

“ရုပ်ကြ ချုချာလို့”

မှန်တာကိုပြောတော့လည်း ဘာတတ်နိုင်မှာတဲ့လဲ။

"ငါဘာကြောင့် ရုပ်ဆိုးရတာလဲ မသိချင်ဘူးလားမှုန်"

"မသိချင်ဘူး ဖယ်"

သာဒင်က တားတယ်။ လက်တစ်ဖက်က ခါးကြားကဓားမြောင်ဆီ ရောက်သွားတယ်။ သောက်မှတ်ကိုမရှိတာ။ အဲဒီဓားကြောင့် ထိတ်တုံးနဲ့ ညား ပြီးပြီ။ ခင်မှုန်ရဲ့ မျက်လုံးလေးတွေ ဝိုင်းစက်သွားတယ်။ လန့်သွားတာပေါ့။

အနားမှာ ခွေးမရှိ။ ကြောင်မရှိ။ နောက်ပြီး သာဒင့်ဆီက ထန်းရည် နံ့ ရတယ်။ စွတ်စက်လုပ်ရင် သောက။ သွေးသောက်ဓားရဲ့ ရာဇဝင်က ရှိပြီးသားကို။

"နင်ဘာပြောမှာလဲ ပြော၊ မြန်မြန်"

"ငါ လူပြည်လာကာနီးတော့ နတ်မင်းကြီးက မေးတယ်ဟ၊ အဲဒီတုန်း က ငါ့ရုပါက အရမ်းဖြောင့်တာနော်၊ နင်တို့ကြိုက်နေတဲ့ ဓာတ်ရှင်မင်းသား တွေထက် ပိုမိုက်တာပေါ့"

သွေးသောက်ဓားကို ကြောက်လို့သာ နားထောင်နေတာ။ စိတ်က မရှည်ဘူး။

"နတ်ကြီးက ဘာမေးလဲဟာ"

"မင်းက ဒီရုပါအတိုင်း လူပြည်ကို သွားမှာလားတဲ့၊ ငါက ဟုတ်တယ် လို့ ဖြေလိုက်တယ်၊ အဲဒီတော့ နတ်မင်းကြီးက ထပ်ပြောတယ်ဟ၊ အဲဒီလိုဆို ရင် မင်းရဲ့ဖူးစာရှင်လေးဟာ တစ်သက်လုံး စိတ်ဆင်းရဲနေတော့မှာပေါ့တဲ့"

သာဒင်က ဖီး(လ်)အပြည့်နဲ့ သွန်နေတာ။ ခင်မှုန်က မျက်စောင်း တငင်ငင်နဲ့။

"ကျွန်တော့်ဖူးစာရှင်လေးက ဘာဖြစ်လို့ စိတ်ဆင်းရဲရမှာလဲ၊ နတ် မင်းကြီးရယ်လို့ ပြန်မေးလိုက်တယ်လေ"

လေပြည်ကညော့သဖြင့် ပန်းခရေတို့ မွှော့မွှော့ကြွေဆဲ။

"မင်းရဲ့ရုပါက အရမ်းဖြောင့်နေတော့ မင်းရဲ့ဖူးစာရှင်လေးက ရုပ် ဆိုးမလေး ဖြစ်နေမှာပေါ့တဲ့၊ အဲသလို နတ်မင်းကြီးက ပြောတယ်ဟ"

ဟုတ်တာမဟုတ်တာ အသာထား။ နားထောင်လို့တော့ ကောင်း သား။

# ၇၉

"ကျွန်တော့်ဖူးစာရှင်လေးဟာ ရုပ်ဆိုးမလေးဖြစ်နေရင် သူ့ တစ်သက်လုံး စိတ်ဆင်းရဲနေမှာပေါ့၊ သူ့ကို ပြိုင်ဘက်ကင်းတဲ့ နတ်ဒေဝီလေးလို မြင်ချင်ပါတယ်လို့ ငါကတောင်းဆိုလိုက်တာပေါ့၊ နတ်မင်းကြီးက လွယ်လွယ်လေးကွာ ဒီလိုလုပ်တဲ့"

ခင်မှုန်က မျက်လုံးအဝိုင်းလေးဖြင့်

"ဘာလုပ်ခိုင်းတာလဲဟင်"

သာဒင်က ဖီး(လ်)သံကြီးဖြင့်

"လူပြည်မှာ မောင်ရုပ်ဆိုးလုပ်တဲ့"

"အင်"

"ဟုတ်တယ်မှုန်၊ ငါက မောင်ရုပ်ဆိုးပဲ"

ခင်မှုန် မျက်လွှာလေးကိုချကာ ခေါင်းကိုငုံ့ထားတယ်။ ဘာကြောင့်မှန်းမသိ။ ရင်ထဲမှာ ဖိုးသိုးဖတ်သတ်နဲ့။ မျက်လုံးကိုဖွင့်ကြည့်လိုက်တယ်။ သာဒင်မရှိတော့ဘူး။ မောင်ရုပ်ဆိုး မရှိတော့ဘူး။ လှဒေဝီလေးမျက်ဝန်းမှာ မျက်ရည်စတွေနဲ့။

သစ်ကိုင်းမှာချိတ်ထားတဲ့ ခရေကုံးလေးတွေ လှုပ်တုတ်လှုပ်တုတ်နဲ့။

× × ×

"စံကွန့်အသတ်ခံရလို့တဲ့ဟေ့"

"ရင်ဝမှာ ဓားတန်းလန်းကြီးနဲ့"

"ဓားမြှောင်က သာဒင့်ဓားမြှောင်တဲ့ဟ"

"ငါးကျပ်သားလောက်ရှိတဲ့ ဆွဲကြိုးပါသွားတယ်တဲ့ဟ"

အမင်္ဂလာသတင်းဆိုးကား ချောင်းရေတိုးသလို၊ ရွာထဲသို့ တိုးဝင်လာခဲ့ချေပြီတကား။ ရွာအပြင် ဇရပ်ပျက်အနီး ကောက်ရိုးပုံနားမှာ အသတ်ခံရတာ။ စံကွန့်ရဲ့ မချိမဆန့် မြင်ကွင်းကိုကြည့်ကာ၊ သူကြီးမဒေါ်ဝိုင်းစိန်၊ ခင်မှုန်တို့ သားအမိမှာ ဖြေသိမ့်ရာမဲ့ ငိုကြွေးလျက်။

မြို့ဂါတ်မှ အိုင်ပီကြိုင်နီခေါင်းဆောင်သော ပုလိပ်အဖွဲ့ရောက်လာတယ်။ သာဒင့်အိမ်ကို သွားဝိုင်းကြတယ်။ သာဒင် ရွာမှာမရှိတော့။ လျှင်သလား မမေးနဲ့။ အဝေးဆုံးသို့ သုတ်လေပြီ။

× × ×

စံကွန့်ရဲ့အသုဘ ရက်လည်လေပြီ။

သို့သော် တရားခံလက်သည်ကို မမိသေး။ အပူရုပ်နှင့်ဟန်လုပ်နေသော ခင်မှုန်တို့သားအမိမှာ မျက်ရည်တွေက မခြောက်သေး။

မကြာခင် ကြင်နာရတော့မည့် ဇနီးလောင်းလေး ခင်မှုန်ကိုကြည့်ကာ

"သာဒင် မင်းသားမလုပ်ရလို့ ဇာတ်ရုံကို မီးနဲ့တိုက်တာ၊ တွေ့ကြသေးတာပေါ့ကွာ"

အင်စပက်တော် စံနက်ကျော် ကြိမ်းလေပြီ။ ခင်မှုန်ကား ငိုဆဲ။ သူကြီးမ,သည် နှပ်ကို ဘတ်ခနဲညှစ်ကာ

"ကမ္ဘာကြေပေမယ့် ငါမကြေဘူးဟဲ့၊ အီး ဝါး"

စံနက်ကျော်က အံကိုကြိတ်ကာ

"စိတ်ချမာမီသူကြီး၊ ဒီကောင့်ကို ကျွန်တော်ကိုယ်တိုင် လက်ထိတ်ခတ်ပြီး မာမီသူကြီးဆီ နားရွက်ဆွဲပြီး ခေါ်လာမယ်"

မာမီသူကြီးတဲ့။ စံနက်ကျော်က ဝမ်းခေါင်းသံကြီးဖြင့်

"သာဒင်ရေ လွတ်အောင်ပြေးဟ"

စွတ်စက်အော်တာ။ မုန့်ဟင်းခါးစားနေတဲ့လူတွေ နင်ကုန်တယ်။ ခြံရှေ့သို့ မြင်းလှည်းတစ်စီး ရောက်လာတယ်။ မြက်ခမောက်ဆောင်းထားသော မြင်းလှည်းသမားသည် အိမ်ထဲသို့ တန်းတန်းကြီးဝင်လာကာ

"မပြေးပါဘူး တယ်ရင်းရဲ့"

"ဟင် မင်း"

အင်စပက်တော် စံနက်ကျော်သည် ပြောက်ကိုဆွဲထုတ်ကာ

"သာဒင်လူသတ်သမား မပြေးနဲ့"

အဲဒီမှာပဲပေါ့။ ကလေးနှစ်ယောက် ပြေးဝင်လာတယ်။

"ဖေဖေ"

"ဖေဖေကြီး"

"ဟင်"

## ၇၉

နောက် မိန်းမတစ်ယောက်။

"ဒါလင်ယောက်ျား ကိုနက်ကိုကျော်"

"ဟာ"

အင်စပက်တော်စံနက်ကျော်ရဲ့ဘဝ ခါးလေပြီ။ သာဒင်က မိန့်မိန့်ကြီးပြုံးကာ ရှိခနဲ လေချွန်လိုက်တယ်။ အကူငွေတစ်ပြားမှ မထည့်ဘဲ မုန့်ဟင်းခါးကို အမုန်းဆွဲနေသော အရပ်ဝတ်အရပ်စား ဝတ်ထားသော အိုင်ပီကြိုင်နီက စံနက်ကျော်ရဲ့ လက်ထဲမှဖြောက်ကို ဆွဲယူကာ

"ဖမ်းတယ်"

ဟုဆိုကာ လက်ထိတ်ခတ်လိုက်လေတော့၏။ ပြီးတော့

"NO ONE ABOVE THE LAW"တဲ့။ ဘိုလိုတောင် တုပ်လိုက်သေး။ ဥပဒေအထက်မှာ ဘယ်သူမှမရှိဘူးတဲ့။

"ဖမ်းချင်လို့ဖမ်းတာ မဟုတ်ဘူးဟ၊ စံကွန့်ကိုသတ်လို့ဖမ်းတာ၊ အယ်ပါးစပ်ကြီးနဲ့ မငြင်းနဲ့၊ မောင်ရင့်မှာ သားကြီးမယားကြီးရှိမှန်း စံကွန့်ကသိသွားတယ်၊ ယောက်ျားချင်း ဝါသနာပါတဲ့ စံကွန့်ကိုစည်းရုံးတယ်၊ ထန်းတောထဲမှာ မူးပြီး အိပ်ပျော်နေတဲ့ သာဒင့်ဓားမြောင်ကိုယူပြီး စံကွန့်ကိုသတ်တာ၊ အယ်အဲဒီပါးစပ်ကြီးနဲ့ မငြင်းပါနဲ့ဆို၊ မောင်ရင့်ရဲ့လုပ်ရပ်ကို ဇရပ်အောက်မှာရှိတဲ့ ဘိန်းစားငပြားက မြင်တယ်ဟ၊ ဆွဲကြိုးကိုယူတယ်၊ ရောင်းတယ်၊ ကဲ ပါးစပ်ကြီးနဲ့ငြင်း"

အိုင်ပီကြိုင်နီက တော်ကီကို နန်းစတော့(ပ်)ပုတ်တာ။ စံနက်ကျော်ငိုင်ကျသွားတယ်။ ပါးစပ်ကို မဟနိုင်တာ။ အိုင်ပီကြိုင်နီက

"ဂါတ်ကျမှ ထပ်ရှင်း လာ"

လက်ထိတ်တန်းလန်းနှင့် စံနက်ကျော်ကို ဆွဲခေါ်သွားတယ်။

× × ×

ဝါးရွက်ကြွေသံတွေ ကြားရတယ်။

မြစ်ကမ်းပါးအထက်တွင် အချစ် အလွမ်းသမားကြီး သာဒင် ထိုင်မှိုင်ကာ အငိုင်ဇယား ခင်းနေပါတယ်။ စိတ်နဲ့ကိုယ် မာတ်တည့်ဟန်မတူ။ နားရွက်တွင် တောပန်းဝါဝါလေးတစ်ပွင့်ကို ထိုးထား၏။

ခြေသံဖွဖွကြားရတယ်။ သာဒင်လှည့်မကြည့်ဘူး။ နှလုံးသားက သိနေတာလေ။ ခြေသံရှင်က သာဒင့်နားမှ တောပန်းဝါဝါလေးကိုယူကာ သူမရဲ့ဆံမြည္ဘာတွင်ပန်တယ်။

"ငါ့အစ်ကိုကိုသတ်တဲ့ လူယုတ်မာကို လင်မတော်မိအောင်၊ မယားငယ်မဖြစ်အောင် ကူညီခဲ့တဲ့နင့်ကို ကျေးဇူးတင်တယ်၊ ကျေးဇူးဆပ်ချင်တယ်"

သာဒင်က မြစ်ပြင်ကိုငေးကာ အချစ်ဖီလင်သံကြီးဖြင့်

"တဖန်ပေါ့"

ခင်မှုန်က ဖွဖွလေးပြုံးပြီး

"ဟုတ်တယ်၊ ကျေးဇူးတဖန်တင်တာပေါ့၊ ငါ လူပြည်လာကာနီးတော့ နတ်မင်းကြီးက ပြောတယ်ဟဲ့၊ ငါ့ရဲ့ဖူးစာရှင်က"

မခက်တော့ဘူး။ ခင်မှုန်ရှက်နေတာ။ သာဒင်ဟတ်ဖီး(လ်)ကြီးဖြစ်လို့။

"မောင်ရုပ်ဆိုးလေးတဲ့"

သာဒင် ဝုန်းခနဲထခုန်တယ်။ ခင်မှုန့်ကို အမုန်းဖက်ထားတယ်။ ပြီးတော့ မလှတဲ့မျက်နှာကြီးကို အိုချပစ်လိုက်ပြီး

"အခါနှောင်းပြီပေါ့မှုန်ရယ်"

"ဘာဖြစ်လို့လဲဟင်"

"တို့တိုင်းပြည်ဟာ သူ့ကျွန်အဖြစ် နွံနစ်နေတာလေ၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ဖို့ စာရင်းသွင်းပြီးပြီ၊ စစ်ထွက်ရတော့မယ်"

ခင်မှုန်က ငိုမဲ့မဲ့လေးဖြင့်

"ငါ့ကို ထားခဲ့တော့မှာလားဟင်"

သာဒင်က အူမြူးသံကြီးဖြင့်


"စစ်ထွက်ဖို့ သုံးရက်လောက်လိုသေးတယ်"

"အဲ . . ဒီတော့"

"သုံးသုံးလီကိုး"

"သွား လူဆိုး ဟွန့်"

■ [illegible]အောင်



# အမှား

ကြည်ညိုဝင်းမောင်

(၁)

ကားမောင်းရင်း စိတ်တွေက ခုန်ပေါက်ပြေးလွှားနေသည်။

ဦးလူကြီးဘဝမှာ ဒီတစ်ခါလောက် တစ်ခါမှ စိတ်မဆင်းရဲခဲ့ရ။ ဒီလောက်ဖြစ်လာလိမ့်မယ်လို့လဲ မထင်ခဲ့မိ။ အားလုံးသိကုန်ပြီ။

တကယ်တော့ ဒီလက်ကိုင်ဖုန်းတွေပေါ်ကာစ ဖုန်းတွေမှားဝင်လာရာက ဇာတ်လမ်းအစကိုပဲ အပြစ်တင်ချင်သည်။ နံပါတ်တွေမှားပြီးဝင်လာရာက ချစ်လေးနဲ့ ဆုံခဲ့ရသည်။ ချစ်လေးက လှသည်။ ပြီးတော့ ဆက်မှားကြသည်။ တိတ်တိတ်ကလေး လူမသိသူမသိ နေရာတွေမှာ ဆုံကြသည်။ သူက စီးပွားရေးလုပ်ငန်းရှင်ကြီး။ လူသိခံလို့မဖြစ်။ လက်မှတ်တစ်ချက်ထိုးလျှင် ငွေဘယ်လောက်လိုချင်သလဲ ရသည်။ သူ့အထက်က ပုဂ္ဂိုလ်ကြီးများ ခိုင်းတာမှန်သမျှ သိုသိုသိပ်သိပ် ဟာကွက်မရှိ ခိုင်းသမျှ ဆောင်ရွက်ပေးနိုင်သူ၊ ဇနီးဖြစ်သူက ယခင်ခေတ်က လူကြီးတစ်ဦး ဇနီး၏ တူမ။

ထိုလူကြီးအရှိန်အဝါဖြင့် လက်တိုလက်တောင်းခိုင်းတာမှန်သမျှ လုပ်ကိုင်ပေးရင်း သူ့ဘဝလည်း ရေမြင့်ကြာတင့်ခဲ့ရသည်။ အဘတွေ အများကြီးမွေးထားသလို တပည့်တွေအများကြီး ရှိသည်။ အဲဒီနောက်တော့ ချစ်လေးကိုမွေးပြီး စားမိသည်။

"အသက်ကြီးမှ ကမြင်းကြောထ"

မိန်းမဖြစ်သူက ငိုပြီးပြော။

"သမီးတို့ရှက်တယ်အဖေ"

"ဟုတ်တယ်၊ အဖေ့အကြောင်း လူတွေပြောကုန်ပြီ"

"အဲဒီကောင်မကိုဖြတ်၊ ဒါမှမဟုတ် ကျွန်မတို့မိသားစုကိုဖြတ်"

ဒီနေ့ညနေ တစ်မိသားစုလုံး ဝိုင်းဝန်းပြစ်တင်ပြောဆိုကြ ငိုကြယိုကြတော့ ဦးလူကြီး သေမလောက်ရှက်သည်။

"မင်းတို့ပြောနေတာတွေ တစ်ခုမှမဟုတ်ဘူး၊ လူမှားနေတာ"

ဖြောင့်ဖြောင့်ပစ်လိုက်သည်။ နေမြင့်လေ အရှုရင့်လေ မိုးမမြင်လေမမြင် ချစ်လေးနှင့်ပျော်ခဲ့သည့် အမှားများ။ တော်ပြီ တော်ပြီ။ အဆက်ဖြတ်မှဖြစ်မည်။ မိသားစုကိုတော့ မဖြတ်နိုင်။ ဦးလူကြီး ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

ချစ်လေးနှင့် သီးသန့်ဆက်သွယ်သည့်ဖုန်း ဝင်လာသည်။ ကားမောင်းနေရင်းမို့ ကားအရှိန်ကို လျှော့ချပြီး ညာဘက်လမ်းကြောကို ပြောင်းဝင်လိုက်သည်။ ချစ်လေးအသံလေးက ချိုလွင်နေသည်။

"ကိုကြီး'

"အင်း"

"ချစ်လေးကို ငွေလာပေးဦး"

"အင်း"

"ကျောင်းလခတွေ သွင်းရတော့မယ်လေ"

"အင်းပါ"

"ကိုကြီး ဒီအခန်းမှာ အတူနေလို့ မဖြစ်တော့ဘူးဆိုလို့ ချစ်လေး နောက်တစ်ခန်းရှာနေတာ တွေ့ထားပြီ၊ ဈေးတော့နည်းနည်းကြီးတယ်"

"တူ တူ"

ဖုန်းလိုင်းပြတ်သွားသည်။ ကြာရင် လုံးပါးပါးတော့မည်။ ငွေတွေလည်း မနည်းမနော ကုန်နေပြီ။ အိမ်ကမိန်းမကြီးလည်း သိသွားပြီ။ ကြာရင် ခက်မည်။ ခွာမှဖြစ်တော့မည်။ ကုန်ခဲ့တဲ့ငွေက တဒင်္ဂနဲ့ မမျှတော့ဘူး။

"တူ တူ တီ တီ"

"ကိုကြီး"

". . . ."

ခုံတံတားကြီးတစ်ခုအပေါ် ကားမောင်းတက်ချိန်။ ဖုန်းခေါ်သံ ပြန်ကြားရသည်။ အဖြေမပေးမိဘဲ ဖုန်းဖွင့်ထားပြီး နားထောင်နေသည်။ ဘာမှတွေးမနေချင်တော့ဘူး။ ဦးလူကြီး စိတ်မရှည်တော့၊ သည်းမခံနိုင်တော့ဘူး။ ကားပြတင်းဖွင့်သည့်ခလုတ်ကို နှိပ်သည်။

"ဟဲလို ကိုကြီး"

နောက်ဆုံးအနေနှင့် နားထောင်ပြီး လက်ကိုင်ဖုန်းကလေးကို တံတားအောက်ဖက်သို့ အားနှင့်လွှင့်ပစ်လိုက်သည်။

(၂)

တံတားကြီးပေါ်က ဖုတ်ခနဲကျလာတဲ့ အရာဝတ္ထုလေးက ကြွက်ထောင်ချောက်ကိုငေးနေတဲ့ ညိုကြီးကို လက်ယပ်ခေါ်နေသလိုပဲလေ။ တံတားကြီးအောက်က အမှိုက်ပုံကြီး ရှိနေသရွေ့တော့ ညိုကြီး ထမင်းတစ်လုပ်အတွက် ဘာမှပူ စရာမလို။ အမှိုက်ပုံကို ရောက်လာသမျှ အမှိုက်များကို ရွေးချယ်ကောက်ယူစုဆောင်း ရောင်းချသည်။ ညဖက်များမှာ ကြွက်ထောင်သည်။ ခုလဲ ဒီအရာလေးကို

ကောက်မှ ဖြစ်မည်။ သူများဦးသွားမည်။ ထိုင်ရာကထပြီး သွားကောက်ကိုင်မိတော့ လက်ကိုင်ဖုန်းကလေး။ အသံကလည်းမြည်နေတော့ နားနားကပ်လိုက်သည်။

"တူ တူ"

"ကိုကြီး ဖုန်းလိုင်းကလဲ ပြတ်လိုက် လာလိုက်နဲ့"

"အင် အင်း"

ညိုကြီး သည်လောက်တော့နားလည်သည်။ လမ်းပေါ်မှာ စတိုင်ကျကျ ဖုန်းပြောနေတာတွေ တွေ့ဖူးတာပဲ။ ကြားနေရတဲ့အသံလေးက ချိုလွင်ကြည်မြနေသည်။ နားထောင်လို့လဲကောင်းသည်၊ ဆိုတော့ ပြန်ဖြေပစ်လိုက်သည်။

"ချစ်လေး ခုစီးနေတဲ့ကားကို ကားအသစ်နဲ့ လဲမလားတဲ့၊ အလိုက် ရှစ်ဆယ်ပေးရမယ်တဲ့၊ ကိုကြီး လဲလိုက်မယ်နော်၊ ကိုကြီး နော် နော်လို့"

"အင်း လဲလိုက်"

"ဟင် တကယ်၊ ကိုကြီးက အရမ်းချစ်ဖို့ကောင်းတာပဲ"

"အင်း"

"ပြီးတော့လေ ပြောရဦးမယ်ကိုကြီးရဲ့"

"ပြော"

"မနေ့ကလေ ကိုကြီးထွက်သွားပြီးမှ မမကြည်တို့ရောက်လာပြီး စိန်လက်စွပ်နှစ်ကွင်းလာပြတယ် ကိုကြီးရဲ့၊ ဈေးကလဲ အရမ်းတန်တယ်၊ အရမ်းလဲလှတယ်၊ တစ်ကွင်းဝယ်ထားလိုက်မိတယ် ကိုကြီးရယ်၊ ကိုကြီးမဆူရဘူးနော်"

"နှစ်ကွင်းလုံးဝယ်လိုက်"

"ဟီး ဒါကြောင့် ကိုကြီးကိုချစ်တာ သိလား"

"သိတယ်"

"ပြီးတော့လေ၊ ခုလာမယ့် တနင်္ဂနွေကျရင် မင်္ဂလာဆောင်တစ်ခု သွားရဦးမှာ ကိုကြီးရဲ့"

"အဲဒါ ပလာဇာဝင်ပြီး နည်းနည်းဝယ်မလားလို့၊ ကိုကြီးပေးထားတဲ့ ငွေ(၅)သိန်းစလုံး သုံးလိုက်မယ်နော်"

"..."

"နော်လို့ ကိုကြီး နော်လို့"

"သုံးလေ၊ သုံးလိုက်"

"ဟယ် ဒီနေ့ တို့ကိုကြီး အရမ်းသဘောကောင်းနေပါလား၊ ခါတိုင်းများ ဆူလိုက်ပြောလိုက်တာ ကပ်စေးနည်းလိုက်တာများ ချစ်လေး စိတ်ကောက်ပြလိုက်ရတာ မောနေတာပဲ၊ ဘာပဲဖြစ်ဖြစ်လေ ချစ်လေးတော့ လိုချင်တာတွေရလို့ ပျော်တယ် ဒါပဲနော်"

"တူ တူ တူ တူ"

ဖုန်းကလေးကို ကိုင်ကြည့်ရင်း ညိုကြီးပျော်သည်။ ရောင်းစားလျှင်ငွေတွေရမည်လေ။ ဖုန်းထဲက ချစ်လေးလဲ ပျော်နေလောက်ပြီ။ ကျန်တာတော့ ညိုကြီးဘာမှမသိ။ တဲဆီအမြန်ပြန်ရမည်။ ဒီနေ့ကံကောင်းသည်။

(၃)

ဒီနေ့မနက် အမှိုက်ပုံဆီမရောက်သေး။ ညိုကြီးလက်ဖက်ရည်ဆိုင်မှာထိုင်နေသည်။ ဘေးဝိုင်းကလူတွေ ဂျာနယ်တစ်စောင်ကိုဖတ်ရင်း ပြောနေသံကြားရသည်။

"လုပ်ငန်းရှင်ကြီးတစ်ယောက် မိမိကိုယ်ကို ကြိုးဆွဲချသေဆုံးနေခြင်းတဲ့ကွ၊ ပြီးခဲ့တဲ့ရက် တနင်္ဂနွေကတဲ့"

"ဘာတွေပြဿနာတက်လဲမှ မသိတာ"

"ငွေကြေးကိစ္စတွေ မရှင်းနိုင်လို့နေမှာပေါ့"

တစ်ယောက်တစ်ပေါက် ပြောနေသံကို ညိုကြီး နားထောင်နေရင်းက စိတ်မှာပေါ်လာသည့် အကြောင်းတစ်ခု။ တနင်္ဂနွေနေ့တဲ့။ ဒီလူကြီးကြိုးဆွဲချသေတဲ့နေ့က သူလက်ကိုင်ဖုန်းကောက်ရပြီး ပျော်ခဲ့ရတဲ့ နောက်တစ်နေ့ဆိုတာတော့ ညိုကြီး သတိပြုမိသည်။

'ဟာ အဲဒီလူကြီးများ ဖြစ်နေမလား'

ညိုကြီး ဆံပင်မွေး ထောင်ထအောင်လန့်သွားမိသည်။ မဟုတ်ပါစေနဲ့ဟုသာ။

■ ကြည်ညိုမင်းမောင်


ပန်းနုရောင်ရွှေအသားပေါ်
ထင်ရှားစွာ ရေးထိုးခဲ့သော



## ပန်းနုရောင်ရွှေအသားပေါ်
## ထင်ရှားစွာရေးထိုးခဲ့သော

ခုတလော ဖုံကြီးနှင့်ပတ်သက်၍ အတော့်ကိုခက်နေပြီဖြစ်သည်။ ရုပ်ရှင်မင်းသမီးတစ်ဦး၏ ကျောပေါ်မှာ ရေးထိုးထားသော တက်တူးက လူတစ်ဦးကို သွက်သွက်ခါသွားစေမည်ဟု မည်သူကထင်ပါမည်နည်း။ သို့သော် ဖုံကြီးကဲ့သို့(အငြိမ်းစားပွဲစား)၁၀၉/၁၁၀ အမြဲတမ်းဂျလေဘီ စိတ်လေလွင့်နေသူတစ်ဦးအတွက်တော့ တကယ့်စိတ်ကူးလွင့်စရာ ကိစ္စကြီးဖြစ်နေပေပြီ။ နောက်ကျောတွင် လူနာမည်တက်တူးထိုးသူအားလုံးသိသင့်သော ကိစ္စကြီးမို့ ယခုကဲ့သို့ ရေးပြရခြင်းဖြစ်သည်။ ကျောပေါ်မှစာတစ်ခုကြောင့် လူတစ်ဦး၏ ဘဝကို မဖျက်သင့်ကြောင်း သင်ခန်းစာတစ်ခုဖြစ်သည်။

ဖုံကြီးကား ယခုမှ ဖုံဗလုံးဟု စာရေးဆရာအသစ်ငယ်ဖြစ်နေသော်လည်း တကယ်တော့ ကျောင်းသက်နှစ်ဆယ်၊ လှေသက်၁၀၊ ဆောက်လုပ်ရေးသက်၁၀၊ အိမ်ထောင်သက် ၂၀၊ ပွဲစားသက် ၁၀နှစ်မျှရှိပြီဖြစ်သော ပီဘိအဘိုးကြီးဆတ်ဆလူးဖြစ်သည်။ ဖုံဗလုံးဆိုသည့် အမည်ကလဲ ကျောင်းနေအမည် အောင်မိုးခိုင်မှ ကိုမိုး၊ ကိုမိုးမှဗိုလ်မိုး၊ ဗိုလ်မိုးမှ ဗိုလ်မိုးလုံး၊ ဗိုလ်မိုးလုံးမှ ဖုံဗလုံး စသည်ဖြင့် ရွှေ့လျားဖြစ်တည်လာသော အမည်ဖြစ်သည်။ အမှန်တော့ သူ၏ အောင်ခိုင်မိုးဆိုသောအမည်ကို သူကိုယ်တိုင်ပင်လျှင် ရေးတေးတေးသာမှတ်မိတော့သောအချိန်မျိုးတွင်မှ ၎င်းမင်းသမီး၏ကျောပေါ်မှ အောင်မိုးဟူသော တက်တူးကို ဂျာနယ်မျက်နှာဖုံးတွင် ရုတ်တရက်တွေ့ခဲ့ကြရခြင်းဖြစ်သည်။

ဖုံဗလုံးကား နှုတ်ဖွာလျှာပေ့ါသူပီပီ ၎င်းတက်တူးကိုကြည့်ကာ ပယ်ပယ်နယ်နယ်ရှုံ့ချ၏။

"ကြည့်ပါဦး၊ တက်တူးကြီးကျောပြည့်ထိုးထားတယ်၊ အဲဒီနာမည် နေရာမှာ ကိုယ်ဖြစ်နေလို့ကတော့ ကိုယ့်ကိုကိုယ်သတ်သေတယ်၊ အဟုတ်၊ ကိုယ်တွေဆို စိတ်နဲ့တောင်မလုပ်ဘူး၊ ကိုယ့်မိန်းမလိုလူမျိုးလုပ်လာရင်လဲ နေ့ မဆိုင်းဘူး အကွဲပဲ ဟင်း"

သူက သူ့ထုံးစံအတိုင်း အာချောင်ကာ ဗလာဗလာဗလာလုပ်ခြင်း ဖြစ်သည်။ သူ၏စကားကို ဘေးထိုင်ဘုတွေးဘောက်ပြော ဗိုလ်အုပ်ကလည်း ထဖောက်ပြန်၏။

"အေးလေ ဆိုးတဲ့အတွေးပဲ၊ ဘာလဲ ကျောပြည့်ကြီး၊ ထောင်ထွက် ကြီးကျနေတာပဲ"

နောင်ကြီးက ဂျာနယ်ယူကြည့်ရင်း

"ကျောပြည့်ကြီး မမြင်ရပါဘူးဗျ၊ အောက်ပိုင်းမှာ တစ်လုံးလောက် ကျန်နိုင်သေးတယ်၊ ကြည့်ပါလား ဒီမှာလေ၊ တင်ပါးရောက်တဲ့အထိဆို စာလုံး ငါးလုံးစာလောက်ကျန်နေသေးတယ်"

ဟုတ်သည်။ ကျော၏အပေါ်ပိုင်းပုံမြင်ရခြင်းဖြစ်သည်။

ကျွန်တော်က ၎င်းဂျာနယ်ကို ယူကြည့်ကာ နောက်ပြောင်လိုစိတ် နှင့်

"တကယ်လို့ အဲဒီအောက်ကကျန်တဲ့ တစ်လုံးဟာ KHINEခိုင် ဖြစ်နေတယ်ဆိုရင်ရော"

ကိုကြည်က

"အောင်မိုးခိုင်လား"

"ဖြစ်နိုင်ခြေပြောကြည့်တာပါ"

အမှန်တော့ အလုပ်မရှိ အကိုင်မရှိ စာရေးဆရာယောင်တစ်စု အလုပ်မရှိ အလုပ်ရှာ သူများကိုယ်ရေးကိုယ်တာကို အားမနာလျှာမကျိုး ပြော ဆိုနေကြခြင်းပါ။ အတင်းလို့လဲ ဆိုပါစို့ရဲ့။

"အေး အဲဒီအောင်မိုးခိုင်ဆိုတဲ့ကောင်ဟာ ငါဆိုရင်လဲ"

ဗုံကြီးက ခွေးဝတ်ကြီး ချေးတွင်းထဲကျသလို အာရည်တရွှဲသားနှင့် အဝီဖွဲ့မည်ပြင်ပြီးမှ သူ့နာမည်ကိုသူ သတိထားမိသွားသည်။

"အောင်မိုးခိုင်ဆိုတော့ ငါ အဲ ပြစမ်းပါဦး အဲဒီပုံ"

ဂျာနယ်ကို ဖတ်ခနဲဆွဲယူရင်း အသေအချာစိုက်ကြည့်၏။ မျက်လုံးကိုကျဉ်းကြည့်၏။ ပြူးကြည့်၏။

နောင်ကြီးက ဂျာနယ်ဆွဲယူပြီး ဝင်ကျလောင်ပြန်သည်။

"နေဦး၊ ပေတံနဲ့တိုင်းကြည့်မယ်၊ AUNG MOE နေရာအထိကို ၁၄စိတ်ရှိတယ်၊ စာတစ်လုံးကို နှစ်စိတ်နှုန်း၊ မိုးစာလုံးအောက်က အဝတ်ဖုံးနေတဲ့နေရာကို တိုင်းကြည့်မယ်၊ ဟော မြင်လား၊ ဆယ်စိတ်၊ စာငါးလုံးစာပဲ KHINE ဆိုရင် ကွက်တိပဲ"

ကျွန်တော်က လှမ်းကြည့်၍

"အိုး ဟော့ကောင်၊ ၁၀စိတ်အထိယူရင် အောက်သိပ်ကျသွားမယ်နော်"

ဖိုးကြီးက မျက်မှောင်ကြုတ်စဉ်းစားရင်း

"နောက်ဆုံးအီးကို ဗဟိုချက်မှာ စွဲထားတာနေမှာပေါ့ ကြည့်ပါလား ကွက်တိပဲ"

နောင်ကြီးက လေပင့်၏။

"အီးနဲ့ E ကို ကက်ကင်းရိုက်ထားတာလားမှ မသိတာ"

ဖိုးကြီးက အလွန်အရေးကြီးတဲ့ပုံနဲ့ ထိုင်လိုက် ထလိုက်နှင့် စဉ်းစား၏။ မျက်နှာကြက်မှ အိမ်မြှောင်ကို လက်ချီးရေတွက်ကာ ဂျာနယ်ပြန်ကြည့်၏။ ပြီးမှ ဂျာနယ်ကိုဖြည်းညင်းစွာ လွှတ်ချရင်း တစ်လုံးချင်းရေရွတ်သည်။

"ငချို"

ပြီး ဂျာနယ်ကို ကောက်ယူကြည့်ရင်း အသေအချာဆိုပြန်သည်။

"သေချာတယ်၊ ဒါငချိုပဲ၊ ငါ ငါးတန်း တတိယနှစ်မှာ ဆုံခဲ့တဲ့ ကောင်မလေးပဲ၊ သူ့နာမည်ငချို၊ ခုထိ ငါ့ကိုမမေ့သေးလို့ သူ့ကျောမှာ ငါ့နာမည်ထိုးထားတာ၊ ငချို ငချို၊ ချစ်ငချိုရယ်"

ဖိုးကြီးက လုံးဝအမှိုင်။ ဆတ်ဆလူးရုပ်ကို ရုတ်တရက်ဖျောက်ကာ အဆွေးသမားတို့၏အလွမ်းမျက်နှာကို ကောက်စွပ်လိုက်၏။ သက်ပြင်းကို နာဂစ်ကြီးလောက်ချသည်။ နှာသီးထိပ်ဝမ္မေးတံပွများ တရှူရှူလှုပ်အောင်

အသက်ပြင်းပြင်းရှူ၏။ လည်စေ့ကြီးထောင်အောင် တံတွေးကိုမြိုသည်။ လုံးဝ ငုတ်တုတ်အမှိုင်ရုပ်။

"ငချိ ငချိ"

ဖုံကြီး၏ အပြောင်းအလဲ ရုပ်ပုံလွှာကိုကြည့်ကာ နောက်ပြောင်မိသူ ကျွန်တော်ပင်လျှင် ကြောင်စီစီဖြစ်သွား၏။

"ဘာလဲ၊ ဘယ်ကငချိလဲ"

"မင်းကလဲ ကော့ကရိတ်က ငချိလေကွာ"

"ဟား အဲဒါဘယ်တုန်းကလဲ၊ ကိုယ်တွေတောင် သူငယ်တန်းလောက်ပဲ ရှိသေးတာ"

ဖုံကြီးက စိတ်မရှည်သလိုမျက်နှာလေးနှင့်ကြည့်ကာ

"အေးလေ၊ လွန်ခဲ့တဲ့ နှစ်သုံးဆယ်ကျော်ကပေါ့ကွာ၊ လေးဆယ်ကျော် ငါးဆယ်နီးမှ ပြန်ဆုံရတယ် ငယ်ချစ်ဦးရယ်ဆိုတာ ငါ့မျှားကြည့်ဆိုလေသလား ကွာ၊ ငချိ ငချိ၊ ငါထင်တယ်၊ မင်း ငါ့ကိုမမေ့နိုင်ဘူးဆိုတာ"

"အာ ကိုယ့်လူကလဲ ဒီကလေးမအသက်က ခုရှိလှမှ (၂၀)လောက် ရှိတဲ့ဟာကို ဘယ့်နှယ် နှစ်သုံးဆယ်ကျော်ကငချိ ဖြစ်ရမှာလဲ၊ ပြီးတော့ ငချိ ဆိုတာက မွေးရာပါ ခြေတစ်ဖက်မသန်တဲ့ ပိုလီယိုသည်၊ ဒီကလေးမက သန် လိုက်သမှ ဂျောင်းဂျောင်းကိုပြေးလို့၊ ရုပ်ရှင်ထဲကြည့်ပါလား၊ ချောက်ကမ်းပါး က လိမ့်ကျတာများ တော်ရုံကျန်းမာရေးနဲ့ သေလို့ရတယ်၊ ကြည့်လဲပြော ပါဦး ဦးဖုံရယ်"

ဖုံကြီးက မလိုတမာမျက်နှာပေးနှင့် ကျွန်တော့်ကိုဆောင့်အောင့် ကြည့်ကာ ဂျာနယ်ကို ပြန်ဆွဲယူ၏။ သူကပင်ကိုယ်ဂယောင်မို့ လက်ရှိအနေ အထားကိုတော့ လုံးလုံးလက်မလွှတ်ချင်သေးသည့်ပုံ။ ဂျာနယ်ကိုပြန်၍ စိုက်ကြည့်ပြန်၏။

"ဟင်း ရုပ်ကတော့ သေချာတယ်၊ ငချိပဲ"

"အာ ကိုယ်တွေနဲ့ ငချိတို့ဆုံခဲ့တုန်းက ဒီကလေး မမွေးနိုင်သေးပါဘူး"

ဖုံကြီးက မျက်ခုံးနှစ်ဖက်ကို စုဆွဲကာစဉ်းစားပုံဖမ်း၏။

ပြီးမှ ဂယောင်ရုပ်ကို ဆန္ဒင်းသုတ်သလို မျက်နှာဝါကြီးနှင့် မျက်လုံး

ဝင်းဝင်းတောက်ကြီးနှင့်

"သိပြီ၊ ဒါ ငါနဲ့ငချိရဲ့ သမီးလေးဖြစ်ရမယ်၊ လွန်ခဲ့တဲ့နှစ်နှစ်ဆယ် လောက်က ငချိမသေခင် သူ့သမီးကျောမှာ ငါ့နာမည်ကို အမှတ်တရထိုးပေး ခဲ့တာဖြစ်ရမယ်၊ သမီးလေး အမယ်လေး သမီးလေးရဲ့၊ အီးဝါး အား အီး ဝါး"

ဖိုးကြီးက ပြိတ္တာမျက်ရည် မြေသို့ခြွေလေပြီ။ ကျွန်တော်က စဉ်းစား လျက်။

"အာ ဖိုးကြီးကလဲ၊ မဟုတ်ကဟုတ်က ဖိုးကြီးနဲ့ငချိဆုံတာ ဘယ်နှစ် ကလဲ"

"ငါ ငါးတန်း တတိယနှစ်မှာလေ"

"အေး အဲဒီငါးတန်းမှာ ကလေးရရအောင် အခန်းထဲမှာ အတူရော အိပ်ဖူးလို့လား"

ဖိုးကြီးက မျက်လုံးကြီးပြူးလျက် ခွေးသူခိုးကြည့်ကြည့်ကာ စားမာန် ခုတ်၏။

"အခန်းထဲ ဘာလို့ အတူမအိပ်ဘူးရမှာလဲ၊ အဲဒီနှစ်က သမိုင်းဆရာ ဦးစိန်သန်း အလောင်းမင်းတရားကြီးအကြောင်း သင်တဲ့အချိန်မှာ အတူအိပ် ခဲ့တာကွ၊ သူက မိန်းကလေးတန်း သုံးခုံမြောက်မှာ၊ ငါက ယောက်ျားလေးတန်း နောက်ဆုံးတန်းခုံပေါ်မှာ၊ ဆရာမြင်လို့တောင် ငါတို့နှစ်ယောက်လုံး ခုံပေါ်တက် ပြီး ထိုင်ထဆယ်ခါလုပ်ခဲ့ကြရသေးတာ၊ ဟင်း"

"အာ အဲလိုအိပ်တိုင်း ရမှာလား ကလေးက"

ဖိုးကြီးက ကျွန်တော့်အား မျက်စောင်းဆောင့်ထိုးကာ

"မင်းကွာ၊ ဒါမျိုးက ငါတို့မှ အဆန်းထွင်ပြီးဖြစ်လာတာ မဟုတ်ဘူး၊ ရာဇဝင်မှာရှိတယ်၊ ရှင်ဥပ္ပဂုတ္တကြည့်မလား၊ မေဒါဝီကြည့်မလား၊ ဟုတ်မှာပါ၊ ဒါပဲဖြစ်မှာပါ၊ ငချိ ငချိ၊ အချစ်ကြီးတဲ့ ငချိရယ်၊ သမီးလေးကျောပေါ်မှာ ငါ့ နာမည်ကြီး ထိုးခဲ့ရတယ်လို့ကွာ၊ အေးလေ သူ ဒီလိုမထိုးပေးခဲ့ရင်လဲ ငါ့သမီး ဆိုတာ ငါဘယ်လိုလုပ်သိနိုင်မှာလဲ"

ကျွန်တော် ခေါင်းကိုယမ်းမိသည်။

"မဟုတ်သေးဘူးနော် ဖိုးကြီး၊ မဟုတ်သေးဘူး ဖိုးကြီး၊ ငါးတန်းဆို

လွန်ခဲ့တဲ့နှစ်သုံးဆယ်ကျော်က ဒီကလေးက သုံးဆယ်ကို မပြည့်တာ၊ နှစ်ဆယ်ဝန်းကျင်ပဲ၊ ဘယ်လိုမှ ငချိနဲ့ မပတ်သက်နိုင်ဘူး”

“ကဲကွာ၊ ငါ့ကလေး မဟုတ်ဘူးပဲထားကွာ၊ ငချိက တခြားသူနဲ့ရပြီး ငါ့ကိုမမေ့နိုင်လို့ သူ့သမီးကျောမှာ ငါ့နာမည်ထိုးခဲ့တယ်ဆိုရင်ရော”

“ဟာ အဲလိုပေါက်လွတ်ပဲစားနာမည်ကို သမီးရဲ့ကျောမှာ ထိုးမယ်ဆိုတာ သူ့အဖေက လက်ခံမလားဗျ၊ ကဲ အဲလိုဆိုရင်တောင် ပြောချိသေတာ ဘယ်တုန်းကလဲ”

“၉၁ ခုနှစ်တုန်းကလေ၊ မင်းတို့တောင် သွားသေးတာပဲ”

“ကဲ ၉၁ ခုဆို ခု နှစ်ထောင့်ဆယ့်သုံး၊ နှစ်ဆယ့်နှစ်နှစ် ရှိနေပြီ”

“ဟုတ်တယ်လေ၊ နှစ်ဆယ့်နှစ်၊ ဒီကောင်မလေးကလဲ နှစ်ဆယ့်နှစ်လောက်တော့ ရှိမှာပဲ၊ ကဲ ဘာငြင်းချင်သေးလဲ”

ကျွန်တော်တို့၏ နောက်ပြောင်မှုက အတော်လွဲချော်သော သဘောကို သက်ရောက်နေပြီ။

“ကိုယ့်လူ သေသေချာချာစဉ်းစားနော်၊ ဘယ်မိဘကမှ ကိုယ့်ရဲ့ ရက်သားကလေးရဲ့ကျောပေါ်မှာ ကိုယ့်ရည်းစားဟောင်းရဲ့နာမည်တက်တူးကို မထိုးလောက်ဘူးနော်၊ ပြီးတော့ ကိုယ်တွေမြင်ရတာက အောင်မိုးဆိုတဲ့စာလုံးပဲမြင်ရတာ၊ အဲဒီအောက်မှာ မြင့်လဲဖြစ်နိုင်တယ်၊ ထွန်းလဲဖြစ်နိုင်တယ်၊ အောင်မိုးပဲလဲဖြစ်နိုင်တယ်၊ ကိုယ်က ဘာသဘောနဲ့မှ မဟုတ်ဘူး၊ ဒီလိုပဲ ပါးစပ်အားလို့ နောက်လိုက်မိတာ၊ ဒီကိစ္စကို ဒီမှာပဲ ရပ်လိုက်ရင်ကောင်းမယ်”

ဖုံကြီးက ခေါင်းကိုမော့လျက် ကျွန်တော့်အား ငယ်ပါသေးတယ်ဆိုတဲ့ ပုံစံမျိုးနှင့်မေးကြည့်ကာ ဂယောင်တို့ထုံး နှလုံးမူလျက် သံနှိဌာန်ချသံနှင့် ဆိုသည်။

“အေး မင်းတို့က သူစိမ်း၊ ဒီကိစ္စကို

ကျွန်တော်ကလဲ
ဆရာဖုံကြီး**ပြော**တာနဲ့
မင်းသမီးရေချိုးနေတုန်း
မင်းသမီးကျောပေါ်က**စာ**
ကြည့်ရအောင်ဆိုပြီး
တက်**ချောင်း**တာ၊ အဲဒါ
ရပ်ကွက်ကမြင်တော့
**သူခိုး**ဆိုပြီး
ဝိုင်းရိုက်ဖမ်းပို့သွားတာ၊

ဒီနေရာမှာ ထားနိုင်ချင်ထားနိုင် မယ်၊ ငါက အရင်းကြီးကွ၊ သူ့ကျောပေါ်က စာအလုံးစုံကို မြင်ရမှ ဆုံးဖြတ်နိုင်မယ်၊ အဲဒီအောင်မိုးရဲ့နောက် အောက်ဖက်မှာ ခိုင်ရှိနေလို့ကတော့ ဒါ ငချိသမီးပဲ၊ ဟင်း"

ဂယောင့်အတ္တပါတကား။

× × ×

ကျွန်တော်တို့ ဘယ်လိုတားတား ဖိုးကြီးက ဖွဲမလျှော့တော့ပြီ။ မင်းသမီး၏အိမ်လိပ်စာကို စုံစမ်း၏။ မင်းသမီးအိမ်အနီး မယောင်မလည်နှင့် သွားစောင့်ကြည့်၏။ ကျပ်ပြည့်သူများက လက်မခံ၊ တိုင်ပင်မရသဖြင့် ကျပ်မပြည့်သော လူစပယ်ယာ နောင်နော်နော်ကို ရေခဲချောင်းကျွေးစည်းရုံး၏။ သူ့သမီး၏ ကျောပေါ်မှစာကို မြင်အောင်ကြည့်မည်ဟု ကြောင်နှစ်ကောင်သား တီးတိုးတီးတိုးတိုင်ပင်၏။ ယခင်လဲ ဘာအလုပ်မှမရှိသော ထာဝရ အလုပ်လက်မဲ့များမို့ မင်းသမီးကျောပေါ်မှ စာတန်းကို အလုံးစုံမြင်ရရေးသာ ရှေးရှုလုပ်ဆောင်ကြတော့၏။ ကျွန်တော်တို့က မဖြစ်နိုင်တဲ့ကိစ္စကို စိတ်ကူးမယဉ်ရန် အတန်တန်တားသော်လည်း ဖိုးကြီးကား ခေါင်းမာခြင်း၌ ကျောက်ဖြစ်အောင် အရည်တည်နေပြီဖြစ်သည်။ နေ့နေ့ညည ထိုကိစ္စသာ သူတို့အတွက် အရေးအပါဆုံးအလုပ် ဖြစ်နေပြီ။

× × ×

တစ်ရက် နံနက်စောစောကြီး ဖုန်းဝင်လာ၏။ ရဲစခန်းကဖြစ်သည်။ ကျွန်တော်တို့အမည်ကိုပြောကာ အာမခံတောင်းနေသော သူခိုးနှစ်ဦးကြောင့်ဟုဆိုသည်။ ကျွန်တော်တို့ညီအစ်ကိုများ ရဲစခန်းသို့ လိုက်သွားရသည်။ ဟိုရောက်တော့ ထင်သည့်အတိုင်း ဖိုးကြီးနှင့် နောင်နော်နော်။ ဖိုးကြီးရုပ်က သူခိုးနှင့်တူသည်ဆိုသော်ငြား သူခိုးရုပ်ဂုဏ်ထူးထွက်ထားသော နောင်ကြီးနှင့်ယှဉ်လျှင်တော့ ထဘီရုပ်သူ အပျော်တန်းသူခိုးရုပ် အဆင့်မျှသာရှိသည်။ နောင်ကြီးကတော့ တကယ့်ပရော်ဖက်ရှင်နယ် သူခိုးရုပ်။

နှစ်ယောက်သား သူခိုးရုပ်များနှင့် ပြာကလယ် ပြာကလယ်ကြည့်နေကြသည်။ ရုပ်ကွက်က ဘယ်မျှဆုံးမထားသည်မသိ။ ပါးဖောင်းခေါင်းဖူး မျက်ကွင်းညိုကာ ရွဲ့စောင်းနေကြသည်။

# ၁၄

"ကဲ ဘယ်လိုဖြစ်တာလဲ၊ လုပ်စမ်းပါဦး"

ကျွန်တော့်အမေးကို နောင်ကြီးက ရယ်ကြဲကြဲနှင့်ဖြေသည်။

"ဟဲဟဲ ကျွန်တော်ကလဲ ဆရာဖုံကြီးပြောတာနဲ့ မင်းသမီးရေချိုးနေတုန်း မင်းသမီးကျောပေါ် ကစာ ကြည့်ရအောင်ဆိုပြီး တက်ချောင်းတာ၊ အဲဒါရုပ်ကွက်ကမြင်တော့ သူခိုးဆိုပြီး ဝိုင်းရိုက်ဖမ်းပို့သွားတာ၊ အဟီး"

"အာ မင်းကလဲ ဟိုက သောက်ပေါ်ထပြီး လျှောက်လုပ်နေတာကို မင်းကပါ"

"အဟဲ ကျွန်တော်လဲ ဝါသနာကလဲရှိတော့ မြင်ရမနည်းဘူးဆိုပြီး အဟီး"

ကျွန်တော်တို့ညီအစ်ကိုများက စခန်းမှူးအား သူတို့ရုပ်များက သူခိုးနှင့်တူသော်လည်း သူခိုးများမဟုတ်ကြောင်း၊ လစ်မှ မူးစေ့မတ်စေ့လောက် ခိုးတတ်တာဖြစ်ကြောင်း၊ ယခုလဲ ဖုံကြီးအရှူးထတာကို ငပေါနောင်ကြီးက လူစယ်ယာလိုက်ခြင်းသာဖြစ်ကြောင်း၊ မနည်းတောင်းပန်ကာ အာမခံပေးခဲ့ရသည်။

× × ×

ဤသို့ဖြစ်ပြီးသော်လည်း ဖုံကြီးကား အလျှော့မပေး။ ယခင် ဗိုက်တပူပူ ဖင်တကောက်ကောက် ရင်တမောက်မောက်နှင့် လတ်လျားလတ်လျားလုပ်နေတတ်သောဖုံကြီး။ ယခင်လို ဆတ်ဆလူးမထတော့။ အားတိုင်းယားတိုင်း ဆိတ်ဖလူးပင်အောက်တွင်မှိုင်လျက်လည်းကောင်း၊ ခြံထဲက ဝါးရုံတွင်တွေလျက်လည်းကောင်း၊ ချုံပုတ်ထဲဆောင့်ကြောင့်ဝင်ထိုင်၍လည်းကောင်း၊ တစ်ငေးတည်းငေး၊ တစ်ဆွေးတည်းဆွေးနေ၏။ ပါးစပ်ကလည်း သမ္မာကျမ်းစာရွတ်ဆိုသကဲ့သို့ အမည်တစ်လုံးကိုသာ တရစပ်ရွတ်ဆိုနေတတ်၏။ ၎င်းအမည်ကား "ငချို ငချို ငချို"

× × ×

ယနေ့ကား မြို့လယ်ဟိုတယ်တစ်ခု၌ ရုပ်ရှင်ကန်တော့ပွဲပေးသည့်နေ့ဖြစ်သည်။ ကျွန်တော်တို့ရေးသော ဇာတ်လမ်းဇာတ်ညွှန်းမို့ ကျွန်တော်နှင့်ကိုကြည်က ဟိုတယ်သို့ ရောက်နေကြသည်။ ရုပ်ရှင်ကန်တော့ပွဲတို့ထုံးစံအတိုင်း မင်းသား၊ မင်းသမီး၊ ဝတ္ထုဇာတ်ညွှန်းရေးသူ၊ ဒါရိုက်တာ၊ ကင်မရာ

အဖွဲ့နှင့် စာနယ်ဇင်းဆရာများ စုံစုံလင်လင် ရှိနေကြသည်။ မင်းသမီးက တိုက်ဆိုင်စွာပင် အထက်ကဖော်ပြခဲ့သော မင်းသမီးဖြစ်သည်။ ထိုအချိန်တွင်ပင် ဟိုတယ်ဝင်ပေါက်မှ ဆူညံပူညံသံများ ကြားကြရသဖြင့် အားလုံးအံ့သြတကြီး ဟိုတယ်ဝင်ပေါက်သို့ လှည့်ကြည့်ကြသည်။ ကျွန်တော်တို့လည်း ဘာဖြစ်တာလဲဟု ဝင်ပေါက်ဖက်မျှော်ငေးကြည့်နေစဉ် မြင်ရသောမြင်ကွင်းကြောင့် ကျွန်တော်တို့ အံ့အားကြီးသင့်နေမိကြသည်။

ကိုကြည်က ထအော်၏။

"ဟင် ဒါ အိမ်က သောက်ရူးတွေ မဟုတ်လား"

ဟုတ်သည်။ မြင်ရသည့်မြင်ကွင်းက ဖုံကြီးနှင့် ငနောင်။ ခေါင်းပတ်နီ ကိုယ်စီနှင့်။

ဖုံကြီးက သူ့ကိုဆွဲထားသော ဟိုတယ်ဝန်ထမ်းများကို တွန်းဖယ်လျက် ဟိုတယ်ခန်းထဲ ပြေးဝင်လာ၏။ မင်းသမီးရှေ့ရောက်သည်နှင့် အောင်မြင်ခန့်ညားသော အသံကြီးနှင့်

"ရုပ်ရှင်ကန်တော့ပွဲသို့ ကြွရောက်လာသော လူကြီးမင်းများခင်ဗျာ၊ ဒီကနေ့မှာ မင်းသမီးနဲ့ ကျွန်တော်တို့ရဲ့ DNAပဟေဠိ အဖြေညှိမယ့် ဖိုင်နယ်နေ့ပါပဲခင်ဗျာ၊ ကဲ သမီး နင့်ကျောက တက်တူးအောက်မှာ ခိုင်ဆိုတဲ့စာလုံးရှိတယ်မဟုတ်လား၊ စာနယ်ဇင်းအရှေ့မှာ ပွင့်လင်းမြင်သာအောင် ချွတ်ဖော်ပြသပါ"

စာနယ်ဇင်းဆရာများက ဟာခနဲ ဟင်ခနဲ ဖြစ်ကုန်ကြသည်။ နောင်ကြီးကလဲ

"ဟုတ်ပါတယ်၊ မှန်ပါတယ်၊ ပွင့်လင်းမြင်သာအောင်ပြပါ"

စသည်ဖြင့် အရူးဘုံမြှောက်၏။ မင်းသမီးက ဘယ်မျှ နေ့နေ့ညည နှိပ်စက်ခံနေရသည်မသိ။ ဖုံကြီးတို့ကိုမြင်သည်နှင့် အနီးရှိ အဒေါ်ကြီးနောက်ကျောသို့ မျက်နှာကွယ်လျက် တုန်နေအောင် ကြောက်နေရှာသည်။

"ကဲ လုပ်စမ်းပါ၊ နင့်တက်တူးရဲ့အောက်မှာ KHINE ဆိုတဲ့ စာလုံးရှိတယ်မဟုတ်လား၊ ကဲ မောင်ဆန်းတို့ မောင်ကြည်တို့ မင်းတို့ပါရှိနေတော့ ပိုပြီးကောင်းတာပေါ့၊ ပြောပါ သမီးလေး၊ ဟုတ်တယ်လို့ ဝန်ခံပါ"

မင်းသမီးက ကြောက်လန့်တကြားနှင့် ကတုန်ကယင်ဆိုသည်။

"မ မဟုတ်ပါဘူး၊ မဟုတ်ပါဘူး"

"ဟားဟားဟား ဘာမှလာညာမနေနဲ့၊ ကဲ နင့်အမေနာမည် ငချိ မဟုတ်လား"

နံဘေးက အဒေါ်ကြီးက ထပြော၏။

"ပေါက်ပေါက်ရှာရှာ သူ့အမေနာမည် ဒေါ်သောင်းယဉ်၊ ကျွန်မပဲ၊ ဘာငချိမှ မဟုတ်ဘူး"

ဖိုးကြီးက တစ်ချက်ကြောင်သွားပြီး ဒေါ်သောင်းယဉ်ဆိုသည့် မိန်းမကြီးကို စေ့စေ့စပ်စပ်ကြည့်၏။ ပြီးမှ အားရပါးရ အော်ရယ်၏။

"ဟားဟားဟားဟား မှတ်မိပြီ၊ မှတ်မိပြီ၊ နင် အငယ်မ,မဟုတ်လား၊ ငါ့တို့အိမ်မှာ အိမ်ဖော်လုပ်ခဲ့တဲ့ အငယ်မလေ၊ ဟုတ်တယ်မဟုတ်လား၊ ဟားဟားဟား နင်ကော့ကရိတ်သူ မဟုတ်လား"

စာနယ်ဇင်းဆရာများက ဝေါခနဲ။

"ဟာ ဘယ်ကကော့ကရိတ်ကရမှာလဲ၊ မွေးကတည်းက သထုံမှာ မွေးတာ၊ သထုံသူစစ်စစ်ရှင့်"

ဖိုးကြီး တော်တော်ပိုင်တဲ့ဇော်ပိုင်၊ အောင်ပိုင်၊ ပိုင်ဇေရဲထွန်း၊ ပိုင်သက်ကျော်၊ ပိုင်ပိုင် အသံမျိုးဖြင့် တထစ်ချပြော၏။

"အေး နင်ဘယ်နယ်သူဖြစ်ဖြစ် ငါ့တို့အိမ်မှာ အိမ်ဖော်လုပ်ဖူးတယ်၊ ငါ့ဆုံးတော့ သမီးလေးမိဘမဲ့မဖြစ်အောင် နင့်သမီးဆိုပြီး စောင့်ရှောက်ဖို့ ပေးခဲ့တယ်၊ ပြီးတော့ ငါ့ရဲ့ဆန္ဒအတိုင်း သမီးရဲ့ကျောပေါ်မှာ ငါ့ရဲ့အချစ်ဦး ငါ့နာမည် တက်တူးကို ထိုးပေးခဲ့တယ်မဟုတ်လား"

"အာ ဘာတွေလာပြောနေတာလဲ၊ ကျွန်မအဖေအမေတွေက သထုံက ရွှေဆိုင်ပိုင်ရှင်တွေ၊ ဈေးအရှေ့ဖက်တန်းမှာ စွန်သိန်းရွှေဆိုင်ဆို လူတိုင်းသိတယ်၊ ဘာအိမ်ဖော်လုပ်ရမှာလဲ"

"ဩော် ငါ့ရဲ့အမွေတွေအားလုံးကို နင်တို့ယူလိုက်တာကိုး"

အခြေအနေက တော်တော်ရှုပ်ထွေးနေပြီ။ ဟိုတယ်ဝန်ထမ်းများကလဲ ဖိုးကြီးတို့ကိုဖမ်းဖို့ဝိုင်းလာကြပြီ။ သိပ်ရှုပ်မပျက်လိုသဖြင့် ထိန်းပြီးလုပ်

နေကြခြင်းဖြစ်သည်။ ဗိုကြီးကလဲ နပ်သည်။ ထိုလူများနှင့်ဝေးရာ ခုံများသို့ မသိမသာပတ်၍သွားနေသည်။ ကျွန်တော်တို့စားပွဲနားအရောက်တွင် ကိုကြည် က ကျွန်တော့်ကို မျက်ရိပ်ပြသည်။ ကျွန်တော်ကလဲ ဤသို့သာထိန်းရတော့ မည်ကိုသိသဖြင့် ကိုကြည့်ကို ခေါင်းညိတ်ပြကာ ဗိုကြီးလည်ပင်းကို လက် ကောက်ဝတ်နှင့်ချုပ်လျက် လက်တစ်ဖက်ကို လိမ်ချိုးကာဖမ်းလိုက်သည်။ ကိုကြည်ကလဲ နောင်ကြီး၏ဆံပင်ကိုဆွဲကာ နားပန်ကျင်း၏။ ပြီး ချုပ်ခေါ်၍

"အလကားပါဗျာ၊ အရှုးတွေပါ၊ ကျွန်တော်တို့သိပါတယ်၊ အရှုးထောင် က လွတ်လာကြတာပါ၊ ကျွန်တော်တို့ ပြန်ပို့ပေးလိုက်ပါ့မယ်"

ဟု အော်ပြောလိုက်ရ၏။

ဗိုကြီးကား ချုပ်ထားသည့်ကြားမှ ဗလုံးဗထွေး အော်နေသေးသဖြင့် ခေါင်းကိုတံတောင်နှင့်ထောင်းကာ ပါးစပ်ကိုပိတ်၍ အတင်းတွန်းထိုးခေါ်ခဲ့ရ၏။

× × ×

ဗိုကြီးကား အိမ်ပြန်ရောက်ပြီးလည်း မင်းသမီးကို ငချိသမီးဟုသာ စွဲလမ်းနေသဖြင့် တကယ်ကို စိတ်ရောဂါကုဆေးရုံပို့ကာ အစွဲချွတ်ပေးနေရ ၏။ သူ၏ဝေယျာဝစ္စများကိုတော့ စိတ်ရောဂါကုဆေးရုံသို့ မကြာခဏအဝင် အထွက်ရှိနေသော ၎င်း၏လက်ရင်းတပည့် နောင်ကြီးကိုသာ တာဝန်ပေးထားရ၏။ နောင်ကြီး ဆေးရုံမှပြန်ရောက်လာသဖြင့် ကျွန်တော် လှမ်းမေးလိုက်သည်။

"ဘယ်လိုလဲ ဟေ့ကောင်၊ ဗိုကြီးအခြေအနေ"

"အခြေအနေကတော့ ဒုံရင်းပါပဲဗျာ၊ ဒီနေ့တောင် သမီးလေး ငချိ သမီးဆိုတာ ဝန်ခံပြီလားလို့ မေးလိုက်သေးတယ်"

ရာသီများပင် ပြောင်းခဲ့ပါပြီ။ ဗိုကြီး၏အစွဲကား မကျွတ်တတ်သေး။ ပန်းနုရောင်အသားပေါ်တွင် ထင်ရှားစွာ ရေးထိုးခဲ့သော နာမတစ်ခုက ဘဝ တစ်ခုကို သွက်သွက်လည်စေတတ်ပါသည်။

■ဟိုးဟန်း

| မှတ်နော် မှတ် | -သိပ်ထူးချွန်တဲ့ လူတွေဟာ အသက်ရှည်ရှည် မနေကြရဘူး ကျုပ်ချောင်းဆိုးနေတာကိုပဲကြည့်။ |
|---|---|






## ရှိနေတာကိုများ



ယောနယ်တွင် ခရီးသွားတစ်ဦးက အချိန်နာရီ သိချင်သဖြင့် ဒေသခံလူတစ်ဦးကို မေးလိုက်သည်။

"ဘယ်နှနာရီရှိပြီလဲ သိနိုင်မလားခင်ဗျာ"

"ခဏစောင့်"

ဒေသခံလူကြီးက ပြောပြီးသည်နှင့် ဖျတ်လတ်စွာနှင့် အနီးရှိ တုတ်တစ်ချောင်းကိုယူကာ မြေပြင်၌ စိုက်လိုက်သည်။ လက်သမားသုံးကျင်တွယ်နှင့် တုတ်ကို ထောင့်မှန်တည့်မတ်အောင် ပြုပြင်သည်။ ထို့နောက် သံလိုက်အိမ်မြှောင်ထုတ်ခါ မြောက်အရပ်ကိုရှာသည်။ ပြီး ထောင်မတ်ထားသောတိုင်၏အတိုင်း အတိုင်းအတာကို ပေကြိုးနှင့်တိုင်းသည်။ ပြီး တိုင်မှထွက် သောအရိပ်နေ၏တည်နေရာ ဒီဂရီ ကိုတွက်ချက်၏။ ပြီး ကိန်းသေတွက်ချက်သောဇယားကိုထုတ်ယူ၍ လျင်မြန်စွာတွက်ချက်၏။ ပြီး သူ၏ပစ္စည်းကရိယာများကိုပြန်လည်သိမ်းဆည်းရင်း အေးဆေးစွာနှင့် ပြောပြသည်။

"ဒီနေ့ဟာ ပေရယ်လ ၂၄ရက်နေ့၊ အချိန်က နှစ်နာရီနဲ့ လေးဆယ့်ကိုးမိနစ်တိတိပဲ"

## ၇၄

ခရီးသွားက အုံ့ဩတကြီးနှင့် မေးလိုက်သည်။

"ခင်ဗျားရဲ့ပညာက အံ့မခန်းလိလိပါလားဗျာ၊ အင်း ဒါနဲ့ နေစမ်းပါဦး၊ တကယ်လို့များ ညဖက်အချိန်တို့ မိုးအုံ့နေလို့ အရိပ်မထွက်နိုင်တဲ့ နေရာတွေမှာဆို ခင်ဗျားဘယ်လိုလုပ်မလဲ"

ဒေသခံကြီးက အေးဆေးစွာပြောသည်။

"ဒါဆိုလဲလွယ်ပါတယ်၊ ဟောမှာ အင်္ကျီလက်ကို ဆွဲတင်ပြီး နာရီကြည့်လိုက်မှာပေါ့ဗျ"

သူ့လက်တွင် လက်ပတ်နာရီကြီးနှင့်။

### အမှား



အင်္ဂလိပ်စာအုပ်ကြီးကို စိတ်ပါဝင်စားစွာ ကြည့်နေသော သူငယ်တန်းကလေးကို ဖခင်မေးလိုက်သည်။

"သမီး အဲဒီစာအုပ်ကြီးကို စိတ်ဝင်တစားကြည့်နေတာ သမီးဖတ်တတ်လို့လား"

"ဖတ်တတ်ပါတယ် ဖေဖေရဲ့၊ ဒါပေမယ့် ဒီစာအုပ်ထဲမှာ အမှားတွေအများကြီး တွေ့နေရတယ်"


"ဟေ ဟုတ်လား"

ဖခင်က အင်္ဂလိပ်စာဖတ်တတ်ရုံမက အမှားများပါ တွေ့နေသည်ဆိုသော သူငယ်တန်းကလေး၏စကားကြောင့် အံ့အားသင့်သွား၏။ စိတ်ဝင်တစားနှင့် ဂရုတစိုက်မေးသည်။

"ဖေ့ကိုပြောပါဦး၊ ဘာတွေမှားနေလို့လဲ"

"ABCD EFGဆိုပြီး အစဉ်လိုက်ရေးရမှာကို ခုဟာက Eနောက်ကို d ရောက်လိုရောက်၊ I နောက်ကို s ရောက်လိုရောက်နဲ့ အမှားတွေချည်းပဲ"

## သူ့အသိဉာဏ်



နေကြဲကြဲတောက် ပူနေသည်။ အလုပ်သမားနှစ်ဦးက ပင်ပန်းစွာနှင့် မြေကြီးကို တူးနေကြသည်။ ကန်ထရိုက်တာကြီးက အရိပ်ကောင်းကောင်း သစ်ပင်ရိပ်အောက်တွင်ထိုင်လျက် ရေနွေးကြမ်းသောက်နေသည်။ အလုပ်သမားတစ်ဦးက ကျန်တစ်ဦးကိုပြောသည်။

“ဒီမြေတူးတဲ့အလုပ်ကို သူကလက်ခံပြီး ငွေတော်တော်များများကိုလဲ သူပဲ ယူထားတယ်၊ တကယ်တူးတော့ ငါတို့၊ သူက အရိပ်ထဲမှာထိုင်လို့”

“အေး အဲဒါဘာကြောင့်လဲဆိုတာ သွားမေးစမ်းကွာ”

အလုပ်သမားတစ်ဦးက သူတို့မရှင်းသည့်အချက်ကို ကန်ထရိုက်တာကြီးကို သွားမေး၏။

“အလုပ်လက်ခံတော့ခင်ဗျား၊ ငွေယူတော့လဲ ခင်ဗျား၊ ခု ခင်ဗျားက အရိပ်မှာထိုင်ပြီး ရေနွေးကြမ်းထိုင်သောက်နေတယ်၊ ကျုပ်တို့က မြေတူးနေရတယ်၊ ဘာကြောင့်လဲ”

ကန်ထရိုက်ဆရာကြီးက ဤသို့ဖြေ၏။

“အသိဉာဏ်ကြောင့်ပေါ့ကွာ၊ အသိဉာဏ်ကြောင့်”

“အသိဉာဏ် ဘာကိုပြောတာလဲ”

“အေး မင်းနားလည်အောင်ပြောရရင် ကဲ ဒီသစ်ပင်မှာ ကပ်ထားတဲ့ ငါ့လက်ကို ထိအောင်ထိုးစမ်းကွာ”

ဆိုသည့်အတိုင်း လက်ဝါးကို သစ်ပင်တွင် ကပ်ပေးထား၏။

အလုပ်သမားက အားကုန်ထိုး၏။ ကန်ထရိုက်က လက်သီးမရောက်မီ လက်ကိုအမြန်ရုတ်လိုက်ရာ အလုပ်သမား၏လက်သီးက သစ်ပင်ကိုသာ ထိုးမိပြီး လက်နာသွား၏။

"အေး မှတ်ထား၊ အဲဒါ အသိဉာဏ်ပဲ၊ သွား မြေပြန်တူးချည်"

အလုပ်သမားက မြေတူးနေရာသို့ ပြန်သွားပြီး သူ့အဖော်အလုပ်သမားကို ပြန်ပြော၏။

"အသိဉာဏ်ကြောင့်တဲ့ကွ"

"အသိဉာဏ် ဘာလဲ အသိဉာဏ်"

အလုပ်သမားက ဘေးဘီဝဲ့ကြည့်၏။ အနီးတွင် မာကြောသောအရာ ဘာမှမတွေ့။ သို့နှင့် သူ့လက်ဝါးကို သူ့မျက်နှာရှေ့တွင်ကာလျက်

"ကဲ ငါ့လက်ဝါးကိုထိအောင် မင်းကိုင်ထားတဲ့ဂေါ်ပြားနဲ့ ရိုက်ကြည့်ကွာ"

## သေကြောင်းကြံ



စိတ်ဝေဒနာသည်တစ်ဦးက မိမိကိုယ်မိမိ အမျိုးမျိုး သေကြောင်းကြံနေသည်။ လူတွေမြင်မြင်သွား၍သာ မသေသေးခြင်းဖြစ်သည်။ မည်သည့်နည်းနဲ့မှလည်း ဖျောင်းဖျ၍မရ။ လူလစ်သည်နှင့် သေကြောင်းကြံသည်ချည်းဖြစ်သည်။ အလုပ်သင်ဆရာဝန်တစ်ဦး ရောက်လာစဉ် ၎င်းလူက သူ့ကိုယ်သူသေကြောင်းကြံဖြစ်သည်။ အလုပ်သင်ဆရာဝန်က လေသံမာမာနှင့်မေးသည်။

"ခင်ဗျား အတော့်ကို သေချင်နေတာလား"

လူနာကလဲ ရဲရဲတင်းတင်းပင် ပြန်ဖြေ၏။

"ဟုတ်ကဲ့ တကယ့်ကို သေချင်လို့ပါ"

"အေး ကျုပ်ရှိတုန်း နောက်တစ်ခါ သေကြောင်းကြံရဲကြံကြည့်၊ ခင်ဗျားကို သတ်ပစ်မယ်"

လူနာက လန့်သွားပြီး

"အဲလိုတော့ မရက်စက်ပါနဲ့ဆရာ၊ နောက်ကို ကျွန်တော် သေကြောင်းမကြံတော့ပါဘူး၊ ကျွန်တော့်ကို မသတ်ပါနဲ့နော်"

# ဟာသပုံပြင် ၁၉

## သူ့ပညာ



နိုင်ငံခြားသားခရီးသည်ကြီးက ပုဂံဘုရားများအနီးတွင် နွားကျောင်းနေသော ဒေသခံအညာသားကြီးကို မေးသည်။

"ဘယ်နှနာရီထိုးပြီလဲ သိနိုင်မလား"

ဒေသခံကြီးက ၎င်းအနီးရှိနွားမနို့အုံကို မ,လိုက်သည်။ ပြီး မဆိုင်းမတွဖြေ၏။

"၁၂နာရီ ၁၅မိနစ်"

နိုင်ငံခြားသားကြီးက အံ့သြသွားသည်။

"နွားမနို့ကို မ,လိုက်ရုံနဲ့ အချိန်ကိုပြောနိုင်တယ်၊ အံ့သြစရာပါလားဗျာ၊ ဘယ်လိုပညာမျိုးကြောင့် သိနိုင်တာလဲ၊ ရှင်းပြလို့ရမလား"

အညာသားကြီးက သိပ်မထူးဆန်းသလိုမျက်နှာနှင့်ကြည့်ရင်း

"ကဲ ဒီလိုလုပ်၊ ဒီနွားမနားဆောင့်ကြောင့်ထိုင်လိုက်စမ်း"

နိုင်ငံခြားသားက အညာသားကြီးပြောသည့်အတိုင်း ထိုင်သည်။

"ရော့ ဟောမှာ နွားမနို့အုံကို မ,လိုက်စမ်း"

နိုင်ငံခြားသားကြီးက နွားမနို့အုံကို မ,ကြည့်သည်။ အညာသားကြီးက ဆက်ပြော၏။

"အဲမှာ နွားမနို့အုံကို မ,လိုက်ရင် ဟိုးမှာမြင်လား၊ ဘုန်းကြီးကျောင်းထဲက တိုင်ကပ်နာရီကိုမြင်ရတယ်"

## ညောင်း



အမျိုးသမီးကြီးက အိမ်ရောက်ရောက်ချင်း အော်ပြော၏။

"ကျွန်မ ထီသိန်းတစ်ထောင်ဆုပေါက်ပြီ၊ ရှင် အထုပ်အပိုးပြင်တော့"

"ဘာလဲ၊ အပန်းဖြေခရီးအတွက်လား၊ လေယာဉ်နဲ့လား၊ သင်္ဘောနဲ့လား"

"ဘာနဲ့မှမဟုတ်ဘူး၊ ကျွန်မထီပေါက်ပြီ ရှင်ညောင်းတော့"

## ၇၉ ဟာသပုံပြင်

# ယောပညာ ဆောပညာ



ယောနယ်တစ်ဝိုက်တွင်ဖြစ်သည်။ ဒေသခံလမ်းပြတစ်ဦးမောင်းသော နွားလှည်းပေါ်တွင် မြို့သားဧည့်သည်နှစ်ဦး စီးနင်းလိုက်ပါလာသည်။ တစ်နေရာတွင် ဒေသခံနယ်သားတစ်ဦး လှည်းလမ်းပေါ် မှောက်အိပ်ရင်း မြေကြီးနှင့်ပါးနှင့်ကပ်ထား၏။ လှည်းမောင်းသူ ဒေသခံက ရှင်းပြသည်။

“ဒီဒေသကလူတွေက ဒီလိုပဲ မြေကြီးပေါ် နားနဲ့ကပ်နားထောင်ပြီး ထူးခြားမှုတွေကိုပြောနိုင်ကြတယ်ဗျ၊ ယောပညာ ဆောပညာဆိုတာပေါ့ဗျာ”

ဧည့်သည်မြို့သားများက အံ့ဩသွားကြပြီး ဒေသခံပညာရှင်ကြီးကို မေးကြသည်။

“ဆရာကြီး ဘာများထူးခြားတာတွေ့ရလဲ”

“လွန်ခဲ့တဲ့ နှစ်နာရီလောက်က လှည်းတစ်စီးဖြတ်သွားတယ်၊ လှည်းပေါ်မှာ ယောကျာ်းနှစ်ယောက် မိန်းမတစ်ယောက် နို့စို့ကလေးတစ်ယောက် ပါသွားတယ်၊ ယောကျာ်းနှစ်ယောက်အနက် တစ်ယောက်က အသားညိုညို ဗလကောင်းကောင်း၊ မိန်းမက အင်္ကျီအဝါရောင်ဝတ်ထားတယ်၊ ပဲတောင်းတွေလဲ တင်ထားတယ်”

ဧည့်သည်များက ယောပညာ ဆောပညာများကို မျက်ဝါးထင်ထင် မြင်ရသဖြင့် အလွန်အံ့ဩသွားကြသည်။ သို့ဖြင့် တအံ့တဩ မေးမြန်းကြသည်။

“အဲဒါတွေအားလုံးကို ခင်ဗျား ဘယ်လိုသိတာလဲ”

“သိတာပေါ့ဗျ၊ ကျုပ်ကို ဖြတ်ကြိတ်သွားတာ ခုထိ ထမှမထနိုင်သေးတာ”

## တွေ့မိလား



ပန်းခြံအနီးတွင် လူတစ်ဦးက ရေးကြီးသုတ်ပျာနှင့်လျှောက်လာရင်း အခြားတစ်ဦးကို မေးလိုက်သည်။

"ဟေ့လူ ဒီနားမှာ ရဲတွေဘာတွေ တွေ့မိသေးလား"

အခြားတစ်ဦးက ပြန်ဖြေသည်။

"ဟင့်အင်း ကျွန်တော်ရပ်နေတာ တော်တော်ကြာပြီ ဘာရဲမှ မတွေ့သေးဘူး"

"အေး အတော်ပဲ၊ ဒါဆို မင့်ပိုက်ဆံအိတ် မြန်မြန်ထုတ်ပေးစမ်း"

## မရောက်လို့



သင်္ဘောသားတစ်ဦးအား သူ့ချစ်သူက သဝန်တို၍မေးသည်။

"တော်စမ်းပါ။ ခုမှလာပြီး ကဲမနေနဲ့၊ ဆိပ်ကမ်းတိုင်းမှာ ရှင့်မယားတွေရှိနေတာ မဟုတ်လား"

"မဟုတ်ရပါဘူးကွယ်"

"ရှင် ဘာနဲ့ သက်သေပြမလဲ"

"ကောင်းကောင်းကြီး သက်သေပြနိုင်တာပေါ့။ သင်္ဘောကပ္ပတိန်ကြီးကို မေးကြည့်ပါလား၊ ကိုယ်တို့သင်္ဘောက ဆိပ်ကမ်းတိုင်းမှ မရောက်တာ"

## တောင့်ခံ



လှလှက ဆရာမထံ ငို၍ ပြေးတိုင်သည်။

"မောင်မောင့်ကို အရေးယူပေးပါ ဆရာမ၊ သူ လှလှအရုပ်ကို ချိုးပစ်တယ်"

"ကဲ သူက ဘယ်နည်းနဲ့ ချိုးပစ်တာလဲကွဲ့"

"နည်းသစ်ကြီးဆရာမ၊ သူ့ခေါင်းကို လှလှက ဒီအရုပ်နဲ့ ရိုက်ချလိုက်တာ သူက ခေါင်းကို တမင်တောင့်ခံပြီး ချိုးပစ်တယ်ဆရာမ"


ခေါက်ချိုး



# ဥရှ

## ခေါက်ချိုး

ကျွန်တော့်ရဲ့ 'ဥ'နဲ့ 'ရှ'ကို အရင်မြင်အောင် ပြထားမှ ခု ကျွန်တော် ပြောပြမယ့်ဇာတ်ကို ကိုယ်ချင်းစာ နားလည်နိုင်မှာမို့ ကျွန်တော့်ရဲ့ရုပ်ခံ ရုပ်ထွက်ကို အရင်ကြည့်။

ဖရိန်က 'ဆမူဆာ' ဗိုက်က 'ဘူးသီး'ခြေချောင်းလက်ချောင်းတွေက 'ပလွေရိုး' အခွက်က 'စတုဂံ'၊ အမွေးအတောင်(ဆံပင်တို့ဘာတို့ ပြောတာပါ) က မီးမြိုက်ခံထားရတဲ့ ပြောင်းဖူးမွေး၊ အဲဒီအခွက်ပေါ်က မျက်ခုံးမျက်စိက သူများက Horizontal (မျဉ်းပြိုင်) ကိုယ်က Vertical (ကန့်လန့်)၊ နှာခေါင်းက 'ခြင်းပိလိမွှော်သီး'၊ ပါးစပ်က သာမန်ကို သုံးနဲ့မြှောက်၊ အဲလို 'ပြတဲတဲ' အသားက ကုလား၊ သွားကတရုတ်၊ အသားမဲကြီးပေါ်မှာ သခေါ(သွားခေါ) ကြီးတမနဲ့လို့ ပြောတာ။

ကဲ မြင်ပြီလား။ ကျွန်တော့်ရဲ့ 'ဥ'နဲ့ 'ပမိ'ကို တွေ့ပြီလား။ အပြင်မှာက အဲဒါကို တစ်ဆယ်နဲ့ထပ်မြှောက်လိုက်ဦး၊ အဲလောက်ကိုဆိုးတာ၊ ခြုံပြောရရင်တော့ဗျာ မဟုတ်တာကြီး ရွှေးလုပ်နေတဲ့ ကျက်သရေကျက်သရာ လုံးဝမရှိတဲ့ အပေအတေ လူယုတ်မာ ဂုတ်စုတ်နုတ်စုတ် အီးပေရုပ်ဗျာ။ ကဲ ပြီးရော။ ခုပြောပြမယ့်ဇာတ်က ဒီလိုဗျ။

နံပါတ်တစ်က အဲဒီကျွန်တော့်ရုပ်ခံကြောင့် ဒီကိစ္စဖြစ်တာ။

# ၇၉

နံပါတ်နှစ်က ဟော့ဒီဘောင်းဘီ။ မရှင်းဘူးမှတ်လား။ ရှင်းပြမယ်။ ဖြစ်က ဒီလိုဗျာ။ ဟောဒီလိုစတာ။

မနက်ခင်းတုံးကပေါ့။ ကျွန်တော်တို့နဲ့ပတ်သက်တဲ့ အမျိုးလည်းတော်၊ ရမ်းလည်းရင်းနှီးတဲ့သူတစ်ဦးရဲ့ မတက်မဖြစ်ညှော်ခံပွဲကို သွားရမှာမို့ အဝတ်အစားလေး သပ်သပ်ရပ်ရပ်ဝတ်ပေါ့။ မဝတ်လို့မဖြစ်ဘူးလေ။ သူတို့ဟာက ရိုက်ကူးရေးတွေ ဘာတွေလည်း ပါတယ်ဆိုတာကိုး ဆိုတော့ ထုံးစံအတိုင်း ကိုယ်နဲ့လိုက်ဖက်မယ်ထင်တဲ့ ဂွတ်တယ်ထင်တဲ့ အဝတ်အစားလေးတွေ ရွေး ဝတ်လို့ပေါ့။ ထားတော့ဗျာ။ ဒီအပိုင်း။

ရုပ်ခံရုပ်ထွက်ကို အစကတည်းက ပြောထားပြီးပြီမို့ ဘာဆင်ဆင် ရုပ်မထွက်ဘူးဆိုတာကို သဘောပေါက်ထားပြီးသားမို့လား။ ဒီတော့ အဲဒီအ ပိုင်းကိုထား။ နောက်တစ်ပိုင်းက အဲဒီညှော်ခံပွဲကို သွားရောပေါ့ဗျာ။ သွားတာ က ဦးလေးတစ်ယောက်ရဲ့ကားနဲ့။ ကားက ဆူဇူကီး အာမိုင်းနတ်(စ်) (Suzuki R-)။

သိတယ်မဟုတ်လား။ အဲဒီကားက အရမ်းပေါ့ပါးသေးသွယ်တဲ့ကား ဘယ်လောက်ဘယ်လောက်သေးလည်းဆို မောင်းတဲ့သူရော ဘေးနားလိုက် ီးတဲ့ သူရောက '၄'(ဒရေမှုတ်)ကိုထောင်ထားတဲ့အတိုင်း ခွေခေါက်ပြီးစီးရတာ။

သွားရင်းသွားရင်းနဲ့ နှစ်ယောက်ကြား(ထိုင်ခုံနှစ်လုံးရဲ့ကြား)မှာ(. . ) ဆိုင်ဆိုတဲ့ တံဆိပ်နဲ့ စက္ကူပါဆယ်အိတ်တစ်လုံး တွေ့တာနဲ့ ဘာရယ်မဟုတ် အားအားယားယား ကိုင်ကက်ကြည့်မိပြီး ဖွင့်ဖတ် ကောက်ကက်ဆွဲထုတ်လိုက် တော့'ရှော့ပင်အနက်ရောင်(ဘောင်းဘီတို)'အသစ်ကလေးတစ်ထည် ထွက် လာတယ်။ တံဆိပ်ကလည်း ခု TV တွေမှာ နာမည်ကြီးမင်းသားလေးတစ် ယောက်က ပုံစံအမျိုးမျိုး အနေအထားအမျိုးမျိုးနဲ့ ကြော်ငြာနေတဲ့နာမည်ကြီး တံဆိပ်။

ကျွန်တော့်ဦးလေးက အသက်သာ ငါးဆယ်နားနီးတာ။ ပေါ့ပေါ့ပါး ပါးလွတ်လွတ်လပ်လပ် ဟော့ဟော့ရှော့ရှော့တွေ ဝတ်တတ်စားတတ်တာ သိ ပြီးသားမို့ ဒါမျိုး ဒီကားပေါ် တွေ့တာ မဆန်းပေမယ့် ဆန်းတာက ခုလို ညှော်ခံ ပွဲ ရှိုးထုတ်ရမယ့်ပွဲမှာ ဘာကြောင့် ဒီဘောင်းဘီအသစ်ကို မဝတ်တာလည်း

ပေါ့။

ဒါနဲ့ပဲ ကားမောင်းနေတဲ့ ဦးလေးဘက်လှည့်လို့ သိချင်စိတ်ကလေး ထိန်းမရတော့တာနဲ့ လက်ထဲရောက်နေတဲ့ ဘောင်းဘီအသစ်ကလေးရဲ့ဒီဇိုင်းကို ဖြန့်ကြည့်ရင်းနဲ့

"ဦးလေး ဒီဘောင်းဘီအသစ်လေးက"

လို့ပဲ ပြောရသေးတယ်။ ဦးလေးက

"အေးလေကွာ၊ မနေ့ညနေက ဒီနေ့ဒီပွဲမှာ ဝတ်ဖို့ဆိုပြီး သွားဝယ်လိုက်တာ"

"ဝယ်လိုက်တော့"

ကျွန်တော်က အလိုက်သင့်ထောက်ပေးလိုက်တယ်။

"ခုမနက်ဝတ်ကြည့်တော့ ဝတ်မရလို့"

"ဩော် ဩော်"

"အေးကွာ၊ ခါးဆိုဒ်က ခါတိုင်းဝတ်နေကျဆိုဒ်ပါပဲ၊ ၃၄လက်မလေ ဟုတ်တယ်မဟုတ်လား၊ အဲဒါကွာ သူ့ခါးဆိုဒ်ကပဲ မမှန်တာလား၊ ကိုယ့်ခါးကပဲ နေ့ချင်းညချင်း ဖွံ့ထွားတတ်သွားတာလား မသိပါဘူးကွာ၊ လက်လေးလုံးကျော်ကျော် တစ်မိုက်နီးပါးလောက်ကို ကွာနေတယ်၊ သူ့ဆိုဒ်ကသာ အမှန်ဆိုရင်တော့ ငါ့ခါးက ၄၀လက်မ နီးပါးလောက်ကို ရှိနေပြီဆိုတဲ့ သဘောပဲကွ၊ သေပြီဆရာပဲ"

ဦးလေးက သူ့ဗိုက်ခေါက်ဖြူဖြူတစ်တစ်ကြီးကို လက်သည်းကလေးနဲ့ကုတ်၊ လက်ဝါးကြီးနဲ့ပွတ်ကာပွတ်ကာနဲ့ ဒါနဲ့ ကျွန်တော်က သူပြောတဲ့ဘောင်းဘီလေးရဲ့ ခါးဆိုဒ်ကိုကြည့်လိုက်တော့ သူပြောတဲ့အတိုင်း ခါးဆိုဒ်က ၃၄လက်မတဲ့။

"နို့ ဦးလေးက ဝယ်တုန်းက တိုင်းပြီးဝယ်တာ မဟုတ်ဘူးလား၊ ဝတ်မကြည့်ဘူးလား"

ဆိုတော့ ဦးလေးက အူကြောင်ကြားမျက်နှာပေးနဲ့

"ဟင့်အင်းကွ၊ အချိန်ကလည်း မှောင်တောင်တောင်၊ လူကလည်း ကောင်းတောင်းတောင်း၊ အရောင်းစာရေးမလေးကလည်း ချောတောတောဆိုတော့ အဟီး ငါလည်း ရှက်တက်တက်နဲ့ လည်ပင်းနဲ့ပဲ တိုင်းပြီးဝယ်တယ်တယ်

ခဲ့မိတယ်”

“ရပါလိမ့်မယ်၊ ကိုယ့်ပိုက်ရာဝင်အိုးကြီးကို အညာလေးနဲ့တိုင်း ‘ဘူး’ ထဖြီးဝယ်မှတော့ သွားပြီပေါ့”

“အေးကွာ၊ ခုဒီမနက်ကျ သွားပြန်လဲဖို့ဆိုပြီးသွားတော့ ဒီနေ့က သူတို့ဆိုင်ပိတ်ရက်ကြီး ဖြစ်နေတာနဲ့”

ဂွတ်ပြီ။ ဂွင်တော့တည့်ပြီလို့ ကျွန်တော့်အာရုံထဲ အတွေးတွေ လက်ခနဲလက်ခနဲ ဖြစ်သွားရသည်။ ဘာကြောင့်ဆို ကျွန်တော့်ခါးက ၃၂၊ ခု သူ့ဘောင်းဘီက ၃၄ဆိုတော့ နှစ်လက်မကွာမည်။ နှစ်လက်မဆိုတော့ လက်သုံးလုံးလောက်ပေါ့။ ဒါက သူပြောတဲ့အတိုင်း ဘောင်းဘီရဲ့ခါးဆိုဒ် မှန်ခဲ့ရင်ပြောပါတယ်။ တကယ်လို့သာ ဘောင်းဘီရဲ့ခါးဆိုဒ်က သူပြောသလို မှားပြီး သူ့ခါးက ဆိုဒ်မှန်နေမယ်ဆို ဒီဘောင်းဘီက ၃၂၊ ကဲ ဒါဆို ကျွန်တော့်ခါးနဲ့ကွက်တိ။ ကဲ ရှင်းတယ်နော်။

ဒါနဲ့ပေါ့ဗျာ။ ခေါင်းထဲပေါ်လာတဲ့ စိတ်ကူးလေး ပြန်ထွက်မသွားခင်မှာပဲ အခွင့်အရေးဆိုတာကြီးကို အမိအရ အသုံးချဖို့ ဆုံးဖြတ်ပြီး ဗျတ်ဗျတ်ဗျတ်ဗျတ်ဆို လက်ထဲကိုင်ထားတဲ့ ဘောင်းဘီလေးကို ကုန်းကုန်းကွကွနဲ့ ခြေထောက်ထဲစွပ်ထည့်လိုက်တော့ ဦးလေးက ကားကို ဂရုတစိုက် ခြေမအား လက်မအား မျက်စိမအားနဲ့ မောင်းနေရာမှ အံ့အားသင့်နေတဲ့အသံကြီးနဲ့

“ဟ ဟ ဟကောင် ဟကောင်၊ ဘာလုပ်တာလဲကွ ဟေ၊ အဲဒါ ဘာလုပ်နေတာလဲ”

“ဝတ်တာလေ၊ ဘောင်းဘီဝတ်နေတာလေ”

“ငါ့ဘောင်းဘီလေ၊ မင်းက ဘာကိစ္စနဲ့ဝတ်နေတာလဲ”

“ဟာဗျာ၊ ဦးလေးကို ချစ်လွန်းလို့ပေါ့ဗျ၊ ကိုယ့်ဦးလေးကိုကိုယ် အမြဲသတိရနေရအောင် အမှတ်တရအနေနဲ့ ကြုံတုန်းလုပ်ထည့်လိုက်တာလေ”

“ဟေ့ကောင် မလုပ်နဲ့၊ မလုပ်နဲ့နော်၊ ဘောင်းဘီက အသစ်ကြပ်ချွတ်၊ တစ်သောင်းနဲ့ရှစ်ရာတောင် ပေးထားရတာ၊ နောက်နေ့ ငါသွားပြန်လဲမလို့၊ ပြီးတော့ မင့်လည်း ငါမချစ်ဘူး”

ဦးလေးက ဘာလုပ်ရမှန်းမသိတဲ့ အသံကြီးနဲ့ ဆွေးသလို တွေးသလို

ပြောနေရာ

"ဦးလေးကလည်းလေ၊ ဆိုင်တိုင်းဆိုင်တိုင်းမှာ ကပ်ထားတဲ့ ဆိုင်းဘုတ်တွေကို မတွေ့ဘူးလား၊ ဒါမှမဟုတ် မေ့နေပြီထင်တယ်"

"ဘာလဲ ဘာဆိုင်းဘုတ်လဲကွ"

"ဝယ်ပြီးပစ္စည်း ပြန်မလဲပါတဲ့၊ ကဲ ခု ဦးလေးဆီမှာ ဘာမှသုံးလို့မရတော့မယ့် ဒီဟာလေးတစ်ခုကို ဦးတူက တန်ဖိုးတထားထားနဲ့ သုံးပေးဝတ်ပေးမယ့်ဟာကို ဦးဖြစ်သူက ကျေနပ်ဝမ်းသာရမှာပေါ့၊ မှတ်လား၊ ကြည်နူးလိုက်စမ်းပါ၊ ဝမ်းသာလိုက်စမ်းပါ ဦးလေးရဲ့"

ပြောပြောဆိုဆိုနဲ့ ဇွတ်တရွတ်ပဲ စွတ်စက်ထည့်လိုက်တာ ကားကလည်း သွားနေရင်း လမ်းတွေကလည်း ဆိုးနေရင်း ဆိုတော့ဗျာ။ ပြီးတော့ ကားကနဂိုတည်းက ပြောထားတယ်လေ၊ လူကို '၄'(ဒရေမှုတ်)ကိုထောင်ပြီး ထားသလို စီးရပါတယ်ဆို။ အဲဒီတော့ ခေါင်းနှစ်ချက်ဖူးပြီး နှာခေါင်းတစ်ချက်ပြားတဲ့အချိန်ကျ ဘောင်းဘီက ခါးထဲရောက်လာရောပေါ့။ ခွေခေါက်ပြီး ထိုင်နေတဲ့ အနေအထားမို့လား မသိဘူးဗျာ။ ဘောင်းဘီက ခါးနဲ့ကွက်တိ။

"မရဘူးမှတ်လား ဟိတ်ကောင်၊ မင်းနဲ့လည်း မတော်ဘူးမှတ်လား၊ အဲဒါကြောင့်ပြောပါတယ် မလုပ်ပါနဲ့ဆို ဈေးကလည်း ကြီးပါတယ်ဆို ဇွတ်"

"ရတယ် ရတယ် ဘာလို့မရရမှာလည်း ဟောကြည့်"

ဆိုပြီး ဖျိုးဖျိုးဖျတ်ဖျတ်နဲ့ ဝတ်ထားတဲ့ ပုဆိုးကို ခေါင်းပေါ်ကကျော်ပြီးချွတ်လို့ ဘောင်းဘီရဲ့ခါးကို ဆွဲပြလိုက်တယ်။ ပြီးမှ

"ဦးလေးဟာလေ၊ ဦးနဲ့တူကြား ငွေစကားအရမ်းပြောတာပဲ၊ အဲဒီတော့ တစ်ခါတည်း ဇယားဖြတ်မှဖြစ်မယ်၊ ဒီဘောင်းဘီက ဦးလေးဘာပြောပြော တကယ်တန်လှ အလွန်ဆုံးရှစ်ထောင်လောက်ပဲရှိမှာ ဆိုတော့ကာ"

အဲဒီနေရာမှာ ကျွန်တော်က စကားကို တစ်ချက်ဖြတ်ပြီး ဦးလေးဘက်တစ်ချက်လှည့်ကြည့်ပြီး စဉ်းစားသလိုလို ဘာလိုလိုလုပ်ပြီးတော့မှ စိတ်မပါလက်မပါပုံစံနဲ့

"ထုံးစံအတိုင်း အားနာနာနဲ့ ခေါက်ချိုးဈေး လေးထောင်ပေးမယ်ရော့"

ဆိုပြီး အိတ်ထဲပါလာတဲ့ တစ်ထောင်တန်ငါးရွက်ထဲက လေးရွက်ကို ပေးလိုက်တယ်။ တစ်ထောင်ကတော့ အပြန်လမ်းစရိတ်ရယ်၊ ကွမ်းဖိုးဆေးဖိုး ပေါ့။ ဆိုတော့ ဦးလေးကမယူဘဲ

"ဟိတ်ကောင် မရဘူး မရဘူး၊ ပြန်ချွတ်၊ ငါ့ဘောင်းဘီပြန်ချွတ်၊ တကယ်ကွ၊ တကယ်ကို သောင်းကျော်ပေးထားရတာ၊ ပြီးတော့ ဝတ်ထားပြီး တဲ့အဟောင်းမဟုတ်ဘူး၊ ဘာကိစ္စ မင်းကို ခေါက်ချိုးဈေးနဲ့ ပေးရမှာလဲ"

"ရတယ်လေ၊ သိတယ်မဟုတ်လား၊ မယူရင်မရဘူးပေါ့၊ ကျွန်တော့် ဘက်ကတော့ ရှင်းတယ်၊ ဘယ်တော့မှ လုံးဝကို ပြန်ချွတ်ဖို့ မရှိတော့ဘူး၊ ခဏကြာ ညှော်ခံပွဲကိုလည်း ရောက်တော့မှာ ယူချင်ယူ မယူချင်နေ ဒါပဲ"

ဆိုတော့ ဦးလေးက ပြုံးတုံးပျာတာနဲ့

"အဲ အဲဒါဆိုလည်း ခုလောလောဆယ် အဲဒီငါးထောင်လုံးပေးခဲ့၊ ကျန်တာနောက်ရှင်း"

"ဘာမှကျန်စရာမရှိဘူး၊ ဘာကိစ္စမှလည်း နောက်ရှင်းတို့ရှေ့ရှင်းတို့ မလိုဘူး၊ တစ်ထိုင်တည်းပဲ တစ်ထိုင်တည်းအပြတ်ပဲ၊ ယူချင်ယူ မယူချင်နေ"

ဆိုပြီး ထောင်တန်လေးရွက်ကို သူ့ရှေ့ 'ဒက်စဘုတ်'ပေါ် ချပေးလိုက် တယ်။

"အေး အေးလေ၊ အဲဒါဆိုလည်း ငါးထောင်လုံးပေးခဲ့"

"ဟာ ဦးလေးကလည်း ဒါလမ်းစရိတ်လေ၊ ပြီးတော့ ကွမ်းစားမယ် လေ၊ ဆေးလိပ်သောက်မယ်လေ မဟုတ်ျလား"

"ရော့ အဲဒါဆို ငါးရာယူသွား၊ မင့်တစ်ထောင်တန် ငါ့ပေး ဒါပဲ"

ဒါနဲ့ပဲ ညှော်ခံပွဲရှေ့လည်းရောက်၊ ကျွန်တော်တို့ အရောင်းအဝယ် ကိစ္စလည်း ဖြစ်ကရော။ ကျွန်တော်လည်း ကားတံခါးလေးဖွင့်ဆင်း အောက် ရောက်မှ ဘောင်းဘီလေးကို ငုံ့ကြည့်ဖြန့်ဖျက် အကျီလေးဆန့်ဆက်ပြီး စိတ် ထဲမလည်း အကျေနပ်ကြီးကျေနပ်လို့။ အိမ်ကထွက်တုန်းကတော့ 'ပုဆိုးနဲ့ တောသား'လမ်းပေါ်ကျမှ ဘောင်းဘီအသစ်နဲ့ 'ဂေါ်င'နဲ့ဖြစ်သွားပုံကို သဘော အကျကြီးကျပြီး အနည်းငယ်လျှော့လျှော့ကျနေတဲ့ ဘောင်းဘီကို 'ရက်ပါ'တွေ လို ဆွဲဆွဲတင်ရင်း ခွင်ကားခွင်ကားနဲ့ ရှိုးတစ်ဝကြီးထုတ်ပြီး ညှော်ခံပွဲထဲ ခန့်ခန့်

ကြီး ဝင်ချသွားလိုက်တော့တယ်။

နိပ်တယ်ဗျာ။ လွတ်နိပ်တယ်။ ကျွေးတာက ကြက်သားမြှုပ်ဒံပေါက်နဲ့ရေခဲမုန့်။ ပြီးရောပေါ့။ ဟုတ်တယ်လေ။ ဒါ ကျွန်တော့်ရဲ့ ဖေးဘရိတ် အကြိုက်ဆုံး အစားအစာဆိုတော့ ဘာပြောကောင်းမလဲ ဆွဲတာ ဆွဲတာ။

ပြောတယ်နော်၊ ပြောခဲ့တယ်နော်။ ကျွန်တော့်ဘော်ဒီက ဆမူဆာဖရိန်မှာ ဘူးသီးထက်ခြမ်း ခြမ်းပြီး ကပ်ထားတဲ့ဗိုက်နဲ့ လို့ တကယ်ဗျာ ခုလို စိတ်ကြိုက်တွယ်လို့ရလို့ကတော့ ကေကေ့ကေ လေလေ့လေပဲ။

ဘယ်လောက်ဘယ်လောက် စားထည့်လိုက်တယ်တော့ မသိပါဘူးဗျာ။ တော်သင့်ပြီလို့ထင်လို့ ရပ်လိုက်တဲ့အချိန်ကျ ခုနက 'ရက်ပါ'တွေလို ချောင်သယောင်နေလို့ လက်တစ်ဖက်နဲ့ ဆွဲထားရတဲ့ ဆွဲဆွဲတင်နေရတဲ့ဘောင်းဘီက လုံးဝကို ဖစ်ဆိုဒ် တင်းလို့ ရင်းလို့ ကွက်တိကိုကျလို့။

ဒါနဲ့ပေါ့ဗျာ။ စားလို့သောက်လို့လည်းပြီး ကိစ္စဝိစ္စလည်းပြီးတော့ အလှူ့ရှင်တွေနှုတ်ဆက်၊ ဦးလေးကိုလည်း အနိုင်နဲ့ပိုင်းပြီး ခါတာခါတာနဲ့ အလုပ်ထဲ ဆက်သွားလိုက်တော့တယ်။

အလုပ်ထဲရောက်တော့လည်း ထုံးစံအတိုင်း ကုန်းလိုက်ကွလိုက်၊ ထိုင်လိုက်ထလိုက်နဲ့ ဗိုက်ထဲလည်း ဒံပေါက်ထမင်းတွေက အပြည့်နဲ့ဆိုတော့ အဲဒီဘောင်းဘီကို တော်မတော် ဂွတ်မဂွတ်က ဂရုကိုမစိုက်မိတော့တာ။



ဘောင်းဘီက
ကျွတ်**ကျွတ်**ကျနေတော့
လူမသိအောင် **မရိပ်**မိအောင်
လက်တစ်ဖက်နဲ့ ဟန်မပျက်
**ခါး**ထောက်ချင်ယောင်က
ဆောင်ထားရ၊
ခြေထောက်**ပလွှားကိုး**ကြီးကိုလည်း
အတတ်နိုင်ဆုံး
**ကား**ထားရတာလေ။

# ကျွန်ုပ်၏ ၇၉

ဒါဆို ဘယ်အချိန်ဂရုစိုက်မိတာလည်း ဘယ်တော့မှ သိတာလည်း ဆိုတော့ နေဦးလေ ပြောပါ့မယ်ဆို။ အဲ ဂရုလည်းစိုက်မိရော သိလည်းသိရော ရှိသမျှ အရှက်တွေလည်း ပြန်းခနဲကွဲရော။ ဒုက္ခလည်း အကြီးအကျယ်ရောက်၊ သိက္ခာလည်းကျ၊ ဒါတောင် ကံကောင်းလို့သာ အချုပ်ထဲမရောက်တာ။ အဖြစ်က ဒီလိုပါဗျာ။

အချိန်က ညနေအလုပ်သိမ်းချိန်၊ နေရာက ဘတ်စ်ကားပေါ်မှာ၊ အခြေအနေက ကြပ်ညပ်ကပ်သတ်လို့၊ ကိုယ့်အနေအထားက ထုံးစံအတိုင်း မိုးတိုးမက်တတ်၊ အဲဒီအချိန်ကျ လူတိုင်းက တစ်နေကုန်ပင်လို့ပန်းလို့ ဗိုက်ကလည်း ချောင်တောင်တောင် ပြားတားတား ခေါင်းကလည်း မူးတူးတူးမော်တော်တော် ရင်ကလည်း လှုပ်တတ်တတ် ကပ်သပ်သပ်၊ ဘတ်စ်ကားဆိုတဲ့ဟာကြီးတွေကလည်း (စီးဖူးတဲ့သူတိုင်း မြင်ဖူးတဲ့သူတိုင်းကတော့ သိကြမှာပါ)အဲဒီအချိန့်ဆို ဘယ်တော့မှကို ချောင်ချောင်လည်လည်ကို တစ်သက်လုံးမရှိတာ။ ပြီးတော့ အဲဒီဘတ်စ်ကားဆရာတို့ ဘတ်စ်ကားစပယ်ယာတို့ဆိုတာကြီးတွေက အဲဒီကားပေါ်မှာ သူတို့က ကျေးဇူးရှင်ကြီးတွေ လူကြီးတွေ ဥက္ကဋ္ဌတွေ ဗိုလ်ချုပ်တွေ ရှင်ဘုရင်တွေလေ။ ရှေ့တိုးဆိုတိုး၊ နောက်ဆုတ်ဆိုဆုတ်၊ ဘေးဖယ်ဆိုဖယ် ကုန်းဆိုကုန်း ကော့ဆိုကော့ သူ့အသံက အမိန့်ပဲ၊ အားလုံးက ကားတစ်စီးလုံးပေါ် ရှိသမျှလူတိုင်းက ဘယ်အသက်အရွယ် ဘယ်အခြေအနေ၊ ဘယ်လိုအနေအထားဖြစ်ဖြစ်၊ သူပြောတာလုပ် မော်မကြည့်နဲ့ ပြန်မပြောနဲ့ ဒါပဲ။

ဆိုတော့ဗျာ။ ကျွန်တော့်ရုပ်ခံရုပ်ထွက်ကလည်း အစမှာကတည်းက ရေးပြထားပြီးသားလေ။ လူကြားထဲမှာဆို အထူးသဖြင့် ခုလိုနေရာမျိုးမှာဆို ထင်းခနဲ ရှင်းခနဲနေအောင်ကို အရမ်းပြတ်သားတာဆိုတော့ ကျွန်တော် ကားပေါ်စတက်ကတည်းကိုက ကျေးဇူးရှင်ကိုရွှေစပယ်ယာရဲ့ မျက်လုံးစိမ်းကြီးတစ်စုံလုံးနဲ့ လုံးဝကို ဒေါက်ထောက်ပြီးကြည့်ခြင်း ခံရတော့တာ။ ပုံစံကလည်း ခါတိုင်းထက်ကိုပိုပြီး မကိုးမကားနိုင်တာကိုးလေ ကြည့်ဦး။

ဘောင်းဘီက ကျွတ်ကျွတ်ကျနေတော့ လူမသိအောင် မရိပ်မိအောင် လက်တစ်ဖက်နဲ့ ဟန်မပျက် ခါးထောက်ချင်ယောင်က ဆောင်ထားရ၊ ခြေထောက်ပလွေရိုးကြီးကိုလည်း အတတ်နိုင်ဆုံး ကားထားရတာလေ။ အဲလိုမှ

မနေရင် မလုပ်ထားရင် ကားကခုန်၊ ချိုင့်ကဆောင့်နဲ့ဆိုတော့ ဘောင်းဘီက ကွင်းလုံးကိုကျွတ်ကျမှာ ဆိုတော့ နဂိုရ်ရုပ်ခံနဲ့ လက်ရှိအနေအထားပေါင်းပြီး ကြည့်လိုက်တော့ဗျာ ကျွန်တော်မပြောချင်တော့ဘူး။

အဲ ရှေ့မှတ်တိုင်တစ်ခုလည်းရောက်ရော။ ထုံးစံအတိုင်း အဆင်းက မရှိ အတက်က တစ်ပုံကြီးဆိုတော့ ကျေးဇူးရှင်စပယ်ယာရဲ့ အသံပြဲကြီးရယ်၊ မျက်လုံးစိမ်းကြီးရယ်က ဘတ်ဆို ကျွန်တော့်ဆီရောက်လာရော။

"ကဲ ကဲ ဟိုနားက ကလန်ကလားနဲ့ မကိုးမကားကြီး ခင်ဗျားရဲ့ခါး ပေါ်ထောက်ထားတဲ့ လက်တံရှည်ကြီးကိုဖြုတ်ချလိုက်တော့ဗျာ၊ မပြောချင်လို့ ကြည့်နေတာနော်၊ နည်းနည်းပါးပါးတော့ အလိုက်သိ၊ ဘယ့်နှယ်ဗျာ ကားပေါ် တက်လာကတည်းက ကြည့်နေတာ၊ လူက ထောင်ထောင်ရှည်ရှည်နဲ့ ခြေကို ကားရားကြီးခွ၊ လက်က ခါးထောက်နဲ့ ကိုယ့်ကိုကိုယ် ဘာထင်နေတယ်မသိ။ စု ခြေထောက်ကိုလည်း စုလိုက်၊ ထပ်မပြောချင်ဘူးနော်၊ ယဉ်ကျေးစမ်းပါ၊ နားလည်မှုရှိပါဗျ"

ဆိုပြီး ဘလစ်ဘလစ်နဲ့ ဒဲ့ပြောပြောရင်း တခြားသူတွေကိုလည်း အော်ငေါက်တွန်းထိုး ကြပ်သိပ်ထည့်နေတယ်။

ဒါနဲ့ ကျွန်တော်လည်း ခါးပေါ်ထောက်ချင်ယောင်ဆောင်ပြီး ဘောင်း ဘီကို ဆွဲတင်ထားတဲ့လက်ကိုယို့ယို့လေး ရှေ့ပို့ပြီး ဘောင်းဘီကို လုံးပြီးတင်း နေအောင် ဆွဲတင်၊ ကားထုတ်ထားတဲ့ ခြေထောက်ကိုလည်း စုပေးလိုက်ရတယ်။ နောက်တစ်ကြိမ်တော့ အပြောမခံနိုင်ဘူးလေ။

ဒီတော့ ခြေထောက်ကို စုပေးလိုက်ရတဲ့အတွက် ချောင်ချောင်လည် လည်ဘောင်းဘီကြီး ကွင်းလုံးကျွတ်မသွားအောင်လို့ ပိုသေချာအောင်ဆိုပြီး ဖင်ကို အတတ်နိုင်ဆုံး ကောက်ထုတ်ထားလိုက်တယ်။ သဘောကတော့ အဲလို ကွေ့ကွေ့ကောက်ကောက်လေးလုပ်ထားမှ ဘောင်းဘီက အကျွတ်သက်သာ မယ်။ အကျွတ်ရနှေးမယ်ပေ့ါ။ ဒီလောက်တော့ ခင်ဗျားတို့သိပါတယ်။ ဟုတ် တယ်ဟုတ်။

စောစောက ပုံစံက ခြေကား ခါးထောက်မို့လို့ မကိုးမကားပုံစံဆို ခုပုံစံကျ ကိုယ့်အထုပ်ကို 'မ'ပြီး အန္တရာယ်ကို ဖိတ်ခေါ်နေတဲ့ပုံစံဖြစ်နေမှန်း

ရှေ့မှတ်တိုင်ရောက်တော့မှ ကောင်းကောင်းကြီးကို သိတော့တာဗျာ။

ရှေ့မှတ်တိုင်လည်းရောက်ရော ထုံးစံအတိုင်း လူတွေက ထပ်တိုးတိုးပြီး တက်တက်လာတော့ ကားပေါ် လုံးဝကို ခြေချစရာနေရာလွတ်ကို မကျန်တော့တာ။ ဒီတော့ လက်တစ်ဖက်ထဲ တန်းကိုဆွဲထားရုံနဲ့ လူက ဘယ်လိုမှ မရနိုင်တော့ဘူးလေ။ ဆိုတော့ ခုနပြောသလို ဘောင်းဘီချောင်ကြီးကို လုံးလက်ပြီး ရှေ့နားစုကိုင်ထားတဲ့ နောက်လက်တစ်ဖက်ကိုပါ ထုတ်သုံးရတော့တယ်။ ဖင်ကိုတော့ နောက်တစ်ဆလောက် ထပ်ကောက်ထုတ်ထားလိုက်ရတာပေါ့။ အကြောင်းက ဖန်နေပြီကိုး။ အခြေအနေက အဲလိုလုပ်မှ ရတော့မှာကိုး။

ကားလည်းထွက်ရောဗျာ။ အိစိအိစိနဲ့ လုံးလုံးမာမာလို ဟာမျိုးကြီးက ကျွန်တော့်နောက် ကျွန်တော် မတန်တဆ အဆမတန် ကောက်ထုတ်ထားတဲ့ ချက်ကောင်းနေရာကို ကွက်တိလာဖိထားတယ်ဗျာ။ ကျွန်တော်က ပထမတော့ ကိုယ့်ကို ဘောင်းဘီမကျွတ်အောင် လာဖိထားပေးတဲ့အရာမို့ ကျေးဇူးတွေတင်လို့ပေါ့။ တအောင့်လောက်ကြာတော့ စိတ်ထဲ အဲဒီလာဖိနေတဲ့ မာမာပျော့ပျော့လုံးလုံးလည်လည်ကြီးလို ဟာမျိုးကြီးကို မရိုးသလိုရိုးသလို ဖြစ်လာတာနဲ့ ကိုယ့်ချိုင်းအောက်ကိုယ့်ခေါင်းကိုထည့်ပြီး နောက်ကိုကြည့်လိုက်တော့ 'အောင်မလေးလေး'လို့တောင် အသံထွက်မိတော့မလို ဖြစ်သွားတယ်။ ကြည့်ဦးဗျာ။ ကြည့်ဦး။ နှာခေါင်းရှည်ရှည် အသားမည်းမည်း သွားကျဲကျဲနဲ့ ကုလားပိန်တစ်ကောင် လာထောက်ထားတာ။ ကျွန်တော့်ချက်ကောင်းကြီးကိုမှ ပယ်ပယ်နယ်နယ်ကြီးကို ထောက်ထည့်ထားတာ။ 'အထောက်တော်'ကြီးလေ။ အထောက်တော်ကောင်ကြီး။ ဒီလိုအချိန် ဒီလိုကားကြပ်ကြပ်မျိုးဆို ဝါသနာအရ အပျင်းပြေလိုက်ထောက်တတ်တဲ့ အကျင့်ယုတ်ကောင်မျိုးကြီးလေ။

စဉ်းစားသာကြည့်ကြပါတော့ဗျာ။ ကျွန်တော့်အဖြစ် ကျွန်တော့်ဒုက္ခကို ကောက်ထုတ်ထားတဲ့ဟာကြီးကို ပုံမှန်နေရာရောက်အောင် ရှေ့တိုးမယ်ဆို ဘောင်းဘီက သေချာပေါက် ကွင်းလုံးကျွတ်ပြီး အရှက်ပြန်းပြန်းကွဲမှာ၊ ကဲ ကွင်းလုံးမကျွတ်ရအောင် ခုအတိုင်း ဆက်နေမယ်ဆိုတော့လည်း နောက်တည့်တည့် ချက်ကောင်းကိုမှ ထောက်ထားတဲ့ အထောက်တော်ကောင်ကို

အားပေးအားမြှောက်ပြုနေတဲ့ ကျားကျားချင်း လူကြားသူကြားထဲ ဖင်ကောက် တဲ့ကောင်ဆိုပြီး ပတ်ဝန်းကျင်အမြင်က မတင့်တယ်၊ အထင်အမြင်သေး သိက္ခာကျနဲ့ မသိတဲ့သူကတော့ ထင်မှာပေါ့။ "ကြည့်စမ်း ရုပ်ကြမ်းကြီးတမနဲ့ ဖင်ကောက်နေတဲ့ကောင်"လို့။

ကျွန်တော်ဗျာ ဇောချွေးတွေ တဖြိုင်ဖြိုင်ကျလို့ ရင်ထဲမှာလည်း တ လှပ်လှပ်၊ မျက်ရည်တွေဝိုင်း၊ အသက်ရှူတွေကြပ်နဲ့ ကားစီးနေရင်းနဲ့ကို မာရ သွန်အပြေးသမားတစ်ယောက်လို အမောဆို့နေတယ်။ ခုလိုအနေအထားနဲ့ ပင်ပင်ပန်းပန်းကြီး အသက်ရှူနေရတာကို ကိုယ့်ကိုကိုယ် အရမ်းရှက် အရမ်း နာကျည်းနေမိတယ်။

ခု ပြန်စဉ်းစားကြည့်တော့ အဲဒီတုန်းက ကျွန်တော် ဘာမှအသိစိတ် မရှိတော့ဘဲ ရှက်ရှက်နဲ့မေ့ပြီး အသက်ရှူနေမိမယ်ထင်တယ်ဗျ။ တကယ်သာ ခုလို ကိုယ့်စိတ်နဲ့ကိုယ့်ကို တစ်သားတည်း တစ်ထပ်တည်းသာ ရှိနေရင် ကျွန် တော် အသက်အောင့်ပြီး သေပစ်လိုက်ပြီထင်တယ်။ တကယ်ပါဗျာ။

အဲ ကံဇာတာလေးနည်းနည်းတက်ချင်လာတော့ ရွှေ့ကမှတ်တိုင် ရောက်ခါနီးလောက်မှာ အပြောင်းအလဲလေးတစ်ခုကို သတိထားလိုက်မိတယ်။ တခြားတော့ မဟုတ်ပါဘူးဗျာ။ ကျွန်တော်ရပ်နေတဲ့ ရှေ့ခုံရဲ့တစ်ခုံကျော်က ကောင်မလေးတစ်ယောက် ဆင်းမယ်ဆိုပြီး ထဖို့ပြင်နေတာကို တွေ့လိုက်မိ တာပဲ။ ချက်ဆိုနားခွက်မီးတောက်တတ်တဲ့ မြေမြန်လက်မြန်စရိုက်က အဲလို နေရာမျိုးမှာတော့ အသုံးဝင်သားဗျ သိလား။

ကောင်မလေး ထတော့မယ် ဆင်းတော့မယ်ဆိုတာကို ရိပ်မိလိုက် ပြီးကတည်းက အပေါ်တန်းကိုကိုင်ထားတဲ့ လက်နှစ်ချောင်းထဲက တစ်ချောင်း ကိုဖြုတ်ပြီး ကပ်သပ်ကြပ်ညပ်နေတဲ့ လူတွေကြားထဲကနေ မရမက အတင်းထိုး သွင်းပြီး သူ့ခုံရဲ့နောက်မှီကို မမီမကမ်းနဲ့ ဘောင်းဘီကျွတ်မှာစိုးလို့ အစွမ်းကုန် ကောက်ထားတဲ့ဖင်ကိုကုန်း၊ ခါးကို အစွမ်းကုန်ဆန့်ပြီး လှမ်းကိုင်ထားလိုက်တယ်။

သဘောကတော့ သူထတာနဲ့ သူ့နေရာကို လက်နှစ်ဖက်အားကိုးနဲ့ လွှားခနဲခုန်ဝင်ဖို့အသင့် ဆိုတဲ့အနေအထားပေါ့။ မတတ်နိုင်ဘူးလေ။ ဒီနေရာ မှာ လူမှုရေးတွေ ယဉ်ကျေးမှုတွေ ဂရုစိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့တာ

သိနေပြီပဲမှတ်လား။ ကိုယ့်ရဲ့အရှက်နဲ့သိက္ခာကို အဲဒါတွေနဲ့ လဲပစ်ရတော့မယ့် အနေအထားလေ။

ဟော ပြောရင်းဆိုရင်း ထပြီ။ ကောင်မလေးထပြီဗျာ။ ကိုင်း လာလေ့ဆိုပြီး နောက်က ထောက်မ,တင်ထားပေးတဲ့ အထောက်တော်ကြီးရဲ့အားတွေပါပေါင်းပြီး စွေ့ခနဲဆို လူတွေပေါ်ကနေကျော်ပြီး ခုန်ဝင်လိုက်တယ်။

လူက တစ်ချက်တော့ အေးခနဲဖြစ်သွားပေမယ့် ခန့်မှန်းထားတဲ့ အတိုင်း ကောင်မလေးရဲ့နေရာ (ထိုင်ခုံ)ပေါ်တော့ ကွက်တိဖင်ချထိုင်မိလျက်သားလေး ဖြစ်သွားတယ်ဗျ။ ပတ်ဝန်းကျင်ကလူတွေကတော့ "ဟယ်" "အလို" "အောင်မလေးတော့" "အားလားလား" ဘာညာဘာညာနဲ့ပေါ့ဗျာ။ အာမေဍိတ်သံတွေ သံစုံထွက်လို့ပေါ့။ ကားကပဲ ချိုင့်ဆောင့်လို့လား၊ တစ်ခုခုကိုပဲ ရုတ်တရက် ရှောင်လိုက်တိမ်းလိုက်လို့လားပေါ့။

အဲဒီမှာ တစ်ခုမေးမယ်ဗျာ။ ခုလို လင်းလင်းချင်းချင်းအချိန်ကြီးလူအများကြီးရဲ့အရှေ့မှာ ခင်ဗျားနဲ့ ဘယ်တုန်းကမှ မသိဘူးတဲ့ မျက်နှာမာရုပ်ကြီးနဲ့ အောက်ပိုင်းဗလာ(ဖင်ပြောင်)လူကြီးတစ်ယောက်က ခင်ဗျားရဲ့ဘေးကို ရုတ်တရက် 'အုံ့ဖွ'ဆို ရောက်လာမယ်ဆို ခင်ဗျား အေးအေးလူလူနေရဲမလား ကဲ။

ဟုတ်တယ်။ ကျွန်တော့်ဘေးနားက အဘွားကြီးလည်း အဲလိုကိုဖြစ်သွားတာ။ အသံကုန်အော်ပြီး လေဖြတ်သလိုဖြစ်၊ သတိပါလစ်သွားတာလေ။ အင်းလေ အင်းပါဆို ကျွန်တော့်ဘောင်းဘီက ကျွန်တော့်နောက်က အထောက်တော်ရဲ့ လုံးလုံးလည်လည်ကြီးပေါ် အခန့်သားကျန်ခဲ့တာ ဆိုမှပဲ။

အဲဒီနောက်ဗျာ။ တစ်ဆက်တည်းဆိုသလိုပါပဲ။ ကားတစ်စီးလုံးကမ္ဘာပျက်သလို ကြောက်လန့်တကြား သံစုံတွေထွက်ပြီး ကားက ဒေါသတကြီးရပ်၊ ပြောင်တောင်တောင်မျက်နှာမာ ကျွန်တော့်ကို ဆွဲချပြီး တစ်ယောက်တစ်ပေါက်နဲ့ ဆဲကြဆိုကြ၊ ရိုက်မယ်နှက်မယ် လုပ်ကြတာလေ။ ပြောတောင်မကောင်းဘူး။

ကျွန်တော့်မှာလည်းဗျာ။ ကားပေါ်ပါတဲ့လူတစ်ရာကျော်လောက်ရဲ့ကြားထဲ ဘယ်လိုမှရှင်းပြမရဖြစ်နေတုန်း အဲဒီလူအုပ်ကြီးရဲ့ ခေါင်းပေါ်က

ကျော်လို့ ခုနလုံးလည်လည်ကြီးပေါ် ကျန်ခဲ့တဲ့ဘောင်းဘီလေး 'ဝှစ်'ဆို ပြန်ရောက်မှပဲ 'လှစ်ခနဲ'ထွက်ပြေးသွားတဲ့ အထောက်တော်ကောင်ကြီးကို လက်ညှိုးထိုး သက်သေပြရပြီး ဘောင်းဘီလေးကို ရှေ့ကကွယ်လိုက်၊ နောက်ကကာလိုက်နဲ့ ငိုယိုတောင်းပန်ရတော့တယ်။

လူအုပ်ကြီးကြားထဲ ဘောင်းဘီကလည်း ဝတ်လို့မတင့်တယ်ဘူးလေ။ ဝတ်မယ်ဆို ကုန်းရ ကွရတော့မှာကိုး။ ရပ်နေအကောင်းသား ကုန်းလိုက်မှ အပြူးလိုက်ကြီးဆို ပြဿနာက ပိုမကြီးဘူးလို့ ဘယ်သူက အာမခံရမလဲ မဟုတ်ဘူးလား။

နောက်ဆုံးတော့ဗျာ။

"ကျွန်တော့်နာမည် 'တင်အောင်'ပါ၊ ". . . ."မှာ လုပ်ပါတယ်၊ "အလုပ်သမားခေါင်းမို့ ချိဖ်တင်အောင် လို့ခေါ်ပါတယ်၊ အလုပ်သမားအများစုကတော့ ချီးတင်အောင်လို့သိပါတယ်၊ မွေးဇာတိက မော်လမြိုင်မြို့ လမုတန်းရပ်ကပါ၊ ခုလက်ရှိကတော့ တောင်ဒဂုံ(၂၆)ရပ်ကွက်၊ ကန်သာယာလမ်း အိမ်အမှတ်. . . မှာနေပါတယ်"

ဆိုပြီး အတိအကျပြော အတိအကျ အာမခံပြီး အိမ်နဲ့သုံးမှတ်တိုင်အကျော်လောက်ကနေ ဘောင်းဘီလေး လက်တစ်ဖက်ကဆွဲလို့ စောင်းငန်းစောင်းငန်းနဲ့ ပြန်ခဲ့ရတယ်။

စိတ်ထဲမတော့ အိမ်ရောက်တာနဲ့ ဦးလေးဆီအရင်ဆုံးသွားပြီး ခေါက်ချိုးစျေးနဲ့ ပြန်ရောင်းမယ် "ပေး ငွေနှစ်ထောင်"ဆိုပြီး အတင်းတောင်းမယ်။ မရရင်တော့ သူ့အရှေ့မှာပဲ ခုနက ငိုယိုခဲ့တဲ့ မျက်ရည်တွေ၊ ကျခဲ့တဲ့ ဇောချွေးတွေ ထွက်ခဲ့တဲ့နှပ်တွေကို ပယ်ပယ်နယ်နယ်သုတ်ပြီး လုံးခြေပစ်လိုက်မယ်လို့။

■ ဖိုးဟိုင်း

| မှတ်နော် မှတ် | -ခြင်တွေက မိန်းမတွေထက်သာတယ်၊ ခင်ဗျားသွေးကို စုပ်နေတဲ့အချိန်မှာ စကားမပြောတော့ဘူးလေ။ |
|---|---|

# သွီးတီးအကၢ်ဖ်အမ်

# **သွီးတီး**



## ဆွီးတီးအက်ဖ်အမ်

မင်္ဂလာညကြီးပိုင်းပါရှင်။ ဒီကနေ့ ညကြီးပိုင်းအစီအစဉ်များကို စတင်ပြီး တင်ဆက်တော့မှာဖြစ်ပါတယ်။ ဒီနေ့ညကြီးပိုင်းမှာ တင်ဆက်ပေးဖို့ ရွေးချယ်ထားတဲ့ အစီအစဉ်ကတော့ **ပလိတ်ကင်** အစီအစဉ်ပဲ ဖြစ်ပါတယ်။

**ဂီညောင် ဂီညောင် ဒူဒူချပ်. . ပလိတ်ကင်. .**

ဒါကတော့ ကြော်ငြာရှင့်။

သားသားမီးမီးတို့ရဲ့ မေမေအပါအဝင် မည်သူမဆို ပါဝင်နိုင်သော အစီအစဉ်ကောင်းတစ်ခု ချန်ပီယံကြီးများအစီအစဉ်၊ ကာစတန်မာပြောသမျှ (၃)နာရီ တစ်ဆက်ရှင်အတွင်း အပေးအယူမျှမျှလုပ်နိုင်သူ ချန်ပီယံကြီးများကို မိသားစုထောက်ပံ့ကြေးငွေသုံးသောင်း..

–ချန်ပီယံကြီးများ အစီအစဉ်ကို စိတ်ဝင်စားလို့ ပါဝင်ချင်သူတိုင်း ယခုလို ညကြီးပိုင်းများတွင် ဆက်သွယ်လိုက်ပါ။

ချန်ပီယံကြီးများ..

အိုးဝို…အိုးဝို…ဘော်လီလေး ဝတ်လိုက်ချင်တယ်…အေး.
အိုးအို အိုးဝို…ဘယ်မှာလဲ နင့်ရဲ့ဘော်လီ…ပေး…
လူတွေအမြင်မှာ ကျားကျားလျားလျားကြီးကွယ်
တကယ်ဆို ကိုယ်ဟာ အတွင်းစိတ်ကတော့နွဲ့တယ်..
နှုတ်ခမ်းမွေးနဲ့ခြောက်တော့…ကြည့်တဲ့သူလန့်မယ်..
ဘော်လီလေးဝတ်ကြည့်လိုက်ရင်…အလှအပမြင်ရမယ်..
အိုး ဖိုးထွတ်ကလေး…ပင်ကိုယ်ယောကျ်ားဘဝက မိုက်ပစ်တော့မှာ..
အိုး…ဖိုးထွတ်ကလေး…
ဘူဒါးရင်မှာ ဖိုးထွတ်ပါ..
မြဲခုနကင်းဝေး အသားကျစ်ကလေးမို့ ဘူဒါးရင်မှာ ဖိုးထွတ်ပါ။

ပိုးပေါက်ရှိသောသွားများကို အမြစ်ကနေ ဖယ်ရှားပေးတဲ့
**ပလာယာ** သွားတိုက်ဆေး

ဟုတ်ကဲ့။ ဒီကနေ့ ပလိတ်ကင် အစီအစဉ်မှာ ရွေးချယ်ထားတဲ့ တေးသံရှင်ကတော့ မာလတီမမပဲ ဖြစ်ပါတယ်။

"ဟုတ်ကဲ့ မာလတီမမရှင့်၊ မာလတီမမ ခုလို တေးသံရှင်မဖြစ်ခင်က ဒီလိုအသံကောင်းလာဖို့ ဘယ်လိုများလေ့ကျင့်ခဲ့ရလဲရှင့်"

"ဟုတ်ကဲ့ပါ၊ ခုလို အသံကောင်းလာဖို့ကို ပထမပဲပြုတ်လို့ အကြိမ် တစ်သောင်းလောက် အော်ဟစ်လေ့ကျင့်ခဲ့ပါတယ်၊ ပဲပြုတ်အော်ပြီးတော့ နောက်ပိုင်း စားကြကောက်ညှင်းပေါင်းဆိုပြီး ကျင့်ပါတယ်"

"ဒါလဲ အကြိမ်များလား"

"ဟုတ်ကဲ့ အကြိမ်တစ်ရာကျော်ပါပဲ"

"တစ်ရာဆိုတော့ နည်းတာပေါ့၊ နောက်ပိုင်း ဘာလို့မအော်တော့ တာလဲ"

"အင်း ခလုတ်တိုက်ပြီး တောင်းမှောက်သွားတော့ မအော်ဖြစ်တော့ပါဘူး"

"အဲဒီနောက်ပိုင်းရော မာလတီမမ"

"အင်း အဲဒီနောက်ပိုင်းကျတော့ အသံပိုထုတ်နိုင်အောင် ဝမ်းဗိုက်ထဲက အသံတွေ စနစ်တကျထုတ်နိုင်အောင် သံတွေဝယ်တယ်၊ ကြေးတွေဝယ်တယ်၊ သတ္တုတွေဝယ်တယ်လို့ အအော်ကျင့်ပါတယ်"

"ဪ ဒါက အမာလိုင်းပေါ့"

"ဟုတ်တယ်ရှင့်၊ ပြောရရင် ဟဲဗီးမက်တယ်လ်သံပေါ့ရှင့်"

"အဲဒီကမှ ဂျင်းဘောင်းဘီတစ်ထည်ဖိုး ရတဲ့အခါ ဂျင်းဘောင်းဘီတစ်ထည်ရင်းပြီး ကေတီဗီဖက်ကိုချိန်း၊ ကေတီဗီမှသည် မာဆတ်ကိုတက်၊ မာဆတ်မှ စင်တင်ကိုပြန်ဆင်း၊ ဒီလို မနားမနေ ကြိုးစားခဲ့ရပါတယ်"

"ဟုတ်ကဲ့ပါ၊ ခုလို ကြိုးစားပန်းစားလေ့ကျင့်သီဆိုခဲ့လို့ ခုဆိုရင် မာလတီမမဆိုပြီး နာမည်တစ်လုံးကို အနုပညာလောကမှာ ကဗျည်းထိုးနိုင်ပြီပေါ့နော်"

"ဟုတ်ပါတယ်"

"မာလတီမမရဲ့ သီချင်းတွေက အချစ်သီချင်းကြမ်းကြမ်းကြီးတွေဆိုတော့ အပြင်မှာ အချစ်ရေးကလဲ ဒီလိုပဲ ကြမ်းတာပဲလား"

"ဟင်းဟင်းဟင်း အဲဒါကတော့ တကယ်ရည်းစားရမှ ပရိသတ်ရှေ့ချပြမှာပါ၊ ချကိုပြဦးမှာပါ၊ ဟင်းဟင်းဟင်း"

"မာလတီမမက တော်တော်ရှုးသွပ်ခဲ့တာပဲနော်"

"ရှုးသွပ်တာတော့ ပြောမနေနဲ့၊ လည်ပင်းဆွဲထားတဲ့ နို့ဆီခွက်နဲ့ ခေါင်းပေါ်က ယပ်တောင်သာကြည့်ပေတော့"

"ဟုတ်ကဲ့၊ ခု ပလိတ်ကင် အစီအစဉ်မှာ တင်ဆက်ဖို့ရွေးချယ်ထားတဲ့ သီချင်းလေးအကြောင်း ပြောပါဦး"

"ဟုတ်ကဲ့၊ သီချင်းနာမည်လေးက နားကားသွားမယ်တဲ့ရှင့်"

"တေးရေးက"

"တေးရေးက မာလတီမမပါပဲ၊ မာလတီမမရဲ့ဘဝ ကိုယ်တွေ့ဘဝကို သီချင်းအဖြစ် ရေးသားထားတာပါ"

"မာလတီမမပြောတာနဲ့တင် သီချင်းကို အရမ်းနားထောင်ချင်နေပြီဆိုတော့ စင်အောက်ကပဲ ပရိသတ်တွေနဲ့အတူ နားထောင်လိုက်တော့မယ်"

"ကောင်းပါပြီ"

**နားကားသွားမယ်**

မူလဘူတ-အေသင်ချိုဆွေ၏
မိတယ်မိုက်တယ်

ကေတီပီလား မာဆတ်လား ရှိသလိုမေးတယ်..
အထာကြီးနဲ့ စိုက်ကြည့်ပြီး အိတ်ပုတ်ပြတယ်..
အဲ့သလောက်တော့ မမှုပါဘူး ပျင်းတောင်သနားတယ်..
ဒယ်ဒီကြီးရဲ့ သူ့အတန်ကြီးက တစ်သောင်းတန်ကြီးကွယ်..

စည်ပင်က ဆီဆိုင်က တစ်ခုတော့ဖြစ်မယ်..
ဆံပင်အတိုနဲ့ ဟောက်တတ်တိုင်း ရဲတော့မဖြစ်နိုင်..
ရဲဖြစ်လဲ မကြောက်ပါဘူး..တို့မှာရှိတယ်
ဒယ်ဒီကြီးနဲ့ ပြောတိုင်လို့ နားကားသွားမယ်..

၁၆နှစ် ၁၇နှစ် ဂျေးအောင်းသွားမယ်..
ဒယ်ဒီကြီးက အချစ်အတွက်ဆိုရင် သိပ်စိတ်ကြီးတယ်..
ပိုက်ပိုက်နဲ့ထိပ်ပြောင်က အလိုက်ပိုသိတယ်..
ဟော်ကီလုလုအကြွားတွေက စားမရဘူးကွယ်..

SOLO

CHO;

ဂေါ်လီလား အကြော်ဒီလား သူ့အမည်ပြောတယ်..
မော်တော်ကားနဲ့ ဖုန်းပြပြီး ကျွန်မကိုချုပ်တယ်..
ချုပ်လိုက်ပေါ့ ကျွန်မမှာတော့ ဖိနပ်အစုတ်ရှိတယ်..
အကြော်ဒီကြီးက အပ်ထုတ်ပြီး ဖိနပ်ထိုင်ချုပ်တယ်..

၁၆နှစ် ၁၇နှစ် ဂျေးအောင်းသွားမယ်..
ဒယ်ဒီကြီးက အချစ်အတွက်ဆို သိပ်စိတ်ကြီးတယ်..

ဗိုက်ဗိုက်နဲ့ ထိပ်ပြောင်က အလိုက်ပိုသိတယ်..
တော်ကီလုလု ကျွေးတာတော့ စားမရဘူးကွယ်..
SOLO
CHO;
ဝယာကြော်လေး ဆမူဆာလေး ကျွန်မကိုကျွေးတယ်..
သူကပဲ အလိုက်တသိကျွေးတော့ ကျွန်မက စားတယ်..
စားလိုက်တော့ ကျွန်မကိုလဲ ဒင်းပြန်စားတယ်..
ပဟေဠိကြီးပဲ ဖွက်နေတော့ ဦးနောက်စားတယ်..

၁၆နှစ် ၁၇နှစ် ဂျေးအောင်းသွားမယ်..

"ဟုတ်ကဲ့ပါ၊ သီချင်းက အရမ်းပဲနားထောင်လို့ ကောင်းပါတယ်၊ ဒါနဲ့ မာလတီမမရဲ့ ပါဖောမန့်က တစ်မျိုးပဲနော်၊ စင်ပေါ်တက်လာတော့ ဘာလို့လေးဖက်ထောက်ကြီးတက်လာတာလဲ"

"အကျင့်ပါနေလို့၊ အဲလေ ယောင်ကုန်ပါပြီ၊ ရှုပေါက်နေတုန်း တီးဝိုင်းကအတင်းတီးတော့ ဘောင်းဘီကမန်းကတန်း ဝတ်လိုက်တာ၊ အရှိန်လွန်မှောက်လဲတာနဲ့ ပါဖောမန့်နဲ့ ရောချလိုက်ရတာပါ"

"ကဲ ဟုတ်ပါပြီ၊ စကားပြောလို့လဲ ကောင်းပါတယ်၊ ဒါပေမယ့် ဒီအစီအစဉ်အချိန်ကလေးကလည်း နည်းနည်းများလာပြီဆိုတော့ အစီအစဉ်ကို ဒီတင်ရပ်ပါရစေတော့ရှင်"

"ဩော် တစ်ခုမေးလို့ရမလားရှင်"

"မေးပါ မာလတီမမ"

"ဒီအစီအစဉ်ကို ဘာလို့ ပလိတ်ကင်လို့ နာမည်ပေးထားတာလဲရှင်"

"ကျွန်မလဲ မသိပါဘူး၊ သိချင်ရင် ကြေးနီတောင်က ဒေသခံလူတွေသာ သွားမေးပါတော့ရှင်"

"အောင်မငီး ကြွတ်စကီးကြီးပါတော့"

■ဦးပီး

# အမေ့လက်ရေး

# သိဟံဟူးသာ

သားရေ

သားက စာကိုမြန်မြန်မဖတ်တတ်မှန်းသိလို့ ဒီစာကို အမေ ဖြည်းဖြည်းလေးပဲ ရေးပေးလိုက်တယ်။

# ၁၄

သားလေး ကျောင်းမှာ တစ်ကျောင်းလုံးနဲ့ မတည့်ဘူးဆိုလို့ မင်းဖေဖေ သိပ်ဝမ်းသာနေတယ်၊ အရင်က သားကို မေမေမွေးတာမှ ဟုတ်ရဲ့လားလို့ သူက သံသယဝင်နေတယ်လေ၊ ခုလို သားက တစ်ကျောင်းလုံးနဲ့ တစ်ယောက် ရန်ဖြစ်တတ်မှန်းသိမှ မေမေ့သွေးအစစ်ပဲဆိုတာ သူလက်ခံသွားတယ်။ အမေ့လဲ ကြည့်ပါလား။ ပြောင်းသမျှရပ်ကွက်၊ လမ်း၊ မြို့ တည့်တဲ့လူ တစ်ယောက်ရှိလို့လား၊ ဟင်း သေသွားမယ်၊ သား လက်တွေ့စမ်းသပ်ခန်းမှာ ကျူတိုရီယယ်ကြီး ကျကွဲလို့ ငွေလိုတယ်ဆို။ အေး မင်းအဖေလဲ ဒီမှာ စတက်ပလာပင်တွေ နှိပ်လိုက်တိုင်း ကောက်ကောက်ကုန်လို့ ပြဿနာတက်နေရတယ်။ ဒီတော့ သားတောင်းတဲ့ငွေ များများစားစား ပို့ပေးနိုင်မယ်မထင်ဘူး။ ဩော် အမေတို့ ခု အရင်အိမ်မှာ မနေကြတော့ဘူး။ အမေတို့နေပြီး (၃)နှစ်ကြာမှ မင်းအဖေက ရေချိုးမယ်ဆိုပြီး ရေချိုးခန်းရှာတာ ရေချိုးခန်းမပါတဲ့အိမ်ဖြစ်နေမှန်းသိရတယ်လေ၊ ခု အမေတို့ ပြောင်းနေတဲ့အိမ်ကတော့ ရေရောမီးရော အဆင်ပြေတယ်။ ရေက အိမ်ရှေ့ရေမြောင်းမှာ အသင့်ခပ်ရုံပဲ၊ မီးက ရောက်ရောက်ချင်း နှစ်ခါတောင် လောင်ပြီးပြီလေ။ အေး ဒီအိမ်မှာ အရင်နေခဲ့တဲ့လူတွေက သူတို့အိမ်နံပါတ်မပြောင်းရအောင်ဆိုပြီး အိမ်နံပါတ်ပြား ဖြုတ်ယူသွားလို့ ဒီအိမ်လိပ်စာကို မပေးနိုင်တာ ခွင့်လွှတ်ပါ။ ဒီအိမ်က အစစအရာရာ အဆင်ပြေပါတယ်။ အိမ်သာကလဲ ကောင်းတယ်၊ လုံလဲ လုံခြုံတယ်၊ တစ်ခုပဲ ပြဿနာရှိတာက အိမ်သာတံခါးဖွင့်ရင် မီးလင်းတယ်၊ တံခါးပြန်ပိတ်လိုက်ရင် မီးကသေသွားတယ်၊ အိမ်သာထဲမှာ အေးလိုက်တာကလဲ အသားကုန်ပဲ။ အိမ်သာတစ်ခါတက်ပြီးရင် နမိုးနီးယားပါ ဖြစ်ဖြစ်သွားတယ်။ အေး ဘေးအိမ်ကတော့ အဲဒီအိမ်သာခန်းထဲက ရေဗူးတွေ ထုတ်ထုတ်သောက်တာ တွေ့တယ်။ အသားတွေငါးတွေ အသီးအရွက်တွေလဲ ထုတ်ထုတ်လာပြီး ချက်စားကြတာလဲတွေ့တယ်။ အရိုင်းအစိုင်းတွေပဲ။ သားလေးမှာတဲ့ ကုတ်အင်္ကျီက ကြယ်သီးတွေတပ်ပြီး စာတိုက်ကပို့လိုက်ရင် သိပ်လေးနေမှာစိုးလို့ ကြယ်သီးတွေကိုဖြုတ်ပြီး အဲဒီကုတ်အင်္ကျီအိတ်ကပ်ထဲမှာ ဒီအတိုင်း ထည့်ပေးလိုက်တယ်။

မနေ့ကတော့ တကယ့်မဟာအခက်အခဲကြီး ကြုံခဲ့ရသေးတယ်။ သားဦးလေး ဦးမိုးကြီး ကားလော့ချလျက်နဲ့ ကားထဲမှာ ကားသော့ကျန်ခဲ့လို့

လေ။ သော့ဆရာခေါ်ပြီး နှစ်နာရီလောက်ကြာအောင် ဖွင့်လိုက်ရတယ်။ မဖွင့်လို့လဲမရဘူး။ မေမေနဲ့ဖေဖေက ကားထဲမှာ ငုတ်တုတ်ကြီး ပိတ်မိနေကြတာကိုး။ ဒီမနက် အမေ့ရဲ့အမေ ကလေးတစ်ယောက် ထပ်မွေးတယ်သား၊ ယောကျ်ားလေးလား မိန်းကလေးလား အမေမသိရသေးတော့ သားရဲ့ဦးလေးလား၊ အဒေါ်လားဆိုတာ အမေမပြောနိုင်သေးဘူး။

တမြန်နေ့က နင့်ဦးဇံ အရက်ဖြူကန်ထဲ လိမ့်ကျသွားခဲ့တယ်။ အနီးက အလုပ်သမားတွေက သူ့ကို အရက်ကန်ထဲက ကယ်ထုတ်ဖို့ ကြိုးစားကြတယ်။ ဒါပေမယ့် သူက သူ့ကိုကယ်တဲ့လူတွေကို (၂)နာရီလောက် ရုန်းကန်တိုက်ခိုက်ခဲ့တယ်၊ နောက် သူ အရက်နစ်ပြီးသေသွားတယ်၊ သူ့ကို မီးသင်္ဂြိုလ်တော့ အရက်ဆီဝနေလို့ (၃)ရက်လောက် မီးမငြိမ်းဘူးသားရေ။

တပ်မတော်သားတွေရှိတာကို မေမေတော့ သိပ်သဘောကျတယ်။ သူတို့ရှိနေလို့သာ ရန်သူရှိမှန်းသိရတာလေ။ ခုအစိုးရသစ်ပြောင်းမှ မေမေတို့နိုင်ငံလဲ တော်တော်ပြောင်းလဲသွားတယ်။ အရင်လူတွေ အရင်အိမ်မှာ မရှိကြတော့သလောက်ပဲ။ မေမေတစ်ခု စဉ်းစားမိတယ်။ လူဟောင်းတွေက ဘာလို့ မြို့သစ်ရောက်ကုန်ပြီး လူသစ်တွေက ဘာလို့မြို့ဟောင်းမှာဝင်နေကြရတာလဲဆိုတာ။ အေးလေ ဒါတွေက သားနဲ့မဆိုင်ပါဘူး။ အဓိက သားနဲ့ဆိုင်တဲ့ သောက်ကြွေးတွေလဲ အမေဆပ်ပေးလိုက်ရသေးတယ်။

မေမေချွန်ထားတဲ့ ခဲတံလစ်မစ်က ပြည့်သွားလို့ စာကို ဒီမှာပဲ အဆုံးသတ်လိုက်တော့မယ်။

ချစ်ခြင်းဖြင့်
မေမေ

ဩော် သားအတွက်ငွေထည့်ပေးမှုလို့ဟာကို စာအိတ်ကပ်ပြီးမှ သတိရတယ်၊ နောက်တစ်ခါမှပေ့ါကွယ်၊ ဟင်းဟင်းဟင်း။

■ သီဟံထူးသာ

| မှတ်နော် မှတ် | -တိုင်းပြည်ကို အုပ်ချုပ်နိုင်တိုင်း သူ့မိန်းမသူ အုပ်ချုပ်နိုင်မယ် မထင်နဲ့။ |
|---|---|

# လမ်းမှား
# သမီးချော

# လမ်းများ

ကားပေါ်တွင် လူအားလုံးစုံနေပြီ။ အကူဒရိုင်ဘာလေးက ယနေ့ ကားကိုစီးနင်းလိုက်ပါမည့် ခရီးသည်များကို မှတ်ပုံတင်နံပါတ်နှင့်တကွ အသေ အချာ စစ်ဆေးခဲ့ပြီးပြီ။ ကား၏ကြံ့ခိုင်ရေးအတွက်လည်း သေချာပြင်ဆင်ပြီးပြီ။

ဦးဘမှန် လက်ထဲမှနာရီကို ငုံ့ကြည့်လိုက်သည်။ ညနေငါးနာရီထိုး ရန်(၁၅)မိနစ်။ ဦးဘမှန် မောင်းသူနေရာတွင် ဝင်ထိုင်လိုက်သည်။ လိုအပ် သည့်ပစ္စည်းများ စုံ,မစုံ စစ်ဆေးကြည့်လိုက်၏။ လိုအပ်သည့်ပစ္စည်းဆိုတာက သိပ်များများစားစားတော့မဟုတ်။ ဦးဘမှန်၏ ကားမောင်းခွင့်ရရှိခြင်း၏ စာ ရွက်စာတမ်း အထောက်အထား အစုံအလင်။ ပြီးတော့ လမ်းတွင်ဖွင့်ရန် သီချင်းခွေများ။ သီချင်းခွေအထပ်လိုက်တွင် စိုင်းထီးဆိုင်ခွေပါ,မပါ သူကြည့် လိုက်၏။ အိုကေ ကိုထီးခွေက (၂)ခွေပါပြီ။

နောက်ပြီး သူ့အိတ်ကပ်ထဲပါလာသည့် နံ့သာပုတီးလေးကို သူ့ယာ ဘက်ခြမ်းတွင် တင်လိုက်၏။ ဒီပုတီးလေးက သူကားစမောင်းစဉ်ကတည်းက အမေပေးထားသည့် ပုတီးလေး။ နံ့သာစစ်မို့ သင်းသင်းလေးမွှေးနေ၏။ သူ့ ယာဉ်မောင်းသက်ပင် အနှစ်လေးဆယ်ကျော် ကျော်ပြီ။ ပုတီးလေးကိုကြည့် ရင်း အမေပင် ဘဝတပါးပြောင်းခဲ့သည်မှာ ၁၀ နှစ်ကျော်။ သူခေါင်းခါလိုက် ၏။ ၁၀ နှစ်ကို တော်တော်ကျော်ခဲ့ပြီ။ အတိအကျတော့ သူမမှတ်မိတော့ပါ။

သူ့ကားမှန်ထောင့်လေးတွင် ချိတ်ထားသည့် နာရီလေးကို မော့ကြည့်

# ကျွန်ုပ်၏ ၇၄ ဦး

လိုက်၏။ (၅)နာရီတိတိ။ ခရီးသည်လည်း စုံပြီ။ အားလုံးလည်း ပြည့်စုံပြီဆို တော့ သူ ကားကို စက်နှိုးလိုက်၏။ သူ ကျွမ်းကျင်စွာနှင့် ကားကို စတင်မောင်း နှင်လေပြီ။

သူ့ညာဘက်ခြမ်းတွင် အကူဒရိုင်ဘာလေး တင်ထားသည့် ကွမ်းယာ ဘူးလေးကို သူ အသာတွန်းရွှေ့လိုက်၏။ ဦးဘမှန် ကွမ်းလုံးဝမစားသလို ကွမ်းစားသည့်သူများကိုလည်း သူမနှစ်မြို့ပါ။

"အရည်မရ အဖတ်မရတွေ"

သူ့စိတ်တွင်းက ရေရွတ်လိုက်၏။ ကွမ်းယာစားသလို ဆေးလိပ်တို့ အရက်တို့ကိုလည်း သူလုံးဝ မမှီဝဲပါ။ ဦးဘမှန်ကိုကြည့်လိုက်လျှင် အမြဲပင် သန့်ပြန့်နေတတ်သည်။ သူ့ယာဉ်မောင်းသက် တလျှောက်လုံးတွင် ယာဉ်မ တော်တဆဖြစ်ဖူးခြင်း၊ ကိုယ်တိုင်တိုက်ဖူးခြင်းတစ်ခါမှ မရှိခဲ့ဘူးပါ။ ဒါကြောင့် ဦးဘမှန်ဆိုလျှင် စိတ်ချရလွန်း၍ ဘယ်ယာဉ်လိုင်းမဆို လက်ခံကြသည်။ ကားပိုင်ရှင်များမှစ၍ နေရာပေး လေးလေးစားစား ဆက်ဆံကြသည်။

ဦးဘမှန် အသက်ခြောက်ဆယ်ကျော်လာတော့ ယာဉ်မောင်းခြင်းအ လုပ်ကို ခေတ္တရပ်နားလိုက်သေးသည်။ ဒါကလည်း ဇနီးနှင့်သားသမီးများက တား၍ဖြစ်သည်။ ဦးဘမှန် အကျင့်စာရိတ္တကောင်း၍ အလုပ်ကို ကြိုးကြိုးစား စားလုပ်ခဲ့ခြင်းကြောင့် ခြံဝင်းသေးသေးနှင့် သပ်သပ်ရပ်ရပ် အိမ်လေးတစ်လုံး ကို ပိုင်ဆိုင်ခဲ့သည်။ သားနှစ်ယောက်နှင့် သမီးလေးတစ်ယောက်မှာလည်း ပညာများပြည့်စုံလို့ အိမ်ထောင်များခွဲထွက်ကာ သင့်သင့်တင့်တင့် နေထိုင်နိုင် ကြပြီ။ ဦးဘမှန်အတွက် ဘာမှလုပ်စရာ မလိုတော့ပေ။ သူစုဆောင်းထားသည့် ငွေလေးနှင့် သားသမီးတွေ ပေးကမ်းစာနှင့် ထိုင်စားနေရုံသာ။

သို့သော် ဦးဘမှန် အိမ်တွင် အေးအေးချမ်းချမ်း မနေနိုင်ပါ။ တစ် သက်လုံး လမ်းပေါ် နေလမ်းပေါ် စားခဲ့၍လား မသိ။ အိမ်တွင် အေးအေးဆေး ဆေး စားရသည့်ထမင်းကို သူမျိုမကျပါ။ ဇနီးနှင့်သားသမီးများက ကားလုံးဝ မမောင်းရ ဟူသည့်အမိန့်နှင့် သူ အိမ်တွင် ယောင်ချာချာ ယောင်နနနှင့် နှစ်ပေါက်အောင် နေခဲ့လိုက်ရသည်။ သူ လုံးဝမနေနိုင်တော့ဘဲ ဇနီးကို အရေး ဆိုခဲ့ရသည်။

"မိန်းမရေ ငါဒီလိုနေလို့ကတော့ မကြာခင်သေလိမ့်မယ်၊ ငါ ကျန်းမာသန်စွမ်းပါသေးတယ်၊ ဒီအတိုင်း ငါ ငုတ်တုတ်သေသွားတာ မမြင်ချင်ရင် ငါ လမ်းပေါ်ပြန်ထွက်ပါရစေ"

နောက်ဆုံးတော့ သူ့ကို ဘယ်လိုမှ တားမရသည့်အဆုံး ဇနီးသည်က ခေါင်းညိတ်လိုက်ရတော့သည်။ သူ အတွေးများကို ခဏရပ်၍ သီချင်းခွေများရှိရာ လက်လှမ်းလိုက်၏။ အကူဒရိုင်ဘာလေးမှ ပျာပျာသလဲနှင့်

"အဘ ဘာယူမှာလဲ"

"ခွေဖွင့်မလို့"

"ဟုတ်ကဲ့ အဘ၊ ဘာဖွင့်မှာလဲ"

"စုပေါင်းဆိုထားတဲ့ ဘုရားသီချင်းတွေ အရင်ဖွင့်ကွာ"

"ဟုတ်ကဲ့အဘ"

အကူဒရိုင်ဘာလေးက သွက်လက်စွာနှင့် သီချင်းခွေများထဲမှ တရားသီချင်းခွေလေးကို စက်ထဲထည့်ကာ ဖွင့်လိုက်သည်။ အကူဒရိုင်ဘာလေးက သွက်လက်ချက်ချာပြီး ရည်မွန်လှသည်။ ဦးဘမှန်နှင့် ခုခရီးမှာ စ၍တွဲမိခြင်း ဖြစ်သည်။

ဦးဘမှန်ကိုယ်တိုင်လည်း ဤခရီးကို လွန်ခဲ့သည့် တစ်လခန့်ကို တစ်ခါမောင်းပြီး ကုမ္ပဏီကားတို့၏ သဘောအတိုင်း အခြားခရီးစဉ်များကို အလှည့်ကျ မောင်းနှင်ရသည်။ သူကားပြန်မောင်းတော့လည်း ဘာမှပြဿနာမရှိဘဲ အေးအေးချမ်းချမ်းမို့ ဇနီးသည်နှင့် သားသမီးများကလည်း နောက်ပိုင်း ဘာမှ အရေးမဆိုတော့ပေ။

အမှောင်ရိပ်များက တဖြည်းဖြည်း ကြီးစိုးလာပြီ။ ကားပေါ်မှ ခရီးသည်များကလည်း ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြပြီ။ တချို့ကလည်း မျက်လုံးများကိုမှိတ်၍ မိမိတို့၏ ကိုယ်စီဘာသာများကိုပဲ အာရုံပြုနေကြသလား၊ အိပ်ပဲပျော်နေကြသည်လား မသိ။ တခဏတာ ကိုယ်စိတ်ငြိမ်းချမ်းစွာနှင့် ဦးဘမှန် မောင်းနှင်ရာသို့ တိတ်ဆိတ်စွာ လိုက်လာနေကြသည်။

ဦးဘမှန် အကူဒရိုင်ဘာလေးဘက်လှည့်၍

"ကောင်လေး"

# ၁၉

“ခင်ဗျာ”

“မင်း ငိုက်ရင် အိပ်လေကွယ်”

“ရပါတယ်အဘ၊ ကျွန်တော် မငိုက်ပါဘူး”

“အေး ငိုက်ရင်အိပ်ကွယ့်၊ မင်းတို့အရွယ်တွေက စားကောင်းအိပ်ကောင်းအရွယ်တွေ”

“ဟုတ်ကဲ့အဘ၊ တရားခွေဆုံးပြီအဘ၊ ဘာခွေထည့်ပေးရမလဲ”

“မင်း အဲဒီထဲက ရှာကြည့်လေကွာ၊ ဇာတ်ကားကောင်းကောင်းလေး တစ်ပုဒ်လောက် ထည့်ထားလိုက်၊ တို့ထမင်းစားဖို့ ရပ်မယ့်နေရာထိဆိုရင်တော့ အံကိုက်ပဲ”

ကောင်လေး ခွေများကိုရှာဖွေ၍ မြန်မာဟာသဇာတ်ကားတစ်ကားကို ဖွင့်လိုက်သည်။ ဇာတ်ကားသံကြားတော့ တချို့ခရီးသည်များ မျက်လုံးပွင့်လာ၍ ဇာတ်ကားကို ကြည့်နေကြသည်။ အကူဒရိုင်ဘာလေးကတော့ ဇာတ်ကားကြည့်ပြီး တဟားဟားနှင့် သဘောအကျကြီး ကျနေတော့သည်။

အမှောင်ထုက တဖြည်းဖြည်းနက်ရှိုင်းလာပြီ။ သို့သော် လမ်းတောက်လျှောက် မီးများလင်းထိန်၍ ဖြတ်သွားဖြတ်လာကားများကလည်း တဝီဝီနှင့် မရပ်မနား တွေ့နေရ၏။ ဦးဘမှန် ကားလက်ကိုင်ခွေကို ကျွမ်းကျင်စွာကိုင်၍ ကားကို ပေါ့ပေါ့ပါးပါးမောင်းနှင်နေသည်။ ကားကြီးကလည်း ကုမ္ပဏီမှ အသစ်ထပ်ဝယ်ဖြည့်ထားပုံရသည်။ အသစ်စက်စက်ကြီး။ မောင်းရသည်မှာ အိစက်ညက်ညောလို့နေ၏။ မြန်မာကားလေးလည်း ဇာတ်သိမ်းကာနီးနေပြီ။ ကားရပ်နားရမည့်ဆိုင်ကြီးကိုလည်း လှမ်းတွေ့နေရပြီ။

“ဘယ်လောက်ချမ်းသာတယ်မသိဘူး၊ ဆိုင်ကြီးကလည်း နတ်ဘုံနတ်နန်းကျလို့ မီးတွေကလည်း လင်းထိန်လိုက်တာ”

ဦးဘမှန်စိတ်တွင်းမှ ရေရွတ်လိုက်မိသည်။

“ဆိုင်ကြီးသလောက် အစားအသောက်ကိုလည်း တူတူတန်တန်လေး လုပ်ရောင်းရင်ကောင်းမယ်”

တစ်ခါတလေကျတော့ ထိုကဲ့သို့ ဆိုင်ကြီးများကို ဦးဘမှန်စိတ်ပျက်မိသည်။ သူတို့လို ယာဉ်မောင်းများကိုတော့ ဖွယ်ဖွယ်ရာရာ လုပ်ကိုင်ကျွေးမွေး

ပြီး ကားပေါ်ပါခရီးသည်များကိုတော့ သူတို့ခြင်းထဲကကြက်လို သဘောထားပြီး ရိုက်တော့သည်။ ခရီးသည်များမှာ တခြားဆိုင်ကလည်းမရှိ၊ ဗိုက်ကလည်းဆာနှင့်ဆိုတော့ မတန်မှန်းသိလျက်နှင့် စားသောက်ကြရတော့သည်။ သူတွေးရင်း သက်ပြင်းချလိုက်မိသည်။

"လူတိုင်း လူတိုင်း ထမင်းလေးတစ်ဝမ်းအတွက် ငရဲမကြီးကြရင်တော့ ကောင်းမှာပေါ့"

"အဘရေ ရောက်ပြီလေ"

"ဩော် အေး"

သူ နည်းနည်းအတွေးလွန်သလို ဖြစ်သွား၍ ကားက ဆိုင်ရှေ့မှ နည်းနည်းလွန်သလို ဖြစ်သွားသည်။ သူ ကားကို ညင်ညင်သာသာလေးရပ်ပြီးမှ နောက်ပြန်ဆုတ်လိုက်သည်။ ကားပေါ်မှ ခရီးသည်များ အောက်ဆင်းဖို့ လှုပ်လှုပ်ရွရွ ဖြစ်နေကြပြီ။ အကူဒရိုင်ဘာလေးက အသံကျယ်ကျယ်နှင့်

"ကားပေါ်ပါရှိလာသော ခရီးသည်များခင်ဗျား၊ ကျွန်တော်တို့ကားက ဒီရပ်နားစခန်းမှာ မိနစ်သုံးဆယ်လောက် ရပ်နားမှာဖြစ်ပါတယ်၊ ခရီးသည်တို့ အပေ့ါအပါးသွားရန်နှင့် စားသောက်စရာများကို စားသုံးနိုင်ရန် ဖြစ်ပါတယ်၊ ခရီးသည်တို့ မိမိတို့၏ ယူဆောင်စရာပစ္စည်း၊ အရေးကြီးပစ္စည်းများကို ယူဆောင်ပြီး အောက်ဆင်းနိုင်ကြပါပြီ၊ ကားရပ်နားစဉ် ကားတံခါးများကို ပိတ်ထားမည်ဖြစ်ပါသည်"

ကားပေါ်တွင် ခရီးသည်များအားလုံးကုန်မှ ဦးဘမှန် ကားအောက်ဆင်းလိုက်သည်။ ညဥ့်နက်ပိုင်းတိုက်ခတ်သော လေပြည်လေးသည် အေးချမ်းလှ၏။ ကောင်းကင်ပေါ်တွင်လည်း စိန်ပွင့်များက သူ့ထက်ငါ တောက်ပမှုကို ပြိုင်နေကြ၏။ လရောင်ဖွေးဖွေးလေးက ရှေ့နားကသစ်ပင်မြင့်မြင့် အုပ်အုပ်ကြီးဆီက သစ်ရွက်များပေါ်သို့ သူ၏ရောင်ခြည်များ ကွန့်မြူးကာ ကခုန်နေကြသည်။ ဦးဘမှန် ညရှုခင်းလေးကို တအားသဘောကျသည်။ သူကားမမောင်းရ၍ အိမ်မှာနေစဉ်က ထိုရှုခင်းလေးကို အိပ်မက်ပါ မက်ယူရသည်။

"အေးချမ်းပါဘိ၊ သာယာပါဘိ"

ကားပြန်ထွက်တော့ ခရီးသည်အားလုံး ကားပေါ်တွင် ထမင်းလုံးစီ

နေကြပြီ။ ညဥ့်ကလည်းနက်ပြီကိုး။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ချိန်ကို ရောက်ကြပြီလေ။ ဦးဘမှန်တို့လို ညလူတွေက လွဲလို့ပေါ့။

"ဝါး. . ဟားဟား"

ဘေးနားက အကူဒရိုင်ဘာလေးက ဆွဲဆွဲငင်ငင် သမ်းချလိုက်၏။ ဦးဘမှန်က ချာတိတ်လေးကို ပြုံးကြည့်ပြီး

"ငိုက်ရင် အိပ်ချေလေကွာ"

ချာတိတ်က ရှက်ပြုံးပြုံးပြီး

"အဟီး ရပါတယ်အဘရဲ့"

"ရပါတယ်မလုပ်နဲ့ ဟိုမယ် စောင်ယူချေ၊ အိပ်တော့ မင်းထိုင်နေလဲ မင်းပင်ပန်းရုံပဲရှိတာ"

"ဒါဆိုလည်း ကျွန်တော်ခဏမှေးမယ်နော်၊ အဘလိုတာရှိ အားမနာနဲ့ ကျွန်တော့်ကိုနှိုးပါ"

"အေးပါကွာ"

ချာတိတ်လေးက ခြုံစောင်လေးကိုယူ၍ သူတို့ယာဉ်မောင်းတွေအတွက် အိပ်ရန်ပေးထားသည့် ထိုင်ခုံသို့သွားရန် ပြင်လိုက်သည်။

"ဪ နေဦး ချာတိတ်၊ ငါ့အတွက် ကားက်ဆက်နဲ့ ကိုထီးခွေကို ဖွင့်ထားပေးခဲ့၊ အနောက်ကိုပြမယ့် တီဗီနဲ့ရော ဆောင်းဘောက်နဲ့ပါ မဂျိုင်းနဲ့"

"ဟုတ်ကဲ့အဘ"

ချာတိတ်က စိုင်းထီးဆိုင်ခွေတစ်ခွေကို ဦးဘမှန်အတွက် ဖွင့်ထားပေးခဲ့သည်။

"အိုး. . ကောင်းလိုက်တာ"

သူ ပါးစပ်မှပင် ရေရွတ်လိုက်မိသည်။ စိုင်းထီးဆိုင်သီချင်းလေးနှင့် ညဥ့်နက်နက်က ပနံရလှပေသည်။

နောက်ကြည့်မှန်မှ သူ ကားတစ်စီးလုံးကို ဝေ့ကြည့်လိုက်၏။ ခုနက အိပ်မငိုက်ပါဘူးဆိုသည့် ချာတိတ်လေးပင် ပါးစပ်အဟောင်းသားနှင့် တခူးခူးဟောက်လို့ အိပ်မောကျနေပြီ။

ညဥ့်က တဖြည်းဖြည်းနက်လာပြီ။ လမ်းချိုးလေးတစ်ခုကို မြင်တော့

သူ ကားကိုကွေ့ချလိုက်၏။ ကားကိုကွေ့ချပြီးမှ သူ ဇဝေဇဝါနှင့်

"ဒီလမ်းဟုတ်ရဲ့လား"

သူပြုံးလိုက်သည်။ ဟိုနားက သစ်ပင်အုပ်အုပ်ဝိုင်းဝိုင်းကြီးကို မြင်လိုက်တော့ သူ သေချာမှတ်မိလိုက်၏။

"ငါ့နှယ်နော် မဖွယ်မရာ ဒီလမ်းဟုတ်ရဲ့လားလို့ ဖြစ်ရတယ်၊ ကားမောင်းသက်တစ်သက်လုံး ဘယ်တုန်းကမှ မမှားဘူးတာ"

သူ တအိအိနှင့် ကားကို ဆက်မောင်းလာ၏။ စိုင်းထီးဆိုင် သီချင်းခွေတစ်ခွေ ဆုံးတဲ့ထိ တစ်နာရီနီးပါးတွင် ကားတစ်စီးမှ ဖြတ်သွားဖြတ်လာ

---

**သူတို့ကံကြမ္မာက ရှေ့ကတံတားကြီးကို ဆောက်လို့ပြီးတဲ့အထိ စောင့်ရမလား။ ဒါမှမဟုတ် နောက်ကကားတစ်စီးက လမ်းလေးအတိုင်း ဖင်ဆုတ်ဝင်လာပြီး သူတို့ကားကို ဆွဲခေါ်မလား။**

---

မရှိခြင်းဖြစ်သည်။

"ဘာလို့ ကားတစ်စီးမှ မတွေ့တာလဲ"

သူ လမ်းဘေးဝဲယာကို လှမ်းကြည့်လိုက်သည်။

"ဟင် လမ်းဘေးမှာလဲ အိမ်တစ်လုံး လူတစ်ယောက်မှ မရှိဘဲ ပိန်းပိတ်အောင်မှောင်နေတာပါလား"

သူ ကားကို ခဏရပ်လိုက်၏။ ကားရှေ့မီး၏ အလင်းရောင်အောက်တွင် ကားလမ်းက မြွေကြီးတစ်ကောင် အိပ်နေသလို ငြိမ်သက်နေသည်။

"ဒါ ရှောင်ကွင်းလမ်း တစ်ခုခုများလား"

ကားလမ်းက သူ့ကားတစ်စီးစာသာရှိပြီး ကွေ့ရန် နောက်ပြန်ဆုတ်ရန်နေရာက မရှိပေ။ သူ ကားပေါ်ပြန်တက်လိုက်၏။ ကားပေါ်ပါခရီးသည်အားလုံးနှင့် သူ့အကူဒရိုင်ဘာလေးပါ အိပ်မောကျနေတုန်း။

"ပြန်ကွေ့မရမယ့်အတူတူ ဆက်မောင်းလိုက်မယ်၊ ရှေ့မှာတော့ တစ်ခုခုတွေ့မှာပါ"

## ၃၄

သူ လမ်းဘေးဘယ်ညာကြည့်တော့လည်း ဒီလမ်းကို သူရောက်ဖူးသလို လာဖူးသလို ခံစားနေမိသည်။

“ဟုတ်မှာပါ၊ အရင်အခေါက်က လာတာ ဒီလမ်းပဲဖြစ်မယ်”

သူ ကားကို စက်နှိုးလိုက်၏။ ကျန်နေသည့် ကိုထီးခွေတစ်ခွေကို ကက်ဆက်ထဲထည့်လိုက်သည်။ သူ ကားကို ဖြည်းညင်းစွာ မောင်းထွက်လိုက်၏။

စိုင်းထီးဆိုင်သီချင်းခွေတစ်ခွေ ထပ်ဆုံးသွားပြန်သည်။ သူ့လမ်းက မဆုံးသေး။ ညဥ့်နက်နက်က တဖြည်းဖြည်း အရောင်ဖျော့လာပြီး ကြယ်လေးများပါ ပျောက်ကွယ်စပြုလေပြီ။ ကားပေါ်ပါ ခရီးသည်တချို့လည်း နိုးလာလေပြီ။ လမ်းဘေးဝဲယာကို ဘယ်ညာကြည့်လို့ ဇဝေဇဝါ ဖြစ်နေပုံရသည်။ အကူဒရိုင်ဘာလေးလည်း နိုးလာပြီး စောင်ကိုခေါက်သိမ်းလို့ သူ့နားလာထိုင်လိုက်၏။

“အဘ ကျွန်တော် တအားအိပ်လိုက်တယ်၊ ဘယ်ရောက်နေပြီလဲ”

“အင်း ရောက်ခါနီးပြီထင်တယ်”

ကောင်လေးက ဘေးဘယ်ညာကြည့်ပြီး

“ဒါ ဘယ်လမ်းလဲအဘ၊ ကျွန်တော် မမှတ်မိသလိုပဲ”

“အေး ရှောင်ကွင်းလမ်းတစ်ခု နေမှာကွ၊ လမ်းဆုံးတော့ ရွာရောက်လိမ့်မပေါ့”

ဆက်မောင်းရင်း ရွာဘက်ကိုချိုးသည့်မြေနီလမ်းလေးတစ်ခုကို သူ တွေ့လိုက်ရသည်။

“ဟုတ်ပါတယ်၊ ဒီလမ်းလေးကို မှတ်မိပါတယ်”

ရှေ့ဆက်မောင်းလိုက်တော့ လမ်းဘေးဝဲယာတွင် ကျောက်များသဲများ ပုံထားသည်ကို သူတွေ့လိုက်ရသည်။ သူ့စိတ်ထဲ စနိုးစနောင့်ဖြစ်လာပြီ။ လမ်းဘေးဝဲယာတွင်လည်း လူတစ်ယောက်မှ မတွေ့သည်ကို သူ အံ့ဩနေ၏။

“အသေအချာကို လမ်းမှားပြီလား၊ ငါ အသက်ကြီးပြီထင်တယ်၊ မှတ်ဉာဏ်အားနည်းပြီလား၊ ခါတိုင်း ဒီနေရာတွေ ငါတို့ခြေရာ. . မဟုတ်ဘူး ကားဘီးရာတွေမှထပ်လို့”

သူ့ကိုယ်သူလည်း အားမလိုအားမရဖြစ်ကာ ဘာလို့မမှတ်မိပါလိမ့်

ကို ထပ်ခါထပ်ခါ မေးနေမိတော့သည်။

"အဘ အဘ"

အကူဒရိုင်ဘာလေး၏ အလန့်တကြားအော်သံကြောင့် သူလန့်ပြီး ဘရိတ်ကို ခပ်ပြင်းပြင်းလေး နင်းချလိုက်မိသည်။ သူဘရိတ်နင်းကြမ်းသွားသည့်အတွက် ကားပေါ်မှ ခရီးသည်များ လန့်နိုးကုန်ကြ၏။

"ဟိုမှာအဘ ကန့်လန့်ဖြတ်မြောင်းကြီး"

သူ ကားကို စက်သတ်ပြီး ရပ်လိုက်သည်။ လမ်းက ဆုံးသွားပြီ။ ရှေ့တည့်တည့်တွင် ကန့်လန့်ဖြတ်စီးဆင်းနေသည့် ချောင်းသေးသေးလေးကို တံတားဆောက်ရန် ပြင်ဆင်ထားသည်ကို တွေ့ရ၏။

ဦးဘမှန် ကားလမ်းဘေးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ကားလမ်းကလည်း ကားတစ်စီးစာကွက်တိပင်။ ကွေ့စရာနေရာလည်းမရှိ။ နောက်ဆုတ်ဖို့ကလည်း လမ်းက အရှည်ကြီး။ ရှေ့တိုးဖို့ကျတော့လည်း ကန့်လန့်ဖြတ်ချောင်းကြီး။ ပထမဆုံးချိုးဝင်လိုက်သည့် လမ်းချိုးကို သူပြန်စဉ်းစားမိ၏။ မဝင်ရဆိုသည့် ဆိုင်းဘုတ်ကို သူမမြင်ခဲ့လေသလား။ သူ ဒီလမ်းတွေကို ဘာလို့မမှတ်မိတော့ပါလိမ့်။ သူ တကယ်ပဲ အသက်ကြီးပြီ ထင်တယ်။

နေက လောကထဲကို ဝင်ရောက်လို့လာချေပြီ။ ကားဘေးတွင် စိတ်ပျက်လက်ပျက် ထိုင်နေသည့် လူကြီးတစ်ဦးနှင့် မျက်နှာငယ်လေးနှင့်ရပ်နေသည့် လူငယ်တစ်ဦး။ ကားပေါ်တွင်တော့ ကားသမားတစ်ဦးကိုသာ ယုံကြည်စိတ်ချစွာ လိုက်ပါလာရရှာသည့် သနားစဖွယ်မျက်နှာများနှင့် ခရီးသည်များ။


ခုတော့ သူတို့ကံကြမ္မာက ရှေ့ကတံတားကြီးကိုဆောက်လို့ပြီးတဲ့အထိ စောင့်ရမလား။ ဒါမှမဟုတ် နောက်ကားတစ်စီးက လမ်းလေးအတိုင်း ဖင်ဆုတ်ဝင်လာပြီး သူတို့ကားကို ဆွဲခေါ်မလား။ ဒါမှမဟုတ် မိုးနတ်မင်းကြီးကိုယ်တိုင်က မနေနိုင်တော့ဘဲ 'ဟပ်ချလောင်း'ဆိုပြီး သွားလိုရာရာကို ပို့ပေးမလား။ သေချာတာကတော့ ကားပေါ်ပါလာသည့် ခရီးသည်အားလုံးက မကြာခင် ဆာလောင်မွတ်သိပ်လာကြတော့မည်။

■ သမီးချော

အတွေးလက်ဆောင်









## ဘာလက်ဟိုး

အဆိုတော်တစ်ယောက်ဖြစ်လာဖို့ဆိုတာ တကယ့်ကို မလွယ်ပါဘူး။ ငွေသိန်းပေါင်းမြောက်မြားစွာနဲ့ ကိုယ့်ရဲ့အချိန်တော်တော်များများကို စွန့်စွန့်စားစား အရင်းဆုံးပေးဆပ်ရတယ်။ ခွေထွက်မလာခင် အချိန်ထိလဲ လူပင်ပန်း စိတ်ပင်ပန်းနဲ့ အတော့်ကို ဖတ်ဖတ်မောရတဲ့ ကိစ္စကြီးပါ။

"အောင်မာ ပြောပြန်ပြီလား၊ သောက်ကြီးသောက်ကျယ်တွေ၊ အရင်တစ်ခါ ကိုယ့်ကိုကိုယ် သရုပ်ဆောင်ကောင်းတစ်ယောက်ပါလို့ ကြွေးကြော်ပြီး စိတ်ကျန်းမာရေးဆေးရုံ ရောက်သွားတာ မမှတ်သေးဘူးလား"

ဟုတ်ကဲ့။ အဲဒီလို ချစ်ဆွေတို့က ထောက်ပြလာခဲ့မယ်ဆိုရင်လဲ ကျွန်တော်နောင်နော်နော် ရှင်းရပါလိမ့်မယ်။ အမှန်တော့ ကျွန်တော်ဟာ သရုပ်ဆောင်ကောင်းလို့ စိတ်ကျန်းမာရေးဆေးရုံ ရောက်သွားရခြင်းမဟုတ်။ အဲဒီက ဆရာဝန်ကြီးပြောပြချက်အရ

# ကျွန်ုပ်၏ရွှင်

"ဆောရီးဗျာ၊ ကျွန်တော်တို့ဆေးရုံက ထုတ်ပေးတဲ့လက်မှတ်နဲ့ တန်းတူအကျုံးဝင်နေတဲ့ ဟားခလုတ်ဟားပုံတင် ဒီဆရာလေးဆီမှာ ရှိနေတယ်ဆိုတာ မသိလို့ ကျွန်တော်တို့ ဒီဆေးရုံကို ခေါ်လာမိတာပါ၊ အခုတော့ ရပါပြီ၊ မလိုတော့ပါဘူး၊ သူကိုင်ဆောင်နေတဲ့ ဟားခလုတ် ဟားပုံတင်က ကျွန်တော်တို့ ဆေးရုံကထုတ်ပေးမယ့် လက်မှတ်ထက် အများကြီး အကျုံးဝင်နေပါတယ်"

ရှင်းပြီနော်။ နောင်နော်နော် ဘာကောင်လဲဆိုတာ ချစ်ဆွေတို့အားလုံး သဘောပေါက်ရောပေါ့။ ထားပါ။ ကျွန်တော် အဓိက ပြောချင်တာက

အဆိုတော်တစ်ယောက်ဖြစ်ဖို့ဆိုတာ တကယ့်ကိုမလွယ်ပါဘူး။ ပြောရင်ယုံမလား။ အဲဒီမလွယ်တဲ့ ကိစ္စကြီးကိုပဲ ကျွန်တော် လွယ်လွယ်လေး ဖြတ်ကျော်နိုင်ခဲ့တယ်။ အရမ်းပေါ့ပေါ့ပါးပါးကြီးတော့လဲ မဟုတ်ဘူးပေါ့ဗျာ။ အဲဒီလို ကိုယ်နဲ့မဆိုင်တဲ့ အဆိုတော် ဖြစ်ချင်တဲ့စိတ်တွေ ကျွန်တော့်ရင်ထဲ ဘယ်လိုကဘယ်လို ရောက်လာရတာလဲ ဆိုတော့၊

ပထမဆုံး ကိုညီထွဋ်(ဇော်ဝင်းထွဋ်)ကို ကျေးဇူးတင်ရမယ်၊ ကိုညီထွဋ်ရေ ဒီစာလေးနဲ့ပဲ ကျေးဇူးတင်စကား ပြောလိုက်ပါတယ်။

ကဲ ချစ်ဆွေတို့ကလဲ ဖြစ်ကြောင်းရယ်တဲ့ကုန်စင်ကို ရှုပါလော့။

× × ×

တစ်နေ့ အခုနောက်ဆုံးထွက်ထားတဲ့ ကိုညီထွဋ်ရဲ့ သီချင်းခွေကြော်ငြာ ဗီနိုင်းဆိုင်းဘုတ်ကြီးကို ကျွန်တော်စူးစိုက်စွာ ငေးကြည့်နေမိတယ်။ ရှေ့တိုးပြီး ဆိုင်းဘုတ်အောက်တည့်တည့်ကနေ မော့ကြည့်တယ်။ နောက် တော်တော်လှမ်းလှမ်းပြန်ဆုတ်ပြီး မျက်ပေတုံးငယ်ကို ပြဒါးတစ်ခါ ကျုံ့ချည်တစ်လှည့်နဲ့ကြည့်တယ်။ လက်ပိုက်ပြီးကြည့်တယ်။ လက်နောက်ပစ်ပြီးကြည့်တယ်။ ခေါင်းကုတ်ပြီးကြည့်တယ်။ ဝက်ခြံညှစ်ပြီး ကြည့်တယ်။ လူလစ်ရင်လစ်သလို ဆိုင်းဘုတ်ကိုကျောပေးပြီး အားကစားလုပ်လိုလို ဘာလိုလိုနဲ့ ခြေထောက်နှစ်ချောင်းကြားကနေ ပြန်ငုံ့ကြည့်တယ်။ ဘာကြောင့် ဒီလောက်အချိန်ကြာကြာ ကျွန်တော် စိတ်ဝင်တစားကြည့်နေရတာလဲဆိုတော့၊

နယ်မြို့နေလူထုတော့မသိ။ ရန်ကုန်မြို့နေလူထု တော်တော်များများတော့ တွေ့ဖူးမှာပေါ့။ ကြော်ငြာထားတဲ့ဘုတ်က ဖောက်ထိုးကြီး။ စာလုံးတွေ

အားလုံး အတည့်လုပ်ထားပြီး ကိုညီထွင့်ပုံက ဇောက်ထိုးကြီးဆိုတော့ အတော်လေးကို ထူးဆန်းနေတယ်။ အဲဒီမှာ ကျွန်တော်ခေါင်းထဲ ဖျတ်ခနဲ ဘာဝင်လာသလဲဆိုတော့ သူ့ထက်ပိုပြီး အတော်ကြီးထူးခြားသွားအောင် ငါဘယ်လိုလုပ်ရမလဲ။ ပရိသတ်ကို ဘယ်လိုချပြရမလဲပေါ့။

သိပ်မကြာလိုက်။ ဒီမှာတင် ကျွန်တော့်အရည်အချင်းကိုကျွန်တော်သိလိုက်ရတယ်။ အိမ်ကကောင်တွေနဲ့ စကားများရင် အမြဲအပြောခံနေရတဲ့

"အေးပါကွာ မင်းက ပါရမီရှင်ပါပဲ"

ဆိုတဲ့စကားကိုလဲ ကျွန်တော်လက်ခံလိုက်မိတယ်။ အမှန်တော့ ဒါတွေဟာ ကျွန်တော့်အတွက်မဟုတ်။ ဒီအရည်အချင်းတွေ ဒီပါရမီတွေနဲ့ ကျွန်တော် အနုပညာဖန်တီးမှုတွေလုပ်၊ ပြီးရင် ပရိသတ်ကို ချပြမှာပါ။ ဟုတ်ပ။ နိုင်ငံတော်နဲ့ နိုင်ငံသားပရိသတ်ကြီးအတွက်ပဲပေါ့ ချစ်ဆွေရယ်။ ဒါကြောင့်၊

ကျွန်တော် အတော်ကြီးထူးခြားတဲ့ စီးရီးတစ်ခွေလုပ်ဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ ဒေးဗစ်ခွန်နောင်နဲ့ နငယ်တို့ကို ပြောကြည့်ပါသေးတယ်။ ဒီကောင်တွေက သိပ်မစွန့်စားရဲ။ သမားရိုးကျပဲ သွားချင်တယ်တဲ့။ ဒေးဗစ်ခွန်နောင်က ခဲပန်းချီ စီးရီး ထွက်ထားတယ်။ နငယ်က ဇောက်ထိုးနက္ခဆိုတဲ့ခွေထွက်ထားတယ်။ ထားတော့။ သူတို့မလုပ်တော့ ကိုယ့်ဘာသာကိုယ်ပဲ ချရတော့မှာပေါ့။ ဘယ်သူ့ကိုမှလဲ ဆက်မပြောဖြစ်တော့။ သေချာမှပဲ ချပြတော့မယ်။ ဘယ်လောက်ထိအောင်လဲဆို ကျွန်တော့်ဆရာတွေကိုတောင် အသိမပေး။ သူတို့သိရင် ကူညီမယ်၊ အဲဒီလို အကူအညီယူလိုက်မိရင် ကျွန်တော့်အရည်အချင်း ဘယ်မလဲ။ ဒါကြောင့် ပြောဘူး။ အဲ ငွေထုတ်ချေးပေးနိုင်တဲ့အိမ်က သူငယ်ချင်းဖြစ်သူ ထွန်းမင်းလတ်ရဲ့ကောင်မလေး မပတ္တမြားစံကိုတော့ အကျိုးရယ်အကြောင်းရယ် သွားပြောရသေးတာပေါ့။ သဘောကောင်းပါတယ်။ ကြည့်ရတာ ကျွန်တော့်လို ကြပ်ပြည့်ပုံလဲမရဘူး။ သိန်း(၅၀)ရင်းပြီး စီးရီးတစ်ခွေထုတ်တာနဲ့ တစ်လအတွင်း သိန်း(၂၀၀)ပြန်ရမယ်ဆိုတော့ တစ်ခွေတည်းကို ငါးခွေစာ ရင်းပစ်လိုက်ဆိုပြီး ရှောရှောရှူရှူပဲ ထုတ်ချေးပေးလိုက်တယ်။ ရန်ကုန်မြို့မှာ လက်ညှိုးထိုးမလွဲ အများသုံးအိမ်သာတွေ ပိုင်ဆိုင်ထားတဲ့ဘောစိပဲ။ ဒီလောက်တော့ အပျော့ပေါ့။ ထားပါတော့။ အဲဒီလိုနဲ့

ကျွန်တော် စီးရီးတစ်ခွေ စလုပ်ဖြစ်တယ်။

စီးရီး Title က

ဘလက်ဟိုး. . ။

× × ×

ဘလက်ဟိုးကို ကျွန်တော်စလုပ်ဖြစ်တဲ့ ရည်ရွယ်ချက်က ကိုညီထွဋ်ကို အားကျလို့ပါ။ အတိအကျပြောရရင် သူ့ရဲ့ကြော်ငြာဘုတ်။ ဒါကြောင့် ငါလုပ်ရင် သူ့ထက်ပိုထူးခြားရမယ်ဆိုတဲ့ ခံယူချက်နဲ့ ကျွန်တော့်ရဲ့ ဘလက်ဟိုး ဗီနိုင်းဒီဇိုင်းကို ဘယ်သူ့မှမအပ်။ ကုန်ကုန်ပြောရရင် တခြားလူတွေရဲ့ ဒီဇိုင်းတွေကို ရေးပေးနေတဲ့ စွယ်စုံရအနုပညာရှင်ကြီး ကျွန်တော့်ဆရာ ဦးဆန်းကြီးကိုတောင် အသိမပေးဘူး။ သူ့အိုင်ဒီယာတွေပါကုန်မှာစိုးလို့။ ကိုယ့်ဘာသာတစ်ပွေထဲ အခန်းပိတ်ပြီး ချွေးတလုံးလုံးနဲ့ အမှန်အကန်ကြိုးစားတယ်။ သိပ်မကြာဘူး။ တစ်လလောက်နေတော့

ကျွန်တော့်ရဲ့ ဘလက်ဟိုးဗီနိုင်းဒီဇိုင်းကြီးက မှည့်ထနေတယ်။ ဆန္ဒရှိတဲ့အချိန် ခွက်ဆွဲလိုက်ရုံနဲ့ ချိုမြိန်အီမွှေးတဲ့ အရသာကို ခံစားရမှာ မြေကြီးလက်ခတ်မလွဲ။ ကိုညီထွဋ်ဘုတ်ထက် အများကြီးသာတယ်။ ကျွန်တော့် ဘလက်ဟိုးဒီဇိုင်းက အားလုံးဖောက်ထိုး။ စာလုံးတွေလဲ ဖောက်ထိုး၊ အရုပ်တွေ



လဲ ဇောက်ထိုး၊ တခြားအမှတ်အသားတွေအားလုံးလဲ ဇောက်ထိုး၊ အဲဒီဇောက်ထိုးတွေ အသက်မပါမှာစိုးလို့ ဒီဇိုင်းထုတ်ကတည်းက ကွန်ပျူတာကို ဇောက်ထိုးလုပ်ပြီး ထုတ်ထားတာလေ၊ ထားတော့။ ကျွန်တော့်ခွေထဲမှာပါတဲ့ သီချင်းတွေကလဲ တော်တော်လေး ထူးခြားနေတယ်။ ပေါ့ပ်သီချင်းတွေပါပဲ။ ဒါပေမယ့် ထူးထူးခြားခြား အိုင်ဒီယာတွေနဲ့ ကြိုးစားပန်းစားလုပ်ထားတာမို့ အားလုံးသူ့အဓိပ္ပာယ်နဲ့သူ ပြည့်စုံနေတယ်။ သီချင်းနာမည်တွေက၊

နတ္ထိ၊ ကုန်ပြီ၊ ရှာဖွေဆဲ၊ အလွတ်၊ ဘုတ်အုပ်ထဲက ဗလာ၊ ပျောက်ဆုံးသွားသော သီချင်းတစ်ပုဒ်၊ ဘလက်ဟိုး၊. . . ၊ . . . ၊ . . . ၊ . . . ၊. . . ။

အားလုံးပေါင်း တစ်ပေပြည့်အောင် သီချင်းဆယ့်နှစ်ပုဒ် ထည့်ထားတယ်။ ပေတံကို ကိုယ်စားပြုထားတဲ့ သဘောပေါ့။ ကျွန်တော် သီချင်းတွေအားလုံးရဲ့ လေးနက်မှုကို ဘယ်အရာနဲ့မှ ဘယ်ပေတံနဲ့မှ တိုင်းတာလို့မရပါဘူး။

ထားပါတော့။

အဲဒီသီချင်းကိစ္စတွေ ပြီးတာနဲ့ ကျွန်တော် ချွေးတလုံးလုံးနဲ့ ကြိုးစားပန်းစားလုပ်ထားတဲ့ ဗီနိုင်းဘုတ်ထောင်ဖို့ကိစ္စကို စတင်ပါတော့တယ်။ ဗီနိုင်းထုတ်တဲ့ဆိုင်ကို ကိုယ်ကိုယ်တိုင်သွားတယ်။ ဒီအတိုင်းပဲထုတ် ဘာမှမပြင်နဲ့လို့။ အားလုံး စိတ်ချလက်ချဖြစ်တဲ့အထိ မှာပြီးတာနဲ့ ဘောက်ချာကို ကျွန်တော့်ခွေစိုက်ထုတ်ပေးသူ မပတ္တမြားစံရဲ့ဘဲ ကျွန်တော့်ရဲ့ သူငယ်ချင်း ထွန်းမင်းလတ်လက်ထဲ အပ်လိုက်တယ်။ နောက်နေ့ရတာနဲ့ ဒီကောင်က ရွှေ့ပြီး ဘုတ်ထောင်တဲ့လူတွေဆီသွားအပ်ပေးမယ်တဲ့။ ကျွန်တော့်အလုပ်ကို ဘာတစ်ခုမှတော့ ဝင်မစွက်ဖက်။ ဒီကောင်ငတုံး ဘာသိတာမှတ်လို့။ သူ့ကောင်မလေးက ကျွန်တော့်စပွန်ဆာဆိုတော့ ဒီကောင်ကပါ စပွန်ဆာဘဲအနေနဲ့ ဂုဏ်မောက်နေတာ နေမှာပေါ့။ မျက်နှာမာကြီးနဲ့ တခြားလူတွေကို မတူသလို မတန်သလိုကြည့်လိုကြည့်။ ခါတိုင်း ဆေးပေါ့လိပ်သောက်နေရာကနေ စီးကရက်တွေပြောင်းသောက်လိုသောက်။ ကြည့်ရတာ ဒီကောင်က ဝမ်းတွင်းပေါ်ဆိုတော့ စိတ်ထဲမှာ ကြိတ်ပျော်နေပုံရတယ်။ ထားတော့။ သောက်ရှုးအကြောင်း။

အဲဒီလို ကျွန်တော် ဗီနိုင်းအပ်ပြီး နောက်နှစ်ရက်မြောက်တဲ့နေ့မှာ

တော့။

× × ×

"ဟယ်"

သုဝဏ္ဏလမ်းဆုံမှာ ထောင်ထားတဲ့ ကျွန်တော့်ဗီနိုင်းကိုကြည့်ပြီး မျက်လုံးကြီးပြူး ပါးစပ်ကြီးအဟောင်းသားနဲ့ အတော်လေးအံ့အားသင့်သွားရတယ်။ နောက်

"တောက် သေပါပြီဗျာ"

ကိုယ့်နဖူးကိုယ်ရိုက်ပြီး အတော်လေးလဲ စိတ်ဓာတ်ကျသွားတယ်။ ကျွန်တော် ထူးထူးခြားခြား အိုင်ဒီယာတွေနဲ့ ကြိုးစားပန်းစားလုပ်ခဲ့တဲ့ ဇောက်ထိုးဘုတ်က အခုကျ အတည့်ကြီးဖြစ်နေတယ်။ ဒါကြောင့် အနားမှာရှိနေတဲ့ ဘုတ်ထောင်တဲ့ဆရာကို တင်းနေတဲ့ မျက်နှာပေးနဲ့ ပြန်ကြည့်လိုက်ပြီး

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျ"

ဘုတ်ထောင်တဲ့ဆရာ နားမလည်သလို လူကိုပြန်ကြည့်ပြီး

"ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ရမလဲဗျ၊ ကျွန်တော့်ဘုတ်က ဒီလိုထောင်ရမှာမဟုတ်ဘူး"

ကျွန်တော် လေသံမာမာနဲ့ ပြောလိုက်တော့ ဘုတ်ဆရာ မျက်နှာငယ်လေးနဲ့

"ကျွန်တော်တို့ တစ်သက်လုံး ဒီလိုပဲထောင်လာတာပါဗျာ၊ အခု ဘာများမှားလို့လဲ"

ကျွန်တော် စိတ်ကုန်သလို တစ်ချက်ကြည့်လိုက်တယ်။ ပြီးမှ

"ဘာမှားရမလဲ၊ ကျွန်တော်ပေးတဲ့ဘုတ်က ခုလို အတည့်မဟုတ်ဘူးဗျ၊ ဇောက်ထိုး ဇောက်ထိုး"

ဘုတ်ဆရာ ဘာကိုရယ်မသိ စဉ်းစားနေတယ်။ ပြီးမှ သူတစ်ခုခုကို သဘောပေါက်သွားပုံနဲ့ မျက်နှာကြီးပြန်တင်းမာလာပြီး

"ဟာဗျာ၊ ခင်ဗျားက ဇောက်ထိုးပေးတယ်ဆိုပေမယ့် ခင်ဗျားလုပ်ထားတဲ့ ဒီဇိုင်းက ဘယ်လိုလုပ်လုပ် အတည့်ကြီးဖြစ်နေတဲ့ဥစ္စာ၊ ကျုပ်တို့က ဘယ်လိုဇောက်ထိုးထောင်လို့ရမှာလဲ၊ ခင်ဗျား ဇောက်ထိုးမြင်ချင်သပဆိုရင်

တော့ ဟောဟိုနားလောက်ကနေ ဘုတ်ကိုကျောပေးပြီး ခြေနှစ်ချောင်းကြား ကနေ ပြန်ငုံ့ကြည့်တော့”

မယုံ။ သူပြောတဲ့အတိုင်း သွားလုပ်ကြည့်တော့။

“ဟယ်”

ဟုတ်ပ။ ဘုတ်က ကျွန်တော်ကြိုးစားပန်းစားလုပ်ထားတဲ့အတိုင်း ဇောက်ထိုး။ ပုံမှန်အနေအထားအတိုင်း ပြန်ရပ်ပြီးကြည့်တော့

“ဟင်”

ဘုတ်က အတည့်ပြန်ဖြစ်သွားပြန်ပြီ။ ကျွန်တော် ဘယ်လိုမှစဉ်းစားလို့မရ။ လုပ်တုန်းက ဇောက်ထိုး။ ထောင်လိုက်မှ အတည့်ကြီးဖြစ်နေတယ်။ ဘာဆက်လုပ်ရမလဲ။ နဂိုအတိုင်းကို ကျွန်တော်ထောင်လိုက်ရင် ကိုယ်လိုချင်တဲ့ အနေအထားကို ရနိုင်ပေမယ့် သမားစဉ်အတည့်ဆိုတာကြီးရလာတာ သိလိုက်ရတော့ သိပ်ဖီးလ်မလာတော့။ ထုတ်ထားတဲ့ ဒီအရှိအတိုင်းကိုပဲ ထူးခြားအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲ။ ရုတ်တရက် အတွေးတစ်ခု ဖြတ်ဝင်လာတယ်။ ဘာပဲဖြစ်ဖြစ် သူများထက်ထူးခြားဖို့က အရေးကြီးတယ်မဟုတ်လား။ ဒါကြောင့်၊

× × ×

ဘုတ်ဆရာ သူပြန်ပြင်ထောင်ထားတဲ့ ကျွန်တော့်ဘုတ်ကိုကြည့်ရင်း သက်ပြင်းတချချ ခေါင်းတရမ်းရမ်းလုပ်နေတယ်။ ပိုက်ဆံထပ်ရလို့ လုပ်ရပေမယ့် သိပ်ဘဝင်ကျပုံတော့မပေါ်။ သာမန်သူတစ်ယောက်အဖို့တော့ ဘယ်ဘဝင်ကျပါလိမ့်မလဲ။ ကျွန်တော် ပြန်ပြင်ထောင်ခိုင်းထားတဲ့ အနေအထားက လမ်းမဘက်ကို ဗီနိုင်းကျောဖြူဖြူကြီးပေးပြီး ဒီဇိုင်းတွေကို တခြားဘက်ပို့ထားလိုက်တယ်။ မထူးဘူးလား အိုင်ဒီယာ။ ကြည့်ချင်ဟိုဘက်သွား။ ဒါမျိုး ဘယ်ပညာရှင်မှ တွေ့ဖူးမှာမဟုတ်။

ဘုတ်ဆရာ သက်ပြင်းတစ်ချက်ချတယ်။ နောက် ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးပြန်ကြည့်ပြီး

“ကျုပ်တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ရူးတဲ့လူ မတွေ့ဖူးဘူးဗျာ”

“အခုတော့ အရူးစစ်စစ်တွေ့ဖူးပြီဟုတ်”

## ၇၉

ကျွန်တော့်အမေးကို ဘုတ်ဆရာ ခေါင်းတညိတ်ညိတ်လုပ်ပြီး

"တွေ့ဖူးပါပြီဗျာ၊ တွေ့ဖူးပါပြီ၊ ဒါပေမယ့် ခင်ဗျားကို သတိတော့ တစ်ခုပေးစရာရှိတယ်"

"ဘာ ဘာများလဲဗျာ"

ကျွန်တော် အလောတကြီး ပြန်မေးလိုက်တယ်။ ဘုတ်ဆရာ အေး အေးလူလူပဲ

"ဘယ် ခင်ဗျာ့မအေ့လင်ကမှ တကူးတက အပင်ပန်းခံပြီး ဘုတ်ကို ဟိုဘက်နံရံဖက်ကပတ်ကြည့်မှာ မဟုတ်ဘူးဗျာ့"

တစ်ချက်တော့ တွေဝေသွားတယ်။ သူပြောတာလဲ ဟုတ်နေတာ ကိုး။ ဘာဆက်လုပ်ရင် ကောင်းမလဲ။ ရုတ်တရက် အတွေးတစ်ခု ဖြတ်ဝင်လာ တယ်။ ဒါကြောင့်

"အဲဒီအတွက်တော့ ခဏစောင့်ဗျာ"

ဘုတ်ဆရာကိုပြောပြီး ဖုန်းတစ်ချက်ကောက်ဆက်လိုက်တယ်။ သိပ် မကြာ။ ရပ်ကွက်ထဲမှာ မီးလိုက်စစ်တဲ့လူတွေ ရောက်လာကြတယ်။ နောက် ပါလာတဲ့အလင်းအားကောင်းကောင်း မီးလုံးတွေနဲ့ ဘုတ်ရဲ့ဒီဇိုင်းဘက်ကို ဝိုင်း ထိုးဖို့လုပ်ကြတယ်။ နာရီဝက်ကျော်ကျော်လောက်နေတော့

"ဖွင့်"

အားလုံး အိုကေ။ ဒီဇိုင်းနောက်ဘက်က မီးတွေနဲ့ ဝိုင်းထိုးထားတော့ လမ်းမဘက်အခြမ်းဘုတ်ရဲ့ ကျောဘက်မှာ တစ်ဘက်ကဒီဇိုင်းတွေ ပြောင်းပြန် အကုန်ပေါ်လာတယ်။ ဘုတ်ဆရာ အလိုမကျသေးတဲ့ လေသံနဲ့

"ဒီဇိုင်းပေါ်လာတာတော့ ဟုတ်ပါပြီ၊ ခင်ဗျားစာတွေကိုလဲ ပြန်ကြည့် ဦး၊ အကုန်ပြောင်းပြန်တွေ"

ဟုတ်သား။ ရုတ်တရက် ဘယ်သူက ဖတ်တတ်မှာလဲ။ ဒါကြောင့် ဘာဆက်လုပ်ရင်ကောင်းမလဲ ဆိုတာကို ဆက်စဉ်းစားကြည့်လိုက်တော့။

"ဟား ဟုတ်ပြီ၊ ခဏစောင့်ဗျာ"

ဖုန်းတစ်ချက် ကောက်ဆက်လိုက်တယ်။ သိပ်မစောင့်လိုက်ရ။ ကား တစ်စီးနဲ့ လူငါးယောက် ဗီနိုင်းအရွယ်အစားရှိတဲ့ မှန်တစ်ချပ်ကို သယ်လာ

ကြတယ်။ အဲဒီမှန်ကြီး ဗိုနိုင်းရှေ့ မြေကြီးပေါ်မှာ နည်းနည်းလေး ပက်လက် အနေအထား စောင်းထောင်ပြီးတာနဲ့

"ကဲ ဘယ်လိုလဲ ကိုယ့်ဆရာ၊ လူတွေ အေးအေးလူလူနဲ့ သက်သက် သာသာ ငုံ့ကြည့်သွားရုံပဲ"

ဒီတစ်ခါတော့ ဘုတ်ဆရာ ဘာမှမပြောတော့။ ပြောလို့လဲ မရတော့ ဘူးလေ။ သူများတွေထက် ထူးခြားတဲ့အိုင်ဒီယာကြီးက မှည့်ထနေတာကို။ ဒါကြောင့် တခြားနေရာတွေမှာ ရှိသေးတဲ့ ဘုတ်နှစ်ခုကိုပါ ဒီအတိုင်း ဆက် လုပ်ဖို့ ဘုတ်ဆရာ မီးဆရာနဲ့ မှန်ဆရာတွေကို မှာပြီး ကျသင့်ငွေကို တစ်ခါ တည်း ရှင်းပေးလိုက်တယ်။ ဒီနေ့ အပြီးလုပ်ပေးဖို့ကိုလဲ အသေအချာမှာလိုက် တယ်။ နောက် တစ်ရက် နှစ်ရက်ဆို ခွေကထွက်ပြီကို။ ဒါကြောင့်

အဓိက မေ့ထားလို့မရတဲ့ ကျွန်တော့်ဆရာတွေဆီကို ထွက်လာခဲ့ တယ်။ ဟိုရောက်လို့ ကျွန်တော် ခွေထွက်တော့မယ်ဆိုတာကို ပြောလိုက်တယ် ဆိုရင်ပဲ

× × ×

"ဘာ မင့်က ခွေထုတ်မယ်"

ဆရာဆန်းနွတ်ဖျားက တအံ့တသြထွက်ကျလာတဲ့စကား။ ဆရာ ဉက်က သိချင်စိတ်ပြင်းပြလွန်းတဲ့ မျက်နှာပေးကြီးနဲ့

"ဘယ် ဘယ်တော့ထွက်မှာလဲ၊ အခြေအနေကကော ဘယ်အဆင့် ထိရောက်ပြီလဲ"

ကျွန်တော် အေးအေးလူလူပဲ

"အားလုံးပြီးပြီ အစ်ကို၊ သန်ဘက်ခါ ကန်တော်ကြီးထဲမှာ မိတ်ဆက် ပွဲနဲ့အတူ ခွေသုံးထောင် တစ်ခါတည်း ကုန်အောင်ရောင်းမယ်"

အနားမှာ တီဗီထိုင်ကြည့်နေတဲ့ ဆရာကြည် မျက်လုံးပြူး မျက်ဆံ ပြူးနဲ့ ကျွန်တော့်ဘက်လှည့်လာပြီး

"ဟော့ကောင် မဟုတ်တာတွေ လာမပြောနဲ့၊ မင်းက သီချင်းဆိုရ အောင် ဘာနားလည်လို့လဲ"

"အစ်ကိုကလဲ၊ နားလည်စရာ မလိုဘူးလေ၊ ပါရမီရှိရင် ပုဆိုးမပါဘဲ

# ၈၉

> အစ်ကိုကလဲ
> သီချင်းနာမည်ကိုက **နှုတ်ဆိတ်**လေ၊
> အဲတော့
> အထဲမှာ ဘာမှကို**မပါ**ဘူး၊
> သူများတွေနဲ့ မတူအောင်
> ထူး**ထူးခြား**ခြားနဲ့
> ဆန်းဆန်းပြားပြားလေး
> လုပ်ထားတဲ့
> ကျွန်တော့်ရဲ့
> ပေါ့ပ်သီချင်း**စစ်**စစ်၊

လမ်းထွက်လျှောက်တာတောင် လူတိုင်းရဲ့ အရေးပေးမှုကို ခံရပြီးသား၊ ကျွန်တော့်မှာ အဲဒီပါရမီရှိတယ်ဗျာ၊ ဘာလုပ်လုပ် အောင်မြင်မှာ သေချာတယ်၊ သိပ်တော့မကြာတော့ပါဘူး၊ မွေးပျံ့တဲ့ပန်းရနံ့တို့နဲ့အတူ လေပြည်လေညင်းတို့ဆောင်ကျဉ်းရာ ပန်းတိုင်တစ်ခုဆီကို ကျွန်တော်ရောက်တော့မှာပါ"

"အောင်မာ သောက်ကြီးသောက်ကျယ်တွေ လာပြောနေတယ်၊ ငါ ပါးပိတ်တီးလိုက်ရ လမ်းစရိတ်မကုန်ဘဲ မွတ်ပြီးမန္တလေးပြန်ရောက်သွားတော့မယ်"

ဆရာကြည့်စကားဆုံးတာနဲ့ ဆရာဆန်း ထိုင်ရာမှ ထရပ်လိုက်ပြီး

"စိတ်လျှော့ကိုကြည်၊ ကိုယ့်တပည့်အကြောင်းလဲ ကိုယ်သိရဲ့သားနဲ့၊ ဒီကောင့်ပါးချလဲ မင့်လက်နာတာပဲ အဖတ်တင်မယ်၊ ပြီးတော့ ဒီကောင်က သူလုပ်ချင်တာ ဇွတ်လုပ်တဲ့ကောင်၊ သူပြောတာ ဖြစ်နိုင်တယ်"

ပြောပြီး ကျွန်တော့်ဘက်ပြန်လှည့်တယ်။ နောက် လူကို မမြင်ဘူးသူတစ်ယောက်လို ပြန်ကြည့်ပြီး

"မင့်လုပ်ထားတဲ့ ခွေပါလား"

ကျွန်တော် ဝမ်းသာအားရ ပြန်ဖြေလိုက်တယ်။

"ဟုတ်"

"သီချင်းအမျိုးအစားက"

"ပေါ့(ပ်) အစ်ကို၊ တော်တော်လေးကို ပေါ့ပြီး ထူးထူးခြားခြားကို လုပ်ထားတာ"

"ဒါဆို ဖွင့်စမ်းကွာ၊ နားထောင်ကြည့်ရအောင်"

ဝမ်းသာအားရပဲ။ ကျွန်တော့်ဘလက်ဟိုးခွေကို ထဖွင့်ပြလိုက်တယ်။ လေးမိနစ်ကျော်၊ ငါးမိနစ်နီးပါးကြာတဲ့အထိ ဘာသံမှ ထွက်မလာတော့ ဆရာ

ဉုက် သည်းမခံနိုင်တော့တဲ့ မျက်နှာပေးနဲ့

“မင့် အခု ဘာကိုဖွင့်နေတာလဲ”

“ကျွန်တော့်ခွေထဲပါတဲ့ နတ္တိဆိုတဲ့ သီချင်းလေ”

“မင်းသီချင်းကလဲကွာ၊ အရိမေတ္တေယျဘုရားတောင် ပွင့်တော့မယ်၊ အခုအချိန်ထိ ဘာသံမှ ထွက်မလာသေးပါလား”

ဆရာဆန်းစကား။ ကျွန်တော် အေးအေးလူလူလေးပဲ ပြန်ဖြေလိုက်တယ်။

“ဪ အစ်ကိုကလဲ သီချင်းနာမည်ကိုက နတ္တိလေ၊ အဲတော့ အထဲမှာ ဘာမှကိုမပါဘူး၊ သူများတွေနဲ့ မတူအောင် ထူးထူးခြားခြားနဲ့ ဆန်းဆန်းပြားပြားလေး လုပ်ထားတဲ့ ကျွန်တော့်ရဲ့ ပေါ့ပ်သီချင်းစစ်စစ်၊ ဘယ်လိုလဲ မှည့်တယ်မဟုတ်လား”

ဆရာသုံးယောက်လုံး ကျွန်တော့်ကို မမြင်ဘူးသူတစ်ယောက်လို တအံ့တဩနဲ့ ငေးကြည့်နေကြတယ်။ ကျွန်တော့်ရဲ့ စိတ်ကူးစိတ်သန်း အသစ်အဆန်းတွေကို ဆရာသမားများ အခုမှ မြင်ခွင့်ရကြလို့ အံ့အားသင့်နေကြတာပဲဖြစ်မယ်။ တအောင့်လောက်နေတော့

“နောက် နောက်တစ်ပုဒ်”

ဆရာဆန်းကြီးပါပဲ။ မဝ့ံမရဲ ပုံစံမျိုးနဲ့ တောင်းဆိုလာတယ်။ ကျွန်တော် ခွေထဲပါတဲ့ ကုန်ပြီဆိုတဲ့ သီချင်းကို ပြောင်းဖွင့်လိုက်ပြီး

“ဒီသီချင်းနာမည်ကတော့ ကုန်ပြီတဲ့”

“ကုန်ပြီဆိုတော့ အထဲမှာ ဘာမှမရှိတော့ဘူးပေါ့”

စကားမဆုံး။ ဆရာဉုက်က ပြန်မေးလိုက်တယ်။ ကျွန်တော် အေးအေးလူလူပဲ

“ဟုတ် အစ်ကို၊ အထဲမှာ ပြောင်သလင်းခါနေပြီ၊ ဘယ်လိုရှာရှာ တွေ့မှာမဟုတ်တော့ဘူး၊ အဲ သေသေချာချာလေး နားထောင်ကြည့်ရင်တော့ အတော်လေးအဓိပ္ပာယ်ပြည့်စုံတဲ့ သီချင်းတစ်ပုဒ်ပါပဲ”

“ခွီးပဲ၊ ဘာသံမှ မကြားရတဲ့ဥစ္စာ ဘာကိုနားထောင်ရမှာလဲ၊ နောက်တစ်ပုဒ်သာ ပြောင်းပါတော့ကွာ”

# ကျော်ပုပ် ၂၄

ဆရာဉာက်ရဲ့ တောင်းဆိုမှုအရ ကျွန်တော် ရှာဖွေဆဲဆိုတဲ့သီချင်းကို ပြောင်းပေးလိုက်တယ်။

"ဒီ သီချင်းနာမည်က ရှာဖွေဆဲ"

စကားမဆုံး ဆရာကြည်မှ

"ရှာဖွေဆဲဆိုတော့ ဘာမှမရှိသေးဘူးပေါ့၊ ဘာမှမရှိတာကို ဘယ်လိုမှ နားထောင်လို့ရမှာမဟုတ်ဘူး၊ မင့်သီချင်းခွေရဲ့ Title သီချင်းကိုပဲဖွင့်တော့"

ဆရာ့စကားမှ ဒေါသသံတွေ ပါနေတော့ ဘာမှ ထပ်အထွန့်မတက်ရဲတော့။ Title သီချင်း ဘလက်ဟိုးကိုပဲ ပြောင်းဖွင့်ပေးလိုက်တယ်။

.........

တစ်မိနစ်

........

နှစ်မိနစ်

........

သုံးမိနစ်

ဆရာကြည် မျက်ထောက်နီကြီးနဲ့ လူကိုပြန်ကြည့်တယ်။ သုံးမိနစ်ကျော်တဲ့အထိ ဘာသံမှမကြားရလို့ပဲဖြစ်မယ်။ ဒါကြောင့် ကျွန်တော် ကပျာကယာနဲ့

"သီချင်းနာမည်ကိုက ဘလက်ဟိုးလေ အစ်ကိုရဲ့၊ အဲတော့ အထဲမှာ ဘာမှ"

"တော်ပြီ ဟေ့ကောင်၊ မင်း ငါတို့ကို သက်သက်လာနောက်နေတာလား"

ဆရာကြည့် ဒေါသစကား။ အမြဲတမ်း စိတ်ရှည်ပါတယ်ဆိုတဲ့ နာမည်ကောင်းလက်မှတ်ရထားတဲ့ ဆရာဆန်းကြီးကပါ

"သောက်ခွေး မင့်မျက်ခွက်ကြီး ကော်ထိုးမိတော့မယ်"

ဆရာဉာက်ကတော့ မျက်နှာမကောင်းစွာနဲ့

"ဒါမျိုးကြီးတော့ မလုပ်သင့်ပါဘူးကွာ"

ဆရာသမားများ စိတ်ဆိုးတာ မခံရဲဘူးတော့ ရုတ်တရက် ကျွန်တော်

ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားတယ်။ ပြီးမှ ကပျာကယာနဲ့

“အား အစ်ကိုတို့ကို ကျွန်တော်မနောက်ပါဘူးဗျာ၊ ဒီခွေကို ကျွန်တော် တကယ်ထုတ်မှာပါ၊ မယုံရင် သုဝဏ္ဏလမ်းဆုံကို ခဏလိုက်ခဲ့ပါလား၊ အဲဒီမှာ ကျွန်တော့်ဘုတ်ထောင်ထားတယ်”

ဆရာသမားများ တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်တယ်။ နောက် ကျွန်တော့်ကိုပြန်ကြည့်ပြီး

“ဟုတ်ရင်ဟုတ်ပေါ့ကွာ”

တစ်ပြိုင်တည်း ထွက်ပေါ်လာတဲ့ ကြိမ်းမောင်းသံ။ ကျွန်တော် ဝမ်းသာအားရ ကားပေါ်ပြေးတက်လိုက်တယ်။ နောက် ဆရာသမားများလဲ အလျှိုလျှို ကားပေါ်ရောက်လာကြတယ်။ အဲဒီနောက်တော့

× × ×

“ဟား”

ကားပေါ်က ဆင်းလိုက်တယ်ဆိုရင်ပဲ ကျွန်တော် မျက်လုံးကြီးပြူး၊ ပါးစပ်ကြီး အဟောင်းသားနဲ့ အတော်လေး အံ့အားသင့်သွားရတယ်။ ကျွန်တော် သီချင်းကြော်ငြာဘုတ်ကြီးကိုကြည့်ဖို့ ထောင်ထားတဲ့ မှန်ကြီးက မရှိတော့။ တစ်ဘက်က ဒီဇိုင်းတွေမြင်အောင် ထိုးထားတဲ့ မီးလုံးတွေလဲ ကုန်ပြီ။ ဘယ်မအေပေးလက်ချက်ရယ်မသိ။ အနားရောက်လာကြတဲ့ ဆရာသမားများကို လှည့်မကြည့်အားသေး။ အကျိုးအကြောင်းသိအောင် ဘုတ်ဆရာဆီ ဖုန်းဆက်ကြည့်လိုက်တော့

“အေးဗျာ၊ ကျုပ်လဲ အခုပဲ ဖုန်းဆက်တော့မလို့၊ ခင်ဗျား အခုကြည့်နေတဲ့ သုဝဏ္ဏလမ်းဆုံက ဘုတ်မှမဟုတ်ဘူး၊ တခြားနှစ်နေရာက ဘုတ်နှစ်ခုမှာပါ မှန်တွေ မီးတွေ မရှိတော့ဘူး၊ အဲတော့ ခင်ဗျား မှန်အသစ် မီးအသစ်တွေ ဆက်ဆင်မှာလား၊ မဆင်ရင် ကျုပ် ဗီနိုင်းတွေပါဖြုတ်ပြီး ကွမ်းယာဆိုင်တို့ မုန့်ဟင်းခါးဆိုင်တို့ ပေးလိုက်တော့မယ်၊ ဘုတ်ထောင်တဲ့နယ်မြေလေး သန့်သွားတာပေါ့”

ဘာမှပြန်ပြောချင်စိတ်မရှိတော့။ ကျွန်တော် ဖုန်းပြန်ချလိုက်တယ်။ နောက် အနားက ဆရာသမားများကို ပြန်ကြည့်မိတော့ အားလုံး မျက်ထောက်

နီကြီးများနဲ့ ကျွန်တော့်ကို စိုက်ကြည့်နေကြတယ်။ ကျွန်တော် မျက်နှာငယ်လေးနဲ့ ခေါင်းစိုက်ချလိုက်တယ်။ ပြီးမှ အနားက ဘုတ်ဖြူဖြူကြီးကို မကြည့်ဘဲ လက်ညှိုးလှမ်းထိုးပြလိုက်ပြီး လေသံလေးနဲ့

"အဲဒါ ကျွန်တော့်သီချင်းခွေ ကြော်ငြာဘုတ်ပဲ အစ်ကိုတို့ ဟိုဘက်ကကြည့်ရင် မြင်ရတယ်"

အဲဒီနောက် ကျွန်တော် သတိလက်လွတ်နဲ့ ဘာတွေဆက်ပြောနေမှန်း မသိတော့။ သတိပြန်ရလာလို့ အနားကို ဝေ့ကြည့်လိုက်တော့ ကျွန်တော့်ဆရာသမားများကို မတွေ့ရတော့ပါ။ ကျွန်တော့်လိုကောင်မျိုးက သူတို့ကို နောက်တယ်အထင်နဲ့ စိတ်ဆိုးသွားကြသလားမသိ။ စိတ်ကူးနဲ့တောင် အဲဒီလို မကြံစည်ဝံ့ပါဘူး ဆရာတို့ရယ်။

သုဝဏ္ဏလမ်းဆုံမှာ ကျွန်တော်တစ်ယောက်တည်း ဘုတ်ဖြူဖြူကြီးကို ငေးကြည့်နေတယ်။ အောင်မာ အဝေးကလှမ်းကြည့်ရင် ကဗျာများဆန်နေမလားမသိ။

ထားတော့။

ကျွန်တော့်ခွေရဲ့ အချုပ်ကိုပြောရရင်။

× × ×

ကျွန်တော့်ခွေရဲ့အချုပ်ကို ပြောရရင် အောင်မြင်ပါတယ်။ အဲဒီလို အခက်အခဲတွေကြားကနေ ထွက်တာတောင် ခွေ(၃၅၀၀)ကျော်ရောင်းရပါတယ်။ အံ့အားသင့်သွားသလား ချစ်ဆွေ။ အဆိုတော်အသစ်တစ်ယောက်ကို ၁၅၀၀,၂၀၀၀ ကုန်ဖို့ မလွယ်တဲ့ခေတ်ကြီးမှာ ကျွန်တော် ဒီလောက်အထိ အောင်မြင်သွားတယ်ဆိုတော့လေ။

မအောင်မြင်လို့မဖြစ်။ စီးရီးတစ်ခွေကို သူများလိုပဲ ကျွန်တော် ၁၅၀၀ ရောင်းပါတယ်။ အဲ ဆယ်ခွေ ၁၅၀၀၀ဖိုး ဝယ်ရင်တော့ တီဗီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ ဆိုင်ကယ်၊ GSM ၂သိန်းတန်ဖုန်း၊ ပေါင်းအိုး၊ မီးပူ၊ EVD၊ ရေသန့်စက်။

အဲဒီလို တန်ဖိုးကြီးပစ္စည်းများကို ကျွန်တော် ချက်ချင်းပြန်မဲဖောက်ပေးပါတယ်။ တကယ်ပါ။ စာရင်းဇယားရှိပါတယ်။ ပွဲပြီးတဲ့အခါမှာ လူကတော့

နည်းနည်းအလုပ်ပိုသွားတာပေါ့။ တခြားတော့မဟုတ်ဘူး။ ကျွန်တော့်ခွေကို အားပေးတဲ့ ပရိသတ်ကြီးတွေက သူတို့ကို မဲကြေညာပြီဆိုတာနဲ့ ပေါက်တဲ့ ပစ္စည်း သယ်သွားကြပြီး အခွေတွေကို အနားမှာတင် ဝဲသွားကြတယ်။ အခမ်း အနားလုပ်တဲ့နေရာတစ်ဝိုက် ကျွန်တော့်ဘလက်ဟိုးခွေတွေကို ပလားလို့ မြင် လို့တောင်မကောင်း။ အဲတော့ ကျွန်တော့် အဲဒီခွေတွေကို တံမြက်စည်းကြမ်း နဲ့ ပြန်လှည်းစုပြီး အမှိုက်ပုံမှာ သွားပစ်ရတဲ့အလုပ် ပိုသွားပါတယ်။

ကျွန်တော့်ခွေကို ထုတ်ပေးတဲ့ သူငယ်ချင်းထွန်းမင်းလတ်ရဲ့ ကောင်မလေး မပတ္တမြားစံကလဲ သူမဲပေါက်တဲ့ ချိုလိမ်ကိုက်ပြီး စောစောစီးစီး ပြန် သွားပါတယ်။ အချင်းချင်း အဝတ်လျှော်စက် ဖေါက်မပေးလို့ စိတ်ဆိုးမာန်ဆိုး နဲ့ ပြောသွားတာက သူ့ပိုက်ဆံတွေ တစ်လအတွင်း ပြန်ဆပ်ရမယ်တဲ့။

အဲဒီငွေအတွက်တော့ ကျွန်တော့်အနေနဲ့ ဘာမှပူစရာမရှိ။ ကိုးကွယ် ယုံကြည်ရာ ကိုယ့်အတွက် ထာဝရတံခါးဖွင့်ထားတဲ့ စိတ်ရောဂါကုဆေးရုံလေး တက်နေလိုက်ရုံပဲ။ ကိုယ့်ဦးနှောက်ကလဲ ဘယ်ဖက်ကစမ်းစမ်း အမှန်အကန် ရောဂါကြီးနဲ့ပါဆိုနေ။

■ မောင်နော်နော်

---

## အလိုတူ အလိုပါ


"ခိုးမှုကို မောင်မင်းတစ်ယောက်တည်း ကျူးလွန်ခဲ့တာလား"

တရားသူကြီးက သူ့ရှေ့တွင် ကုတ်ချိချိနှင့် ရပ်နေသာသူခိုးအား အိန္ဒြေကြီးတစ်ခွဲသားနှင့်မေးသည်။

"ကျူးလွန်စဉ်ကတော့ တစ်ယောက်တည်းပါ၊ နောက်တော့မှ ရပ်ကွက်လူကြီး၊ ဟောဟိုကရဲကြီး၊ ဟောဒီရှေ့နေကြီးနဲ့ အပြီး အခု တရားသူကြီးလဲ အမှုထဲ နည်းနည်းပါလာပြီခင်ဗျာ"

# ပိကယ်တုတ်ကြီး

# ဝမ်း



## ပီကယ်တုတ်ကြီး

"နေကလည်း ပူလိုက်တာ ဟူး"

မော်တော်ပီကယ်တုတ်ကြီးတစ်ယောက် နေပူထဲမှာ စီးကျနေသော ချွေးတွေကိုသုတ်ရင်း ညည်းတွားလိုက်သည်။

ဒီနေ့တစ်နေ့လုံး ဈေးဦးကမပေါက်သေး။ လူတွေကလည်း ဒီနေ့မှ စည်းကမ်းဖောက်ဖျက်သူ တစ်ဦးတစ်ယောက်မှ မတွေ့ရ။ အင်း မြန်မာပြည် လည်း တော်တော်စည်းကမ်းရှိလာပြီထင်တယ်။ စက်ာပူလားမှတ်ရတယ်။

တဝီဝီနဲ့ ပျားပန်းခတ်အောင်သွားနေသော ကားများ၊ ဆိုင်ကယ်များ၊ ပလူပျံနေသော်လည်း အခုထိ ခွင်ရှာရမည့်သူ တစ်ကောင်တစ်မြီးမှ မတွေ့ ရသေးပေ။

မတတ်နိုင်ဘူး။ ဒီနေ့တော့ တစ်ခွင်ခွင်ငြိအောင် မှတ်ရမှဖြစ်မည်။ နို့မို့ဆိုရင် အိမ်ရောက်ရင် မိန်းမက "ရှင်ဝီစီမမှုတ်ဘဲ ဘာလိုက်မှုတ်နေတာလဲ" လို့ အကောခံရမှာ သေချာသည်။

ဩော် တွေ့ပြီ။ ပြောရင်းဆိုရင်း ဟဲဟဲ မော်တော်ပီကယ် လုပ်စား လာတာ သက်တမ်းရင့်နေပြီဆိုတော့ ဟင်းဟင်း သံပုရာချဉ်တစ်ခုတော့ တွေ့ ပြီထင်တာပဲ။ ဒီနေ့တော့ မရရတာ အကုန်ဖမ်းရမယ်။

"ကွီ ကွီ ဟေ့ ဟိုဆိုင်ကယ်ရပ်ဦး"

တောသားပုံစံ အူကြောင်ကြားဒီဇိုင်းဖြင့်လူက အူကြောင်ကြောင်ဖြင့် ဆိုင်ကယ်ရပ်လိုက်သည်။

သူ ဆိုင်ကယ်တစ်ခုလုံးကို ပတ်၍ကြည့်လိုက်သည်။ backမှန်၊ ခြင်း၊ နံပါတ်ပြား အကုန်စုံနေသည်။

"လိုင်စင်လေးတစ်ချက်လောက်"

"ဒီမှာပါ ခင်ဗျာ"

တောသားပုံစံနဲ့လူက ဆိုင်ကယ်တူးဘောက်ထဲက ဆိုင်ကယ်လိုင်

စင်ကို ထုတ်ပေးလိုက်သည်။

“လူလိုင်စင်ကော”

“ဒီမှာပါ”

“ဟာ အဲဒါမှ သောက်ဂွပဲ၊ အချဉ်ထင်ပြီး ဖမ်းလိုက်တာ အချိုဖြစ်နေသည်။ လူလိုင်စင်ကော၊ ဆိုင်ကယ်လိုင်စင်ပါ အကုန်ပြည့်စုံနေသည့်လူနဲ့ လာတိုးနေသည်။ အို ငါးမရ ရေချိုးပြန်မှာပဲ၊

“ဟဲဟဲ ညီလေး အကုန်ပြည့်စုံပါတယ်၊ ဒါဆို ဂျာနယ်လေးတော့ အားပေးသွား၊ မများပါဘူး၊ တစ်စောင်မှ (၁၀၀၀)တည်းပါ”

“ဟင် (၅၀၀) မဟုတ်ဘူးလား”

“ဟာ ညီလေးကလည်း သိရဲ့သားနဲ့ ဟင်းဟင်း”

“ဩော် ဩော် ဟုတ်ကဲ့ အိ ဘယ်လိုမှလည်း မလွတ်ပါလား”

“နောက်ဆို ဆိုင်ကယ်လိုင်စင်ကို လည်ပင်းမှာချိတ်၊ လူလိုင်စင်ကို နဖူးမှာကပ်၊ ဂျာနယ်ကို ပါးစပ်မှာကိုက်ပြီး မောင်းမှပဲရတော့မယ်ထင်တယ်”

မကျေမနပ်ဖြင့် ပွစိပွစိရွတ်ရင်း ဆိုင်ကယ်မောင်းထွက်သွားသည်။ ဒီနေ့အတွက်တော့ ဘာပဲပြောပြော တုတ်ကြီးတစ်ယောက်ကတော့ ဈေးဦးပေါက်သွားပြီ။ ထို့နောက်လည်းပဲ

“တွိ”

သံပုရာချဉ်တစ်စီးပြီးတော့ မရမ်းသီးချဉ်တစ်စီးဟုထင်ရသည့် ဆိုင်ကယ်တစ်စီးကို တုတ်ကြီးလှမ်းတားလိုက်သည်။ ရှေ့၊ နောက်၊ ဝဲ၊ ယာ

အားလုံး Complete နေသည်။ ဒါဆို ထုံးစံအတိုင်း

“လိုင်စင်လေးတွေ တစ်ချက်ပြပါဦး”

“ဟုတ်ကဲ့၊ ဒါက ဆိုင်ကယ်လိုင်စင်၊ ဒါက လူလိုင်စင်၊ ဒါက ခွေးလိုင်စင်၊ ဒါက နွားလိုင်စင်”

“ဟော့ကောင် မင်း ငါ့ကိုရွဲ့နေတာလား၊ ဝတ္တရားနှောင့်ယှက်မှုနဲ့ ဖမ်းလိုက်ရမလား”

“ဦးလေးကြီးပဲ လိုင်စင်တွေပြဦးဆိုလို့၊ ဒါက ဆိုင်ကယ်လိုင်စင်၊ ဒါက လူလိုင်စင်၊ ဒါက စည်ပင်ကချပေးထားတဲ့ ခွေးမွေးခွင့်လိုင်စင်၊ ဒါက

ရုံးမှာဆောင်ရင်တော့ တစ်သောင်းခွဲပဲ၊ ဒီမှာဆောင်ရင်တော့
ဟဲ ဟဲ ညီလေးတို့သိပါတယ်၊ အစ်ကိုက သဘောကောင်းပါတယ်

အမဲသတ်လိုင်စင်”

“တော်ပြီ၊ လိုတာပဲပြ၊ မဆိုင်တာတွေ မလုပ်နဲ့”

တုတ်ကြီး လိုင်စင်တွေကို တစ်ချက်စစ်ပြီး ပြန်ပေးလိုက်သည်။

“နောက်ကတစ်ယောက်ကော လိုင်စင်ပါလား”

“မပါဘူးလေ၊ နောက်က စီးတာပဲဟာကို”

“ဟာ မရဘူး၊ လိုင်စင်မပါရင် ဖမ်းပြီ”

“ဟမ် နောက်ကစီးတဲ့လူ လိုင်စင်မပါလို့ ဖမ်းတယ်၊ ကြား ကြားဖူးဘူး”

“ဟေ့ကောင် မရှည်နဲ့၊ နောက်ကစီးလဲ မစီးတတ်ရင် ရှေ့ကလူကို အနှောင့်အယှက်ဖြစ်တယ်၊ ဟုတ်တယ်နော် ညီလေး”

ရှေ့ကကောင်က အူကြောင်ကြောင်ဖြင့် ခေါင်းညိတ်လိုက်သည်။

“အဲဒီဥပဒေလည်း တစ်ခါမှ မကြားဖူးပါဘူး”

နောက်ကစီးတဲ့ကောင်က စောဒကတက်နေသေးသည်။ တုတ်ကြီးကလည်း ဘယ်ရမလဲ။ ခပ်တည်တည်ပင် ဟောက်စား၊ ရိုက်စားလုပ်လာတာ ကြာပြီဆိုတော့။

“မသိရင်မှတ်ထား၊ ဟိုနေ့ကမှ လွှတ်တော်က အသစ်ပြဋ္ဌာန်းလိုက်တာကွ”

“ဟင် ဟုတ်လား၊ အီး အဲဒီလွှတ်တော် ပေါ်လာပြီးကတည်းက ဥပဒေတွေလည်း အမျိုးမျိုးအသစ် ဖြစ်နေတာပဲ”

“ကဲ ကဲ ကြာတယ်၊ ဒဏ်ငွေ ရုံးမှာသွားဆောင်မလား၊ ဒီမှာဆောင်မလား”

“ဘယ်မှာမှ မဆောင်ချင်ဘူး”

“ဘာကွ”

“ဟို မဟုတ်ပါဘူး၊ ရုံးမှာဆောင်ရင် ဘယ်လောက်လဲ၊ ဒီမှာဆောင်သွားရင်ကော ဘယ်လောက်လဲလို့ မေးတာပါ”

“ရုံးမှာဆောင်ရင်တော့ တစ်သောင်းခွဲပဲ၊ ဒီမှာဆောင်ရင်တော့ ဟဲ

ဟဲ ညီလေးတို့သိပါတယ်၊ အစ်ကိုက သဘောကောင်းပါတယ်၊ ညှင်းညှင်းညှင်း"

ဒီလိုနဲ့ ဒီလိုနဲ့ပဲ။ သူတို့နဲ့ကိုယ်နဲ့ ဟီးဟီး။

မြန်မာပြည်က ငွေရှာရတာ လွတ်လွယ်တာပဲ။

ထို့နောက်လည်းပဲ

လာပြန်ပြီ။ ရှောက်ပေါင်းလေး။ ဒီတစ်ခါတော့ ဆိုင်ကယ်နဲ့မဟုတ်။ လမ်းလျှောက်လာတဲ့ အူကြောင်ကြောင်ပုံစံ ငနဲတစ်ကောင်။

"တွိ တွိ ဟေ့ လာဦး"

ရှောက်သီးပေါင်းက ကြောင်တောင်တောင်ဖြင့် လှည့်ကြည့်လိုက်သည်။

"ကျွန်တော့်ကို ခေါ်တာလား"

"ဟေ့ ရပ်စမ်း"

"ဒီလမ်းပေါ်မှာ မင်းရယ်ငါရယ် နှစ်ယောက်တည်းရှိတာ၊ မင်းမခေါ်လို့ ဟိုပိုစတာထဲက မင်းသမီးကို ခေါ်ရမှာလား"

အရေးထဲ အသားက ယူလိုက်သေးတယ်။

"ဘာဖြစ်လို့ပါ၊ ကျွန်တော် မျဉ်းကြားက ကူးပါတယ်"

"ဟေ့ကောင် မင်းဟာမင်း မျဉ်းကြားကပဲကူးကူး၊ ကုလားအုတ်ကပဲ ကူးကူး၊ လာခဲ့ဆို လာခဲ့ဦး"

ဟိုကောင် ခေါင်းကုတ်ပြီး ရောက်လာသည်။

"ပြောပါဦး မင်းက ဘာလို့ ဦးထုပ်မဆောင်းတာလဲ"

"ဟာ နေမှမပူဘဲ၊ မိုးအုံ့နေတယ်လေ"

"ဟေ့ကောင် မင်းကို အဲဒီဦးထုပ် ပြောတာမဟုတ်ဘူး၊ ဆိုင်ကယ်ဦးထုပ်ကိုပြောတာ"

"အမ် ဘာဆိုင်လို့တုန်း၊ ကျွန်တော်က ဆိုင်ကယ်စီးနေတာမှ မဟုတ်ဘဲ၊ လမ်းလျှောက်နေတာပဲ"

"လမ်းလျှောက်လည်း မင်းမတော်တဆ မချော်လဲဘူးလို့ ပြောနိုင်လား၊ တကယ်လို့ ချော်လဲလို့ ခေါင်းနဲ့ကျရင် မင်းဘာဖြစ်သွားနိုင်လဲဆိုတာ မင်းသိပါတယ်"

"ဒါဆို လမ်းလျှောက်လဲ ဆိုင်ကယ်ဦးထုပ် ဆောင်းရတာပေါ့ ဟုတ်လား"

"အေးလေ၊ မင်းမကြားဖူးဘူးလား၊ ဆောင် းဆောင်း ဦးထုပ်ကိုယ်စီ ဆောင်း ဆိုတာ"

"ဟာ အဲဒါ ဟိုဟာကြော်ငြာချည်းပဲ"

"ဘာပဲဖြစ်ဖြစ်၊ ဆောင်းကိုဆောင်းရမယ်၊ ကဲ ရော့ ချလန်၊ ရုံးမှာ ဆောင်မလား၊ ဒီမှာဆောင်မလား၊ ဒီမှာဆောင်မယ်ဆိုရင်တော့. . . . . "

ဒီလိုနဲ့ပဲ။ အင်း ပြောရင်လည်း အောင်မင်းလွန်ရာကျဦးမယ်။ လွှတ်ပေါ်တာပဲ။ ဟီဟီ။

"ဟူး"

တုတ်ကြီးပူလွန်းသဖြင့် ဦးထုပ်ချွတ်ပြီး ယပ်ခတ်နေသည်။ မော်တော်ပီကယ်လုပ်စားရတာကလည်းမလွယ်။ အရက်ချက်တဲ့လူလိုပဲ အချဉ်ဖောက်တတ်မှရသည်။ အင်း ဒီတစ်ခွင်ပြီးရင်တော့ အိမ်အပြန် မျက်နှာလုပ်လို့ ရပြီဆိုတော့ နည်းနည်းသည်းခံလိုက်ဦးမယ်။

"ဗွီ ဗွီ"

တုတ်ကြီး ယပ်ခတ်နေရာမှ ဆူညံသောအသံများကြောင့် နောက်သို့ အခန့်တကြား လှမ်းကြည့်လိုက်သည်။ ကြည့်စမ်း။ ကြည့်စမ်း။ ဟိုတစ်ကောင် ဆိုင်ကယ်မောင်းလာတာ နောက်မှာကျားလိုက်နေသလား မှတ်ရသည်။ ဒါက ခွင်မဟုတ်ဘူး။ အမှန်အကန်ကို ဥပဒေချိုးဖောက်တာ။ ဥပဒေကို နားမလည်ဟုဆိုကာမျှဖြင့် ဥပဒေက သင့်ကိုခွင့်လွှတ်လိမ့်မည်မဟုတ်တဲ့။ တွေ့ကြသေးတာပေါ့ကွာ။

တုတ်ကြီး လမ်းမတည့်တည့်တွင် ပိတ်ရပ်လိုက်ပြီး ဂျက်speedနဲ့ မောင်းလာသည့် Fighter ဆိုင်ကယ်ကြီးကို တားလိုက်သည်။

"ဟေ့ကောင် မင်းဘယ်လိုမောင်းလာတာလဲကွ၊ မင်းကိုယ်မင်း နာဆာကဒုံးပျံလွှတ်တဲ့ကောင်များ မှတ်နေလား၊ ပေး လိုင်စင်"

"ဟာ ဦးလေး ကျွန်တော့်ကိုမသိဘူးထင်တယ်၊ ဦးလေးကအသစ်လား"

"ဟား ဟိုး ဟိုး ဒီခေတ်မှာ ဒါတွေမရတော့ဘူးကွ၊ ဒါမျိုးတွေရှိုးနေပြီ၊ ပေး လိုင်စင်"

"အင်းလေ ပေးဆိုလဲ ပေးရတာပေါ့ ဒါနဲ့ ဦးလေး ရဲမင်းကြီးအဘ. . .

ကို သိလား၊ မြင်ကောမြင်ဖူးလား”

“အဘ. . . ဟုတ်လား”

“ဟုတ်တယ်”

“မြင်တော့မြင်ဖူးတယ်၊ မသိပါဘူး၊ ဒါနဲ့ မင်းက အဘနဲ့ အဲ အဲ ဟဲဟဲ ဟိုးဟိုး ဟီးဟီး”

တုတ်ကြီးတစ်ယောက် အရှုးကွက်တွေ နင်းနေသည်။

“ချော ချောရီးနော်၊ ရော့ လိုင်စင်”

“အမြန်မောင်းလို့ဆို မသိမ်းဘူးလား”

“မသိမ်းပါဘူး၊ ညီလေးကမြန်တာမဟုတ်ဘူး၊ ကျန်တဲ့သူတွေကိုက နှေးနေတာ၊ ဟီးဟီး”

“မဆိုးဘူး၊ သဘောပေါက်လွယ်တယ်၊ ကြီးပွားဦးမယ်၊ ဒါဆို သွားပြီနော်”

“ခဏ ခဏနေဦးလေ၊ ဟို ညီလေးက အဘနဲ့ ဘယ်လိုပတ်သက် တာလဲဟင်”

ဟုတ်တယ်လေ။ ဒါမျိုးက မေးထားမှရတာ။ နောက်ဆို အကူအညီ တောင်းလို့ရတာပေါ့။

ကောင်လေးက Fighter ဘီးကြီးကို တစ်ချက်နှိုးလိုက်ပြီး

“ဘာမှမပတ်သက်ပါဘူး၊ ဦးလေးကို မြင်ဖူးလားလို့မေးတာ၊ ကျွန် တော်လည်း မြင်ဖူးတယ်လို့ TV ထဲမှာ၊ သိလားလို့ သိရင်လည်း မိတ်ဆက် ပေးလို့ ပြောမလို့ပါ၊ ဟီးဟီး သွားပြီနော်၊ တာ့တာ”

ပြောရင်း ဆိုင်ကယ်ကို အမြန်မောင်းထွက်သွားသည်။

“ဟင် ဒါ ငါ အညာမိသွားတာပေါ့၊ ဟေ့ကောင် ရပ်စမ်း၊ အခုရပ် စမ်း၊ ဟေ့ကောင် တွိ တွိ”

တုတ်ကြီးတစ်ယောက်ကတော့ ဆိုင်ကယ်နောက်ကိုပြေးလိုက်ရင်း တဆတ်ဆတ်တုန်၊ ဆွေ့ဆွေ့ခုန်နေတုန်း. . ခုန်နေတုန်း။

■ ဝင်း


ဒိတ်ဒိတ်ကြဲ



# ဒိတ်ဒိတ်ကြဲ

"ဟင်"

မြင်လိုက်ရသောမြင်ကွင်းကြောင့် ဒေါ်မြမြဝင်း မျက်လုံးပြူးသွား၏။ လင်းမြတ်၏ အိပ်ရာပေါ်တွင် မိုးမခက ပက်လက်ကြီး၊ လင်းမြတ်က မိုးမခကို အပေါ်မှဖိကာ ပါးစပ်ကိုပိတ်ထား၏။ ခြေများလက်များကိုလည်း အောင်ဖြိုး၊ သိန်းဇော်နှင့် နေလင်းတို့ ဝိုင်းဖိထားကြသည်။

ဒေါ်မြမြဝင်းက မြင်ကွင်းကိုကြည့်ကာ ကြက်သေ,သေနေ၏။ လင်းမြတ်ကသာ ဘာမှမဟုတ်ဘူးဆိုသည့်သဘောနှင့် မဲ့ရွဲ့ခေါင်းခါပြနေသည်။

ဦးအောင်ဒင်က ဒေါ်မြမြဝင်း ဖြစ်နေပုံကိုကြည့်ကာ တစ်မျိုးတမည်ဖြစ်သွား၏။

"ဟေ့ မမြဝင်း၊ ဘောပင်ဝင်ယူလေ၊ ဘာဖြစ်နေတာလဲ"

ဒေါ်မြမြဝင်းက မျက်လုံးကြီးပြူးကာ ခေါင်းသာခါနေ၏။

"ဒီ အမေကြီးကလဲ ဘာတွေဖြစ်နေတာလဲ"

ဦးအောင်ဒင်ပါထ၍ ဒေါ်မြမြဝင်းနောက်မှကပ်ကာ ရှေ့ကိုကျော်ကြည့်လိုက်၏။

"ဘုရားရေ ဟေ့ ဟေ့ မင်း မင်းတို့ဘာလုပ်နေကြတာလဲကွ၊ ဟင်း"

မိုးမခက လင်းမြတ်ကိုတွန်းဖယ်ကာ နေလင်းတို့လက်မှ ရုန်းထွက်ရင်း ဘာမှမပြောတော့ဘဲ ပြေးထွက်သွား၏။ လင်းမြတ်တို့သာ ငုတ်တုတ်ကြောင်လို့။

× × ×

"မင်းတို့စဉ်းစားကြည့်စမ်း၊ မင်းတို့လုပ်ရပ်ဟာ ဟုတ်ရောဟုတ်ရဲ့လားလို့၊ တောက် ဆရာမကိုနောက်ပြီး အချိုရည်ထဲ အိပ်ဆေးထည့်တယ်၊ ဟုတ်လား၊ ရှုးများနေကြလားကွ"

"သားတို့က အပျော်သဘောနဲ့ လုပ်လိုက်တာပါ၊ ဒါပေမယ့် အဖေတို့အမေတို့က ရုတ်တရက်ရောက်လာတော့ အဖေတို့တွေ့မှာစိုးပြီး"

ဒေါ်မြမြဝင်းကလဲ ဝင်ပြော၏။

"မတော်တဆ ဆေးတွေဘာတွေလွန်ပြီး သေသွားရင် ဘယ်လိုလုပ်မလဲ၊ ဟင် တစ်သက်လုံး ထောင်ထဲမှာ ဘဝဆုံးသွားမယ်"

"ဒီကိစ္စကို ဒီအတိုင်းတော့ ပြီးလိုက်လို့မရဘူး၊ မင်းတို့ဆရာမကို ကျေလည်အောင် တောင်းပန်ရမယ်"

"သားတို့လဲ တောင်းပန်ဖို့ စဉ်းစားထားပါတယ်"

"ဘာ စဉ်းစားတယ် ဟုတ်လား၊ ခုကိုလက်တွေ့လုပ်တော့ သွား"

လင်းမြတ်တို့အဖွဲ့ တကယ့်တရားခံကြီးများလို ချုံးချုံးကျလျက် ကုတ်ချိကုတ်ချိနှင့် ထွက်သွားကြ၏။

× × ×

လင်းမြတ်တို့လေးဦး ရန်ကုန်မြစ်တွင်းရှိ ဘောတံတားဟောင်းကြီး တစ်ခုပေါ်တွင် ငုတ်တုတ်မှိုင်နေကြသည်။ ပြောစရာစကားများ ပျောက်ဆုံးနေကြသည်။ ပတ်ဝန်းကျင်ကိုသာ အကြောင်းမဲ့ငေးရီလျက်။

လေပြည်က တသုန်သုန်လေး တိုက်ခတ်နေသည်။ ဝင်လက်စ နေလုံးကြီးက ရန်ကုန်မြစ်ကြောင်းတွင်း မြစ်ရေပေါ် တွဲလဲခိုနေ၏။ နေရောင်ရှပ်ပြေးနေသဖြင့် ရန်ကုန်မြစ်ပြင်က ပုစွန်ဆီရောင်နှင့် ခရမ်းရောင်များ ရောယှက်နေ၏။ လှိုင်းခုံးထိပ်ဖျားများတွင်သာ ပြိုးပျက်သောလိမ္မော်ရောင်များက ဖျတ်ဖျတ်လူးလျက်။

"ဟူး"

လင်းမြတ်က သက်ပြင်းချ၏။

"ဟူး"

နေလင်းကလည်း သက်ပြင်းလိုက်ချ၏။

"ဟူး. ."

| | |
|---|---|
| မေး- | အသက် ဒီထက်ပိုမကြီးအောင် ထိန်းနိုင်တဲ့ဆေး ရှိပါသလား၊ ရှိရင်ဖော်ပြပါ။ |

"ဟူး"

သိန်းဇော်နှင့်အောင်ဖြိုးကလည်း နောင်တ၏ပြယုဂ်ဟု ယူဆရသော သက်ပြင်းကို အပြိုင်လိုက်ချ၏။

အဝေးမှအဖြူစက်ကလေး တဖြည်းဖြည်း နီးလာပြီး ဗျိုင်းမောင်နှံ၏ရုပ်လုံး တဖြည်းဖြည်းပေါ်လာသည်။ ဗျိုင်းတို့ပင်လျှင် အိပ်တန်းဝင်ကြတော့မည်ထင်သည်။ ရှေ့က ပျံလာသောဗျိုင်းပျိုက ဗျိုင်းမလေးကို ခေါင်းငဲ့လျက် ဖေးမအားပေးစကားပြောသည်ထင့်။ ဗျိုင်းမလေးက ဗျိုင်းပျိုကို ကျော်တက်ကာ အားပြုပျံသန်းသွား၏။

ဆည်းဆာနေတောက်တောက်က ဗျိုင်းမောင်နှံ၏ကောက်ကြောင်းပို၍ပေါ်လွင်ရန် အလင်းနှင့် အနားလိုက်သတ်နေ၏။ နေလုံးကြီးက လုံးဝနစ်မြုပ်ရန် လှိုင်းခွပ်များကြား ရုန်းကန်နေသည်။ မရမ်းစေ့ရောင်များက ပတ်ဝန်းကျင်ကို ပို၍လွှမ်းမိုးလာသည်။

"ဟူး. ."

လင်းမြတ် သက်ပြင်းချသည်။

"ဟူး. ."

"ဟူး"

"ဟူး"

နေလင်း၊ သိန်းဇော်၊ အောင်ဖြိုးတို့လဲ သက်ပြင်းလိုက်ချကြ၏။

နေမင်းက လုံးဝပျောက်ကွယ်သွားပြီဖြစ်သည်။ ခုနက နေရှိခဲ့သောနေရာတွင်တော့ လင်းလင်းချင်းချင်းကြီး ကျန်ခဲ့၏။ ရန်ကုန်မြစ်တွင်းမှ အိုးဖောင်တစ်စီး အိပ့်ပဲ့နှင့် မျောလာသည်။ ဖောင်ပေါ်တွင် သောက်ရေအိုး၊ စဥ့်အိုး၊ မြေပန်းအိုး စသည်ဖြင့် အမျိုးအမည်များစွာ ပါလာပုံရသည်။ ဖောင်ဦးတွင် အိုးသည်မိန်းမ ကလေးငယ်တစ်ဦးကို ပွေ့ချီ၍ နို့တိုက်နေသည်။ ဖောင်၏နောက်ဖက်တွင် ဖြစ်ကတတ်ဆန်း ကောက်ရိုးတဲလေး ထိုးထား၏။ ၎င်းကောက်ရိုးတဲနံဘေးတွင် အမျိုးသားကြီးတစ်ဦး ထိုင်နေသည်။ သူ့နံဘေး အမှောင်

| | |
|---|---|
| ဖြေ- | ကြွက်သတ်ဆေး |






ကုန်းဆင်းအတိုင်း**တွန်း**ကာ
ဖင်ထိုင်ခုံပေါ်ခွလျက်
**ခုန်**တက်လိုက်သည်။
လင်းမြတ်၏ပေါင်နှင့်
ဖင်ထိုင်ခုံ**တိုက်**ကာ
ဖင်ထိုင်ခုံက
ဖလွတ်ခနဲ **ကျွတ်**သွား၏

ထဲမှ မီးခိုးထွက်နေပုံကိုကြည့်၍ သူတို့၏ညစာကို ချက်ပြုတ်နေကြောင်း မှန်းဆနိုင်သည်။

"ဟူး. . "

"ဟူး. . "

"ဟူး. . "

"ဟူး. . "

ရန်ကုန်မြစ်တစ်ခုလုံးနီးပါး အလင်းရောင်မရှိသလောက် ဖြစ်နေပြီ။ မြစ်ကမ်းပါးသို့ လာရိုက်နေသော လှိုင်းကြက်ခွပ်ကလေးနှင့်အတူ အဖြူရောင်ကြွပ်ကြွပ်အိတ်တစ်လုံးက လင်းမြတ်တို့ထိုင်နေသော ဘောတံတားဟောင်းသို့ လာရောက်တိုးတိုက်နေသည်။ ပြီး ရုတ်တရက်ဝဲကတော့လေးပေါ်လာကာ ကြွပ်ကြွပ်အိတ်လေးကို ရေအောက်သို့ဆွဲချသွား၏။ ကြွပ်ကြွပ်အိတ်ကလေး ရုတ်ချည်းပျော်သွားပြီး ခဏနေမှ ခပ်လှမ်းလှမ်းတွင် ပြန်ပေါ်လာသည်။ ပြီး လှိုင်းကြက်ခွပ်များ စေစားရာ ဘောတံတားဟောင်းထံသို့ ပြန်၍ မျောပါလာပြန်သည်။

တဖြည်းဖြည်းနှင့် အမှောင်ကသာ အရာရာကို သူ့ရင်ခွင်ထဲ ဆွဲသွင်းသွားပြီဖြစ်သည်။

"ဟူး. . "

× × ×

# ပုံ ၇၄ ဟာသပုံပြင်

ဆရာမမိုးမခတို့ အိမ်ရောက်ရန် ကုန်းတစ်ခုကိုတက်ရသည်။ ဆရာမ မိုးမခတို့အိမ်က ကုန်းတက်ကလေး၏ထိပ်တွင်ရှိသည်။ လင်းမြတ်တို့အဖွဲ့ စက်ဘီးကိုယ်စီနင်းရင်း မိုးမခတို့အိမ်သို့ ရောက်လာသည်။ ဆရာမ၏အိမ် ရှေ့တွင် စက်ဘီးကို ကပ်ထောင်လျက် အိမ်ထဲသို့ မရဲတရဲခေါ်ကြ၏။

"ဆရာမ ဆရာမ ဆရာမ သားတို့လာလည်တာပါ ဆရာမ"

အိမ်ထဲမှ အသက်ငါးဆယ်မျှ အဒေါ်ကြီးတစ်ဦး ထွက်လာသည်။ ဆရာမ၏မိခင် ဖြစ်ပါလိမ့်မည်။

"ဪ မိုးမခရဲ့တပည့်တွေလား၊ လာကြလေ လာကြ၊ မင်းတို့ ဆရာမ တီဗီကြည့်နေတယ် လာကြ"

အဒေါ်ကြီးနောက်မှ လင်းမြတ်တို့အဖွဲ့ ကုတ်ချိချိနှင့် လိုက်လာ ကြသည်။ ဧည့်ခန်းထဲတွင် မိုးမခက ဘာမှမဖြစ်သလိုမျိုးနှင့် ထိုင်ကာTV ကြည့်နေသည်။ သူကြည့်နေသည့်ကားက Tom & Jerry ကာတွန်းကား။ မိုးမခ ကာတွန်းကားကြည့်ရင်း အေးဆေးစွာထိုင်ရယ်နေ၏။

လင်းမြတ်တို့အဖွဲ့ ဘယ်ကဘာစလုပ်ရမှန်းမသိ၊ ကြောင်စီစီဖြစ်နေ ကြသည်။ တစ်ယောက်နှင့်တစ်ယောက် တံတောင်နှင့်တွက်၊ တွန်းထိုးရင်း ကြမ်းပြင်ပေါ် ဆောင့်ကြောင့်ထိုင်ကြသည်။ လင်းမြတ်ကပင် ဦးဆောင်၍

"ဆရာမ ကျွန်တော်တို့ကို ခွင့်လွှတ်ပါ၊ ဆရာမကလဲ အရမ်းနူးနေ တဲ့ ဆရာမဆိုတော့ ကျွန်တော်တို့ ပညာပြိုင်သလိုဖြစ်ပြီး အနိုင်ရလိုဇောနဲ့ လုပ်လိုက်မိတာပါ၊ ဆရာမကို နစ်နာစေချင်တဲ့စိတ် လုံးဝမရှိပါဘူး"

မိုးမခက TV ကိုသာကြည့်ရင်း ဟားနေသည်။

လင်းမြတ်တို့သာ ကြောင်စီစီနှင့် တစ်ဦးကိုတစ်ဦး တံတောင်နှင့် တွက်ကာ မျက်ရိပ်ပြကာနှင့် ရှုပ်ယှက်ခတ်လို့။

"အဲဒါ ကျွန်တော်တို့ ကန်တော့ပြီး တောင်းပန်ပါတယ်၊ ကန်တော့ ကြလေ၊ ကန်တော့ကြ"

အားလုံးက ကကျိုးကကြောင်နှင့် ကန်တော့ကြ၏။

"ပြီးတော့ ခုကရှေ့လျှောက် ကျွန်တော်တို့ စာကို ပိုပြီးကြိုးစားပြီး သင်ပါတော့မယ်၊ ဆရာမ ကျွန်တော်တို့ကို စာပြန်သင်ပေးပါလို့ တောင်းပန်

ပါတယ်၊ ပြီးတော့ ဆရာမဘာပဲလုပ်လုပ် နောင်ဘယ်တော့မှ စိတ်မဆိုးတော့ပါဘူး"

မိုးမခက ဘာမှမပြောဘဲ မျက်နှာတည်နှင့် အိမ်ရှေ့သို့ထွက်သွား၏၊ လင်းမြတ်တို့ ထလိုက်ရမလို၊ ထိုင်ပဲနေရမလို။ ခဏနေမှ ပြန်ဝင်လာ၏။

ဆရာမက မျက်နှာကိုတည်ရင်း သူတို့အားလုံးမျက်နှာကို စေ့စေ့စပ်စပ်ကြည့်၏။ ပြီးမှ လင်းမြတ်တို့၏မျက်နှာများကို လက်ညှိုးငေါက်ငေါက်ထိုးကာ

"ယောက်ျားဆိုတာ ကတိတည်ရတယ်နော်"

လင်းမြတ်တို့က ပျပျာသလဲနှင့်

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကတိတည်ပါတယ်"

"ပြီးရော"

မိုးမခက ဤမျှသာပြောကာ သူကြည့်လက်စ ကာတွန်းကားကို ဆက်ကြည့်ကာ ဟားနေ၏။

လင်းမြတ်တို့အဖွဲ့သာ ထိုင်ရမလို ထရမလို မြောင်စီစီနှင့်။

"အဲဒါဆိုလဲ ကျွန်တော်တို့သွားတော့မယ်နော် ဆရာမ"

"သွားပေါ့"

"မနက်ဖြန်တော့"

"အေး လာခဲ့မယ်"

လင်းမြတ်တို့ ပေါ့ပါးဝမ်းသာစွာ ပြန်ခဲ့သည်။

စက်ဘီးကိုတွန်းယူလိုက်တော့ ခွတစ်ချောင်း ပြုတ်ကျလာ၏။ လင်းမြတ်က ခွကိုကြည့်သည်။ သူ့ပစ္စည်းမဟုတ်။ ခွကို ဖနောင့်နှင့်ယက်လျက် ဆရာမတို့အိမ်ဖက် ပြန်တွန်းသွင်းလိုက်သည်။ ကုန်းဆင်းအတိုင်းတွန်းကာ ဖင်ထိုင်ခုံပေါ် ခွလျက် ခုန်တက်လိုက်သည်။ လင်းမြတ်၏ပေါင်နှင့် ဖင်ထိုင်ခုံ တိုက်ကာ ဖင်ထိုင်ခုံက ဖလွတ်ခနဲ ကျွတ်သွား၏။ သေပြီ။ လေထဲတွင် တန့်နေလို့မရတော့။ ဖင်ထိုင်ခုံအရိုးနှင့် လင်းမြတ်၏ဖင်။

"အား. . ."

■အဆွေမောင်


ပြခွန်းချယ်
အသည်းကွဲဘုရင် ဝမ်ကျောက်ချဥ်



## အသည်းကွဲဘုရင် ဝမ်ကျောက်ချဉ်

ချိုင်းချွေးနံ့နံ့သူတွေအတွက် ကျောက်ချဉ်လိမ်းပြီး ကာကွယ်စေတဲ့ နည်းလမ်းတစ်ခုရှိတာ ကျွန်မတို့အားလုံးအသိပဲ မဟုတ်ပါလား။ ကျောက်ချဉ်ကို အရည်ကျဲကျဲလေးသွေးပြီး ချိုင်းနှစ်ဖက်ကို အသာတို့လိမ်းပေးရင် မွှန်းကျပ်မွှန်ထူတဲ့ ချိုင်းချွေးနံ့ ပျောက်ကင်းစေပါသတဲ့။

ချိုင်းချွေးနံ့က အချစ်အတွက် အဟန့်အတားတစ်ခုလား?

ချိုင်းချွေးနံ့ကြောင့် သင်တစ်ယောက် အသည်းကွဲခဲ့ဖူးပါသလား?

ဒီမေးခွန်းတွေကို အကြောင်းမဲ့သက်သက် မေးရလေခြင်းလို့တော့ မထင်ကြပါနဲ့။ အကြောင်းရှိပါတယ်။ လူတစ်ယောက်ဟာ ချိုင်းချွေးနံ့ကြောင့် အချိန်မရွေး အချစ်ရေး ကံခေတတ်ပါတယ်။ အချစ်ကြီးသလောက် အချစ်ပြန်မရခဲ့တဲ့ ကျွန်မတို့ရဲ့ဇာတ်လိုက်ကျော်ကြီး 'ဝမ်ရှောက်ရင်'ကို ဥပမာပြုလို့ ကျွန်မတို့အားလုံး ချိုင်းချွေးနံ့ကင်းစင်အောင် သတိပြုဆင်ခြင်နေထိုင်ကြပါစို့လား ရှင်။

× × ×

# ဟာသပျော် ၇၉

ကျွန်မတို့ရပ်ကွက်ထဲကို 'ဝမ်ရှောက်ရင်'စရောက်လာတဲ့နေ့က လမ်းထဲမှာ ဟောင်နေကျခွေးတွေအကုန်လုံး Silent ဖြစ်ကုန်တာ သတိထားမိတယ်။ သူ့နာမည် 'ဝမ်ရှောက်ရင်'က ဘာအဓိပ္ပာယ်လဲဆိုတာ ကျွန်မတို့ မသိလဲ အပြစ်တော့ မဟုတ်ပါဘူးနော်။ တကယ်တော့ ဝမ်ရှောက်ရင်က ကျွန်မတို့လမ်းထိပ်က နှစ်ထပ်တိုက်ကို လွန်ခဲ့တဲ့တစ်နှစ်ကျော်ကတည်းက ဝယ်ထားခဲ့တဲ့ သူဌေးပေါက်ဖော်ကြီးပါ။ ခုတော့ သူက ဒီတိုက်ကြီးမှာနေဖို့ အပြီးပြောင်းလာတာတဲ့လေ။

မိကျောင်းသားရေလား၊ ကျွဲသားရေလား သေချာခွဲခြားရခက်တဲ့ ပိုက်ဆံအိတ်မည်းမည်းပြောင်ပြောင်ကြီးကို ချိုင်းကြားမှာညှပ်ပြီး ကားပေါ်က ဆင်းလာတဲ့စတိုင်(လ်)က အများသူငါ လည်ပြန်မငေးရမနေနိုင်လောက်အောင် ကြွရွလွန်းနေပါတယ်။ ရှပ်အင်္ကျီကို ဘောင်းဘီပွပွကြီးထဲ ထိုးသွင်းဝတ်ဆင်ထားပေမယ့် သူ့ဗိုက်နားမှာ ကြယ်သီးနှစ်လုံး တစ်ရစ်ပြုတ်ထွက်ပြီး ဗိုက်သားနီစပ်စပ်ကြီးပေါ်နေတာကတော့ ဖီလင်ငုပ်စရာ။ သူက သူ့ကို အထူးအဆန်းဝိုင်းကြည့်နေကြတဲ့ လမ်းထဲကလူတွေကို(Yellow Teeth)အဝါရောင်သွားတွေ အကုန်ဖြဲပြီး လက်ပြကြိုဆိုလိုက်တယ်။ မြင်မြင်ချင်း အပြုံးနဲ့နှုတ်ဆက်တဲ့သဘောပါပဲ။ တကယ်တော့ အဝါရောင်သွားဆိုလို့ တရုတ်သူဌေးကြီး ရွှေသွားစိုက်ထားတယ်လို့ မထင်လိုက်ပါနဲ့။ သွားချေးကပ်ပြီး ဝါကြင်ကြင်အရောင်အဆင်းရှိတဲ့ သွားအဖြစ် တင်စားလိုက်ခြင်းပါ။ ပြီးတော့ သူက သူ့ကိုလိုက်ပို့ပေးတဲ့ ကားဒရိုင်ဘာကိုလဲ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဘာတွေတွတ်ထိုးနေမှန်းမသိ။ အနောက်မှာ ဆီသုတ်ထားသလိုပြောင်နေပြီး အရှေ့မှာတော့ နှစ်လက်မအရှည် ဆံပင်တစ်စုချထားတဲ့ သူ့ရဲ့ဦးစွန်းဖုတ် Hair Style ကို ကျွန်မတို့တော့ မြင်မြင်ချင်း အော်ဂလီဆန်မိပါရဲ့။ သူဟာ ကိုရီးယားက PSY မဟုတ်ပေမယ့် သူ့ကို အားလုံးက မျက်တောင်မခတ်တမ်း ငေးကြောင်ကြည့်နေကြဆဲ။

လမ်းထဲက ရာအိမ်မှူးဦးသန်းထွန်းက ပေါင်းသင်းဆက်ဆံရေးကောင်းမွန်တဲ့နေရာမှာ နှစ်ယောက်မရှိသူဆိုတော့ မကြာခင်မှာပဲ ဝမ်ရှောက်ရင်နဲ့ ရင်းနှီးအဖွဲ့ကျသွားတော့တယ်။ ရာအိမ်မှူးက ကိုယ့်လမ်းထဲအသစ်

# ဝင်း ၁၄ ဟာသပုံပျော်

ဖြစ်နိုင်ရင် သူ့ချိုင်းမွေးတွေကို
ဆားရည်စိမ်ပြီး
ချဉ်ဖတ်လုပ်ရောင်းချင်တယ်တဲ့၊
ဒီမှာ စီးပွားဖြစ်နိုင်မလားတဲ့၊

ပြောင်းလာတဲ့ လမ်းသားတစ်ယောက် နေရေးထိုင်ရေး အဆင်ပြေအောင် သွားရောက်စပ်စုစူးစမ်းတီးခေါက်ကြည့်ပါတယ်။ ဝမ်ရှောက်ရင်နဲ့ စကားကောင်းပြီးပြန်လာတဲ့ ဦးသန်းထွန်းကို ရပ်ကွက်သူရပ်ကွက်သားတွေက အသင့်စောင့်ဆိုင်းနေကြတယ်။ အကြောင်းကတော့ 'ဝမ်ရှောက်ရင်'ဆီက ကြားသိခဲ့ရသမျှကို ပြန်လည်စနည်းနာဖို့ပဲပေါ့။

"ဦးသန်းထွန်း ဒီတရုတ်မှာ မိသားစုမရှိဘူးလား၊ တစ်ယောက်တည်းပဲလား"

"အေးကွ၊ ပြည်ကြီးမှာရေကြီးလို့ သူတောင် ဒီဘက်နယ်ထဲကို မနည်းအသက်လုပြေးခဲ့ရတဲ့ပုံပဲ၊ မိသားစုမရှိဘူးတဲ့၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲဗျ"

"သူ့မှာ မိန်းမတွေတော့ ရှိခဲ့ပါတယ်တဲ့"

"ဟာဗျာ၊ ဘာစကားကြီးလဲဗျ၊ မိန်းမတွေ ရှိခဲ့တယ်ဆိုတော့ ဘယ်နှယောက်တောင် တော်ကောက်ထားလို့လဲ"

"ငါလဲ အဲဒီတစ်ချက်တော့ ထူးဆန်းနေတယ်၊ သူက စကားအပြောအဆို အတော်လေးပွင့်လင်းသားကွ၊ သူ့အကြောင်းကို မချွင်းမချန် နှိုက်နှိုက်ချွတ်ချွတ်ပြောတတ်တယ်၊ သူ့မှာ မိန်းမခြောက်ယောက်တိတိ ရှိခဲ့တယ်တဲ့"

"အို ဘုရား၊ ဘုရား၊ အခု အဲဒီမိန်းမတွေ တစ်ယောက်မှ ပါမလာဘူးလား"

"မပါဘူး၊ နေပါဦး၊ သူရွတ်ပြပါတယ်၊ နာမည်တွေက လွမ်ကျို၊ ရှောင်ဖိန်း၊ နောက် တတိယမြောက်က လန်ကီး၊ နောက်ပြီး ဘာပါလိမ့် ကျင်စိဆိုလား၊ ကွာစိဆိုလားပဲ၊ နာမည်တွေ ခေါ်ရခက်တယ်ကွ"

"ဟာ တော်ပါတော့ဗျာ၊ ဟုတ်မှလဲလုပ်စမ်းပါ။ ခင်ဗျား တလွဲလျှောက်

ပြောတာနဲ့ ဟိုတရုတ်မတွေ နေကြာစေ့၊ ကွာစေ့၊ ဖရုံစေ့တွေ ဖြစ်တော့မှာပဲ၊ သူက ဘာလုပ်တုန်းဗျ၊ သူကြည့်ရတာ ရေတော်တော်လျှံမယ့်ပုံပဲ၊ ပိုက်ဆံအိတ်ဖောင်းကားကားကြီးက လူရှိန်ချင်စရာ”

“ဒါတော့ မင်းတို့မှန်းတာ လွဲသွားပြီ၊ ခုနက ငါ သူနဲ့စကားပြောနေတုန်း ပိုက်ဆံအိတ်ဖွင့်တာ တွေ့လိုက်တယ်၊ အိတ်ထဲမှာ နှစ်ရာတန်ဆယ်ရွက်လောက်ပဲပါတယ်၊ သူ့ငွေးဆိုတော့ ငွေများများ သိပ်မကိုင်တတ်ဘူးထင်ပါတယ်ကွာ”

“သူ့အလုပ်အကိုင်က ဘာတုန်းဗျ”

“အဲဒါတော့ သေချာမပြောဘူး၊ ဒီတရုတ်က ငပါးပဲဖြစ်မယ်၊ ငါတို့ပိုက်ဆံချေးမှာစိုးလို့လားမသိဘူး၊ ဒါမျိုးကျတော့ ဒိုင်လျှိုတယ်၊ ဒါပေမယ့် သူ့စကားပြောပုံကို အကဲခတ်ကြည့်ရတာ နှပ်ချေးကိုတောင် ငါးပိလုပ်စားချင်တဲ့ စရိုက်မျိုးပဲ၊ အပြောင်အပျက်ပုံစံနဲ့ ငါ့ကို ဘာပြောလိုက်တယ် မှတ်သလဲ”

“ဆက်စမ်းပါဦးဗျ၊ ဘာတဲ့လဲ”

“ဖြစ်နိုင်ရင် သူ့ချိုင်းမွှေးတွေကို ဆားရည်စိမ်ပြီး ချဉ်ဖတ်လုပ်ရောင်းချင်တယ်တဲ့၊ ဒီမှာ စီးပွားဖြစ်နိုင်မလားတဲ့၊ အတော်နောက်တဲ့လူ”

“ဟယ် ကြဲကြဲဖန်ဖန် ရွံစရာကြီးတော်၊ ဝေါ့”

“ကဲ ကဲ ကောင်မလေးတွေ မရွံကြနဲ့ဦး၊ ငါနင်တို့ကို အထူးသတိပေးစရာတစ်ခုရှိတယ်၊ ဒီတရုတ်က ငါ့ကို ဝန်ခံလိုက်သေးတယ်။ သူက အရမ်းချစ်တတ်ပါတယ်တဲ့”

“အောင်မယ်၊ သူ့အရွယ် သူ့ဒီဇိုင်းကြီးနဲ့များ”

“ဟုတ်ပ့ါ ဒါဆို တရုတ်နှာဘူးကြီးပေါ့”

“မိန်းမချောက်ယောက် ရှိခဲ့ဖူးတာသာ စဉ်းစားကြည့်တော့၊ အခု သူကပြောလိုက်တယ်၊ မြန်မာ့မြေပေါ် ခြေချလိုက်တာနဲ့ မြန်မာအမျိုးသမီးလေးတွေရဲ့ ကိုယ်သင်းနံ့ကို ရှူရှိုက်လိုက်ရလို့ ရင်ထဲမှာ လန်းဆန်းနေတယ်တဲ့၊ အဲဒါ ညည်းတို့ သတိထားပြီးနေကြ၊ တော်ကြာ တရုတ်အချစ်နဲ့ ပျစ်ပျစ်နှစ်နှစ်တိုးနေမယ်”

ဦးသန်းထွန်းကြီးရဲ့စကားကြောင့် ကျွန်မတို့မိန်းကလေးတစ်သိုက်

စိုးထိတ်ရင်ဖိုသွားပေမယ့် ယောကျ်ားလေးတွေကတော့ နောက်မှပေါက်တဲ့ ရွှေကြာပင်ကို အမြစ်ပါဆွဲနှုတ်ချစ်စိတ်နဲ့ အံတကြိတ်ကြိတ်၊ တက်တခေါက်ခေါက် ဖြစ်နေလေရဲ့။

အဲဒီမှာ ဝမ်ရှောက်ရင်နဲ့ ဇာတ်လမ်းစတော့တာပါပဲ။

× × ×

ဝမ်ရှောက်ရင် ပထမဆုံးမျက်စိကျသွားတဲ့သူက အပျိုကြီး 'ဒေလီယာဝင်း'ဖြစ်လိမ့်မယ်လို့ ဘယ်သူမှ မခန့်မှန်းနိုင်ခဲ့ဘူး။ အပျိုကြီးအိမ်မှာ ကျောက်ချဉ်သွားဝယ်ရင်းနဲ့ သူတို့နှစ်ယောက် စတွေ့ဖြစ်ခဲ့ကြတယ်။ ဖြစ်ချင်တော့ လမ်းထဲမှာ ကျောက်ချဉ်ရောင်းတာကလဲ အပျိုကြီးတစ်ယာက်ပဲ ရှိတာကိုး။ တရုတ်စကားသံ မပီကလာ ပီကလာကို ကြားချိန်မှာ တစ်သက်လုံး အပျိုကြီးကုလားထိုင်ပေါ်က မဆင်းဘူးလို့ ဟစ်ကြွေးထားခဲ့တဲ့ ဒေလီယာဝင်း တစ်ယောက် ရင်တွေ ဖျိုးဖျိုးဖျဖျ ခုန်တက်လာတယ်ထင်ပါရဲ့။ ဝမ်ရှောက်ရင်နဲ့ ဒေလီယာဝင်းတို့ရဲ့ စကားသံလေးတွေကို နားဆင်ကြည့်ကြပါဦး။

"ကိုရှောက်ရင်က ဘာလို့ ကျောက်ချဉ်တွေ ခဏခဏဝယ်ရတာလဲဟင်"

"တူက ဝရဲ့ကယ်တင်ချင်လေးလေ၊ တူမစိလို့ မဖစ်ဘူး၊ တူက ဝရဲ့အီဖော်လေ"

"ရှင် အီဖော်ဆိုတာ"

"အာ လီလီအရမ်းဝေးလယ်၊ အီဖော်လေ အီဖော်ကို မတိဘူးလား"

"ဩော် သိပြီ သိပြီ၊ ကိုရှောက်ရင်အတွက် မရှိမဖြစ်တဲ့အဖော်ကို ပြောတာလား"

"ဟုတ်သယ် အီဖော်၊ ရှောက်ရင်နဲ့ကျောက်ချဉ် ဘယ်တော့မှ ခွဲလို့မီရဘူး"

"ဒါဆို အသုံးတည့်တယ်ဆိုရင်လဲ တစ်ခါတည်းအများကြီးဝယ်ထားလိုက်ပါလား၊ တစ်နေ့ကို နည်းနည်းချင်းစီ လာဝယ်နေရတာ မပင်ပန်းဘူးလား"

"ဟင့်အင်း ဝက လီလီ့မျက်နှာလေးကို နေ့တိုင်းတွေ့ချင်လို့လေ"

"အံမယ် သွား လူနောက်၊ ရောက်တာဖြင့် နှစ်ရက်နဲ့တစ်ပိုင်းပဲ ရှိ

သေးတယ်၊ လူကို ရိသဲ့သဲ့လာလုပ်နေပြီ”

“တလုတ်တို့ မန်တာပြောရင် တစ်ရှာပါ လီလီ၊ တစ်ရှာ ရှကားတွေ ပြောတာပါ၊ ဝကို ရှင်းရှားပေးနော်”

“အဟင်းဟင်း ခစ်ခစ် မှန်တာပြောရင် သစ္စာဆိုတော့ ရှင်က သစ္စာ ရှင်ကြီးပေ့ါ၊ ဟုတ်လား”

“ဝ တီကယ်ပြောတာ၊ လီလီ့ဘက်က သဘောတူရင် ဝ အမြန်ဆုံး လက်ထပ်ချင်လယ်ကွယ်”

ဝမ်ရှောက်ရင်ရဲ့ ကျူလုံးတွေကြားမှာ အပျိုကြီးတစ်ယောက် ယက်ကန်ယက်ကန်ဖြစ်နေပုံများ။ အချစ်က ဆန်းတော့ဆန်းကြယ်သားပါ။ မိန်းမတွေအများကြီးရှိခဲ့ဖူးတဲ့ ဝမ်ရှောက်ရင်လို တရုတ်ကို ဒေလီယာဝင်းက အချိန်တိုတိုအတွင်းမှာ အချစ်သရဖူဆု အပ်နှင်းပေးလိုက်တော့ ကျွန်မတို့အားလုံး ဟင်ခနဲ ဟာခနဲပေ့ါ။ တကယ်တော့ တရုတ်ရဲ့စည်းစိမ်ဥစ္စာတွေကို မက်တာလား၊ ဖင်ကောက်ဗိုက်ပူ Body Structure ကို တိတ်တခိုးရင်ခုန်မိလို့လား၊ ချေးအလိမ်းလိမ်းမည်းတက်နေတဲ့ ဝမ်ရှောက်ရင်ရဲ့ခြေသည်းလက်သည်းတွေကို မှားယွင်းစွဲလမ်းလို့လား၊ ဝမ်ရှောက်ရင် စကားပြောလိုက်တိုင်း ပါးစပ်ထဲကနေ ပလွတ်ပလပ် အသံပေးပြီး လွင့်ဝဲခုန်ထွက်လာတဲ့ ပူစီဖောင်းတံတွေးစတွေကြောင့် ကရုဏာပိုပြီး မေတ္တာပါပြုခဲ့ရသလား။ ဒီအကြောင်းတွေထဲက တစ်ခုခုကြောင့် အပျိုကြီးနှလုံးသား အရည်ပျော်ကျသွားတာ ဖြစ်နိုင်ပါတယ်။ ဝမ်ရှောက်ရင်ကလဲ ဒေလီယာဝင်းကို ‘ဝအရှစ်က လီလီ့လက်မှာ ဂိတ်ရှုံးပါပြီ” တဲ့လေ။

တကယ်တော့ သူပြောချင်တာက “ဝအချစ်က လီလီ့လက်မှာ ဂိတ်ဆုံးပြီ”ဆိုတဲ့အဓိပ္ပာယ်။ နောက်ထပ် ဘယ်သူ့ကိုမှ ထပ်မချစ်တော့ဘူး။ မင်းသာငါ့ရဲ့ နောက်ဆုံးအချစ်လို့ ဆိုလိုချင်တာ။ တော်တော်လဲ ကဗျာဆန်တဲ့ တရုတ်။ သူ့အချစ်ဂိတ်က ဆုံးပဲဆုံးနိုင်လွန်း။ အရင်မိန်းမတွေနဲ့လဲ ဒီလိုပဲ ခဏခဏ ဂိတ်ဆုံးခဲ့ဟန်တူပါတယ်။

× × ×

ဒီလိုနဲ့ ဝမ်ရှောက်ရင်နဲ့ ဒေလီယာဝင်းတို့ရဲ့ Wedding Day

ရောက်လာတယ်။ မင်္ဂလာကို တရုတ်နည်းလမ်းအတိုင်း မဆောင်ဖြစ်ပေမယ့် ဝမ်ရှောက်ရင်က တစ်ကောင်ကြွက်၊ ဒေလီယာဝင်းကလဲ သွေးသားရင်းချာနည်းပါးသူဆိုတော့ သူတို့မင်္ဂလာပွဲကို ဘယ်သူမှလဲ တကူးတက အပင်ပန်းခံပြီး လာမကန့်ကွက်ကြဘူး။ ဒါပေမယ့် မင်္ဂလာခန်းမကတော့ ကျွန်မတို့ မျှော်လင့်တွေးထင်ထားသလို Sedona မဟုတ်၊ မြရိပ်ညိုလည်း မဟုတ်တဲ့ ဝမ်ရှောက်ရင်ဂေဟာမှာပဲ ဖြစ်ပါတယ်။ ဘယ်တတ်နိုင်မလဲ။ အပျိုကြီးနဲ့ နှစ်ပေါင်းများစွာ တစ်မြေတည်းနေ၊ တစ်နေရတည်းသောက်လာတော့ အပျိုကြီးပွဲကို တက်ရောက်ချီးမြှင့်ဖို့ ကျွန်မတို့မှာ တာဝန်ရှိတာပေါ့။ ရပ်ကွက်ပွဲဆိုတော့ ပြင်ရဆင်ရ ဗာဟီရမများတာပဲ ခပ်ကောင်းကောင်းရယ်။ တရုတ်တို့များ သတ္တမမြောက်သတို့သမီးလေးရဲ့လက်ကို သူချိုင်းကြားထဲညှပ်ပြီး ကြည်နူးပီတိ ဂွမ်းဆီထိနေလိုက်တာ။ လမ်းထဲက ဒေလီယာဝင်းနဲ့ သက်တူရွယ်တူယောကျ်ားသားတွေ မနာလိုချင်စရာပါ။

မင်္ဂလာဆောင်မှာ ဝမ်ရှောက်ရင်ရဲ့ စိတ်ကူးအတိုင်း အုန်းနို့ဆန်ပြုတ်တိုက်တယ်။ ဆန်ပြုတ်မြင်တော့ အားလုံးလိုလို နှာခေါင်းရှုံ့ချင်ကြပါတယ်။ ဒါကိုရိပ်မိတဲ့တရုတ်က

"ဝက ခီများတို့ကို ဖူဖွေးတန့်ကျင်ရှေချင်တဲ့ ရှေတနာကြောင့် ကျန်ပြုတ်တိုက်တာပါ။ အတုန်အကျလဲ တက်တာတယ်၊ ဝဝတောက်ကြနော်'

လို့ ရသေ့စိတ်ဖြေ လာဖျောင်းဖျတယ်။ ဖြစ်မှဖြစ်ရလေ။ သူ အကုန်အကျသက်သာချင်တာနဲ့ပဲ ဖြူဖွေးသန့်စင်စေချင်တဲ့ စေတနာတွေ လာလုပ်ပြနေသေးတယ်။ အင်မတန်စီးပိုးတဲ့တရုတ်။ အုန်းနို့ဆန်ပြုတ်ဆိုတာ ကျွန်မတို့လမ်းထဲမှာ စတုဒီသာကျွေးတဲ့ အစားအစာပါ။ တရုတ်လက်ထက်ကျမှ မင်္ဂလာညှော်ခံပွဲ အစားအစာအဖြစ် အသွင်ပြောင်းရလေခြင်း။

နေ့လည်ပိုင်း ညှော်ခံပွဲပြီးတော့ ညပိုင်းမှာ ဒင်နာထပ်လုပ်ပါတယ်။ ဒင်နာမှာ ညှော်ခံတဲ့ငါးကင်က ဈေးထဲမှာ ပေါပေါလောလောနဲ့ရောင်းတဲ့ ပင်လယ်ငါးတွေပါ။ ကျွန်မတို့အိမ်မှာ ကြောင်ကျွေးတဲ့ ငါးအမျိုးအစားကို ကိုရွှေတရုတ်က သူကိုယ်တိုင် တံစို့ထိုးမီးဖုတ်ပြီး ညှော်ပရိသတ်တွေကို မြိန်ရေယှက်ရေစားသောက်စေတယ်။

## ဟာသပုံပြင် ၇၉

ဝမ်ရှောက်ရင်ကို အမြင်ကတ်ကြည့်မရသူ ခပ်များများမို့ ဧည့်ပရိသတ်တွေကလည်း သိပ်အများကြီးလို့ မထင်လိုက်ပါနဲ့။ ရာအိမ်မှူးဦးသန်းထွန်းရယ်၊ ကာလသားခေါင်း ကျော်စွာအောင်ကြီးရယ်၊ ရပ်ကွက်ထဲမှာ ဟိုနေရာလဲပါ၊ ဒီနေရာလဲပါတတ်တဲ့ လင်ကွန်းတင်ထွန်း(အမှန်တော့ သူ့နာမည်က တင်ထွန်းပါပဲ၊ အေဗရာဟမ်လင်ကွန်းကို သဘောကျလို့ ကိုယ့်သဘောနဲ့ ကိုယ် ရှေ့မှာလင်ကွန်းတပ်ထားတာ)ရယ်၊ ပြေးကြည့်မှ သုံးယောက်တည်းပါ။ အဲ ငါးကင်က အရိုးကြွင်းအရိုးကျန်တွေကို အငမ်းမရ တောင့်တစောင့်စားနေတဲ့ လမ်းထဲက ကျားဗိုလ်တို့ရန်လုံတို့လဲ ဝမ်ရှောက်ရင်ဒင်နာမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲနေကြတယ်။

ညဆယ့်တစ်နာရီထိုးတော့ တရုတ် ရေချိန်ကိုက်လာပါပြီ။ ဒါကို အလိုက်သိကြတဲ့ ပရိသတ်တွေက

"ကိုရှောက်ရင် ကျုပ်တို့ပြန်ဖို့သင့်ပြီ"လို့ဆိုကြတယ်။

"အိုခေ အိုးခေ တိုင်းကျူး တိုင်းကျူး"

သိုင်းကွက်နင်းနေတဲ့ ဝမ်ရှောက်ရင်ကို အားလုံးကနှုတ်ဆက်ပြီး ကိုယ့်အိမ်ကိုယ် ပြန်လာကြပါတယ်။ အားလုံးရဲ့ရင်ထဲမှာတော့ ဒီမင်္ဂလာဦးညမှာ တရုတ်ပေါက်ဖော် ကံကောင်းစေသော်လို့ ဆုတောင်းထာပနာပြုနေကြလေရဲ့။ တရုတ်ကံကောင်း မကောင်းဆိုတာတော့ မနက်မိုးလင်းမှ အဖြေပေါ်လာတော့တယ်။

ဖြစ်ပုံက ဒီလိုပါ။

× × ×

"ဒေလီယာဝင်း ညက အသက်ရှူကျပ်ပြီး မူးလဲလို့ ဆေးရုံတင်လိုက်ရပြီတဲ့"

"ဟယ် မြတ်စွာဘုရား၊ ဘာဖြစ်ရတာတုန်းဟဲ့၊ မထိတ်သာမလန့်သာရှိလိုက်တာ"

"သူက နဂိုတည်းက နှလုံးရောဂါအခံရှိတယ်လေ"

"ဒါ ဝမ်ရှောက်ရင်လက်ချက်ပဲဖြစ်မယ်"

"ကဲ ကဲ ဘာမှလုံးစေ့ပတ်စေ့ သေချာမသိရဘဲနဲ့ ကိုယ့်ထင်မြင်ချက်

နဲ့ကိုယ် ရမ်းသန်းစိတ်တိုမနေကြနဲ့၊ တိတိကျကျသိရအောင် ငါတို့ အပျိုကြီးကို လူနာသတင်း သွားမေးကြမယ်”

“ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒါအကောင်းဆုံးပဲ”

ဒီလိုနဲ့ ကျွန်မတို့အားလုံး ဒေလီယာဝင်းဆီကို သုတ်ခြေတင်ခဲ့ကြပါတယ်။ ဟိုရောက်တော့ ဝမ်ရှောက်ရင်ကို နှမ်းစေ့လောက်ရှိတဲ့ မျက်နှာငယ်လေးနဲ့ထိုင်နေတာတွေ့ရတယ်။ သူ့ရဲ့မဟောသီသက်ထားလေးကတော့ ကျွန်မတို့ကိုမြင်တာနဲ့ ချုံးပွဲချငိုလေတော့တယ်။

“အဟီးဟီး ငါ့ဘဝတော့ သွားပါပြီဟဲ့၊ ခုချိန်ကျမှ လေလံတင်ပြီး ပြန်ရောင်းလဲ ဒါကြီးကို ဘယ်သူမှ ပြန်ဝယ်မယ့်သူ ရှိမှာမဟုတ်ဘူး၊ ဟီးဟီး အမေရေ ပြန်အမ်းချင်တယ်၊ ပြန်အမ်းချင်တယ်”

“မဒေလီရယ် ဘာများဖြစ်ရတာလဲ၊ ကျွန်မတို့သိအောင် အကျိုးအကြောင်းလေးပြောပြပါဦး၊ မငိုပါနဲ့နော်၊ ရှင်ပဲချစ်လို့ ယူခဲ့တာမဟုတ်ဘူးလား”

“အမယ်လေး ဒီအနံ့ဆိုးကြီးနဲ့ တစ်သက်လုံး ဘယ်လိုစခန်းသွားရမှာလဲ၊ ဟီးဟီး နံတယ် နံတယ်တော့”

“ဘာနံတာလဲ မဒေလီရဲ့”

“သူ့ချိုင်းချွေးနံ့ကြီးလေ၊ ကျွန်မဆိုင်မှာ ကျောက်ချဉ်တွေ လာလာဝယ်ကတည်းက အထာပေါက်ခဲ့ရမှာ၊ ကျွန်မတစ်သက် ဒီလောက်မွှန်ထူဆိုးဝါးတဲ့ အနံ့မျိုးနဲ့ တစ်ခါမှမကြုံခဲ့ဖူးဘူး၊ ကျွန်မ ဒီအနံ့ကြီးကြောင့် မူးမေ့လဲတာကိုသာ တွေးကြည့်ကြပါတော့”

“ဒါပေမယ့် ကျွန်မ စာအုပ်ထဲမှာ ဖတ်ဖူးတဲ့အကြောင်းအရာလေး တစ်ခု ရှိတယ် မဒေလီရဲ့၊ ယောကျ်ားတွေရဲ့ချွေးက သူတို့ရဲ့ဆွဲဆောင်မှုတစ်ခုပဲတဲ့”

“မသိဘူး၊ မသိဘူး၊ ဒီ့ထက်ပိုပြီး ဆွဲဆောင်မှုရှိနေရင်လဲ ကျွန်မအသက်တိုဖို့ပဲ ရှိတော့တယ်”

သွားပြီ။ အခြေအနေတွေက မမျှော်လင့်ဘဲ တင်းမာသွားခဲ့ပြီ။ ကျွန်မတို့ဟာ အပျိုကြီးအကြောင်း သိလိုက်ရပေမယ့်လဲ ဖြေရှင်းပေးဖို့ နည်းလမ်းကမရှိ။ ယောကျ်ားမာနကို ထိခိုက်သွားလို့ မခံမရပ်နိုင်ဖြစ်လာပုံရတဲ့

ဝမ်ရှောက်ရင်က အခန်းထောင့်မှာ ငုတ်တုတ်ထိုင်နေရာကနေ ဆတ်ခနဲထရပ်ပြီး

“စီမှာ လီလီ”

“ဘာဒီမှာလဲ၊ ဘာမှလာမခေါ်နဲ့၊ ရှင့်မျက်နှာကို မမြင်ချင်ဘူး”

“တောင်းပါပြီ၊ ဒါဆို ဝ ပြည်ကြီးပန်တော့မယ်”

ကျွန်မတို့အားလုံး အာမေဋိတ်သံကိုယ်စီထွက်သွားမိချိန်မှာ

“ဟုတ်သယ်၊ ဝဘဝမှာ အရှစ်တွေ များခဲ့ပေမယ့် အဲဒီအရှစ်ရဲ့အကျိုးကို ဘယ်တော့မှ မခံချားရဘူး၊ ဝကို မီးမတွေက အသီးခွဲဖို့လောက်ပဲ ချောင်းနေကြတာ”

ဝမ်ရှောင်ရင်ရဲ့ ပေါက်ကွဲသံကြောင့် ကျွန်မတို့ ထိတ်ခနဲဖြစ်သွားတယ်။ မိန်းမတွေက အသီးခွဲဖို့ဆိုတော့ ဘာအသီးပါလိမ့်။ ဪ သိပြီ။ အသည်းခွဲတာကို ပြောချင်တာထင်ပါရဲ့။

“ဝဟာ အသီးကွဲဘုရင်ကြီးပါ လီလီ၊ မင်း ဝနဲ့ ချက်မပေါင်းချင်ရင်လဲ မင်းတဘောအတိုင်း ဖစ်စေရပါမယ်”


လို့ဆိုပြီး အင်မတန်မှ ကြေကွဲဆို့နင့်နေတဲ့ မျက်ဝန်းတွေနဲ့ ဒေလီယာဝင်းကို ကြည့်တယ်။ ပြီးတော့ ချာခနဲ လှည့်ထွက်သွားပါတယ်။ အသည်းကွဲဘုရင်ကြီး ရင်ထဲမချိအောင် နာကျင်ပြင်းပြသွားတဲ့ပုံပါ။

ဒေလီယာဝင်းရဲ့ သဘောထားကိုတော့ ကျွန်မတို့ ဘာမှထပ်မမေးဖြစ်တော့ပါဘူး။ အချစ်စစ် အချစ်မှန်ကို ရှာတွေ့သွားပေမယ့် မရှုမလှ အလွမ်းနိဂုံးချုပ်ခဲ့ရသူအတွက် ကျွန်မတို့ စိတ်မကောင်းဖြစ်ရုံကလွဲလို့ ဘာမှမတတ်နိုင်ခဲ့ဘူး။

ဒါပေမယ့် ကျွန်မတို့လမ်းထဲမှာတော့ ကနေ့ချိန်အထိ အသည်းကွဲဘုရင်ကြီး ဝမ်ကျောက်ချဉ်ရဲ့အကြောင်းကို စကားစပ်မိတိုင်း တခုတ်တရ ပြောဖြစ်ကြပါသေးတယ်။

ဪ. . ကျောက်ချဉ်တွေ့တိုင်း လွမ်းနေပါရစေ ဝမ်ရှောက်ရင်။

■ မြွေဒွန်းချယ်


အတွေး

# အတွေး

**အခွင့်အရေးကို ပြည့်ပြည့်ဝဝ အသုံးချတတ်ပါစေ**

ခေတ်ကြီးကား ပြောင်းနေပြီ။ ဒီမိုကရေစီခေတ်နှင့်အညီ အလုပ်အကိုင် အခွင့်အလမ်းများလည်း များစွာပွင့်လာပြီ။ သို့မို့ကြောင့် ရရှိလာသော အခွင့်အလမ်းကို လက်မလွှတ်တမ်း ပြည့်ပြည့်ဝဝ အသုံးချတတ်ဖို့လိုသည်။ အလုပ်အကိုင် အခွင့်အလမ်း မည်မျှပင်ပွင့်စေကာမူ သင်အသုံးမချတတ်လျှင် သင်မယူမဆွဲတတ်လျှင် သင့်အား အခွင့်အလမ်းများက ဖြတ်ကျော်ပြီး အခြားတပါးသူများဆီသို့သာ ရောက်ကုန်ပါလိမ့်မည်။ သင်ကား လိုတိုတိုလွတ်တွတ်တွတ်ကြီးနှင့် ဖြတ်သန်းနေသော အခွင့်အရေးများကြား ကားယားကြီးကျန်ခဲ့ပေလိမ့်မည်။

အခွင့်အရေးကို အသုံးချတတ်ရန် အကြံပြုခြင်းသာဖြစ်သည်။ အခွင့်အရေးယူရန် ပြောခြင်းမဟုတ်ပါ။ အခွင့်အရေးကို လက်မလွှတ်တမ်း အသုံးချခြင်းနှင့် အခွင့်အရေးယူခြင်းသည် စကားလုံးတူသော်လည်း အနက်ကွဲပါသည်။ ဟိုမှာစုစုမြင်လဲ ဝင်ပါ၊ ဝင်အော်၊ ဝင်ငိုပြ။ ဒီဖက်စုစုမြင်လဲ ဝင်ငို၊ ဝင်အော်၊ ဝင်ပါလုပ်နေခြင်းကလဲ သင့်တင်မက သင့်နိုင်ငံပါ သိက္ခာကျနိုင်သည်မို့ သတိချပ်ဆင်ခြင်စေလိုပါသည်။

အခွင့်အရေးကို လက်မလွှတ်တမ်း အသုံးချတတ်သူတစ်ဦးအကြောင်းကို ပြောပြလျှင် ပို၍လင်းအံ့ဟုထင်သည်။ အောက်တွင်ရှု။

သူငယ်ချင်းနှစ်ဦး ဝက်ဝံဖမ်းကြသော ပုံပြင်ဖြစ်သည်။

သူငယ်ချင်းနှစ်ဦး ဝက်ဝံဖမ်းဖို့ တောထဲသို့ထွက်လာကြသည်။ မောင်မောင်နှင့်မောင်လင်းဟုမှတ်ပါ။ တောထဲမှ သစ်လုံးအိမ်တွင် သူတို့ စခန်းချကြသည်။ မောင်မောင်က ညစာအတွက် ချက်ပြုတ်နေစဉ် မောင်လင်းကပြော၏။

"အေး သူငယ်ချင်းမောင်မောင်၊ ငါစိတ်မထိန်းနိုင်တော့ဘူး၊ ခုတင် ဝက်ဝံငတုံးကြီးတစ်ကောင်လောက် ပြေးပစ်ချင်နေပြီ"

"အဲဒါဆိုလဲ မောင်လင်းရယ် စိတ်ထိန်းမနေနဲ့၊ ဝက်ဝံတစ်ကောင်

လောက် သွားပစ်ခဲ့စမ်း၊ အမဲလိုက် ပထမနေ့မှာပဲ တောမီးတောက်နဲ့ ဝက်ဝံသားလေး ထွေးကြရအောင်”

မောင်လင်းက နှစ်လုံးပြူးဆွဲကာ တောထဲဝင်သွား၏။ တောလယ်တစ်နေရာတွင် ပျားဖွပ်နေသော ဝက်ဝံကြီးတစ်ကောင်ကို တွေ့ရ၏။ မောင်လင်းက စိတ်မထိန်းနိုင်တော့သဖြင့် အလျင်စလိုပင် ဝက်ဝံကြီး၏ရင်ဘတ်ကို နှစ်လုံးပြူးနှင့် နှစ်ချက်တည့်ဆွဲချလိုက်သည်။ ဖြစ်ချင်တော့ ဝက်ဝံကြီးကို ချက်ကောင်းမထိ။ လက်မောင်းကိုသာ ရှပ်ထိသွား၏။ ဒေါသထွက်သွားသော ဝက်ဝံကြီးက သစ်ပင်ပေါ်မှခုန်ချကာ မောင်လင်း၏နောက်သို့ ပြေးလိုက်၏။

ကြုံရာမရသည့်အဆုံး နှစ်လုံးပြူးကို ပစ်ချကာ ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ပြေးရတော့၏။ မောင်လင်းသည် အတော်အတန်ပြေးနိုင်သော လူငယ်တစ်ဦးဖြစ်သည့်အလျောက် အသားကုန်တော့ ပြေးပါသည်။ သို့သော် မောင်လင်းနှစ်လှမ်း ဝက်ဝံတစ်လှမ်းဖြစ်နေရာ ဝက်ဝံနှင့်မောင်လေး တဖြည်းဖြည်းနီးကပ်လာပြီဖြစ်သည်။

သစ်လုံးအိမ်အနီးသို့ရောက်ချိန်၌ ဝက်ဝံက လက်တစ်ကမ်းမှာ ရောက်နေပြီဖြစ်သည်။ မောင်လင်း လှေကားပေါ်ပြေးအတက် လုံလောက်အောင်ခြေထောက်မမြှောက်နိုင်သဖြင့် လှေကားထစ်နှင့်တိုက်မိကာ မှောက်လဲတော့၏။ လက်တစ်ကမ်းရောက်နေသော ဝက်ဝံကြီးလဲ ရုတ်တရက် လဲကျသွားသော မောင်လင်းအား ခလုတ်တိုက်ကာ သစ်လုံးအိမ်ထဲသို့ ကျွမ်းထိုးဝင်သွား၏။

မောင်လင်းက သစ်လုံးအိမ်တံခါးကို ပြေးပိတ်ကာ မောင်မောင်အား ဤသို့အော်ပြောလိုက်သည်။

“ဟော့ကောင် မောင်မောင်၊ အဲဒီဝက်ဝံငတုံးကောင်ကို အရေဆုတ်ပြီး ကင်ထားနှင့်ကွာ၊ ငါစိတ်မထိန်းနိုင်ဘူး၊ နောက်ဝက်ဝံတစ်ကောင် သွားရှာလိုက်ဦးမယ်”

အခွင့်အရေးကို အထူးအသုံးချတတ်သူပါပေ။

■ သူမရာနီ

# ကဗျာပုစ္ဆာ ၇၉ ၂၀

## ကဗျာပဟေဠိ (၂)

မင်္ဂလာပါခင်ဗျား။ ဒီတစ်ပတ်မှာလည်း ရှေးဟောင်းစာကဗျာလေးနှစ်ခုကို မေးချင်ပါသေးတယ်။ ဒီအတွက် ဟားခလုတ်စာချစ်သူများ မြန်မာစာမြန်မာစကား ပျို့လင်္ကာများကို လေ့လာလိုက်စား သုတေသနပြုဖြစ်ကြမယ်။ အဖြေမှန်ကို မွှေနှောက်ရှာဖွေရင်း ဗဟုသုတ အနည်းအကျဉ်း တိုးပွားလာကြမယ်ဆိုရင်ပဲ ပဟေဠိမေးရကျိုးနပ်ပြီလို့ ခံယူထားပါတယ်။ ကဲ အောက်က, ကဗျာလေးများကို ဖတ်ကြည့်ကြရအောင်။

ပန်းနှယ်လှိုင်ကျော်၊ နာမံတော်ကို
ချီဝေါ်အစ၊ ကြားသည်ကာပင်
ချစ်လှပါပြီ၊ ပန်းသီချစ်ထု
ခုလည်းသည်းထဲ၊ ချစ်စွဲမြဲနှောင်
နှောင်လည်းသက်ဆုံး၊ ချစ်ထုံးရစ်ခွေ
မြဲနေမယွင်း၊ ခြေတော်ရင်းတွေ
ဝပ်စင်းညွှတ်ကြည်၊ ခေါင်းချမည်။

မြင်မြင်ချင်းမဆိုထားနဲ့၊ နာမည်လေးကြားလိုက်တဲ့ အချိန်ကတည်းက အသည်းတုန်အူတုန် ချစ်ခဲ့ရုံမက သေတပန်သက်တဆုံး ခြေတော်ရင်းဝပ်စင်းခေါင်းချမည်ဆိုတဲ့အထိ အချစ်ကြီးသွားတဲ့အကြောင်း လင်္ကာကောင်းလေး ရေးဖွဲ့ခဲ့တဲ့ စာဆိုတော်ရဲ့အမည်နဲ့ သူ့ရဲ့ပျို့လင်္ကာရဲ့အမည်ကို ရှာဖွေကြည့်ကြစေလိုပါတယ်။

# ၂၀၁၉ ပဟေဠိ

နောက်တစ်ခုကတော့ ကမ္ဘာက ကာမသျှတ္တရကျမ်းပြုဆရာကြီးလို့ တင်စားခဲ့တဲ့ အိန္ဒိယစာဆိုကြီးတစ်ဦးရဲ့အမည်ကို သိချင်ပါတယ်။ သူ့ကို မြန်မာပြည်မှာ လူကြီးသူမတော်တော်များများ သိကြပါတယ်။ အမြည်းသဘောနဲ့ သူ့ရဲ့စာတစ်စိတ်တစ်ပိုင်းကို ဖော်ပြလိုက်ပါတယ်။

၂။ မြစ်ပျိုမလေးသည် နွေဥယျာဉ်၌ ဝတ်လစ်စလစ်လဲလျောင်းနေဆဲ၊ ချစ်သူမိုးတိမ်သည် ရုတ်တရက်ရောက်လာမြင်မိရာ မထိန်းသိမ်းနိုင်ဘဲ အရူးအမူးပွေ့ဖက်နမ်းရှုံ့လိုက်၏။ ဤတွင် အထိတ်တလန့်ဖြစ်သွားရရှာသော မြစ်ပျိုမကလေးက လျှောကျနေသည့် ပုလဲဝတ်စုံကို အဆောတလျင်ဆွဲဖုံးလျက် ထိတ်ထိတ်ပျာပျာကြည့်သည်။

ကဲ ဒီဆရာကြီးက ဘယ်သူပါလဲ။ သိသူဖော်စား လွယ်ပါတယ်နော့။

---

**အုပ်ဖယ်ကြီး**

**စာအုပ်လက်ဆောင်ကို နယ်မှပဟေဠိမှန်ကန်သူများအား စာတိုက်မှလည်းကောင်း၊ ရန်ကုန်မှ ဖြေဆိုမှန်ကန်သူများကို ဟားခလုတ်စာအုပ်တိုက်သို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာနှင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။**

**ဖြေဆိုသူများ လျှင်မြန်သက်သာစေရန် ph-09420048719 သို့နှုတ်ဖြင့်လည်း ဆက်သွယ်ဖြေဆိုနိုင်ပါကြောင်း။**

## အိမ်စာ

ယခုလ အိမ်စာကို ဆရာအုပ်လုကြီး၏ ကဗျာပဟေဠိ(၂)နှင့် နှုတ်ဆက်ပါတော့မည်။ ဤပုံပြင်ကို စေ့ငုသေချာစွာဖတ်ရှုပြီးပါက ဟားစာတိအဖွဲ့မှ စာဖတ်သူ၏ အမြင်ကို သိလိုလှပါသည်။

(၁)- စာဆိုတော်အမည်၊ပျို့အမည်
(၂)- အိန္ဒိယစာဆိုကြီးအမည်

-စာဖတ်သူများ၏ အမည်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးပို့စေလိုသည်။

-ဟားစာတိအဖွဲ့ လိပ်စာကို စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။

-အဖြေမှန်သူများ၏ အဖြေများကို ဟားခလုတ်(၃၀)တွင် ဖော်ပြပေးပါမည်။

---

# ကဗျာပုစ္ဆာ

ဟားခလုတ် အမှတ်စဉ်(၂၈) ကဗျာပဟေဠိ အဖြေမှန်ကို ဖော်ပြပေးလိုက်ပါသည်။ စာဖတ်သူတို့၏ အမြင်များကို ပေးပို့ကြသည့်အတွက် များစွာအားရကျေနပ်မိပါသည်။ ယခုလတွင်လည်း စိတ်ပါဝင်စားစွာ ပေးပို့ကြလိမ့်မည်ဟု မျှော်လင့်နေပါသည်။

အမှတ်စဉ်(၂၈)အတွက် ရင်ခုန်ပေးပို့ကြသူများ အနက်မှ အယ်ဒီတာအဖွဲ့၏သဘောနှင့် တိုက်ဆိုင်သော အဖြေပေးပို့နိုင်သူများကို အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

မြဖြူ -အမှတ်- ၂၅၃၊ သစ်တောရပ်ကွက်၊ တောင်ငူမြို့။
လုံလုံ့ဝင်းကျော် -အမှတ် ည/၈၇၄၊ မြင့်မိုရ်လမ်းသွယ်၊ ညောင်ဖြူစခန်းရပ်၊ တောင်ကြီးမြို့။
သီဟထက် -အမှတ်-၄၊ ပိတောက်ရွှေဝါလမ်း၊ ၆ရပ်ကွက်၊ လှိုင်၊ ရန်ကုန်။
ဘပ်ကြွပ်ရဲဘုန်းအောင်-ဧရာဝတီတိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူးရုံး၊ ပုသိမ်။
မိုးသင်ဇာ -မှ/တစ်ဆင့် ဦးစိုးလွင်(ဆိုင်)အောင်ပြည့်စုံကားဂိတ်ဝင်း၊ မအူပင်
မာမာမြင့် -အမှတ်-၁၊ ရွာထောင်ရပ်၊ အောင်သာယာရပ်ကွက်၊ စစ်ကိုင်း။
အေးစန္ဒာလှိုင် -အမှတ်-၅၂၊ မြို့တွင်းလမ်း၊ မြို့တွင်းရပ်၊ ထားဝယ်မြို့။
မသူဇာ -အမှတ်၄၂၀၊ အောင်မြေလမ်း၊ ၃၆ရပ်ကွက်၊ မြောက်ဒဂုံ။

**အဖြေ**။ ။ကဗျာပဟေဠိက သိသူတွေအတွက် အလွန်လွယ်ကူနေမှာပါ။ မှန်သူတွေလည်း များပါတယ်။ အဖြေမှန်က 'မဟာမင်းလှမင်းခေါင် ဦးရွှန်း'ရဲ့ 'ဥမ္မာဒန္တီပျို့'ပါ။ လွယ်ကူတဲ့ ဒီမေးခွန်းလေးကို မေးဖြစ်ခဲ့တဲ့အကြောင်းရင်းက မြန်မာစာ မြန်မာစကားအဆင့်အတန်းမြင့် ရှေးဟောင်းပျို့ လင်္ကာကဗျာများကို စိတ်ပါဝင်စားစေလိုတဲ့ စေတနာနဲ့ မေးဖြစ်ခဲ့ခြင်းပါ။

ဟားခလုတ်(၂၉)စာအုပ်လက်ဆောင်များ စာတိုက်မှတစ်ဆင့် ပေးပို့လိုက်ပြီးဖြစ်သည်။

အိမ်စာများ ပေးပို့လိုလျှင်ဖြင့်

**ဟားစာတိ**

အမှတ်(၁၁၃)၊ ကန်သာယာလမ်း၊ ၂၆ရပ်ကွက်၊
တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ပေးပို့နိုင်ပါသည်။